ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

## ရွှေဘုံစံသတို့သမီး



(အချစ်လုံးချင်းဝတ္ထုသစ်)

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊<br>၂၀၁၇၊ ဒီဇင်ဘာလ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၀၄၀၅)<br>ရွှေပဒေသာစာပေတိုက်<br>အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၀၂၄၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ် ၃၃၊ ကျိုက်တော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖြန့်ချေး | - ၂၀၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅ • ၈၃

မမသဒ္ဒါမောင်
ရွှေဘုံစံ သတို့သမီး/ မမသဒ္ဒါမောင် - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၇ ။
၂၉၄ - စာ ၊ ၁၂ • ၃ × ၁၈ စင်တီ။
(၁) ရွှေဘုံစံ သတို့သမီး



# မမသဒ္ဒါမောင်

# ရွှေဘုံစံ သတို့သမီး

(၁)

ကုမ္ပဏီအလုပ်ထဲမှာ လုပ်လက်စပြီးအောင်လုပ်နေရတာမို့ ည (၇) နာရီထိုးပြီးအပြင်မှာမှောင်ပြီဆိုတာကို သတိပင်မထားမိပါ။ အာရုံစိုက်၍ လုပ်နေပါသည့်အတွက် မျက်စိရော ဇက်ပါ ညောင်းလာ သလို ခါးပါတောင့်လာမှသာ ခန္ဓာကိုယ်ကို ဆုံလည်ခုံကျောမှီထက် ချလိုက်ရလေ၏။ ခေါင်းကိုပါ ဟိုဒီလှည့်၍ စောင်းလိုက်ရင်း လက် စ်ဖက်ကိုပါ ခေါင်းထက် ဆန့်ထုတ်လိုက်ပါသည်။

"ဒေါက်! ဒေါက်!"

"Boss"

တံခါးခေါက်သံပေး၍ ခေါင်းပြူကြည့်လိုက်ပါသည့် 'ထက်မြက်' ကြောင့် သူ ခေါင်းညိတ်ပြလိုက်ရပါသည်။ Driver တောင်လာခေါ်သည့်အတွက် သူ့အဖြစ်က အလုပ်လောဘကြီးသူနှယ် ဖြစ်နေပြီလား။ Boss တဲ့၊ အင်းပေါ့လေ။ သူ့အသက်က အခု အသက် (၄၀) အရွယ်မို့ Boss ဟုပင် ခေါ်တော့မှာပါ။ လုပ်သည့်လုပ်ငန်းက ပုဂ္ဂလိကဘဏ် ငွေစုငွေချေးလုပ်ငန်းမို့ အတော်ဦးနှောက်ခြောက်ရတာ အမှန်ပါပဲ။

"ဘာလဲ မောင်ထက်"

"ဘွားမေက ခုထိ မပြန်လာသေးဘူးလား။ Phone ဆက်မေးနေလို့ပါ"

"အေး . . . ပြန်မယ်လေ၊ ခဏစောင့်"

ဒီလိုပဲပြောပြီး နောက်ထက် မိနစ် (၂၀) လောက် ဆက်လုပ်နေဦးမှာပါ။ ဒါကို သိသဖြင့် 'ထက်မြက်' က သူ့ရုံးခန်းထဲမှ မထွက်သွားပါပဲ တမင်ပင် ရပ်စောင့်နေလေ၏။ သူ့အကြောင်းကို အသိဆုံးဖြစ်သည့် မေမေ 'ဒေါ်သီရိပြည့်စုံ' က ဤသို့လုပ်ရန် မှာထားသည်ထင်ပါရဲ့။ 'ဘွားမေ' တဲ့ ဟုတ်တာပေါ့။ မေမေ့အသက်က အခုဆို (၇၀) နားနီးပြီလေ။ အသက်အကြောင်းတွေးမိလျှင် ရင်ပူပြီး သက်ပြင်းရှိုက်မိတာ မကြာခဏပါပဲ။



"Boss"

"ကျစ်! ခဏစောင့်လို့ ပြောနေတယ် မဟုတ်လား။ ငါ င်း အဖေ မဟုတ်ဘူး။ အနားကနေ တဂျီဂျီ တပူပူ မလုပ်နေနဲ့!"

စိတ်တို့၍ အော်လိုက်မိစဉ် ချာတိတ်မျက်နှာက ဖြူဖျော့သွားလေတော့၏။ သူက ဖေဖေ မရှိတော့တာက (၁၅) နှစ်ကျော်ပေမယ့် ချိန်ထိ မေမေ့စကားကို နားထောင်ပေးနေတုန်းပါ။ သူ့ကို မိန်းမ ပေးစားဖို့အတွက် မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းတွေနှင့် ုးစာပွဲစားတွေနှင့် ရှာပေးနေတာက ခုအရွယ်အထိပါပဲ။ ဖေဖေမရှိ တော့စဉ်က စီးပွားရေးအထိုင်ကျအောင်ဟု အကြောင်းပြလျက် (၅) နှစ် အချိန်ဆွဲခဲ့မိပါ၏။ အခုနောက်ထပ် (၁၀) နှစ်ကျော်ပင် ကြာလာခဲ့လေပြီ။

သူများတွေပြောကြတာဖြင့် ဘဝဆိုတာ အသက် (၄၀) မှ ကြတာဆို။ ဒီတော့ သူလည်း သူများတွေလို ဒီလိုပဲ အသက် (၄၀) မှ ဘဝကို စတော့မှာပါ။ စိတ်တို စိတ်ဆတ် ဒေါသကြီးသည့် သူ့ကို လက်အောက်ဝန်ထမ်းတွေ အကုန်ဖင်တုန်အောင် ကြောက်ကြတာ အမှန်ပါ။ မျက်နှာကို ရဲရဲဝံ့ဝံ့ မကြည့်ရဲကြပါဘဲ အသံကျယ်ကြီးဖြင့် အော်ထုတ်ခံရမှာကို အစိုးရိမ်ဆုံးပါတဲ့။ သူ မမြင်သည့်ကွယ်ရာမှာတော့ လူ့ခွစာကြီး လူ့ကန့်လန့်ကြီးဟု အပြစ်ပြောမည်ကိုလည်း

စိတ်ထဲမှ သိနေပါ၏။

သို့သော် 'ဘုန်းပြည့်စုံ' ဟူသည့် သူက ဘာကိုမှ ဂရုမစိုက်ဘတ်ပါချေ။ သိတယ်မဟုတ်လား၊ ပတ်ဝန်းကျင်ကိုသာ ဂရုစိုက်ပြီး နေနေရပါရလျှင် ဒီလောကမှာ နေစရာပင် ရှိတော့မှာ မဟုတ်လို့ပါပဲ။ ဤသို့ဤနှယ် တစ်ဦးတည်းသောသားဖြစ်သည့်သူက မေမေ 'ဒေါ်သီရိပြည့်စုံ' ၏မျက်စိရှေ့မှာ Cross အဖြစ်ခံရပြီး မကြာခဏ တဖျစ်တောက်တောက် အပြောခံနေရပါသည့် သားရွှေခဲလေးသာ ဖြစ်နေတုန်းပါလေ။

မိုးစချုပ်ပြီး မှောင်နေပြီမို့ ဗိုက်ထဲမှ ဝှီခနဲ အသံမြည်လာတော့၏။ အိမ်ပြန်သင့်ပြီပေါ့လေ။ အဆာခံမိတိုင်း ဗိုက်အောင့်လာတတ်တာမို့ file တစ်ထပ်ကြီးမှ စာရင်းတွေစစ်နေတာကို အပြီးသပ်ရင်း ရပ်လိုက်ရပါ၏။ စစ်ပြီးသား file တွေကို အံဆွဲထဲထည့်၍ သော့ခတ်သိမ်းလိုက်ပြီး မစစ်ရသေးတာတွေက စားပွဲထက် ဒီတိုင်းပုံထားလိုက်ပါသည်။ အတူထားမိပါက မနက်ပိုင်း အခန်းသန့်ရှင်းရေးလာလုပ်ပေးသည့် သူ့စာရေးမက ရောပုံတော့မှာမို့ ကြိုတင်ခွဲခြားလိုက်ရတာပါပဲ။

"သွားမယ်"

"ဟုတ်ကဲ့ပါ Boss"

'ထက်မြက်' က အပြင်ဘက်သို့ အသာလှမ်း၍ အသံပြု





လိုက်ပြီးနောက် သူ့လက်ထဲ ကိုင်လိုက်ပါသည့် အိတ်ကို လာယူသယ်ပေးလေ၏။ သူတို့နှစ်ဦး အခန်းအပြင်ရောက်မှ စာရေးမလေး 'မှိုမှိုအေး' က မတ်တပ်ရပ်နှုတ်ဆက်လိုက်သလို အခန်းထဲဝင်၍ သိမ်းစရာတံခါး (ပြတင်းပေါက်) ပိတ်ဖို့ သော့ခတ်ဖို့ကို လုပ်ရလေသည်။ သူပြန်မချင်း စောင့်နေရတာမို့ ဝန်ထမ်းကို နှိပ်စက်သလို ဖြစ်နေမလားဟု တွေးမိပါသော်လည်း မတတ်နိုင်ပါချေ။

"မောင်ထက်"

"ဗျာ! Boss"

"ဘာစားထားသေးလဲ"

"ညနေစာကို မေးတာလားခင်ဗျာ"

"အေး"

"ကျွန်တော် ကော်ဖီသောက်ထားပါတယ် Boss"

အင်း သူ ဘယ်အချိန်ပြန်မည်မှန်း သေချာမသိတာမို့ ဗိုက်ကို အဆင်ပြေအောင် ဖြည့်ထားတာပေါ့လေ။ ကားမောင်းပေးသူဖြစ်ပေမယ့် နယ်ကနေ အိမ်ခေါ်ထားတာမို့ ဒီကောင်လေးက အိမ်အလုပ်ခြံအလုပ်တွေပါ အလိုက်တသိ လုပ်ပေးတတ်သည့် သူ့တောင်ဇေ့းဆိုလည်း မှားမည်မထင်ပါ။ သူ ဒေါသထွက်တိုင်း အော်ငေါက်ခံရသည့် ဒိတ်ဖြေရာချာတိတ်လေး ဖြစ်နေတာကြောင့် အားနာမိပြန်လေ၏။

ခက်တာပဲ ဘယ်တော့မဆို စိတ်ရှည်လှေ့ရှိသည့် မေမေ့ခြေသူကိုတောင် သူ မမီနိုင်သေးပါလေ။ ဒီစိတ်ကြီးကို ပြင်ပါ့မည်ဟု စိတ်ပိုင်းဖြတ်ထားသော်ငြား ကိုယ့်စိတ်နှင့်ကိုယ် မတည့်ဘဲ ဒေါသက ကြော့ခဲ့တော ဆောင့်အောင့်ထွက်လာတာမို့ ဘယ်တတ်နိုင်ပါ့မလဲ။ နားလည်ကသာ 'ဘုန်းပြည့်စုံ' ဖြစ်နေပြီး လူက မပြည့်မစုံ ဖြစ်နေတာကို ဖြင့် မည်သူမှ မသိနိုင်ပါလေ။

'အိမ်ကိုတန်းပြန်မှာပဲလား Boss''

''အေး''

''အိမ်မပြန်လို့ ငါက ဘယ်ကိုသဝေထိုးရဦးမှာလဲ'' ဟူသည့် စကားဖြင့် ဘုကောလိုက်ချင်ပေမယ့် မျိုချလိုက်ရပါ၏။ စိတ်ထိန်းပါ 'ဘုန်းပြည့်စုံ'။ ဒီထက်ပိုပြီး စိတ်မထိန်းနိုင်လျှင် နှလုံးရောဂါရနိုင်သည်ဟု သူတို့အိမ်မှာလာကြည့်ပေးလေ့ရှိသည့် Family Doctor 'မိုးသက်' က သတိပေးထားတာမို့ပါပဲ။ စိတ်ညစ်ရပါ့နော်။

'ထက်မြက်' က ကားကို ပုံမှန်အတိုင်းနှုန်းဖြင့်ပင် မောင်းလာလေ၏။ ဒီအချိန်ထိ ကားလမ်းက ကြပ်နေတုန်းပါပဲလား။ သူငယ်ချင်းဖြစ်သူ ရွယ်တူတွေကဖြင့် အိမ်ထောင်ကျကုန်ပြီး သားသမီး သုံးလေးယောက်ရကာ ဘဝမှာ ပျော်မောကြီးတွေ ဖြစ်နေကြလေပြီ။ မရှိမကောင်း ရှိမကောင်း ဆိုပေမယ့်လည်း သဘာဝတရားကြီးကို





လွန်ဆန်နိုင်ကြပါချေ။

သူက နားအေးပါးအေးနေတာကိုသာ နှစ်သက်ပြီး မျက်စိရှုပ်နားရှုပ်တာကို သည်းမခံနိုင်ဆုံးပါပဲ။ အထူးသဖြင့် အိမ်မှာရှိတိုင်း ညည်းပူညည်းလုပ်တတ်သည့် ဇနီးမျိုး ရမှာကို သေမတတ်ကြောက်တာပါ။ ဘိရစ္ဆာန်တွေ ချစ်တတ်ဖို့လည်း ဝေးလေစွ။ ကလေးတွေ တီတီ ဘာတာပြောတာကို သဘောကျရမှာထက် ငြိမ်နေ အော်ဟစ်ငိုသံရန်ဖြစ်သံကို နားမခံနိုင် ဝေးဝေးရှောင်ချင်သည့်လူပါ။

'ဘုန်းပြည့်စုံ' ဆိုတာ ဤသို့ အထီးကျန်စွာ နေတတ်သည့် လူ့ကန့်လန့်တစ်ဦးပါပဲ။

''တီတီ! ''

''ပွမ်! ''

''ကျစ်! ကားလမ်းပိတ်တာကို မစောင့်နိုင်ကြဘူးလား''

ရှေ့မှ နောက်မှ ဘေးမှ ကားအသီးသီး၏ ဟွန်းသံကျယ်တို့ကြောင့် မျက်စိမှိတ်ပြီး ကားပေါ်အနားယူလာသည့် စိတ်က ပျက်ရလေပြီ။ သူ့ကားမှန်က အထဲကိုမမြင်ရပေမယ့် အပြင်ကိုတော့ ရှင်းရှင်းလင်းလင်း မြင်နေရသည့် မှန်အနက်ပါ။ အနက်ရောင်ကိုပင် နှစ်သက်စွာ ရွေးချယ်ကျင့်ရှိတာကြောင့် မေမေပင် ပြောတော့တာလေ။ သို့သော် ရေးရိုးစွဲအကျင့်ကိုဖြင့် ယနေ့တိုင် သူက မပြုပြင်ခဲ့ပါ။

"ဒီတစ်ပတ်ရော မျက်စိနောက်စရာတွေ လာဦးမှာလား"

"ဗျာ"

"မင်းရဲ့ဘွားမေ ရှာပေးနေတဲ့ အပူတပြင်းဒုက္ခတွေကို မေးတာလေ"

"ဪ၊ အဲဒါလား။ အဟီး! နှစ်ယောက်လာမယ်လို့ ပြောထားပါတယ် Boss ။ ကျောင်းဆရာမလေးနဲ့ အေရိုးဘစ်သင်တန်းဆရာမဆိုလားပဲ"

"လာပြန်ပြီ ကျောင်းဆရာမဆိုတာ စာသင်တာလား။ မူကြိုဆရာမလား"

"အဲဒါတော့ ကျွန်တော်မသိပါဘူး Boss"

"အေး မသိနဲ့၊ မသိတာပဲကောင်းတယ်။ ငါ့အမေကတော့ ဒုက္ခကို တကူးတက ရှာတတ်တယ်။ တစ်ပတ်တစ်ပတ် စနေ တနင်္ဂနွေလေး အေးအေးနေရတယ်မရှိဘူး။ လာသမျှမိန်းမတွေကို မပြုံးပြချင်ဘဲ သွားဖြီးပြရတာ စိတ်ကုန်လွန်းလို့။ တကယ်ပါပဲ။ ဘုန်းကြီးဝတ်လိုက်ရအောင် ဒီဒေါ်သမောဟက မထိန်းနိုင်တော့ တစ်ဒုက္ခ"

ချာတိတ်က သူ ရေရွတ်လိုက်သည့် စကားကြောင့် ပြုံးဖြီးဖြီးဖြစ်သွားလေ၏။ အခုမှ အသက် (၂၀) ကျော်ဆိုတော့ သူနှင့် သားအဖအရွယ်မျှ ကွာခြားနေတာပါ။ သူ့အပေါ် အစ်ကိုနှယ် ဦးလေးနှယ်





လေးစားရိုကျိုးသည့်နည်းခံပေးနိုင်သည့် 'ထက်မြက်' ပါပဲ။ အိမ်မှာလာနေတာလည်း သုံးနှစ်ကျော်နေပြီမို့ သူတို့သားအမိအကြောင်း သေချာဂဃနဏ သိနေမှာပါ။ ဒေါ်သကုမ္မာရ 'ဘုန်းပြည့်စုံ' က ရှုးရှုးရှဲရှဲနိုင်နိုင်သာ ပြောတတ်လေ့ရှိပြီး အမှတ်သည်းခြေကြီးသူမျိုး မဟုတ်ပါဘဲ စိတ်အမြန်ပြေသူမှန်းသိ၍သာ ဘာပြောပြော စိတ်မခုကြတာလေ။

"မင်းမှာရော ရည်ရွယ်ထားသူ ရှိနေပြီလား မောင်ထက်"

"ဗျာ မရှိပါဘူး Boss"

"ဘာလို့မရှိရတာလဲ"

"အဟဲ! ကြိုက်မယ့်သူ မတွေ့လို့ပါ Boss ရဲ့"

ပေါ့ပေါ့ပါးပါးပါပဲလား။ ကြိုက်မယ့်သူတဲ့။ သူ့မှာဖြင့် ကြိုက်ဖို့ ချစ်ဖို့ သဘောကျဖို့ ဘာမှမရှိပါဘဲ သင့်တော်မည့်သူကိုသာ ရွေးချယ်နေရတာလေ။ သူကလည်းသူပါ။ ဒီအရွယ်ထိ ရင်ခုန်ဖို့ပင် မေ့လျော့နေခဲ့ပြီး အပျော်သဘောဖြင့် စိတ်ကူးယဉ်ပြီး အချစ်ဆိုတာကို ရှာဖွေမတွေ့ခဲ့ပါ။ ဟိုတုန်းကတည်းက ချစ်သူရှာခဲ့မိလျှင် သူလည်း အခုဆို အိမ်က မိန်းမ phone တဂွမ်ဂွမ်ခေါ်နေတာနဲ့ သားသမီးတွေ မုန့်ဖိုး ပိုင်းတောင်းတာကို ခံရမည့်အရွယ်ထုပ် အရွယ်ပုံထဲ မြုပ်နေလောက်ပြီပေါ့လေ။

"ဟင်း"

"ဘာဖြစ်လို့လဲ Boss"

"ဘာမှမဖြစ်ဘူး။ မတွေ့ချင်လည်း တွေ့ရမှာပဲ မဟုတ်လား။ မေမေက ငါ့ကို မင်းအရွယ်လောက်များ ထင်နေတုန်းပဲလားမသိပါဘူး။ ရှာလာသမျှ အသက်ငယ်ငယ်တွေချည်းပဲ"

"ချောချောလေးတွေပါ Boss ရယ်"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ။ Day Cream, Night Cream တွေနဲ့ Make-up Face ကို နေ့တိုင်းမြင်ရမှာ စိတ်ရှုပ်လွန်းလို့။ မင်းလည်းမှတ်ထား။ မိန်းမဆိုတာ ကိုယ်ရှာသမျှ ထိုင်ဖြုန်းပေးမယ့် သတ္တဝါဆိုတာပဲ"

ချာတိတ်က အသံပင်ထွက်အောင် ရယ်လေတော့၏။ သူပြောတာ မမှန်လို့လား။ 'မင်းအောင်' တို့ 'ကြည်လင်း' တို့ကိုပဲကြည့်။ 'ကိုကို'၊ 'မောင်မောင်' ခေါ်ရုံနဲ့ အရည်ပျော်ကျကုန်ပြီး အိတ်ထဲပါသမျှ ကုန်အောင်ဝယ်ပေးခဲ့ရတာလေ။ အတည်ယူဖြစ်တော့လည်း ဘာများထူးသေးလဲ။ အိမ်ပေါ်ခေါ်တင်ထားရသည့် ကြွေးရှင်တွေဟုသာ သူ့မျက်စိထဲ မြင်နေရတော့ ခက်သားလားနော်။

"အဲဒါဆို မိန်းမ မယူရတော့ဘူးလား Boss ရဲ့"

"မင်းဘာသာ ယူချင်ယူပေါ့။ ငါ တားနေတာမှ မဟုတ်တာ"

"ဟင်း ဟင်း ... Boss လိုသာ လူတိုင်းတွေးတတ်ရင်





ကမ္ဘာ့လူဦးရေ အတော်လျော့သွားမှာအမှန်ပဲ"

"အေး ... အဲဒီလိုလည်း အကောင်းမြင်ပေးတတ်မှပေါ့"

"အဲဒါကြောင့်ပဲ Boss ကို မမတွေသဘောကျကြတာ"

"ဘာ"

"အမြင်မကြည်တဲ့သူလည်း ပါချင်ပါမှာပေါ့။ ဒါပေမဲ့ (75%) ကတော့ သဘောကျတဲ့ထဲမှာ ပါပါတယ်"

"အံမာ ငါ့ကိုသဘောကျတာ။ အမွေရမှာကို မျှော်ကြည့်ပြီး သဘောကျတာလားဖြင့် မစဉ်းစားဘဲနဲ့ မပြောနဲ့"

'ထက်မြက်' ဇက်ပုသွားလေတော့၏။ သူနှင့်လာတွေ့သမျှ မိန်းမ (မိန်းကလေး) တိုင်းကို အပြင်မှာ သီးသန့်မတွေ့ရပါဘဲ အိမ်ခေါ်ပြီး တွေ့ရသဖြင့် ဒီအရှိန်အဝါတွေကို မမြင်မဟုတ် မြင်ကြမည်သာ။ မေမေကလည်း တမင်တကာပင် အသက်ကြီးနေပြီဖြစ်သည့် သားဖြစ်သူကို လူပျိုကြီးဆိုပြီး နှိမ်သည့်အကြည့်မျိုးဖြင့် ကြည့်မှာ မြင်မှာကို မလိုလားသဖြင့် တမင် ဤသို့ စီစဉ်ပေးခြင်း ဖြစ်လေ၏။ တကယ်လည်း သူက ဘာမှမရွေး။ အနေအေး လူပျိုလေးဘဝကို အလျင်အမြန် ဖြတ်သန်းကြီးပြင်းခဲ့ရသည်ကို။

## (၂)

မျက်နှာရှုပ်၍ အိမ်ပေါ်ထပ်သို့ တက်ခဲ့ပါ၏။ စိတ်တိုလိုက်တာနော်။ ဒီသမီးလေးတစ်ယောက်တည်းရှိတာကိုတောင်မှ မချစ်ကြတော့ဘူးလား။ ဖေဖေကတစ်မျိုး၊ မေမေကတစ်ဖုံ အမျိုးမျိုးဖြင့် 'ဘုံ' ကို အိမ်ထောင်ချပေးဖို့ ပြောနေတာလေ။ အသက်က အခုမှ (၂၂) နှစ်သာ ရှိသေးတာပါ။ ဆေးကျောင်းတက်ပြီး နောက်ဆုံးနှစ်ရောက်ခါမှ ဘယ်လိုဖြစ်ပြီး အခုလိုမျိုး အိမ်ထောင်ချပေးချင်ရပါသလဲ။

ဆရာဝန်ဖြစ်ပြီးမှ စဉ်းစားပါရစေဆိုလည်း မရပြန်ပါ။ ဒီကျောင်းကို မတက်စေချင်ပါဘဲ အတင်းတက်ဖြစ်ခဲ့တာ 'ဘုံ'





အပြစ်လား။ စာတွေနဲ့ အချိန်ပြည့် နပမ်းလုံးခဲ့ရတာမို့ ချစ်သူရှာဖို့ စိတ်ကူးမရှိခဲ့သလို ရည်းစားမထားဖြစ်ခဲ့တာ အမှန်ပါ။ ကျောင်းတက်ဖော်သူငယ်ချင်းတွေ senior တွေလည်း 'ဘုံ' ကို စိတ်ဝင်စားခဲ့ကြပေမယ့် စာကိုသာ အပတ်တကုပ်ကြိုးစားခဲ့ပါသည့် 'ရွှေဘုံစံ' က အချစ်ဆိုသည့် ဘာသာရပ်ကို မကျွမ်းကျင်မတတ်မြောက်ခဲ့ပါလေ။

"ဟယ်!... ပစ္စည်းလေးဘာလေး ကူသယ်ပေးမယ် စိတ်မကူးဘူး။ ရှောင်ပြေးပြီ မိဘုံ"

"လုပ်ဘူး"

"ပြောလိုက်ရင် အဲဒီအတိုင်းပဲ။ ဘာမှကို အလေးအနက်မရှိဘူး။ ညည်းမှာရှိတာ ဉာဏ်လေးကောင်း စာလေးတော်တာပဲရှိတယ်။ ဘယ်နေရာမှာ သွားသုံးရမလဲ"

ဟုတ်ပါတယ်၊ 'ဘုံ' ကိုက အမြဲပြဿနာနှင့် ကြုံနေရတာပါလေ။ မီးဖိုခန်းမှာ ကူလုပ်ပေးလည်း ဟိုဟာရှု ဒီဟာကွဲနှင့် အဖြစ်ကဘာမှမရှိ။ ဟင်းကူချက်ဆိုလည်း အိုးကပ်ပြီး တူးတတ်လို့ 'မိတူး' ဖြစ်၊ ထမင်းအိုးကြည့်နိုင်းပြန်လျှင်လည်း ထမင်းက အနေတော်မဖြစ်ဘဲ 'ပျော့တူးမနပ်' ဘဝကိုရောက်ပါရောလား။ 'ဘုံ' တို့အိမ်မှာ Rice cooker မသုံးပါ။ ဖေဖေတို့ကျန်းမာရေး (သွေးမတိုးစေရန်)

ဆန့်သိပ်မကြွမ်းတာကို ရေငွဲ့ချက်နည်းကိုသာ သုံးလေ့ရှိပါ၏။

'ဘုံ' ဆေးကျောင်းလာတက်တာက ဖေဖေ့အစ်ကို ဘဘ 'ဦးသက်စံ' အိမ်မှာနေ၍ တက်ခဲ့ရတာပါ။ ဘဘမှာ 'ဘုံ' ထက် သုံးနှစ်ကြီးသည့် သမီးရှိပြီး 'မိုးမြင့်စံ' နှင့် ဝမ်းကွဲဖြစ်ပေမယ့် အရင်းအချာနှယ် ရှိခဲ့ရတာပါပဲ။ ဖေဖေ နိုင်ငံခြားကနေ အပြီးပြန်လာပြီး ဒီမှာ စီးပွားအထိုင်ချမည်ဆိုမှ နယ်ကနေ အခုလို ပြောင်းရွှေ့လာရတာပါလေ။

"ဟဲ့! phone လာနေတယ် မဟုတ်လား။ လက်အားနေရင် ကိုင်လိုက်လေ, ရွှေဘုံစံ"

"မေမေကလည်းလေ ဘုံ ခဏလေးနားမယ်စိတ်ကူးရသေးနိုင်းပြန်ပြီ"

"ဒီလောက်လေး မပင်ပန်းတာကိုတောင် မလုပ်ချင်ဘူးလား။ ဒါဆို ထမင်းအိုးသွားတည်"

"ဟာ ... မတည်ချင်ပါဘူး။ ကိုင်ပြီ ကိုင်ပြီ၊ ဒီအိမ် phone ကို"

တစ်အိမ်လုံး ပစ္စည်းတွေပုံထားသည့်ကြားမှ နံရံထက် ချိတ်ထားပါသည့် အိမ်သုံး phone ကို ပြေးကိုင်လိုက်ရလေ၏။ ဒီနေ့အင်း မနေ့ကတည်းက ပစ္စည်းတွေရွှေ့ပြီး ဒီနေ့မှ လူတွေပြောင်း





လာတာကို ဘယ်သူက ဒီနံပါတ်သိပြီး ဆက်ရပါသလဲ။

"ဟဲလို!"

"ချစ်လေးလား"

"ဟင်! ... ဘယ်ကချစ်လေးလဲ"

"မနောက်ပါနဲ့ ချစ်လေးရဲ့။ ကိုယ်ပါ"

"ကိုယ်က စကားပြောလို့ ဘယ်ရပါ့မလဲ။ ခေါင်းရှိမှ ပါးစပ်က စကားပြောလို့ရမှာပေါ့"

ကဲ! မှတ်ရော! 'ဘုံ' တို့ အေးအေးနေတယ်ထင်ရပေမယ့် အထိမခံ ခပ်စွာစွာထဲကပါ။ Phone ထဲကနေ ထိကပါးရိကပါးလုပ်သည်း ရတဲ့နည်းနဲ့ ပြန်တွယ်လိုက်မှာပါပဲ။ တစ်ဖက်မှ ခဏမျှ အသံတိတ်သွားလေ၏။ ပထမလာနေခဲ့သည့် (အိမ်ငှား) တွေထဲက တစ်စုံတစ်ယောက်ကို ရည်ညွှန်းပြောတာထင်ပါရဲ့။

"မင်းက ဘယ်သူလဲ။ ကိုယ်က မချစ်သဲနဲ့ စကားပြောဖို့ ခေါ်လိုက်တာပါ"

"အဲဒါ စောစောကတည်းက ပြောပါလား။ မချစ်သဲတို့ မိသားစုက ပြောင်းသွားပြီရှင့်"

"ဟင်! ... ဘယ်ကိုလဲ"

"ဒါတော့ မသိဘူး။ သိချင်ရင် သူ့ Handphone ကို

ဆက်ပေါ့"

"ချစ်လေးရဲ့ phone က ပျက်၊ ဟဲလို!"

အတော် အရစ်ရှည်နေသည့်လူကြောင့် phone ကို နံရံထက်ရှိ phone ခုံမှာ ပြန်တပ်လိုက်ပါ၏။ အလုပ်ရှုပ်လွန်းလို့ မောနေပါတယ်ဆိုမှ ဒီ phone ကတစ်မျိုး။ ဗိုက်ထဲမှ ဝှီခနဲဆာလာတာမို့ ဒေါသက ပိုထွက်လာရလေသည်။ စိတ်တိုတယ်နော်။ စိတ်တိုတယ်။ အလုပ်သမားတွေ ကူရှွေပေးခဲ့တာတောင်မှ ဒီပစ္စည်းတွေက နေရာချလို့တောင်မှ မရပါလားနော်။

"မေမေ"

"ဘာတဲ့လဲ"

"Phone မှားခေါ်တာ။ ဘုံ ဗိုက်ဆာနေပြီ"

"အလုပ်တော့ ကူလုပ်ပေးဖော်မရဘူး။ ဒီဗိုက်က ဆာပြန်ပြီလား။ မနက်စောစောကို မုန့်ဟင်းခါး အိုးဘဲဥ ဘူးသီးကြော်နဲ့ နှစ်ပွဲစားထားတယ်လေ"

"ဟာ ... အဲဒီလောက်လေးက ဗိုက်ထဲ ဘယ်ချောင်ကပ်သွားလဲမှမသိတ။ ဒီမှာ ဟိုလုပ်ဒီလုပ်နဲ့ ဗိုက်ကအော်နေပြီ"

"ဆာလည်း အောင့်ထားဟယ်။ ဒီမှာ အလုပ်ရှုပ်ရတဲ့ကြားထဲ"





"မေမေကလည်း ဘုံ Gastric ဖြစ်ရင် တရားခံက မေမေ

"

"အမလေးဟယ်! ... သင်သမျှစာတွေနဲ့ ငါ့ကိုမှတ်ပြန်ပြီ။ ဒီမှာ ငါရော မမြင့်နဲ့မိစန်းပါ မအားတာ မြင်တယ်မဟုတ်လား။ ဘယ်သူမှ ညည်းအတွက် အဆင်သင့် မလုပ်ပေးနိုင်ဘူး။ ဆာရင် ရှာကြံဟယ်။ စိတ်မရှည်တော့ဘူး တကယ်ပဲ"

တွေ့လား။ 'ဘုံ' မေမေ 'ဒေါသက်ထားရွှေ' က အဲဒီလို အကြင်နာအပြည့်ရှိတာပါ။ အလုပ်ရှုပ်မှန်းတော့ သိပေမယ့် အခုနေလယ် (၁၂) နာရီကျော်နေပြီမို့ ဒီဝမ်းက မဟာဘဲရှိပါတော့မလား။ ဗိုက်ကတည်းက မုန့်တဖွတ်ဖွတ် စားလေ့ရှိသည့် အကျင့်နဲ့တော့ ခက်လေပြီ။ ပစ္စည်းတွေ နေရာမှန်မရှိပါဘဲ စားစရာကို မည်သို့ ရှာရပါ့ မည်နည်း။

မေမေတို့ အလုပ်ရှုပ်နေသည့် အနီးမှရှောင်၍ မီးဖိုချောင်ထဲသို့ လျှောက်ဝင်ခဲ့ပါသည်။ မီးဖိုချောင်က ရှင်းလင်းနေပြီး ဘာဆိုဘာမျှ ချက်မထားပါလေ။ သေတော့မှာပဲ။ ဗိုက်ဆာနေပြီဆိုကာမှ ဘာစားစရာမှ မရှိတော့ ငိုသာငိုချလိုက်ချင်တာပါ။ ဖေဖေက ရွှေ့တစ်ပတ်မှ ပြန်ရောက်မည်မို့ အဖေကို လွမ်းနေပေမယ့် ရောက်သည်နှင့် သူ့သဘော်အင်ဂျင်နီယာတွေကို တစ်ယောက်ပြီးတစ်ယောက် အိမ်လည်

ခေါ်ပြီး ဒီသမီးကို ပြတော့မှာလေ။

"အား!"

"ဟဲ့! ... ဘာဖြစ်တာလဲ"

"စိတ်တိုလို့ အော်တာ"

"မုန့်ဖြစ်ဖြစ် ရှာစားထား မိဘုံရယ်။ ဒီရက်ပိုင်း အလုပ်ရှုပ်မှာမို့ ready ဖြစ်အောင်လုပ်ထားတာတွေပဲ စားရမှာ။ ထမင်းချက်ရင် ခဏပဲကြာမယ် စောင့်ဦး"

"ဒေါ်မြင့် လာချက်ပြီ သမီးလေး"

"အခုမှ လာချက်ရင် ဘယ်အချိန်ကျက်ပါ့မလဲ။ အဆာလွန်မှ ဘာစားလို့ရတော့မှာလဲ၊ စဉ်းစားကြည့်ဦး"

"မစောင့်နိုင်ရင် ငတ်ဟယ်။ လုပ်ပေးမယ့်သူကို စေတနာပျက်အောင် လုပ်နေတယ်။ မချက်ပေးနဲ့မြင့်။ အဲဒီ ဂဏ္ဍိုကျောပ်ကျတဲ့ အလကားဟာလေးကို"

ပြောပြန်ပြီ၊ အလကားဟာလေးတဲ့။ ဟုတ်ပါတယ် 'ဘုံ'က ဒီကျောင်းကို ငွေကုန်အချိန်ကုန်ခံပြီး တက်နေရတော့ လက်ဖြန့်တောင်းနေရတယ်တာ နေ့စဉ်ကိုး။ ဟွန်း! ဆရာဝန်ဖြစ်ပြီး လက်များ ငွေသီးအောင် မြန်မြန်ရှာနိုင်မှပါပဲ။ မဟုတ်ပါက ဒီစီးပွားရေးမိခင်၏ တဗျစ်တောက်တောက် ပြောသမျှ နိစ္စဓူဝ သည်းခံနေရမှာပါ။





"သမီး သိပ်ဆာနေရင် အဲဒီနံရံကပ်ဗီရိုထဲမှာ နို့ပေါင်မုန့်ထုပ် ရှိတယ်လေ"

"အဲဒါ စောစောကပြောပါတော့လား ဒေါ်ကြီးရဲ့။ Coffee ဖြစ်ဖြစ်ရှိလား"

"ရေနွေးမတည်ရသေးတော့ မရှိဘူး သမီးရယ်။ ရေခဲသေတ္တာထဲမှာ အအေးဘူးရှိတယ်။ အေးတောင်အေးရဲ့လား မသိပါဘူး"

"ရပြီ ... ရပြီ၊ ရှိတာလေးနဲ့ ဝအောင်စားရတော့မှာပဲ"

"ဘယ်လောက်စားစား ဒီခန္ဓာကိုယ်လေးက ဝမှမဝဟာဘဲ သမီးရယ်"

'ဒေါ်မြင့်' က 'ဘုံ' စိတ်ပြေစေရန် ပြောလိုက်ပုံပါ။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ အချိန်ပြည့် စာချည်း သိမ်းကြုံးလုပ်နေရသဖြင့် 'ဘုံ' မှာ စားသမျှအာဟာရက ဘယ်ထောင့်ကပ်သွားမှန်းပင် မသိပါ။ အမြဲတစေ ဒီခန္ဓာကိုယ်က ပိန်ကပ်ကပ်လေးပါပဲ။ မျက်မှန်သာ power တိုးလာ၊ ဆံပင်အရှည်ကြီး ရှည်လာတာကြောင့်များ ဒီ body က မပြည့်လာတာများလားဟု တွေးမိတာက အကြိမ်ကြိမ်ပါလေ။

"ရေခဲသေတ္တာမီးက အခုမှ စလည်တာကိုး။ နည်းနည်း

အေးတော့ အတော်ပါပဲ''

Sunkist လိမ္မော်ဘူးနှင့် မုန့်ထုပ်ကိုကိုင်၍ အိမ်ရှေ့သို့ ထွက်ခဲ့စဉ် မေမေက မျက်စောင်းလှည့်ထိုးလိုက်လေ၏။ ကြည့်ပါလား။ ဒီသမီးကို ချစ်ဖို့မဟုတ်ဘဲ မုန်းဖို့များ မွေးထားသလား မသိပါ။ အရွယ်ရောက်သည်နှင့် ယောကျ်ားယူတော့တဲ့လေ။ ဒီလိုမိဘမျိုး ကြုံဖူးကြပါရဲ့လား။

''အား ... ခုမှပဲ နေသာထိုင်သာ ရှိတော့တယ်''

ပေါင်မုန့်ထုပ်ဖောက်၍ ကိုင်စားရင်း အချိုရည်ဘူးကို မော့သောက်ကာ ငြိမ်းလိုက်မိပါ၏။ ဆာနေသည့်အချိန် ရေသောက်တာတောင်မှ အတော်အရသာရှိသည်ဆိုတာ အမှန်ပါပဲ။ တိုက်ရှေ့ခန်းမှာထိုင်ရင်း သက်ပြင်းပါရှိုက်မိလေသည်။ နေ့ခင်းနေ့ပူချိန်မို့ နေရှိန်အပူရှိနေပေမယ့် မငုအေးတအေး juice က 'ဘုံ့' ရင်ထဲ အေးမြသွားစေလေသည်။

''ဒီမှာ ... ခင်ဗျ ဒီမှာ''

အသံကြောင့် လှမ်းကြည့်လိုက်စဉ် တစ်ဖက်ခြံစည်းရိုးမှာ ခေါင်းလေးသာပေါ်နေသည့် ကောင်လေးတစ်ယောက်ကို မြင်လိုက်ရလေ၏။ ဘာလဲဟု မေးဆတ်ပြစဉ် လက်ပြ၍ ခေါ်နေသဖြင့် စားလက်စ အစားအသောက်တွေကို ဒန်းခုံပေါ်တင်ခဲ့ကာ ခြံစည်းရိုးနားထိ





လျှောက်သွားလိုက်ပါသည်။ အုတ်တစ်ဝက် သံဇကာတစ်ဝက် ကာထားပေမယ့် ပုံထွာနွယ်ရိပ်တွေကို ခပ်စိပ်စိပ် စိုက်ထားတာမို့ ခြံထဲကို မမြင်ရပါချေ။

ဒါဆိုလည်း အုတ်တံတိုင်းအမြင့်ကြီးဖြင့် ကာပါတော့လား။ ချုံပေါလွှင် ခြင်များတတ်တာကို ထိုအိမ်ရှင်တွေ မသိကြတာ ထင်ပါရဲ့။ အိမ်နေရင်း ပြုံးပြုံးပြင်ပြင်မရှိဘဲ ဆံပင်ကို ဘီးကြော့ပတ်ကာ မျက်မှန်ကိုင်းနက်ကြီး တပ်ထားသည့် 'ဘုံ့' ကို အဒေါ်ကြီးဟုများ ထင်သွားလေသလား။

''ဘာလဲ''

''ဘွားမေက မေးခိုင်းလို့ပါ။ ဒီက အစ်မလေးတို့ အိမ်ပြောင်းလာတာ ဘာများကူညီပေးရမလဲတဲ့။ သယ်စရာ ရွှေ့စရာတွေများရင် ကျွန်တော် ကူလုပ်ပေးပါ့မယ်''

''တကယ်လား''

''ဟုတ်ကဲ့ခင်ဗျ''

''နေဦး။ မေမေ့ကို မေးလိုက်ဦးမယ်''

''ဟာဗျာ ... ကျွန်တော် ခြံဘေးတံခါးက လာပါ့မယ်ဗျ''

''ဟယ် ... ဘေးတံခါးရှိလို့လား''

''ရှိတာပေါ့။ ဒါဆို လာမယ်နော်''

ကောင်လေးက 'ဘုံ့' ထက် နှစ်နှစ်ခန့် ငယ်သလိုပါ။ မျက်နှာချိုပြီး ဖော်ရွေပုံပါပဲ။ ခြံဘေးတံခါးပေါက်ရှိတာကို မသိသဖြင့် ကောင်လေး လျှောက်လာမည့်ဘက်သို့ 'ဘုံ' ပါ လှမ်းကြည့်၍ ခြံထဲမှ လျှောက်လိုက်ပါသည်။ ဟုတ်သားပဲ၊ လူနှစ်ကိုယ်စာ မလွယ်ပေါက် အဖြစ် ဘေးခြံတံခါးလေးက ဆေးအနီသုတ်ထားပြီး ရှိနေတာလေ။

"လာပြီနော်"

"အင်း"

"စိတ်မဆိုးနဲ့နော်၊ အစ်မလေးက အသက်ဘယ်လောက် ရှိလဲ"

"ဘုံက (၂၂) နှစ်ပါ"

"ဩော် ... ကျွန်တော့်ထက် (၂) နှစ်လောက်ကြီးတာပဲ။ ကျွန်တော့်နာမည် ထက်မြက်ပါ။ ဘွားမေတို့အိမ်မှာ ကားမောင်းပေးပြီး အိမ်ခြံအလုပ် အကုန်လုပ်ပါတယ်"

"ဟုတ်လား။ ကိုထက်က တော်တာပေါ့။ ဘုံ့နာမည် ရွှေဘုံစံပါ။ နောက်ဆုံးနှစ်အပိုင်း (ခ) ဆေးကျောင်းတက်နေတုန်းပါရှင်"

"ဟာ! ... ဒါဆို ဆရာဝန်ဖြစ်တော့မှာပေါ့၊ တော်လိုက်တာ ဗျာ"

ကိုယ့်ကို တော်သည်ဟု ချီးမွမ်းလိုက်သဖြင့် ပြုံးလိုက်မိပါ၏။





ဒီလိုပြောသည့်လူလည်း ရှိဦးမှာပါပဲ။ အမြဲတစေ အိမ်မှာ ကလေးဆိုပြီး မျက်နှာသာပေးမခံရဘဲ တဖျစ်တောက်တောက် ပြောသမျှချည်း ဒဏ်ခံနေရတာလေ။ ဝိုင်းလုပ်ပေးမည့်သူ ရောက်လာပြီမို့ 'ဘုံ' လုပ်ရမည့် အလုပ်က နည်းနည်းတော့ လျော့သွားမှာမဟုတ်လား။

"မေမေရေ ဟိုဘက်အိမ်က လုပ်အားပေးမယ့်ကောင်လေး ရောက်လာတယ်။ မောင်ထက်မြက်တဲ့"

မေမေ့မျက်စောင်းက 'ဘုံ့' ထံ ဆတ်ခနဲရောက်လာလေ၏။ သူစိမ်းရှေ့မို့ အော်ငေါက်ဖို့တော့မရှိပါ။ 'ဘုံ' လည်း မေမေ့လောက် သည်ပါသည်။ ဘာရမလဲ 'ဘုံ့'စာအုပ်ပုံးတွေချည်း ကောင်လေးကို သယ်ခိုင်းတာပေါ့နော်။

(၃)

"ဟိုတက်ခြံအိမ် လူအသစ်တွေပြောင်းလာပြီ၊ မလှလှလေးက ယဉ်ယဉ်လေးနဲ့ လှလိုက်တာ Boss ရယ်။ နောက်ဆုံးနှစ် ဆေးကျောင်းသူတဲ့"

အိမ်ကို သတင်းသယ်လာပေးတာက အိမ်အကူ 'ဒေါ်စိန်' မဟုတ်ပါဘဲ 'ထက်မြက်' ဖြစ်နေလေ၏။ ဘယ်လိုဖြစ်ပြီး အပြင်က သတင်းကို အိမ်သို့သယ်လာတာက ယောကျ်ားလေးဖြစ်သည့် 'ထက်မြက်' ဖြစ်နေရတာပါလဲ။ မနက်ပိုင်းမှာ သူ့ကုမ္ပဏီ (ရုံးထိုင်ရာ) ဆီ ပို့ပေးပြီး အိမ်ပြန်အလုပ်နှင့် နေ့လယ်ပိုင်းမှာ ထမင်းတစ်ခါလာပို့ပေးပြီး





ညနေဘက်တစ်ခါ ပြန်လာတာက ဒီချာတိတ်အလုပ်ပါပဲ။ ကားကိုတော့ သူရှိနေစဉ် အမှာသာထားလေ့ရှိပြီး Bus နှင့် အိမ်ခဏပြန် Taxi ဖြင့် ထမင်းချိုင့်ပြန်သယ်လာတတ်ပြီး မေမေ အပြင်ထွက်စရာရှိသည်ဆိုမှသာ သူ့ကားကို အိမ်ပြန်လွှတ်ပေးလေ့ရှိပါ၏။

သူကိုယ်တိုင် ကားမောင်းတတ်ပေမယ့် မေမေက စိတ်မချ၍ဆိုပြီး 'ထက်မြက်' ကို နယ်ကနေခေါ်လာပြီး သင်တန်းတက်ခိုင်း၍ တတ်ကျွမ်းမှသာ ကားမောင်းစေခဲ့တာပါ။ ခုတော့ ဒီချာတိတ်က သူတို့အိမ်မှာ မေမေ့မွေးစားမြေးနှယ် ကြာရှည်စွာရှိနေပြီ မဟုတ်ပါလား။ ဘာခိုင်းခိုင်း ပင်ပန်းသည်ဟု တစ်ချက်မညည်းဘဲ ဖွဲ့ရှိရှိ လုပ်တတ်သည့် အကျင့်က အမည်နှင့်လိုက်ဖက်အောင်ပင် 'ထက်မြက်' စေခဲ့တာပါလေ။

"အံမာ . . . မဟုတ်တာတွေပြောပြန်ပြီ။ မင်း ဘာသွားလုပ်လို့ မြင်ခဲ့တာလဲ"

"မေမေခိုင်းလိုက်တာပါ သားရယ်။ ဟိုတက်ခြံပြောင်းလာတာက ယောကျ်ားလေးတစ်ယောက်မှ မပါဘဲ မိန်းမတွေပဲ ဖြစ်နေလို့ ကူညီပေးခိုင်းလိုက်တာပါ"

ရေချိုး အဝတ်အစားလဲပြီး ညစာစားရန် ဆင်းလာသည့် သူ့အတွက် မေမေက 'ဒေါ်စိန်' ကို ထမင်းပွဲ ပြင်ဆင်စေလေ၏။

ဟိုချာတိတ်က ညနေ သူ့ကို လာမကြိုခင်မှာ ညနေစာစားပြီးနေပြီမို့ ထုံးစံအတိုင်း ထမင်းဝိုင်းမှာ သူတစ်ယောက်တည်းပါပဲ။ မေမေက ပြောစရာရှိနေ၍သာ သူ့ကိုစောင့်ပေးနေတာပါ။

"ချဉ်ရည်ဟင်းပူရဲ့လား မစိန်"

"ပူပါတယ် မေမေကြီး။ ကျွန်မ ပြန်နွှေးပေးထားပါတယ်ရှင့်"

"အေး အေး ... ပြီးရော"

တမင်တကာ သူ့အတွက် ဘယ်အချိန် ထမင်းစားစား ပူပူနွေးနွေး အစားအသောက်ကိုသာ ပြင်ပေးလေ၏။ အလုပ်ကို ထမင်းယူလာပေးလျှင်တောင် အပူခံထမင်းဘူးသုံး၍ အလေးခံပြီး 'ထက်မြက်' ကိုသယ်နိုင်းသည့် မေမေပါ။ ဒီသားလေးတစ်ယောက်ကို ဂရုတစိုက် ရှိခဲ့ပေမယ့် အိမ်ထောင်ချပေးဖို့ကဖြင့် ခုထိ စိတ်တိုင်းမကျသေးပါလေ။

"မေမေ သွေးပေါင်ချိန် မှန်ရဲ့လား"

"အစားဆင်ခြင်ရင် ကျန်းမာပါတယ် သားရယ်။ မပူစမ်းပါနဲ့"

"နေ့တိုင်း မနက်နဲ့ညနေကို အချိန်မှန်စမ်းသပ်ပေးနိုင်မယ့် nurse ဖြစ်ဖြစ်ရှိရင် ကောင်းမယ်။ ဒါမှ အဆင်ပြေမှာ။ ဒေါက်တာမိုးသက်က တစ်ပတ်တစ်ကြိမ်ပဲ လာတာဆိုတော့ မေမေကဖြစ်ချင်ရင် ထဖြစ်တတ်လို့ စိတ်မချပါဘူး"

"အလိုတော် သူနာပြုဆရာမတော့ အိမ်ခေါ်မထားနိုင်ပါဘူး။





ဘူတူတန်တန်ကိုပဲ စဉ်းစားစမ်းပါ ဘုန်းပြည့်စုံရယ်"

"ဗျာ! "

"အိမ်ခေါ်တင်ချင်သပ့ါဆိုလည်း ငါ့ချွေးမဖြစ်မယ့် မိန်းကလေးပဲ ဖြစ်သင့်တာပေါ့"

သူ့မျက်နှာ ရှုံ့တွသွားရပါ၏။ သူက ဖြစ်သင့်တာကိုပြောတာဖြစ်ပေမယ့် မေမေကဖြင့် လူကြီးအတွေးဖြင့် အရှည်ကိုတွေးပြီး ကြိုက်လေပြီ။ ဘာကိုမှ အလစ်မပေးဘဲ သူ့ကို အိမ်ထောင်အမြန်ချပေးသည့်အရေးက မေမေ့အတွက် အဓိကဖြစ်နေသည် ထင်ပါရဲ့။ အသက်ကြီးလာပြီး ဟိုမေ့ ဒီမေ့တာမျိုး တစ်စက်မရှိအောင် သတိအမြဲရှိသည့် မေမေ ဒေါ်သီရိပြည့်စုံပါပဲ။

ထမင်းစားရန် ခုံမှာထိုင်စဉ် ထမင်းဟင်းပူပူတို့က အငွေ့ထောင်းထောင်းဖြစ်နေပါ၏။ အိမ်သူဇနီးဖြစ်မည့် အမျိုးသမီးဆိုလျှင် ဤမျှအထိ သူ့အပေါ် ဂရုတစိုက်လုပ်ပြီး ပြင်ပေးပါ့မလား။ အဝတ်အစား သန့်သန့်ပြန့်ပြန့် ဝတ်တတ်ပေမယ့် အင်္ကျီက shirt အဖြူသာဝတ်ပြီး လုံခြည်က အနက်အများဆုံးပါပဲ။ ဒါကိုလည်း မီးပူကျကျနနတိုက်ပေးပြီး ပြင်ဆင်ပေးရမှာလေ။

မေမေကိုယ်တိုင် စစ်မေးသည့် ချွေးမလောင်းလျာ Test ကို တော်ရုံမိန်းကလေးဖြင့် လွယ်လင့်တကူ အောင်မြင်မည်မထင်ပါ။

ခုံရည်ပြေပြစ်ရမည်။ လူတောတိုးဝံ့မည့်အဆင့် ပညာလည်းတော်ရမည်။ ငွေရှာဖို့မလိုပေမယ့် အိမ်ထောင်မှုကို တတ်ကျွမ်းထိန်းသိမ်းနိုင်ရမည်တဲ့လေ။ အဲဒီနောက်မှာမှ သူဆိုသည့် 'ဘုန်းပြည့်စုံ' အပေါ်ချစ်ခင်ရှိသေရမှာပါတဲ့။ ကဲ! ထိုသို့သော အချက်တို့နှင့် မည်သည့်မိန်းကလေးက အစစပြည့်စုံနိုင်ပါ့မလဲ။

ဒီပုံစံနှင့်တော့ သူက "သေးလွန်းလျှင်မလှ ရှေးလွန်းလျှင်မရ" ဖြင့် ငှက်ပျောတုံးဖက်ကိန်းသာရှိတော့တာပါ။ သို့သော် သူ၏မေမေကဖြင့် ဖွဲမလျှော့သေးဘဲ နေစဉ် (အပတ်စဉ် လံစဉ်) သူ့အတွက်စူးစမ်းရှာဖွေပေးနေတုန်းပါပဲ။ ဒါကြောင့်လည်း သူက လာသမျှကြွတ္တိယတွေကို မညည်းမညူ တွေ့ဆုံပြီး ပြောဆိုနေရတာပါလေ။

"စားလို့မြိန်ရဲ့လား သား"

"ဟုတ်ကဲ့"

ခေါင်းပင်ညိတ်ပြရလေ၏။ လူကြီးတွေသာရှိတာမို့ ဘယ်ဟင်းမဆို အငန်အစပ် လျှော့ပြီး ခပ်ပေါ့ပေါ့လေးသာ ချက်ထားတာပါ။ အဆီနှင့်အချိုကိုပါ မေမေ့အတွက် ရှောင်ရသဖြင့် သူတို့အိမ်မှ ဟင်းတို့က လူမမာဟင်းနှယ် ဖြူဖျော့နေပြီး ရေတိမ်မှန့်အရောင် လုံးဝမရှိတာအမှန်ပါ။ အချဉ်ရည်ဟင်းဆိုတာလည်း မန်ကျည်းမှည့် အနည်းငယ်သာ ထည့်ပေးထားပါသည့် ခပ်ပျစ်ပျစ်ဟင်းရည်ပါပဲ။





အသက် (၂၀) ကျော်လာကတည်းက အဘိုးအဘွားစားဟင်းလျာတွေကိုသာ စားခဲ့ရသဖြင့် အခု အသက် (၄၀) ပြည့်ခါနီးမှာ သူ့ရုပ်ရည်က အဘိုးကြီးနှယ်ရှိနေတာ ဆန်းပါတော့မလား။ သူ့ကိုလာတွေ့ပါသည့် မိန်းကလေးတိုင်းက ဦးလေးခေါ်ရမှာလည်း အားနာပြီး အစ်ကိုကြီးဟုသာ (မခေါ်ချင့် ခေါ်ချင် လေသံဖြင့်) ခေါ်တာကိုသူ အသိဆုံးပါလေ။

"ဟိုတစ်ပတ်လာတွေ့တဲ့ ဆရာမလေး သရဖီဆို ဘယ်လိုလဲ"

"ဆရာမဗီဗီ အမိန့်ပေးကျင့်က ပျောက်မှာမဟုတ်လို့ မေမေနဲ့မဖြစ်ဘူး"

"ဒါဖြင့် ဟို အေရိုးဗစ်သင်တန်းဆရာမလေး မြဒါလီကိုတော့သဘောကျလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ၊ ဒီလောက် ကိုယ်လုံးသွယ်သွယ် အဆီမရှိကျစ်ကျစ်လေးကို"

"အဲဒီလောက် Body weight ကို ထိန်းနေရမှတော့ မာမီသတ်မှတ်ထားတဲ့ စံကိုမီနိုင်ပါတော့မလား"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ကိုယ့် Body ကိုယ် ဂရုစိုက်နေမှပဲ အိမ်ကိစ္စ စိတ်ဝင်စားပါတော့မလား။ မေမေ မြေးချီချင်ဖို့ဆို ဝေးစွပဲ"

"ဟွဲ!"

ကဲ! ...ဒုံဆိုတော့လည်း ဒုံပဲပေါ့နော်။ သားအမိချင်းမို့ ဝေ့ဝိုက်ပြောနေစရာမှ မလိုဘဲ။ အိမ်ထောင်ပြုစေချင်တဲ့အဓိက အချက်က သားသမီးမျိုးဆက် လိုချင်တာပဲ မဟုတ်လား။ သူက ဒီအသက်ရှိနေ ပေမယ့် မိန်းမကိုတော့ အသက်အရွယ် ငယ်နိုင်သမျှ အသက် (၂၅) (၃၀) နှစ်ဝန်းကျင်တွေပဲ ရှာစေချင်တာကြောင့် ဒီကိစ္စကို ကြိုသိနေပါ၏။ မြေးချီချင်မှတော့ ကလေးမွေးပေးနိုင်မည့် မိန်း ကလေးကို သေချာရွေးရမှာလေ။

"မေမေ့ စံသတ်မှတ်ချက်နဲ့ ပြည့်မီတာ ဘယ်နှယောက်များ တွေ့လို့လဲ"

"အဲဒါ မင်းအသုံးမကျလို့လေ။ မင်းသာ အစောကြီးကတည်း က ချစ်သူလေး ဘာလေး ထားဖြစ်ရင် ဒီလိုဒုက္ခမျိုး ငါ ဘယ်ကြုံရပါ့ မလဲ"

"အား!"

"ဟယ်! ဘာဖြစ်တာလဲ"

"ငါးရိုးစူးတယ်"





"ဖြစ်ပြန်ပြီ၊ အဲဒီမစိန်ကတော့လေ။ ငါ သေချာပြောထား ...ချက်နဲ့ ငါးဆုပ်ကို အရိုးပါအောင် ချက်ရသလား"

"ချဉ်ရည်ဟင်းထဲက ငါးကြင်းတုံးစားမိလို့ စူးတာပါ မေမေ ...ယ်။ မနာပါဘူး။ ဒီလောက်တော့ ခံနိုင်ရမှာပေါ့။ သူများအသား ...ားချင်တာကိုး"

"ပြောပြန်ပြီလား၊ ဘုန်းကြီး လူထွက်လေသံနဲ့ မင်း ဘယ် ...နှစ်ယောက်ထိများ ကိုးများပြနေဦးမှာလဲ ဘုန်းပြည့်စုံ"

"မေမေကလည်းဗျာ"

"သားရယ် ...ဒီနှစ် July (26) ရက်မှ အသက် (၄၀) ပြည့်တော့မှာ မဟုတ်လား။ ဒီအရွယ်မှ အိမ်ထောင်မပြုရင် ဘယ် အရွယ်မှ အိမ်ထောင်ကျပါ့မလဲ။ သားစဉ်မျိုးဆက်ဆိုတာရှိရမှာလေ၊ နားလည်ရမှာပေါ့"

"ဆွေစဉ်မျိုးဆက်ပဲ ကြားဖူးပါတယ် မေမေရယ်"

"အေးလေ ...အတူတူပဲဟာ။ လျှာက ရှည်ပြန်ပြီ။ မင်း ဒီလို ဂျိုကျောင်များနေပုံနဲ့ ဒီထက်အသက်ကြီးလာရင် ဘယ်မိန်းမက ယူပါတော့မလဲ စိတ်ကုန်ပါ့"

စလာပါပြီ။ နေ့စဉ် ပေါက်ပေါက်ရော်အောင် ပြောနေပါ သည့် ရေရွတ်သံက ထုံးစံအတိုင်းပါပဲလား။ မေမေမို့ မမောနိုင်

မပန်းနိုင် ဖွဲ့မလျှော့တဲ့ ပြောနေတာလေ။ သူ့အဖြစ်က နဖူးစာရွာမလည် မြားနတ်မောင် မျက်စိမှုန်ပြီး ဖူးစာမင်းရည်က ကျဲရုံမျှမက ခမ်းပင်ခမ်း နေပြီထင်ပါရဲ့။ ဒီဘဝမှာ အိမ်ထောင်ပြုဖို့အရေး အချိန်လည်းမပေးနိုင် သလို အလေးအနက်လည်း မထားတတ်ကြောင့် အခုလို ဖြစ်နေတာ ထင်ပါရဲ့။

"လူပျိုကြီးဇာတာမပါရင်တော့ ရမှာပေါ့ မေမေရယ်။ အိမ် ထောင်ရေးဆိုတာ ကိုယ့်အပူကိုယ်ရှာတတ်တဲ့သူတွေသာ ပြုကြတာ မဟုတ်လား"

"သိနေရပြန်ပြီ"

"ဒီရင်ဘတ်ကြီးက မလှုပ်ရှားဘဲနဲ့ ဘယ်လိုမိန်းမကို မျက်စိ ကျပါ့မလဲဗျ"

"အလိုလေးနော် ဒီအသက်အရွယ်ရောက်မှ ရင်ခုန်ပြီး အမြီး ပေါက်ချင်လို့ရမလား။ ကိုယ်နဲ့သင့်တော်ရာ ကြည့်ရွေးဖို့ ပြောနေကာ မှပဲ"

"မပြောနိုင်ဘူးလေ၊ အချစ်ဆိုတာ အသက်အရွယ်မရွေးဘူး ဆို။ ဒါကြောင့် ကိုင်ဇာရဲ့သီချင်းစာသား ဖြစ်လာတာ မဟုတ်လား။ အဘွားကြီးမင်းက အဘိုးကြီးငါ့ကို မောင်တွေ ဘာတွေ ခေါ်ဆိုလား"

"ကဲ! . . . တတ်ဦး"





"ဒေါက်!"

"အ!"

ရေသောက်ရန် ဝင်လာသည့် 'ထက်မြက်' က သူ့ခေါင်းကို မေခေါက်လိုက်တာကိုမြင်သွားပြီး ပြုံးဖြီးဖြီး ဖြစ်သွားလေ၏။ သုပ်မှာ ကိုယ်က လူကြီးနေရာနေနေရပေမယ့် အိမ်မှာဖြင့် ခုထိ လေးဖြစ်နေတုန်းပါပဲ။ သူ့မေမေက ဘာမဆို အကွက်စေ့စေ့နဲ့ အစဉ်တကျ လုပ်လေ့ရှိတာကိုဖြင့် သူလိုက်မမီပါ။ အခုလည်း က်ထပ်ရွေးမလောင်းလျာကို ဝီရိယရှိစွာ ရှာနေဦးမှာ အသေအချာ ပဲ။

"မေမေဖြင့် မြေးမချီနိုင်တော့ဘဲနဲ့များ"

"အမလေး။ ယူဖြစ်ယူစမ်းပါဦး။ အနည်းဆုံး ကလေး သုံး က်လောက်ရမှ မျိုးဆက်အတွက် စိတ်ချထားလို့ရမှာ။ မီးဖိုခန်း ို့မလိုဘူး။ အပြင်ထွက်ငွေရှာစရာမလိုဘူး။ မွေးတဲ့ကလေးလည်း စ်ယောက်ကို နာနီတစ်ယောက်နှုန်း ထားပေးမယ်"

"အားပါး! ကြားတဲ့မိန်းမတော့ အိမ်ရှေ့တန်းစီရပ်နေတော့ ် "

"စီစမ်းပါလေစေ့။ ခေါင်းခေါက်ရွေးပြလိုက်စမ်းပါ ငါ့သား ် "

"ဒါဖြင့် ရုပ်ရည်ရှိရမယ်၊ ပညာတတ်ရမယ်၊ ဆွေမျိုးဂုဏ် ရည်တင်ရမယ်၊ သားသမီး မွေးပေးနိုင်ရမယ်။ ဒါဆို ရပြီလား"

"ဘယ်ရမှာလဲ၊ အကျင့်စာရိတ္တနဲ့ ဉာဏ်ရည်လည်း မြင့်မားမှ ဖြစ်မှာပေါ့။ လျှော့တွေးထားလို့ ဘယ်ဖြစ်မလဲ"

"အင်း . . . နားလည်မှုက အတော်ကြီးရှာယူရမယ်"

"ဘာပဲဖြစ်ဖြစ် ဒီနှစ်ထဲ မယူလို့မဖြစ်ဘူး။ ဒါပဲ"

မေမေလည်း စကားပြီးပြီမို့ သူလည်း ညစာစားပြီးချေပြီ။ ရေဖန်ခွက်ထဲမှ ရေငွေ့ သောက်ပြီးမှသာ ခုံမှာထိုင်နေရာမှ ရပ်လိုက်ပါ၏။ အပြင်မှာ မှောင်နေပြီမို့ ညဘက်လမ်းမလျှောက်ဖြစ်တော့ပါ။ သို့သော် အပေါ်ထပ် ဝရန်တာ (လသာဆောင်) မှာတော့ နာရီဝက်ခန့် လမ်းလျှောက်ရမှာပါပဲ။ Exercise ပုံမှန်လုပ်လေ့မရှိသော်ငြား လမ်းလျှောက်တာကိုတော့ တတ်နိုင်သလောက် လုပ်ရမှာလေ။

မေမေက ဘုရားခန်းသို့ ဝင်သွားပြီမို့ သူက ဝရန်တာထွက်လိုက်ပြီး လက်နှစ်ဖက် ဆန့်၍ထောင် ဟိုလုပ် ဒီလုပ်ဖြင့် အညောင်းဖြေရင်း လမ္ဘိန္ဒိုန်အောက် လမ်းလျှောက်နေမိပါ၏။ ခြံစည်းရိုးက ဟိုဘက် သည်ဘက် ခြံထဲမမြင်ရပေမယ့် အပေါ်စီးမှကြည့်လျှင်ဖြင့် မြင်သာလေသည်။

တစ်ဖက်ခြံသို့ အကြည့်ရောက်သွားစဉ် ပြတင်းပေါက်





ွင့်ထားပါသည့် အခန်းသို့ မြင်လိုက်မိလေ၏။ ဆံပင်ရှည်ကို ဖြန့်ချရင်း ခေါင်းလျှော်ထားတာကို) ရေသုတ်နေပါသည့် ကောင်မလေးကို လှမ်း ြင်လိုက်ရပါသည်။ ကြည့်စမ်း! ဒီခေတ်မှာ သိပ်မထားသလောက်ဖြစ် နေပါသည့် ဒီဆံနွယ်တွေကို အပင်ပန်းခံပြီး ထားသတဲ့လား။ ညဘက် ကြီး ခေါင်းလျှော်လျှင် အန္တရာယ်ရှိတာကို မတွေးဘူးလား။ မဟုတ် သေးပါဘူး။ ဒီချာတိတ်မက ဆေးကျောင်းသူဟု 'ထက်မြက်' ပြော တာကို အမှတ်ရသွားပါ၏။ ဆံနွယ်တွေကိုတော့ သဘောကျမိတာ အမှန်ပါလေ။

## (၄)

ကျောင်းပိတ်ရက်ရှည်မို့ ဖိမ်နှင့်အိပ်ချင်သေးပေမယ့် မနက်စောစောထသည့်အကျင့်က 'ဘဘ' တို့အိမ်မှာ နေကတည်းက ရှိခဲ့တာမို့ မနက် (၆) နာရီမထိုးခင် နိုးနှင့်နေလေပြီ။ ထရတော့မှာပေါ့နော်။ လေ့ကျင့်ခန်း နာရီဝက်လောက်တော့ ချွေးထွက်အောင် လုပ်ရမှာလေ။ ဆံပင်ကို မြင့်မြင့်လေးစည်းကာ ကျစ်ဆံမြီးကျစ်လိုက်ပါ၏။

အားကစားဝတ်စုံ ပေါ့ပေါ့ပါးပါး Three Quater အနက်ရောင် ဘောင်းဘီပွပွလေးနှင့် T-shirt အဖြူလေးကို စွပ်ရင်း သွားတိုက်၊ မျက်နှာသစ် ကိုယ်လက်သန့်စင်တာတို့ကို သွက်သွက်လုပ်ပြီး





ပြီ။ အိမ်မှာ ရွယ်တူဆို၍ 'မစန်း' တစ်ယောက်သာရှိသဖြင့် ဒင်းကိုမက ခေါ်ရမှာပါ။ အားကစားလုပ်ဖော်လုပ်ဖက် သူငယ်ချင်းမျိုးမြန်ရလျှင် အဘယ်မျှ ကောင်းလိုက်မလဲ။

"အစန်း"

"ရှင်! မမ"

"ဘာလုပ်နေလဲ"

"ခေါ်လေးနဲ့ မနက်စာတူချက်ပေးဖို့ ပြင်နေတာပါ"

"အဲဒါ နောက်မှလုပ်ဟာ။ ဘုံနဲ့ နာရီဝက်လောက် ကစားကြအောင်"

"ဟင်! ... မစန်းမှ အဲဒါ မကစားတတ်တာ မမရဲ့"

"ဩော် ... မတတ်ရင် သင်ပေးမှာပေါ့ဟယ်။ ဘာမှကော်ဘူး လာခဲ့"

"လိုက်သွားလိုက် မစန်းရယ်။ ဒါတွေ ခေါ်မြင့်လုပ်နိုင်ပါတယ်သွား သွား"

လက်ထဲမှာ Bat နှစ်ချောင်းကိုင်ရင်း တိုက်ရှေ့သို့ ဦးဆောင်၍ ထွက်ခဲ့ပါ၏။ မနက်စောစောမို့ မြူတွေတော့ ရှိနေပြီး အလင်းကပြုပြသာရှိသေးတာပါ။ ကားလမ်းလုပ်ထားပါသည့် ကွန်ကရစ်နေရာသာ ရှင်းတာမို့ ကြက်တောင်ရိုက်ရန် အဆင်ပြေဆုံးပါပဲ။ ဘာမှ

မောတ်သဖြင့် အိမ်က ကောင်မလေးကို ဖြည်းဖြည်းချင်း စိတ်ရှည်စွာ သင်ပေးရပါ၏။ 'ဘုံ' က ကိုယ်ဝါသနာပါသမျှ အကုန်စိတ်ရှည်လေ့ရှိပြီး အဲဒီမိန်းမငယ်သစ္စာ လုပ်ကိုင်ရသည့် အချက်အပြုတ် အချုပ်အလုပ်ကိုဖြင့် ဘာဆိုဘာမှ စိတ်မရှည် မကျွမ်းကျင်ပါလေ။

"ပြုတ်မကျအောင်ရိုက်လေ။ ခဏခဏ ကောက်ရတော့ အရှိန်ပျက်တယ်။ အားကစားလုပ်ပါတယ်ဆိုမှပဲ ကြက်တောင်ကောက်ဖြစ်နေပြီ"

ခြံထဲမှာ သွေးပူလေ့ကျင့်ခန်းလုပ်ရင်း လမ်းလျှောက်နေစဉ် တစ်ဖက်ခြံမှ စကားသံသဲ့သဲ့ကို ကြားလိုက်ရလေ၏။ တပေါင်ပေါင်နှင့် တစ်ခုခု ကစားနေကြသည့် အသံကို ကြားနေရသည်။ ရေချိုးပြီးလျှင် နေပူစာလှုံရင်း စာဖတ်မည်ကြံကာမှ အနှောင့်အယှက်ဖြစ်ဦးမှာပါလား။ လက်ကို ဘေးဘက်သို့ဆန့်ကားလိုက်ရင်း အသက်ဝဝရှူသွင်းမိစဉ် နဖူးထက်သို့ ခပ်မာမာ အရာတစ်ခုက ရုတ်တရက် လာထိလေ၏။

"အောက်!"

"အ!"

ခြေဖမိုးရှေ့ကျသွားပါသည့်အရာက ကြက်တောင်ရိုက်ပစ္စည်း ဖြူဖြူလေးဖြစ်နေပါသည်။ မနက်စောစောစီးစီး ဒေါသထွက်စရာက ဖြစ်လာပြန်ပါရောလား။ သူကလည်း အရိပ်မရှိဘဲ နေရောင်လာမည့်





ကွက်လပ်နေရာကို ရွေးရပ်မိတာမို့ တိုက်ဆိုင်မှုဖြစ်သွားတာပါ။ သံဆန့်ခါတန်းထက် ပုဏ္ဏရိပ်တန်းကမြင့်နေသဖြင့် လက်တံလှလှလေးက ကိုစမ်း ဒီစမ်းဖြင့် ရောက်လာလေသည်။

ဒီလောက် မြင့်မြင့်ကာထားတာတောင်မှ တစ်ခုခုပေါ်တက်ပြီး လှမ်းစမ်းနေတာထင်ပါရဲ့။ သူက ကြက်တောင်ကတော့လေးကို လှမ်းကောက်လိုက်၏။ ဒီတိုင်းတင်ပေးလိုက်ရမလား။ မဖြစ်သေးပါဘူး။ နည်းနည်းပါးပါး ပတ်ဝန်းကျင်ကို သတိထားတတ်အောင်လည်း အသိပေးထားရမှာလေ။ အုတ်စည်းရိုးတစ်ဝက်သောင်နေရာအလွတ်ကို ခြေလှမ်း၍ တက်လိုက်ရလေသည်။

"ဒီမှာ!"

"အမလေး! လန့်လိုက်တာ"

"မင်းတို့ကစားတာက အကြောင်းမဟုတ်ဘူးကွ။ ဘေးပတ်ဝန်းကျင်ကို နည်းနည်းပါးပါး သတိထားတတ်ရမှာပေါ့။ ဒီမှာ ငါ့ခေါင်းကိုလာထိတယ် . . . တောက်!"

"ဟင်!"

"ရောက်တာမှ ဘယ်နှရက်မရှိသေးဘူး။ ပတ်ဝန်းကျင်ကို သဟဇာတဖြစ်အောင် မနေတတ်တာ အံ့ပါရဲ့"

"ဒီမှာ"

"ဘာလဲ"

"ရှင့်ကို ကြက်တောင်လာထိတာ ကန်တော့ sorry ပါရှင်၊ လူကို ဒီလောက်ထိ ချိုးဖဲ့ပြောဖို့ မလိုပါဘူး။ မတော်တဆ ဖြစ်သွားတာပဲ"

"ဘာကွ . . . လူကြီးကို ဒီတိုင်းမရိုမသေပြောရလား"

"လူကြီးက လူကြီးလို ပြောမှ ရိုသေမှာပေါ့။ အခုတော့ မိန်းမကြီးလို ပွစိပွစိ ပြောနေတာ အမြင်ကပ်စရာကြီး"

"ဘာကွ! . . . မင်း"

မျက်မှန်ကိုင်းမည်းကြီးကို ပင့်၍ ရန်ပြန်တွေ့လိုက်သည့် ကောင်မလေးကြောင့် သူ အတော်စိတ်တိုသွားရပါ၏။ ဘယ်တော့မဆို ကိုယ်ကချည်း ဖိပြော ဖိဟောက်လေ့ရှိပေမယ့် အခုလို ဘုတောက်ဖြင့် ဒိုးဒိုးဒေါက်ဒေါက် ပြန်ပြောခြင်းက ပထမဆုံးဖြစ်သည်မို့ ကိုယ့်ကိုကိုယ် ပို၍ ဒေါသဖြစ်သွားရတာပါ။

"မစန်း ရိုက်လိုက်လို့ ဦးကိုထိသွားရတာပါ။ ကန်တော့ပါ ဦးရယ်။ တောင်းပန်ပါတယ်နော်"

"အို! . . . မတောင်းပန်ပါနဲ့ အစန်းရဲ့ မလိုအပ်ဘူး"

"ဟာ! . . . မင်း အတော်ရိုင်းပျပါလား"

"ဘာဖြစ်လဲ၊ ဘုံတို့က အသံတူ တန်းတူမျိုးနဲ့ပဲ ပြန်လုပ်ကျင့်





ရှိတယ်"

"ကြည့်စမ်း! . . . လူကိုလည်း နာကျင်စေပြီး စော်စော်ကားကားနဲ့ ပြောနေသေးတယ်။ မင်းကိုမွေးထားတဲ့ မိဘတွေရဲ့မျက်နှာကို ထောက်သင့်တာပေါ့"

"ဘာရှင့်! . . . ရှင်နော် မဆိုင်တဲ့ ဘုံ့မိဘတွေကို ဆွဲမထည့်ပါနဲ့"

"အေး . . . မင်းမိဘကို ရိုသေလေးစားရင် ငါလည်း မင်းမိဘအရွယ်ဆိုတာ သိသင့်တယ်"

"ဩော် . . . ဟုတ်ကဲ့! ဦးလေးဘကြီး"

"မင်းနော်"

"ဟဲ့ ဟဲ့! . . . ဘာတွေဖြစ်ကြပြန်ပြီလဲ။ မိဘုံတစ်ယောက်ကတော့လေ။ ငါ့မှာ ဘုရားရှိခိုးတာတောင် စိတ်မဖြောင့်ဘူး။ စောစောစီးစီး ပြဿနာရှာပြန်ပြီလား"

"ဒီမှာလေ အစန်းတို့ ကြက်တောင်ရိုက်နေတာ ဟိုဘက်ခြံကို လွင့်သွားပြီး ဟိုဦးကို ထိသွားလို့ပါ အန်တီ"

"တွေ့လား ဖြစ်ရမယ်။ မိဘုံတို့ကတော့ တစ်ရက် ပြဿနာရှာရရင် မနေတတ်ဘူး။ အားနာလိုက်တာကွယ်။ မလိမ်မိုး မလိမ္မာအမိုက်အမဲလေးမို့ ဖွေမယူဘဲ ခွင့်လွှတ်ပေးပါ မောင်ရင်ရယ်။ အန်တီ

ကြားက တောင်းပန်ပါရစေ"

"မေမေ! "

"နင့်ပါးစပ်ပိတ်ထား"

အမေဖြစ်သူက ခပ်ငယ်ငယ်ဖြစ်ပြီး အသက် (၅၀) ဝန်းကျင် ခန့်သာရှိသေးတာပါ။ အနိတ်ဟု သုံးသွားပေမယ့် တကယ်တော့ သူ့အစ်မအရွယ်ခန့်သာ ရှိတာလေ။ မွန်ရည်စွာ တောင်းပန်နေတာကြောင့် သူက ပိုပြီး အားနာမိလေ၏။ စီးပွားရေး လုပ်နေသည့်လူက နှုတ်ချိုရမှာမဟုတ်ပါလား။ စိတ်လျှော့ပေတော့ 'ဘုန်းပြည့်စုံ'။

"ရပါတယ် အစ်မ။ ကျွန်တော်လည်း ခေါင်းကိုလာထိလို့ ဒေါသဖြစ်သွားရတာပါ"

"အို ငရဲတွေဘာတွေကြီးကုန်မှဖြင့် မိဘုံ တောင်းပန်လိုက်စမ်း"

"ပြောပြီးပြီ မေမေရဲ့"

"မရဘူး။ ထပ်တောင်းပန် ခုချက်ချင်း"

"မေမေကလည်းကွာ"

"မိဘုံနော် ငါ နင့်အဖေကို phone ဆက်လိုက်ရမလား"

"အာ ... တဆိတ်ရှိ အကြပ်ကိုင်ဖို့ စဉ်းစားနေတာပဲ။ တောင်းပန်ပါတယ်။ ကန်တော့ပါရှင်။ ဒါဆိုရပြီလား။ လာ, အစန်း"





လူကို နှုတ်ခမ်းစူ၍ တောင်းပန်စကား ခပ်မာမာပြောကာ အိမ်ထဲဝင်သွားပါသည့် ကောင်မလေးကြောင့် သူ မပြုံးမိအောင် ထိန်းလိုက်ရပါ၏။ အမေဖြစ်သူကိုတော့ ကြောက်သားပါပဲလား။ ဒီအမေကိုဖြင့် ပြန်အော်တတ်ပုံက မရှိသေးတာမျိုး မဟုတ်တဲ့ နွဲ့ဆိုးဆိုးလို့ရပုံမျိုးဟု ထင်ရလေသည်။ ဘယ်လိုကောင်မလေးပါလိမ့်နော်။

"ဟိုလေ၊ အဲဒီဘက်က ဟိုရက်တုန်းက ကျွန်မတို့ အိမ် ပြောင်းတာကို လာကူညီပေးတာလေ"

"သြော် ... ထက်မြက်ဖြစ်လိမ့်မယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒါကို ကျေးဇူးတင်စကား ပြောချင်နေတာပါ။ အားနာစရာတွေချည်း ဖြစ်နေရတယ်လို့"

"ရပါတယ် အစ်မ၊ အိမ်နားနီးချင်းတွေပဲဟာ။ ကျွန်တော့် အမေက ဒေါ်သီရိပြည့်စုံပါ။ ကျွန်တော့်နာမည် ဘုန်းပြည့်စုံပါ"

"ဟုတ်ကဲ့ ကျွန်မနာမည်က သက်ထားရွှေပါ။ သမီးအဖေက ငြိမ်းစံပါ။ ဟို မိပေါက်စက ရွှေဘုံစံပါကွယ်"

"အစ်ကိုက အိမ်မှာမရှိလို့လား"

"ဟုတ်တယ်၊ သဘော်အင်ဂျင်နီယာမို့ သုံးလေးနှစ်ကြာမှ ပြန်လာတတ်တယ်လေ။ အခုတော့ အသက်လည်းရပြီမို့ နားတော့မယ် ပြောတာပဲ။ ဒီမှာပဲ အခြေချမယ်ဆိုပါတော့"

"သြော်"

"ဒါနဲ့ မောင်ပြည့်စုံက ဘယ်ကုမ္ပဏီမှာ လုပ်နေသလဲ။ စပ်စု တယ် မထင်ပါနဲ့နော်။ သမီးအဖေလည်း ကုမ္ပဏီရှယ်ယာထည့်မယ် ဆိုလို့ မေးမိတာပါ"

"ရပါတယ် အစ်မရဲ့ မထင်ပါဘူး။ ကျွန်တော်က ပုဂ္ဂလိက ဘဏ်ထောင်ထားတာပါ။ ကုမ္ပဏီတွေ ငွေစု ငွေချေးမှုန်သမျှ ဦးဆောင်ရှင်းပေးတာမျိုးပေါ့"

"ဟန်ကျလိုက်တာကွယ်။ ဒါနဲ့ မောင်ပြည့်စုံမိခင်က ဘယ် အရွယ်များလဲ"

"မေမေက အသက် (၇၀) ပြည့်တော့မှာပါ ခင်ဗျာ"

"သြော်"

"ကျွန်တော်က အသက် (၄၀) မို့ အစ်မကို အစ်မလို့ ပြောလိုက်တာပါ"

"ဟုတ်တာပေါ့။ (၉) နှစ်လောက်ပဲကွာတာဆိုတော့ ခေါ်ဖို့ ရပါတယ်။ သမီးဘုံက အခုမှ (၂၂) နှစ်လေ။ ဒါကြောင့် ပြောရခက် နေတာ။ သူ့အဖေကတော့ သူ ဆေးကျောင်းပြီးတာနဲ့ အိမ်ထောင်ပြု စေချင်နေတာ"

"ဗျာ!"





အလို! ...ဘယ်လိုဖြစ်ပြီး ဒီကောင်မလေးက သူနဲ့မှ ဖြစ်အပျက် အခြေအနေချင်း လာတူနေရပါသလဲ။ 'သမီးကညာ ခါမလင့်စေနှင့်' ဟု ဆိုရိုးရှိပေမယ့် အခုမှ အသက် (၂၂) မို့ ငယ် ယ်လေး ရှိသေးတာလေ။ အရွယ်ငယ်လေးနဲ့ အိမ်ထောင်ကျရမှာ မြှောစရာ ဖြစ်နေမှာပေါ့။ ဒါ့ကြောင့်လည်း ဒီကောင်မလေးက စကန်ကန်နှင့် မချေမင် ပုံစံလေးဖြစ်နေတာလေ။ လက်စသတ်တော့ ကြောင့်ကိုး။

"ငယ်ပါသေးတယ်ဗျာ"

"ဒါတော့ ဟုတ်ပါတယ်။ ခက်တာက သမီးအဖေဆီမှာ မ်းလှမ်းနေတဲ့ကလေးတွေက စိတ်လောနေကြလို့ပါ"

"သြော်"

ဒီမှန်ကြောင် စာကြမ်းပိုးလေးကို ဘယ်တုန်းကများ တွေ့ဖူး ကြလို့ ဒီလောက်များ စိတ်ဝင်စားနေကြပါသလဲ။ အင်းလေ စာတော် ာနှင့် မိတချမ်းသာသည့် background ကြောင့်လည်း ဖြစ်နိုင်ပါ၏။ ခင်ဖြစ်သူကတော့ မာနကြီးပုံမရပါ။ ဖော်ရွေရည်မွန်သူမို့ စကား နည်းငယ်မျှပြောပြီး နှုတ်ဆက်လိုက်ရတော့သည်။

"ဘာပဲဖြစ်ဖြစ် အကူအညီလိုရင် အချိန်မရွေးပြောပါ အစ်မ။ ိမ်က phone နံပါတ်တွေကို မောင်ထက်နဲ့ ပေးခိုင်းလိုက်ပါ့မယ်"

"အေးပါကွယ် ... ကျေးဇူးပါ"

"ကျွန်တော်က ကြားရက်တိုင်း မနက်စောပိုင်းကနေ မိုးချု
ထိ အိမ်မှာမရှိပါဘူး။ စနေ တနင်္ဂနွေတော့ နားရက်မို့ ရှိပါတယ်"

"ဟုတ်ပါပြီကွယ်"

"ဒါဖြင့် ကျွန်တော် ရေချိုးမှာမို့ ခွင့်ပြုပါဦး"

"အေးကွယ် ... အစ်မလည်း ချက်ပြုတ်တာ စီမံပေးဦး
မယ်"

ပြုံးပြနှုတ်ဆက်လိုက်ပြီး အိမ်ဘက်သို့ သူ ပြန်လျှောက်ခဲ့
၏။ အိမ်ထဲရောက်စဉ် အပေါ်ထပ်ဘုရားခန်းဆီမှ ကြေးစည်တီးသံကို
သာယာစွာ ကြားလိုက်ရလေသည်။ မေမေ ဘုရားရှိခိုးပြီးလျှင် မနက်
အဆာပြေ စားရတော့မှာမို့ ရေချိုးခြင်းကိစ္စကို သူ အမြန်လုပ်လိုက်ရ
လေ၏။ ဒီနေ့လယ်ချိန်မှာ ဘယ်မိန်းကလေးနှင့် နာရီဝက်ကျော်ကြာ
အချိန်ဖြုန်း၍ စကားပြောပြီး တွေ့ရဦးမှာပါလိမ့်။

ဒါဖြင့် သူမရော သူ့အတိုင်းပဲလား။ အိမ်မှာ ခေါ်တွေ့တာမျိုး
မဟုတ်တဲ့ အပြင်မှာ အေးအေးဆေးဆေး သွားတွေ့တာလည်း ဖြစ်နိုင်
ပါသည်။ သူ့လိုပဲ စိတ်ညစ်ညူးအိုက်စပ်ရသည့် ခံစားချက်မျိုးနှင့်
အချိန်အကြာကြီး မျက်နှာချင်းဆိုင်ထိုင်၍ တွေ့ရတာမျိုးပဲလား။ လူငယ်
မို့ လွတ်လပ်ပေါ့ပါးစွာ ပြောနိုင်တာလည်း ဖြစ်နိုင်ပါသည်။





သူ့မှာသာ ရှေ့မှာထိုင်ပြီး မငြိမ်မရဲဟန်ဖြင့် ရှက်ရဲရဲမျက်နှာ
...ကလေးတွေကိုသာ တွေ့ရတာလေ။ ရင်မောရတာက သူ တစ်
...ာက်တည်း၏ ခံစားချက်သက်သက်သာ ဖြစ်တာပါ။ ဘယ်တစ်
...ာက်ကို ခေါ်ငြိတ်မှသာ ဒီကိစ္စ ပြတ်မှာပါလိမ့်နော်။ လောလော
...ယ်တော့ စိတ်ရှုပ်ရတာ အမှန်ပါပဲ။

မင်းရောပဲလား 'ရွှေဘုံစံ'။

## (၅)

မျက်နှာကို စူပုပ်ထားမိပါ၏။ မကျေနပ်လိုက်တာနော်။ ဘယ်လိုဖြစ်ပြီး အဲဒီလူကြီးကိုမှ ပြဿနာဖြစ်ရတာပါလဲ။ 'ဘုံ' က တကယ်ဆို ရိုင်းပျသည့် အကျင့်မျိုး မရှိတာအမှန်ပါ။ လေသံချိုချို လေးနှင့် ပြောတတ်တာကလွဲပြီး လေသံမာမာနှင့် စိတ်ရှည်စွာ ရှင်းပြ ပြောလေ့ရှိသည့် ကောင်မလေးပါပဲ။

"ပြောလိုက်ရင် မထုံတတ်တေးပုံစံနဲ့ လုပ်ပြပြန်ပြီ။ အတော် ပြောရကြပ်တဲ့ဟာလေး"

"သူသာ လူကြီးလိုပြောရင် ဒီလို ဘယ်ဖြစ်ပါ့မလဲ မေမေရဲ့"





"ဟဲ့! ... ဟိုကလူကြီးလို မပြောလို့ ဘယ်လိုပြောလို့လဲ"

"ဘုံ့ကို သူက ရိုင်းတယ်တဲ့လေ"

"ဟုတ်တာပဲ၊ မှန်တာပြောလို့ နာသလား။ လူကြီးခေါင်းကို နံလို့ ဟိုက ဒေါသထွက်မှာပေါ့။ နင့်ဆံပင်လာဆွဲလည်း ပြန်အော် ာပဲ မဟုတ်လား"

"မေမေကလည်း ဘုံ့တက်တော့ မပါဘဲ သူ့စိမ်းဘက် လိုက် ပြောရလားလို့"

"ဟဲ့! ... သားသမီးမကောင်း မိဘခေါင်း။ သားသမီးရိုင်းရင် ာပြင်တဲ့။ ဒီမိဘ မဆုံးမလို့ ကလေးရိုင်းတယ် ထင်မှာပေါ့"

ဒါတော့မှန်သားပါပဲလား။ ဟိုလူကြီးလည်း ဤသို့ပြောခဲ့တာ ဒါကို ဆတ်ဆတ်ထိမခံဘဲ ပြန်ပြောမိတဲ့ 'ဘုံ' သာ အပြစ်ထပ် ာအမှန်ပါပဲ။ ငါ့နှယ်နော်။ ဘယ်လိုဖြစ်ပြီးတော့များ ဘေးခြံက ူကြီးနဲ့မှ ဒီလို ပြဿနာမျိုး ဖြစ်ရတယ်လို့၊ စိတ်ကြီးများလည်း ဖြစ်မိပါရဲ့။

"ဘုံက မေမေတို့ကို ပြောလို့ ပြန်အော်မိတာပါ"

"ဘာပြောလို့လဲ"

"မိဘတွေရဲ့မျက်နှာကို ထောက်ဦးတဲ့လေ။ ဖြစ်တာက းသေးလေးနဲ့။ ချဲ့ကားပြီးပြောတော့ စိတ်မဆိုးရဘူးလား"

"အေးပေါ့၊ မိမဆုံးမ ဖမဆုံးမဆိုပြီး ရိုင်းရိုင်းမပြောတာ ကျေးဇူးတင်ရမှာ။ ကိုယ်က ကလေးဖြစ်ပြီး မယဉ်ကျေးဘဲနဲ့"

ဟော! ခုတော့ ကလေးဖြစ်ရပြန်ပြီ။ လူကို မနက်ဖြန် သန် ဘက်ခါ အိမ်ထောင်ချပေးမှာတော့ မေ့ထားသလိုပါပဲ။ အစ်မဖြစ်သူ 'မိုးမြင့်စံ' ကဖြင့် ခုထိ အပျော်ရည်းစားတွေ မရိုးနိုင်အောင် ထည်လဲ တွဲနေပြီး စီးပွားရေးလည်း ဦးဆောင်နိုင်နေပြီမို့ ခေါင်းမော့ရင်ကော့ နေတာပါလေ။ ဘယ်အချိန် အိမ်ထောင်ပဲပြုပြု ready ပဲ မဟုတ်ပ လား။ 'ဘုံ့' မှာသာ ဘေးကြပ်နံကြပ် အခြေအနေမှာလေ။

"ကလေးဆို ယောကျ်ားမပေးစားနဲ့ပေါ့"

"အံမာ မောင်ပြည့်စုံက ငယ်ပါသေးတယ်ဆိုလို့ ကလေးဆ ပြီး သုံးလိုက်တာနဲ့ ဇာတိမပြချင်နဲ့။ စောစောယူယူ နောက်မှယူယူ အတူတူပဲ။ နင် မြန်မြန်အိမ်ထောင်ကျမှ ဖြစ်မှာ"

"ဒါဆို အသက်အစိတ်ပြည့်ခါနီး မမမိုးက ဘာလို့မယူတာ လဲ"

"သူက အခုယူ အခုရအောင် ဘေးမှာ သုံးလေးယောက် အဆင်သင့် ရှိပြီးသားဟဲ့။ နင်သာ အရိုးများ ချေးခါး ချွေးစော်န အကြောင်းပြပြီး ငြင်းဆန်နေတာ ဘယ်မှာလဲ"

"ဘာကိုလဲ"





"လက်ဆုပ်လက်ကိုင်ပြဖို့ ယောကျ်ားလေ"

"အာ ... မေမေကလည်း ဘုံမှ အခုထိ သူစိမ်းယောကျ်ား တွေကို ရင်မခုန်သေးတာ"

"ဩော် ... ဒီအရွယ်မှ မချစ်တတ်ရင် ဘယ်အရွယ်မှ ချစ် တတ်မှာတုံး။ ငါမပြောလိုက်ချင်ဘူး။ အစစအရာရာ လိုက်သင်ပေး ရအောင် ဆယ်ကျော်သက်အရွယ်လည်း မဟုတ်တော့ဘူး"

"မေမေတို့ပဲ အမျိုးမျိုး ပြောပြောနိုင်လွန်းတယ်။ အခု လေး တော်ကြာလူကြီးနဲ့"

"ဘာ"

"ဟုတ်တယ်လေ၊ အိမ်ထောင်ပြုဖို့ကျ လူကြီး ဘာမှမသိ းမလည်ပြန်တော့ ကလေးတဲ့လေ"

"ပြောမှာပေါ့။ ညည်းလုပ်ပုံတွေက အချိုးမှမကျတာ။ ဟို က်ခြံက လူကြီးက ဘဏ်သူဌေးဟဲ့။ ကိုယ်က သင့်မြတ်အောင် နေပြရမှာပေါ့။ ခုတော့ ဘယ့်နှယ် နှုတ်သီးကောင်းလျှာပါး ရန်ဖြစ်ရ သလား"

"ဒါဖြင့် ဘုံက လေသံမာနဲ့ မပြောရဘဲ အဲဒီသူဌေးကို က်စပ်ပြီး အသည်းချင်းတူရင် ကြည်ဖြူပါတယ်ရှင်လို့ ညီမြလုပ်ပြ မှာလား"

"ဟင် . . . ကဲ!"

"အား!"

မေမေ့လက်ခေါက်က လေဏ်အမြန်နှုန်းဖြင့် 'ဘုံ' ခေါင်းထက် ခေါက်ခနဲ ကျလာလေတော့၏။ ဟုတ်တယ်၊ ရွှဲပြောတော့လည်း မကြိုက်ပြန်ဘူး။ တစ်ဦးတည်းသောသမီးချင်း အတူတူမှာ မမကဖြင့် မိဘအလိုလိုက်လွန်း၍ (မနိုင်လွန်း၍ လွှတ်ထားသလိုမျိုး) Freed on နေခွင့်ရနေပြီး ဘုံမှာဖြင့် ဗိုင်းကောင်းကျောက်ဖိနေပြနေရတာ ခုချိန်ထိပါ။ ကိုယ်က ရှူးထတတ်သည့် ဆတ်စလူးမဟုတ်တာတောင် ခုထိ ပေါင်ကြောလိမ်ခံရ၊ ခေါင်းခေါက်ခံရ၊ လက်မောင်းဆွဲဆိတ်ခံရ တုန်းမဟုတ်လား။ 'ရွှေဘုံစံ' ဆိုတာ မေမေ့ရှေ့မှာ နောက်ဆုံးနှစ် ဆေးကျောင်းသူမဖြစ်ပါဘဲ မူကြို အဆင့်နှင့်သာရပ်နေရတာ ကြာနဲ့ ပါပြီလေ။

"နာတယ် မေမေရဲ့"

"လူကြီးကို ရွဲ့တာကို။ အမေဖြစ်သူ စီးပွားအထိုင်ကျဖို့ နည်းလမ်းလေး ဘာလေး ရှာပေးမယ် စိတ်မကူးဘူး။ လူကြီးကို မရိုမသေနဲ့ လုပ်ချင်ရလား"

"မေမေတို့ပဲ ပြောတယ်လေ။ ယောက်ျားမောင်ပဥ္စင်း မိန်းမ ပုခက်တွင်းလည်း Ok ဆို"





"ကဲ! . . . ခေချင်ဦး"

"အားလားလား ဘုံ့နားရွက်တစ်ဖက် ကြီးသွားရင် မေမေ တရားခံပဲ"

ထူပူသွားပါသည့် နားရွက်ကို ခပ်နာနာပွတ်လိုက်မိပါ၏။ ဒီသမီးလေးတစ်ယောက် ရှိတာကို နေ့စဉ်နှင့်အမျှ နှိပ်စက်နေတာပါပဲ လား။ 'မမမိုး' ဆို ဘာလုပ်လုပ် ဘယ်သူမှ ဘာမှ မပြောကြပါ။ ညီမဝမ်းကွဲချင်းတောင် ဘဝက ဤသို့ ကွာခြားလွန်းလေ၏။ တွေးရင်း ပင် ကိုယ့်ကိုယ်ကိုယ် သနားသွားရပါသည်။

"မမမိုးကျ ကိုယ်ကြိုက်တာကိုယ်ယူတဲ့ ဘုံ့အလှည့်ကျ ကြိုက်တဲ့သူ ယူလို့ မရဘူးလား"

"မရဘူး!"

"ဟွန်း! . . . ပြတ်သားလိုက်တာ"

"ပြတ်သားရမှာပေါ့။ နင့်ပညာ နင့်ဂုဏ်ကိုမက်ပြီး ကပ်စား ညာစားမယ့် အကောင်တွေက လောကမှာ ဒုနဲ့ဒေးရှိကြတာ။ ပေါက် လွှတ်ပဲစားနဲ့ညားဖို့ ယောင်လို့တောင် မစဥ်းစားနဲ့"

"ဒါဖြင့် ဘောစိနဲ့မှလား"

"မိဘုံနေ့ . . . လာပြန်ပြီ"

"မေမေရှာပေးတဲ့သူတွေက အတော်အကောင်းစားတွေကိုး။

မိဘချမ်းသာတာနဲ့ ထိုင်ဖြုန်းနေကြတာတွေချည်းပဲ။ ဒီကြားထဲ လူကို မြင်တာနဲ့ မှန်ကြောင်လေးလုံးဆိုပြီး လှောင်ချင်ချင် ပြုံးစိစိနဲ့။ ပါးနှစ်ခြမ်းကာပ်သွားအောင် ဖျင်းလိုက်ချင်တာ။ မနည်းစိတ်ထိန်းထားရတယ်"

"ကြည့်! တွေ့လား"

"မိန်းမတို့အရည်အချင်းမေးလို့ nothing ဖြေမိတာ အမှားလား။ တစ်သက်နဲ့တစ်ကိုယ် ရေချိုးတစ်အိုးတောင် တည်ဖူးတာမဟုတ်ဘူး။ ဘုံ့ကိုမေးလို့ ဖြေတာတောင် လူကို အထင်တသေးအကြည့်နဲ့ စပ်ဖြဲဖြဲရယ်ကြလို့ စိတ်တိုတယ်"

"ဒါဆိုလည်း ပြောစရာအကြောင်းအရာရှိအောင် နည်းနည်းပါးပါး သင်ကြည့်လေ့လာပါလား"

"အို! ဝါသနာမပါပါဘူးဆိုနေမှပဲ"

"ဒီပုံစံမျိုးနဲ့ ဘယ်ယောက္ခမက ချွေးမတော်ချင်မှာတုံး"

"မတော်ချင်လည်းနေပေါ့။ ဘုံကတော့ ဘုံ့ကို တုန်နေအောင် ချစ်ပြီး ဖူးဖူးမှုတ်အလိုလိုက်ပေးမယ့် ယောကျ်ားမျိုး ရှာယူမှာ"

"အေးပါ ရှာရှာ၊ နင့်မျက်လုံးက တစ်နေ့တစ်နေ့ power သာတိုးလာလိမ့်မယ်။ အဲဒီလိုအလိုလိုက်မယ့်ယောကျ်ားတော့ ဒီတစ်သက် တွေ့မယ်မထင်ပေါင်"

အထင်သေးလိုက်ပုံများ ပြောကိုမပြောချင်တော့ပါ။ ကိုယ့်ကို





မေးတဲ့အမေတောင် ဒီလို နစ်နစ်နာနာပြောနေမှတော့ သူစိမ်းပြောတာက လွန်ပုံ့ပါ့မလား။ ဝမ်းကွဲအစ်မဖြစ်တဲ့ 'မမမိုး' တောင်မှ 'ဘုံ' ညည်းညူသလိုပြောတိုင်း မသိမသာ နှုတ်ခမ်းမဲ့ပြသေးတာလေ။ လူကို ဂေါ်မစွံဟုများ ခုကတည်းက သတ်မှတ်ချင်ကြပြီ ထင်ပါရဲ့။

"ဗိုက်ဆာလိုက်တာ"

"ဟော! ... စကားကောင်းပြောရင် ဖောက်လာပါပြီ။ ညမိုးချုပ်နေပြီ အစာမကြေဖြစ်ဦးမယ်၊ မစားတော့နဲ့"

"မေမေကလည်းလေ ဘုံက ဗိုက်မပြည့်ရင် မအိပ်တတ်တာ သိရဲ့သားနဲ့။ စာတွေလည်း ကျက်စရာရှိသေးတယ်။ ဗိုက်ဟောင်းလောင်းနဲ့ စာကျက်ရမှာလား"

"ပြောလိုက်ရင် စာတတ်သူပီပီ ဆင်ခြေပေးတတ်ပုံ။ အစန်းရေ"

"ရှင်! အန်တီ"

"နင့်မမကို ခေါက်ဆွဲချဉ်စပ်လေး ပြုတ်ပေးစမ်း။ ရေနွေးထဲနှစ်ပြီး ဆယ်ပြီးမှ နောက်ထပ် ရေနွေးနဲ့ ထပ်ပြုတ်နော်။ ခေါက်ဆွဲအရမ်းမပြိုစေနဲ့"

"ဟုတ်ကဲ့၊ ကြက်ဥပါထည့်ရဦးမလား မမ"

"အေး ... ထည့်မယ်"

"အကောင်းကြိုက်တာတော့ special ပါပဲ။ နင်စား သလောက် ရှာကျွေးနိုင်မယ့်ယောကျ်ားမျိုးသာ ရှာယူအေ"

"Boss အသက်ကြီးကြီးဖြစ်လည်း ok လား မေမေ"

"မိဘုံနော်"

'ဘုံ' က အပေါ်ထပ်ညှိုခန်းမှာ မေမေနှင့်စကားပြောရင်းမှ ရယ်၍ ထရပ်လိုက်ဖါ၏။ ည (၉) နာရီကျော်ပေမယ့် ညဥ့်နက်မှ ပို တိတ်ဆိတ်ပြီး စာကျက်လို့ ပိုကောင်းတာပါ။ Exam နီးလျှင်တော့ စောစောအိပ်၍ မနက်စောစောထပြီး ဉာဏ်ရှင်စွာ စာကျက်ဖြစ်လေ ၏။ 'ဘုံ' က မျက်စိအားနည်းလာသဖြင့် ဆေးမျက်မှန်တပ်ခဲ့ရတာပါ။ စတပ်တုန်းကဖြင့် မနေတတ်ခဲ့ပေမယ့် အခုတော့ မျက်မှန်တပ်ထားမှ သာ စိတ်က ပိုလုံခြုံသလို ဖြစ်နေတော့ ခက်သားလား။

သူငယ်ချင်းတွေက ကိုင်းလှလှလေးနှင့် style ကျကျ မျက်မှန်ရှာနိုင်းပေမယ့် 'ဘုံ' က ဒီပုံတုံးတုံးမျက်မှန်ကိုသာ ပိုသဘော ကျ ဖြစ်ခဲ့လေ၏။ ဒီလို ကိုင်းမျိုးက ရှိရင်းစွဲအသက်ထက် ပိုရင့်စေပြီး ဆံပင်လည်း အရှည်ကို နှစ်သက်စွာ ထားခဲ့တာမို့ 'ဘုံ' ကို (၂၂) နှစ် (၂၃) ဟု မည်သူမျှ မထင်ကြဘဲ (၃၀) ကျော်ဟုသာ ခန့်မှန်းကြ တာလေ။

"နောက်သလို ပြောင်သလိုနဲ့ အသက်ကြီးတာ ရှာယူ





ကြီလေနဲ့"

"မေမေပဲ ဟိုတက်ခြက ဦးလေးဘကြီးကို သဘောကျတယ် ဒို"

"ဟယ်! ... ဘယ်လိုကြီးခေါ်လိုက်တာလဲ"

"အမြင်ကပ်လို့"

"နင်တော့နော်၊ ငရဲကြီးတော့မှာပဲ"

"ဒါလေးပြောရုံနဲ့ မကြောက်ပေါင်။ လူကို မှိုချိုး မျှစ်ချိုး န့်ခွန်းရှက်ချိုးနဲ့ ပြောတာကျ မနာရဘူး"

"ပြောပြန်ပြီလား။ နင်ပြောမှပဲ စကားပုံရှိသမျှ ပျက်တော့ ယ်"

"ဦးလေးဘကြီးက မိုက်တယ်မဟုတ်လား"

"ဟဲ့!"

"မေမေပဲ သဘောရှိ ဘော်စိရှာဆို။ ဒါဖြင့် ဘုံလည်း မျက်စ တတ်အောင် ကျင့်ထားမှ ဖြစ်မယ်"

"ပေါက်တတ်ကရဆို အကုန်တတ်တယ်။ ဟိုက နင့်ကို စိကျပါလိမ့်မယ် အားကြီးကြီး"

"အို ဘာရမလဲ၊ မိန်းမမာယာ ပဲကိုးရာတဲ့"

"သဲကိုးဖြာပါဟယ်"

"သဲက အိမ်ဆောက်မှ သုံးတာ။ ပဲကမှ ဗိုက်ဝသေးတယ်။ အစန်းလာရင် ဘုံအခန်းထဲ ပို့ခိုင်းလိုက်နော်။ ရွှေဘုံစံ Learning and reading time မို့ပါ မေမေ"

"ကြွပါအေ"

မေမေ့ကို နှာခေါင်းရှုံ့ပြလိုက်ပြီး အိပ်ခန်းရှိရာဆီသို့ ဝင်လိုက်ရပါ၏။ 'ဘုံ' က အင်မတန် အအေးကြိုက်သလို ပြတင်းပေါက်ကို မိုးရွာချိန်မှ လွဲ၍ အမြဲဖွင့်ထားလေ့ရှိလေသည်။ ပြီးတော့ ပြတင်းတံခါးပေါက်ကို သံတန်းလို သံဆန်ခါလု အပိတ်မျိုး မတပ်စေဘဲ အပြင်ကို မြင်နေရပါသည့် မှန်တံခါးပေါက်ကိုသာ အတွင်းမှ လိုက်ကာဆွဲပိတ်ခြင်းဖြင့် သုံးပါ၏။ အခုလည်း စာကြည့်စားပွဲမှာ နေရာယူရင်း ပြတင်းတံခါးရော လိုက်ကာကိုပါ ဆွဲဖွင့်ထားပါသည်။ အပြင်မှ လေတဟူးဟူးတိုက်ခတ်မှသာ အသက်ရှူချောင်သလို ခံစားမိလို့ပါပဲ။

"မမရေ ရပြီ"

"အေး . . . ဝင်လာခဲ့"

စာကျက်စရာတွေ တန်းစီပြီး ပြင်ထားရင်မှ စားပွဲမှာ နေရာရှင်းလိုက်ရလေ၏။ စာအုပ်ပေါ် စားပွဲကို ညစ်ပတ်ပေရေတာမျိုးကို 'ဘုံ' မနှစ်သက်ပါ။ မှန်ပြားချပ်အထူခင်းထားပါသည့် ကျွန်းစားပွဲထက် ဂျာနယ်တစ်အုပ် ခင်းလိုက်ပြီးမှ 'မစန်း' သယ်လာပေးသည့် (ကြေ





နံကန့်ပြားခံပေါ်မှာ) ကြွေပန်းကန်လုံးကြီးထဲရှိသည့် ခေါက်ဆွဲပြုတ်ပူကို မပူစေရန် အမြန်စားလိုက်ရလေသည်။

"ဟင်!"

ချဉ်စပ်ခေါက်ဆွဲမို့ စပ်သဖြင့် ရေသန့်ဘူးထဲမှရေကို ဖန်ခွက်ထဲ ငှဲ့သောက်လိုက်စဉ် မျက်စိကတစ်ဖက်ခြံတိုက်၏ ပြတင်းပေါက်ကို ကြည့်မိလေ၏။ အလိုလေး! တစ်ဖက်ပြတင်းနားမှာ ဘေးတိုက် အနေအထားဖြင့်ထိုင်ရင်း computer သုံးနေပါသည့် လူကြီးကို လှမ်းမြင်လိုက်ရတာပါလေ။ 'ဦးလေးဘကြီး' လည်း အလုပ်ကြိုးစားနေတုန်းပါပဲလား။ တော်လိုက်တာနော်။

## (၆)

Steel တစ်လုံးချိုင့်ကို ကိုင်၍ ခြံဘေးတံခါးဆီ လျှောက်ခဲ့ပါ၏။ ဒီညနေ ဖေဖေပြန်ရောက်တော့မှာမို့ မေမေက အိမ်တက်ဆွမ်းကျွေးလုပ်ဖြစ်တာက မနက်စောစောဖြစ်လေသည်။ အလုပ်တွေ ရှုပ်နေပြီး အခုမှပင် အမောဖြေရုံရှိသေး တစ်ဖက်ခြံမှ ဘယ်သူမှ ရောက်မလာသဖြင့် 'ဘုံ' ကိုသွားခိုင်းတာပါ။ 'အစန်း' ကိုလွှတ်လျှင်ရပါလျက် အလေးအနက်ရှိစေချင်၍ဟုအကြောင်းပြကာ သွားခိုင်းတာလေ။

"ဟော"

ခြံထဲမှာ ခုံဖြင့်ထိုင်နေပါသည့် လူကြီးကို လှမ်းမြင်လိုက်





ရပါ၏။ မနက် (၁၀) နာရီကျော်ချိန်မှာတောင်မှ အခုချိန်အထိ နေရှိန်နေပါသည့် ခြံထဲရှိ သစ်ပင်အောက်မှာ ထိုင်နေရပါသလား။ လက်ထဲမှာ စာအုပ်တစ်အုပ်ကိုင်၍ စိတ်ဝင်တစား ဖတ်နေသဖြင့် မနှောင့်ယှက်တော့ပါပဲ အိမ်ရှေ့တံခါးဘက်သို့ ဆက်လျှောက်လိုက်ပါ၏။ ကျောပေး၍ ထိုင်နေပါသည့် လူကြီးက 'ဘုံ' ကိုမတွေ့လိုက်ပါချေ။

"ကိုထက်ရေ"

"ဘယ်သူလဲ"

"ဘုံပါ"

အိမ်ရှေ့သို့ထွက်လာပါသည့် ကောင်လေးက 'ဘုံ' ကို မြင်ပြီး အံ့သြသွားလေ၏။ ဒီဘက်ခြံကို ဘယ်တုန်းကမှ လာတာမျိုးမရှိတာမို့ပဲ။ အိမ်ထဲမှ တစ်စုံတစ်ယောက် စကားပြောသံသဲ့သဲ့ ထွက်လာသလို 'ထက်မြက်'၏နောက်မှ ခပ်ဖြည်းဖြည်း လိုက်လာပါသည့် 'ဒေါ်သီရိပြည့်စုံ' ကိုပါ 'ဘုံ' တွေ့ရလေတော့သည်။ ဒါဖြင့် ဒါက 'ဦးလေးဘကြီး' ရဲ့ မိခင်ပေါ့လေ။

"မင်္ဂလာပါ ဘွားဘွား။ အဲ! ကြီးကြီးလို့ ခေါ်ရမလားမသိဘူး"

"ကြိုက်သလိုခေါ်ပါ သမီးလေးရယ်။ ဟိုဘက်ခြံက ကလေးလား"

"ဟုတ်ကဲ့၊ အိမ်မှာ အိမ်တက်ဆွမ်းကျွေး လုပ်ပြီးလို့ ကြာဆံ ချက် လာပို့ပေးတာပါရှင်"

"ဪ ... တကူးတကကွယ်။ ကောင်မလေးတွေက် မလွှတ်ဘဲ သမီးကိုယ်တိုင် လာရသလား။ အားနာစရာကောင်းနေပြီ မောင်ထက်ရေ ... ဒေါ်စိန့်ကို လှယ်နိုင်းလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ ဘွားမေ"

"ထိုင်ပါဦး ကလေးရယ်။ ကျောင်းရော ပြီးပြီလား"

"တစ်နှစ်ကျန်ပါသေးတယ် ကြီးကြီး"

ညေ့ခန်းကို ဝေ့ဝဲအကဲခတ်လျက် ဆက်တီဆိုဖာထက် ခဏ မျှ ထိုင်လိုက်ရလေ၏။ 'ဘုံ' တို့အိမ်ထက် ပိုပြီးကြီးကျယ်ခမ်းနား သည့် အိမ်အပြင်အဆင်ပါပဲ။ နီညိုရောင်ကတ္တီပါကော်ဇောကြီး အပြည့် ခင်းထားပါသည့် ညေ့ခန်းက တော်ရုံလူ မဝင်ရဲဘဲ ရှိန်လန့်သွားစရာ အပြင်အဆင်ပါလေ။ 'ဘုံ' ကဖြင့် နဂိုကတည်းက ပတ်ဝန်းကျင်က် ရော သက်မဲ့ပစ္စည်းတွေကိုပါ မလေ့လာ မမက်မောတတ်သည့်အကျင့် ရှိတာကြောင့် အေးအေးဆေးဆေးပါပဲ။

"ပြောင်းလာကာစမို့ ပတ်ဝန်းကျင်နဲ့စိမ်းနေမှာပေါ့"

"ဟုတ်ကဲ့ ... ဘုံက သိပ်ကြီးမစိမ်းပါဘူး ကြီးကြီး။ ကျောင်း စတက်ရကတည်းက ဘဘတို့နဲ့လာနေတာ (၇) နှစ်ကျော်ပြီမို့ပါ"





"ဟုတ်လား။ ဒါဖြင့် ဆရာဝန်မကြီးဖြစ်တော့မှာပေါ့လေ။ တော်လိုက်တဲ့ သမီးလေး"

'ဘုံ' ပြုံးလိုက်မိပါ၏။ ကိုယ့်ကိုချီးမွမ်းတာထက် ကလေးနယ် ချစ်တောက်ဖျစ်တောက် အပြောခံ အဆူခံနေရတာက ဒီအရွယ်ထိပင် ဟုတ်ပါလား။ အသုံးမကျသည့်သမီးကို အိမ်ထောင်အမြန်ဆုံး ပြုစေ ချင်သည့် မိဘတွေဆန္ဒကို 'ဘုံ' ဖြင့် နားမလည်ပါလေ။ မျက်မှန်ကို ဝင့်၍ ခါးဆန့်လိုက်မိစဉ် ကြီးကြီးက သဘောကျသည့်နှယ် တီးတိုး ရယ်လိုက်လေ၏။

"ဟင်း ဟင်း ... ပျင်းနေပြီလား သမီးလေး"

"ဟင့်အင်း ... ရပါတယ် ကြီးကြီး"

"သုံးဆောင်ပါဦးကွယ်"

'ဒေါ်စိန်' က ချိုင့်လှယ်ပေးတာကို ယူလာသလို ဖန်ကလပ် လှလှလေးဖြင့် ငွေလင်ဗန်းပေး တင်လာပါသည့် စတော်ဘယ်ရီ နို့သီဆမ်း အစားအစာဖြင့် ဘုံ့ကို ညေ့ခံပေးလေသည်။ 'ဘုံ'က အသီးအရွက် အကုန်ကြိုက်သည့်သူမို့ ခက်ရင်းလေးတပ်လာပေးပါ သည့် အသီးနီနီလေးတွေက စားချင်စရာဖြစ်နေလေပြီ။ ဒုက္ခပါပဲ။ ဒီမှာ ကြာနေလျှင် မေမေဆူမှာဖြစ်သလို ကျွေးတာမစားလျှင်လည်း ကြီးကြီးစိတ်ဆိုးမှာလည်း စိုးရိမ်နေမိတာပါ။

"တီတီ"

"ဟော!... ရောက်လာပါပြီ"

"Night duty ခုမှထွက်လို့ နည်းနည်းနောက်ကျသွားတယ် ကြီးမေရေ့"

"ရပါတယ် ဒေါက်တာလေးရယ်"

တိုက်ရှေ့ကားရပ်သံနှင့်အတူ တိုက်ထဲသို့ ခပ်သုတ်သုတ် ဝင်လာပါသည့် 'ဒေါက်တာမိုးသက်' ကို ရုတ်တရက် မြင်လိုက်ရသဖြင့် အံ့ဩဝမ်းသာသွားမိပါ၏။ 'ဘုံ' လေးစားအားကျခဲ့ရပါသည့် senior အစ်ကိုပင် မဟုတ်ပါလား။ 'ကိုသက်' က 'ဘုံ' ကို လှည့်မကြည့်ပါဘဲ ခုံမှာထိုင်လိုက်လေသည်။

"ဟောဗျာ!... ဘုံက ဘယ်ကနေဘယ်လို ရောက်နေတာ လဲ"

"ကိုသက်"

"ဟာ!... ကိုဘုန်းနဲ့ Date ထားတဲ့ သတို့သမီးလောင်း လား"

"ဟယ်! ... ပေါက်တတ်ကရပြောတော့မယ်။ ဘုံတို့ ဟိုဘက်ခြံကို ပြောင်းလာတာပါ ကိုသက်ရဲ့"

"ဩော်"





"ဒေါက်တာလေးတို့က အသိတွေလား"

"ကျွန်တော် Junior ပေါ့ ကြီးမေရဲ့။ အတော်ပဲ အတော်ပဲ ကြီးမေကို နေ့တိုင်း Health checking လုပ်ပေးမယ့် လူရပြီ။ ...ည်းကို duty ပေးရမယ်"

"အာ ... ဘုံက ခုမှ ကျောင်းမပြီးသေးတာ"

"ဘာဖြစ်လဲ၊ မကြာခင် House ပဲဆင်းရတော့မယ်။ ...လောက်လေးတော့ experience ရှိအောင် လုပ်နိုင်ရမှာပေ့ါ။ မဟုတ် ...လား ကြီးမေရယ်"

"အေးပေါ့၊ သမီးလေး လာကြည့်ပေးရင် ဒေါက်တာလေး ...ည်း တကူးတက ခဏခဏ လာစရာမလိုတော့ဘူး။ အဆင်ပြေ ...ပေါ့"

တိုက်ရှေ့ကားရပ်မှသာ အိမ်ထဲ ဆရာဝန်ရောက်နေပြီမှန်း ...ရ၍ သူ ခုံမှထရပ်လိုက်ရပါ၏။ အိမ်ထဲမှ ရယ်သံသဲ့သဲ့ ထွက် ...ဖြင့် အံ့ဩသွားရတာပါ။ မေမေပါ အထူးအဆန်းရယ်သံထွက် ...ဖြင့် ဘာတွေများ သဘောကျနေကြတာပါလိမ့်။ တိုက်ရှေ့မှာ ...ပါသည့် shoe အနက်နှင့် ကတ္တီပါဖိနပ်အပါးလေးက ယှဉ် ... ရှိနေပါသည်။ 'ဒေါက်တာမိုးသက်' များ Nurse ခေါ်လာ ...လာ။

သူ ညေ့ခန်းသို့ရောက်စဉ် ဘယ်သူမှရှိမနေတော့ပါ။ မေမေ့ကို သွေးပေါင်ချိန်တာ စမ်းသပ်တာလုပ်ပေးမှာမို့ အိပ်ခန်းထဲရောက်နေကြပြီထင်ပါရဲ့။ အောက်ထပ်စာကြည့်တိုက်ဘေးရှိ မေမေ့အိပ်ခန်းသို့ သူ ဆက်လျှောက်လိုက်ပါ၏။ စေ့ထားပါသည့် တံခါးကိုဖွင့်၍ ဝင်လိုက်စဉ် မေမေ့ကို စမ်းသပ်ပေးနေသည်က 'ဒေါက်တာမိုးသက်' မဟုတ်ပါဘဲ ဟိုဘက်ခြံမှ ကောင်မလေးဖြစ်နေလေသည်။

"130/80 ပါ။ သွေးနည်းနည်းတိုးနေပါတယ် ကြီးကြီး။ မနက်က ဘာစားထားလို့လဲဟင်။ နလုံးခုန်သံက normal ပါပဲ"

"အံ့င်း မနက်က မစိန် ငါးရံ့ခြောက်ဖုတ်ပေးတာနဲ့ နည်းနည်းစားလိုက်မိတာ"

"ဖြစ်ရမယ်၊ အငန်စားမိရင် သံပုရာရည်ဖြစ်ဖြစ် သောက်ဖို့ မမေ့ပါနဲ့ ကြီးမေရဲ့။ သွေးတိုးထိန်းဆေးကို စွဲမသောက်စေချင်ဘူး။ ကြာလာရင် ဆေးမတိုးတော့မှာစိုးလို့ပါ။ အခုတော့ တစ်ဘူးပေးထားခဲ့မယ်။ ဘုံ့, BP လာတိုင်းပြီး လိုအပ်မှ သောက်ပါကြီးမေ"

"အေးပါကွယ်"

"မနက်နဲ့ညနေ နှစ်ကြိမ်တော့ အမြဲ check လုပ်ရမှ ဖြစ်မယ်။ အံမယ် ဒါလေးတောင် မလုပ်ပေးချင်ဘူးလား။ ငါ့ကို မျက်စောင်းထိုးပြန်ပြီ"





"ကိုသက်က တစ်ပတ်တစ်ကြိမ်တော့ လာကြည့်ပေးပေါ့"

"အေးပါ လာမှာပါ။ နင့်ကို စိတ်ချုပြီးလွှဲပေးတာမှ မဟုတ်ဘဲ ်ပူနေပြန်ပါပြီ"

"သားပါတစ်ခါတည်း စစ်ကြည့်လေ"

"ဗျာ! "

"သြော် . . . ကိုဘုန်းရှိနေတာပဲ၊ ကျွန်တော် မမြင်လိုက်လို့"

"ကျွန်တော် နေကောင်းပါတယ် မေမေရဲ့။ ဒေါင်ဒေါင်မြည်

ပဲ"

"အေး . . . ဒေါင်ဒေါင်မြည်ပေမယ့် ထစ်ခနဲရှိ စိတ်တိုဒေါသ ်တတ်တာ ကြာရင် မင်း နှလုံးရောဂါဖြစ်မှာစိုးလို့ပေါ့"

"စမ်းသပ်ပေးပါ့မယ် ကိုဘုန်းရဲ့"

"နေပါစေ မလိုပါဘူး"

တွေ့လား ဆရာဝန်က စေတနာဖြင့် ပြောပါလျက် ဒီလူကြီး က ကန့်လန့်ကြီးပါပဲလား။ တကယ်ဆို အားနာပါးနာလေးဖြင့် ခေါင်း ်ရမှာလေ။ နေ့စဉ် မနက်နှင့်ညနေ တာဝန်ယူပြီး 'ဘုံ' က ကြီးကြီးကို လာကြည့်ပေးရမှာပါ။ မတွေ့ချင်ဘဲ ရှောင်လို့ရမှာတဲ့လား။ တွေ့စဉ်ကတည်းက စကားများခဲ့တာမို့ ခုအချိန်အထိ 'ဘုံ့' ကို ကြည့်သံလိုပါလေ။

"သမီးလေးက ဒေါက်တာလေးနဲ့သိတဲ့ Junior တဲ့သားရဲ့ တော်သေးတာပေါ့ သားရယ်။ မေမေ့ကို စိတ်ပူစရာမလိုတော့ဘူးလေ။ အရေးတကြီး ညဘက်တစ်ခုခုဖြစ်ရင် ခေါ်လို့ရပြီ"

"သူက ဆရာဝန်မှ မဟုတ်သေးတာ မေမေရဲ့။ ဘယ်လို စိတ်ချလို့ရပါ့မလဲ"

"ဟယ် . . . သားကလည်း"

'ကိုသက်' က သူ့အကြောင်းသိနေပုံမှ ဘာမှဖြစ်သည့်နှယ်ပါ။ ကြည့်စမ်း! ငွေရှိပြီး ချမ်းသာတာနဲ့ လူတွေကို အထင်မကြီးဘဲ အထင် သေးနေသလိုပါပဲလား။ သူ့ကုမ္ပဏီက ဝန်ထမ်းတွေကိုလည်း ဒီလို လေသံမာနဲ့ပဲ ပြောတာထင်ပါရဲ့။ အမြင်ကပ်လိုက်တာနော်။ အဘွား အရွယ်ဖြစ်ပေမယ့် မေမေတို့ထက် အသက်ကြီးပြီး အဘွားခေါ်ရမှာ (အရွယ်ထက်နုနယ်သည့် ဒေါ်သီရိပြည့်စုံကို) အားနာမိသဖြင့်'ကြီးကြီး' ဟုပင် ခေါ်ဖြစ်တာလေ။

"ကိုသက် အိမ်ပြန်တော့မှာလား"

"အေးပေါ့"

"အိမ်လိုက်ခဲ့ဦးလေ၊ ဒီမနက် အရုဏ်ဆွမ်းကပ်လို့ အိမ်မှာ ဝါးတီးအများကြီးရှိတယ်"

"စားတာထက် အိပ်ချင်စိတ်က ပိုနေလို့ပါ ဘုံရယ်။





နောက်ကြုံမှပဲ စားပါတော့မယ်။ နင်သာ အစုံစားသတ္တဝါ ဂုဏ်ပုဒ်ကို ဖျက် ပါစေနဲ့"

"ကြည့်! "

"ဟုတ်တယ်လေ၊ စားသလောက်လည်း အသားကမဖြစ်၊ ကြည့်လိုက်တိုင်း အရိုးချည်းပဲ"

"ကိုသက်နော် . . . မမနဲ့တိုင်ပြောရမလား"

"အမလေး ညည်းအစ်မကို ဝေးဝေးကသာ ရှောင်ပါရစေ"

"အဲဒီလောက်တောင်မှ ကြောက်ရလား"

"အေး"

နှစ်ယောက်သား ရယ်မောရင်း ညှော်ခန်းသို့ထွက်ခဲ့ကြပါ၏။ ညှော်သည်မို့ ခဏနှင့်ပြန်ရမှာပါ။ ကြီးကြီးက 'ဘုံ' လက်ကိုကိုင်ပြီး ထိုက်လာတာမို့ ချက်ချင်းပြန်လို့ မရတော့ပါလေ။ 'ကိုသက်' က အိမ်မပျော်မှာစိုး၍ coffee ဖျော်ပေးမှာကိုပင် မသောက်ဖြစ်ဘဲ ပြန် သွားလေတော့သည်။ ညှော်ခန်းမှာ ကြီးကြီးနှင့်အတူ ပြန်ထိုင်ရပြန်လေ ၏။

"နေပါဦး သမီးရယ်၊ မပြန်ပါနဲ့ဦး။ အိမ်နီးနီးလေးပဲဟာ။ စားပြီးမှ ပြန်နော်။ စတော်ဘယ်ရီ ကြိုက်ရဲ့လား"

"ဟုတ်ကဲ့"

"ဒါဖြင့်စား၊ သိပ်မချဉ်အောင် နို့ဆီထည့်ကျွေးတာပါ"

လူကြီးက 'ကိုသက်' ကားပြန်ထွက်သွားတာကို တစ်ချက်ကြည့်ပြီးမှ 'ဘုံ' တို့အနီးသို့ ပြန်ရောက်လာလေ၏။ ဘယ်လိုဖြစ်ပြီး 'ကိုသက်' က 'ဘုံ' ကို သူနှင့်များ သတို့သမီးလောင်းဖြစ်ဖို့ ချိန်းနေပြီလို့ ထင်ရတယ်လို့။ စိတ်ထဲမှ ရယ်ချင်တာမို့ ပြုံးမိလေသည်။ ဒီ[illegible]
အသက်အရွယ်ကြီးမှပဲ မိန်းမယူချင်တာပေါ့လေ။

"ဘာလဲ သမီးလေး"

"ရှင်"

"ဘာကိုများ သဘောကျလို့ပြုံးတာလဲလို့ မေးတာလေ"

"သြော် . . . ဘာမှမဟုတ်ပါဘူး"

"ကြီးကြီး ချွေးမရှာနေတာမို့ ပြုံးတာလား"

"မေမေ"

"မတတ်နိုင်ဘူး သမီးရယ်။ သားက ဒီအရွယ်ထိ ရည်းစားတစ်ယောက်မှမထားခဲ့လို့ ကြီးကြီးက အမြန်ရှာနေရတာပေါ့။ ခုထိကို စိတ်တိုင်းကျတာ တစ်ယောက်မှမတွေ့သေးပါဘူးကွယ်"

ပြုံးစိစိဖြင့် သူ့ကို ဖျတ်ခနဲကြည့်ကာ အစားမပျက်သည့် ကောင်မလေးကြောင့် သူ စိတ်တိုသွားရပါ၏။ ကြည့်ပါဦး၊ မိန်းကလေး (အပျိုလေး) အသက်အရွယ်ရှိတာတောင်မှ သူစိမ်းတွေရှေ့မှာ အစား





[illegible]တ စားတာကို မရှက်သလိုပါလေ။ မေမေနှင့် ရယ်ရယ်မောမောဖြင့် [illegible]ားပြောဖော်ဖြစ်တာမို့ တော်ပါသေးရဲ့။ သို့သော် အိမ်ကို ဝင်ထွက်ခွင့် [illegible]ermitt ကို 'ရွှေဘုံစံ' က ရခဲ့ပြီမို့ အတော်ကံကောင်းပေမယ့် သူ့[illegible]တ်ထဲမှာက ခုထိ မကြည့်သေးတာအမှန်ပါပဲ။

## (၇)

လေယာဉ်ကွင်းရှိရာဆီသွားပြီး ဖေဖေ့ကို သွားကြိုရန် ပြင်ဆင်နေစဉ် ဟိုဘက်ခြံမှ ကားက အိမ်ရှေ့သို့ ရောက်လာလေ၏ ဘာလဲ ကူညီပေးပြန်ပြီပေါ့နော်။ မေမေပါ အတူလိုက်ဖို့ စဉ်းစားထား သော်လည်း 'ကိုထက်' ပို့ပေးမှာကိုသိသဖြင့် မလိုက်ဖြစ်တော့ပါချေ

"မလေးရေ အဆင်သင့်ဖြစ်ပြီလား"

"လာပြီကိုထက်ရေ ပြီးပြီ"

အိမ်ပေါ်ထပ်လှေကားမှ အမြန်လျှောက်၍ ဆင်းလိုက်ပါ သည့် 'ဘုံ့' ကိုကြည့်ရင်း 'ကိုထက်' က ရယ်လေတော့၏။ အ





ပြင်တတ်ပါဘဲ သနပ်ခါးပါးကွက်ဖြင့် ဆံပင်ရှည်ကျစ်ဆံမြီးကျစ်ထား သည့် 'ရွှေဘုံ့စံ' က ပုံတုံးကြီးပုံစံမို့ make-up မျိုး သိပ်မလိမ်းပါ။ တွေ ဘာတွေရှိမှသာ ခပ်ပါးပါး အလှပြင်တတ်ပေမယ့် ဒီကိုင်း နက်မျက်မှန်မတပ်ထားလျှင် ကိုယ့်ကိုယ်ကိုယ် မလုံခြုံသလို စိတ်က ထိ ရှိနေတုန်းပါပဲ။ ဒီတော့ မြန်မာ့ရိုးရာ သနပ်ခါးမွှေးမွှေးလေးသာ မ်းတာ အမြဲပေါ့နော်။

"အံ့မယ် ... လူကိုများ မချိုမချဉ်အပြုံးနဲ့ ကြည့်နေပြန်ပြီ"

"မလေးကလည်းဗျာ။ ဒါက လေဆိပ်သွားမယ့် style တဲ့ ား"

"ဘာပြောတယ်"

"ဟင်း ဟင်း ... နိုင်ငံခြားက ပြန်လာမယ့် မလေးရဲ့အဖေ တွေ့ရင် ရယ်တော့မှာပဲ"

"အံမာ ... ငါ့ကိုများပုံတုံးကြီးဆိုပြီး အထင် small တာပေါ့ ဒီပုံစံနဲ့ ဒီ style က ရွှေဘုံ့စံရဲ့ fashion ဟဲ့"

"သြော် ... နေရင်းထိုင်ရင်း မဟုတ်တာ ကြားနေပြန်ပြီ။ မှာသာ သွားစမ်းပါ။ ကားလမ်းပိတ်နေတာနဲ့ နောက်ကျနေဦး မယ်"

"ကျွန်တော်တို့ သွားပါဦးမယ် အန်တီသက်"

"အေးပါကွယ်"

ကားပေါ်တက်စီးခဲ့ရပါ၏။ မိနစ်မသားတွေချည်းရှိသဖြင့် ဘယ်သွားသွား Taxi သာစီးဖြစ်ခဲ့တာပါ။ ဖေဖေပြန်ရောက်လျှင်ဖြင့် ကားတစ်စီးတော့ ဝယ်ဖြစ်မည်ထင်ပါသည်။ 'ဘုံ'က မျက်စိလည်း မကောင်းသဖြင့် စိတ်မချဟုဆိုကာ 'ဘဘ'တို့အိမ်မှ ကားပင်တက် မမောင်းခဲ့ပါချေ။ 'မမ' ကဖြင့် ကိုယ့်ကားနှင့်ကိုယ် တဝီဝီစီးနေတော့ တာ မဟုတ်လား။ Beauty Spa ခပ်ကြီးကြီးကို ဦးဆောင်၍ ဖွင့်ထ နိုင်ပြီမို့ စီးပွားရေးလောကထဲမှာ ခြေချနေလေပြီ။

'ဘုံ' မှာသာ ခုထိ မိဘထံမှာ (မျက်နှာငယ်ငယ်ဖြင့်) လက် ဖြန့်တောင်းသုံးနေရပါသည့် ကျောင်းသူအဖြစ်သာ ရှိနေတာပါလေ ထိုသို့ တွေးမိတိုင်း ကိုယ့်ကိုယ်ကိုယ် သနားမဆုံးခဲ့ပါ။ လောကကြီး ညီအစ်မ ဝမ်းကွဲချင်းကိုတောင် မျက်နှာသာပေးထားပုံက ဆိန့်ရေး ကွာခြားလွန်းတာမဟုတ်လား။

"ဟင် ဘာပြောလိုက်တယ်"

"ဘွားမေက မေးလို့ပါ"

"ဘာကိုလဲ"

"မလေးမှာ ချစ်သူရှိလားတဲ့"

အံမယ် ဒါက ဘာကိစ္စ သတင်းအစ်တာများလဲ။ ဟိုလူကြီး





ကြင်ယာရှာနေတာဆိုပြီး 'ဘုံ' ကိုများ မျက်စိကျလာလေသလား။ ဖြစ်ပါဘူးနော်။ သူနဲ့ 'ဘုံ' က အသက်နှစ်ပြန်စာလောက် ကွာခြားတဲ့ ဘာ။ 'ဘုံ' မှာက ဖေဖေရော မေမေပါ ရှာပေးသမျှ သတို့သားလောင်း တွေက ခပ်ငယ်ငယ် ခပ်ချောချော ခပ်တောတော အမိုက်စားတွေချည်း သာ ပုံနေတာပါ။ 'ဘုံ'ကသာ တမင်အရွဲ့တိုက်ပြီး ဘူးခါငြင်းနေရတာ လေ။

"ဘာလို့သိချင်တာတဲ့လဲ"

"မသိဘူးလေ၊ ဒီလိုပဲ စကားဆက်ရင်း ပြောလိုက်တာလည်း ဖြစ်နိုင်တာပဲ"

"ဟိုလူကြီးရော မေးလား"

"ဘယ်လူကြီးလဲ၊ ဩော် Boss ကိုပြောတာလား။ Boss က မမေးပါဘူး။ တစ်ပတ်တစ်ပတ် တွေ့နိုင်းသမျှ အမျိုးသမီးတွေနဲ့ တွေ့ရတိုင်း အတော်စိတ်ပျက်နေတာ"

"ဟွန်း! ... အဲဒါကြောင့် လူပျိုသိုးကြီးဖြစ်နေတာပေါ့။ နည်း တောင် နည်းသေးတယ်"

"ဘယ်လို ဟား ဟား ဟား ဟား။ Boss သိရင် ဒေါ်ပွ တော့မှာပဲ"

"ဟယ်! ပြန်မပြောနဲ့လေ။ ကွယ်ရာပြောတဲ့အတင်းဆိုတာ

နှုတ်လုံ့ရတယ် ကိုထက်ရဲ့''

''အဲဒီလိုလား''

'ကိုထက်' က ပြုံးစိစိဖြင့် ကားဆက်မောင်းနေပါ၏။ သူ ကွယ်ရာမှာ အတင်းအုပ်နေတာကို သိလျှင်ဖြင့် ဒေါ်မှမှာ အသေအချ ပါပဲ။ စတွေ့ကတည်းက တစ်ယောက်ကိုတစ်ယောက် ကြည့်လို့ မရတာကိုး။ လူကြီးမို့ မလှောင်ချင်ပေမယ့် ကွယ်ရာမှာတော့ 'ဘုံ' က တိုးတိုးတိတ်တိတ် ရယ်မိတာ အမှန်ပါ။

ညတိုင်း စာကျက်ချိန်ကြာကြာဖြင့်ထိုင်တိုင်း ဟိုဘက်မြ တိုက်ကို မကြာခဏ ကြည့်မိပါသည်။ ဘေးဘီကို ဂရုတစိုက် မရှိပါ အလုပ်ကို အာရုံစိုက်၍ လုပ်နေတတ်တာကိုတော့ သဘောကျမိတာ အမှန်ပါပဲ။ 'ဘုံ' တို့အရွယ်တွေကဖြင့် ဟိုဒီခြေမငြိမ်ဘဲ (တစ်နေ တည်းမှာ မထိုင်ဘဲ) လျှောက်လုပ်တတ်လေ့ရှိသော်ငြား ဟိုလူကြီး အရွယ်ကဖြင့် တည်ငြိမ်လေးနက်ခြင်းအပြည့် ရှိနေတာ မဟုတ်ပါလား

''ဒီအရွယ်ရောက်တာတောင်မှ အရိုးများ ချေးခါးဆိုပြီး နေတာ မဟုတ်လား''

''ဒါကတော့ မလေးရယ် လာသမျှမိန်းမတွေက Boss သူ့ငွေးမှန်းသိတာမို့ အပိုင်ဆိုပြီးအကြည့်နဲ့ ကပ်ချင်ကြတာ အ သာကြီးကိုးဗျ''





''ဟင် ... အပြင်မှာ တွေ့တာမျိုးမဟုတ်ဘူးလား''

''မဟုတ်ပါဘူး။ ဘွားမေက တမင်တကာကို အိမ်ခေါ်တွေ့ ဘာဗျ''

'ဘုံ' ခဏမျှ တွေးမိလေ၏။ ဟုတ်သားပဲ။ ယောကျ်ားဆိုတာ သက်ဘယ်လောက်ပဲကြီးကြီး ငွေရှာနိုင်သလို အိမ်ထောင်တစ်ခုကို ဆောင်နိုင်လျှင် မိန်းမတွေက မျက်စိကျကြတတ်တာလေ။ ဒါကြောင့် ည်း 'ယောကျ်ားမှာအချင်း မိန်းမမှာအဆင်း' ဟု ပြောကြတာပါ။ ဘုံ'ကတော့ 'အဆင်း' ရှိ မရှိတာထက် အရည်အချင်းရှိတာကိုသာ ချင်တာမို့ ပညာကိုသာရှာနေတာ အမှန်ပါပဲ။

''အိမ်ကိုခေါ်မှတော့ ဦးလေးဘကြီး ချမ်းသာတာကို မျက်စိနဲ့ ပ်အပ်မြင်ပြီး အတင်းကပ်ကြတော့မှာပေါ့''

''ဟင်! ... ဦးလေးဘကြီး''

''ဟုတ်တယ်၊ အမြင်မကြည်လို့ ရှင့် Boss ကို အဲဒီလိုပဲ ခေါ်တယ်''

''ဟောဗျာ! ''

'ကိုထက်' ရယ်ပြုံလေ၏။ 'ဘုံ'က အမြဲတစေ ပွင့်ပွင့်လင်း င်း ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သည့်အကျင့်ရှိတာကြောင့်ပါ။ ာမဆို မအောင့်အည်းတတ်ပဲ ရှေ့မကြည့် နောက်မကြည့် ပြောကျင့်

ကြောင့် သူငယ်တွေကြား အထင်လွဲရတာလည်း မကြာခဏပါ။ 'မမ' ဆိုလျှင်ဖြင့် မကျေနပ်လည်း အပြုံးမပျက်ဘဲ ဟန်ဆောင်ပန်ဆောင် လေး နေတတ်တာ မဟုတ်လား။

တစ်ဝမ်းကွဲညီအစ်မဖြစ်ပေမယ့် 'ဘုံ' နှင့် 'မမ' က အသွင် မတူကြတာ ဘာကြောင့်ပါလဲ။

"ကြိုကြိုဖန်ဖန် ခေါ်တတ်လိုက်တာ မလေးရာ။ Boss သံ ရင်မလွယ်ဘူး"

"ဂရုမစိုက်ပေါင်။ သူ့ style ဘုဘောက်ကျတတ်တာကိုများ ဘယ်လိုလုပ်ပြီး lady တွေက မျက်စိကျမှာလဲ"

"Money လေ၊ money က မျက်နှာကြီးတာ မဟုတ် လား"

သူက သူ့ငွေးမှို့ အကာဝ်ခံရတာထားပါတော့ ဒါဖြင့် 'ဘုံ' ကရော ဘာကြောင့်လဲ။ ဖေဖေနှင့်မေမေတို့ မိတ်ဆွေ အပေါင်းအသင်း တွေထံမှ လာကြသည့် လူငယ် (ဘုံ့ထက် အနည်းငယ် သုံးလေးနှစ် ကြီးသမျှ) တွေကို စိတ်ထဲမတွေ့သေးဘဲ No ချည်းပြောနေမိတာပါ။ 'ရွှေဘုံစံ' ဆိုတာ လူတိုင်းငေးကြည့်ချင်ရလောက်အောင် ပြစ်မျိုးမဲ့မထင် လှတပတလေးမှ မဟုတ်တာလေ။

ဆရာဝန်မဖြစ်တဖြစ် ဆေးကျောင်းသူဆိုသည့် အရာမှလွဲ၍





...ဘာက နုတ္တိပါပဲ။ ယောက်ျားလေးသူငယ်ချင်းတွေဆို လောကကြီး ...ဘောင်ခတ်ကြည့်မည့် 'ရွှေဘုံစံ' က အပျိုကြီးဖြစ်မည့် type ...လေ။ ဤသို့ ဤနှယ် ပျစ်ပျစ်နှစ်နှစ် ဝေဖန်ကြတာကိုလည်း ...းမနာစတမ်း ခံရတတ်လေ၏။

"ဟင်း"

"ဘာဖြစ်လို့လဲ၊ သက်ပြင်းတွေ ဘာတွေချလို့"

"ရှင် မသိပါဘူး။ ဖေဖေပြန်ရောက်လာရင် ပြဿနာက ...တော့မှာ"

"ဘာပြဿနာလဲ"

"ဘုံ့အတွက် လာရှင်ပေးကြတာကိုပြောတာ"

"ဘာလဲလာရှင်၊ အဲ! လင်ရှာပေးတာကိုပြောတာလား ... ...း ဟား ဟား ဟား"

"နှင်နော်"

'ဘုံ့' ထက် ငယ်သည့်ချာတိတ်ကို မျက်စောင်းသာခဲပြလိုက် ... ဦးလေးဘကြီးကိုက အရွယ်လွန်သွားမှာစိုး၍ ဖူးစာဘက် ရှာပေး ...က ထားပါတော့။ 'ဘုံ' ကဖြင့် အသက်ငယ်သေးတာကို ဘယ်လို ...ပြီး 'မမ' နှင့်အပြိုင် အိမ်ထောင်ချပေးချင်ကြတာပါလိမ့်။ 'မမ' ...ည်း အခုယူ အခုရတယ်ဆိုပြီး 'ဘုံ့' ကိုမဲ့ပြုံးလေးဖြင့် ခပ်မဲ့မဲ့

ပြုံးပြတာမို့ အသည်းယားစရာပါလေ။

"မလေး အသက်က ငယ်ငယ်လေးရှိသေးတာကို"

"အဲဒါပြောတာပေါ့"

"ဘာဖြစ်လို့ အိမ်ထောင်ချပေးချင်ရတာလဲ"

"မသိဘူး"

"ချစ်သူလေး ဘာလေးရှိရင်တော့ အချိန်ဆွဲထားလို့ရမှာ"

"မရပါဘူးဟယ်။ ယူမှုစိတ်ချတာတဲ့။ မမဆို ရည်းစားထွေ မှိုလိုပေါက်အောင်ထားနေတာပဲ။ ခုထိ အဲဒီထဲက ရွေးထုတ်ပြီး အတည်မယူသေးဘူး"

"မမ"

"အင်း . . . ဘုံ့ဝမ်းကွဲအစ်မလေး၊ မိုးမြင့်စံတဲ့"

"ချောလား"

"ပြောမနေနဲ့၊ မှုန်နေအောင်ကိုလှတာ။ မျက်နှာကိုမပြော လက်ချောင်းလေးတွေက ကိုက်စားချင်စရာကောင်းအောင် အသည်းယားဖို့ ကောင်းတာ ကိုထက်ရဲ့။ ခေါင်းအစ ခြေအဆုံး တစ်ကိုယ်လုံးလှတာ"

"ဟင်း ဟင်း"

"ဘာရယ်တာလဲ"





"အစ်မဖြစ်သူကို အားကျတာ မနာလိုဘူးလား"

"ဟယ်! . . . ဘုံက အဲဒီလို ဝန်တိုစိတ်မျိုး မထားတတ်ပါဘူး ...။ မကျေနပ်လည်း ဘွင်းဘွင်းပဲ ပြောတတ်တယ်။ အဲဒါကြောင့် ...ယောက်ျားတွေလန့်ကုန်တာ"

"သူတို့ကတော့ သဘောကျတယ်ပေါ့"

"အဲဒါတော့ မသိဘူးလေ။ ဘုံ့ကိုမြင်တာနဲ့ ပြုံးစိစိကြည့်တာ ...ပဲ မကျေနပ်တာ။ တစ်ခါ နှစ်ခါလောက် စကားပြောဖြစ်ပြီးရင် ...ောက်ထပ် လာမတွေ့တော့ပါဘူး။ အေးရော!"

"မလေးက အဆင်ပြေအောင် ညှိရမှာပေါ့"

"မညှိချင်ပါဘူး။ သူတို့နဲ့ ရယ်ရယ်မောမော ရောမိတာနဲ့ ... တစ်သက် ထောင်တစ်ကျွန်းကျတော့မှာပေါ့။ ဝေးဝေးက ရှောင်

"မလေးကတော့လေ။ စကားအတော်တတ်တယ်။ ...ကြောင့် ဘွားမေချစ်တာ"

"ဘုံ့ကိုလား"

"ဟုတ်တယ်"

"ကြီးကြီးချစ်တာ No problem"

"ဒါဖြင့် Boss ဆိုရင်ရော"

"နင်နော် . . . ကြားမွဲစားလုပ်မယ် မကြံလေနဲ့၊ ခင်မင်လက်ဆ
လေး ဖြတ်ချင်လို့လား"

"မဟုတ်ပါဘူး"

လူကြီးနှင့်တွဲစတာကိုတော့ 'ဘုံ' မနှစ်သက်ပါ။ 'ကြီးကြီး'
က 'ဘုံ့' ဘွားဘွားထက် အသက်ငယ်တာမို့ ဤသို့ခေါ်မိတာလေ
ဟိုလူကြီးကိုတော့ မကြိုက်ချင်ပေါင်။ ပေါင်းကြည့်လေ အကြောင်း
သိလာလေမို့ 'ဘုံ့' အတွက် ချဉ်ချဉ်ကြီးပါပဲ။ အဲ! ခက်တာက 'ဘုံ'
ကိုယ်တိုင် အချဉ်အစပ် အလွန်ကြိုက်တာကိုတော့ တစ်မျိုးမထင်ဘ
ချင်ပါ။

"ဟယ်! လေယာဉ်က ဆိုက်တောင်ဆိုက်နေပြီလား"

ကားပေါ်မှ အမြန်ဆင်းကာ အဆောက်အဦးထဲ အပြေ
အလွှား ဝင်ခဲ့စဉ် 'ဘုံ့' ဖေဖေက ပစ္စည်းထုတ်၍ပင် သယ်လာနေလေ
ပြီ။ နှစ်ချီကြာနေပြီး မတွေ့ရသည့် ဖခင်၏အဆူအပူကို မလွဲမသွေ
ကြုံရမှာပါပဲလား 'ရွှေဘုံစံ'။ ပစ္စည်းတင်သည့်လှည်းကိုတွန်း၍ လာနေ
ပါသည့် ဖေဖေ့ကို လက်လှမ်းပြလိုက်မိသည်က ဝမ်းသာအားရပါပဲ။

"ဖေဖေ ဘုံ ဒီမှာ"

"သိတယ် သိတယ်၊ အဝေးကမြင်ကတည်းက ငါ့သမီး
ရွှေဘုံစံမှန်း။ ဘယ်လိုဖြစ်ပြီး လူဝိုင်းကြည့်ခံရအောင် လုပ်ရတာလဲ"





"ဘုံ့ဖို့ ဘာပါလဲ ဖေဖေ"

"ငါ့သမီးဖို့ ထုံးစံအတိုင်း ယောက်ျားပေါ့"

"ဟွန်း! ဖေဖေကလည်း"

ဖေဖေ့လက်မောင်းကို ခပ်တင်းတင်းလေး ချိတ်၍ ထွက်လာ
၍ 'ကိုထက်' က အံ့ဩသွားလေ၏။ 'ဘုံ့' ဖေဖေက အရွယ်တင်
နေတတ်နေသည်ကို။

(၈)

အလုပ်သွားရမည့်ရက်မို့ မနက်စောစောနိုးကာ ပြင်ဆင်ရ လေ၏။ သူက အိမ်မှာနေလည်း ပုဆိုးအမြဲဝတ်သူမို့ လျှော်စရာ အဝတ်က နေ့စဉ်ပုံနေတာပါ။ မေမေကိုယ်တိုင်က အဝတ်လျှော်စက် ဖြင့် လျှော်လျှင် အဝတ်အစားတွေ ကြေ၍ နာသဖြင့် လက်ဖြင့်လျှော် တာကိုသာ လုပ်နိုင်းလေသည်။ ထို့ကြောင့် ထမင်းချက်-ဒေါ်စိန်အပြင် ရွာမှ ကောင်မလေးကိုပါ လက်တိုလက်တောင်းခိုင်းရန် ခေါ်ထားလေ ၏။

"ဟိုကောင်မလေး"





"ရှင်! ... သူဌေးမင်း"

"ကျစ်! နင် ဒီလိုခေါ်မှပဲ ငါ့အသက် (၆၀) ကျော် ထင်ကုန် တော့မှာပေါ့။ ဒီမှာ လျှော်စရာတွေ ပုံနေပြီး ပုဆိုးနဲ့ဘောင်းဘီကို သပ်သပ် အင်္ကျီတွေကို သပ်သပ် လျှော်နော်။ ဆပ်ပြာမစင်ရင် နင် ပြန်လျှော်ရမယ်"

"ဟုတ်ကဲ့"

အဝတ်တောင်းနှစ်ခုကို ဆင့်ထပ်၍ သယ်ခိုင်းလိုက်ရပါ၏။ နက် (၈) နာရီထိုးခါနီးတောင်မှ ဟိုချာတိတ်မ မလာသေးပါလား။ မေမေ့ကို မနက်တစ်ကြိမ် ညတစ်ကြိမ် လာစမ်းသပ်ပေးမယ်ဆိုပြီး နေ့ကလည်း ရောက်မလာပါ။ မျှော်တာမျိုးမဟုတ်ပေမယ့် မေမေ့ ကျန်းမာရေးမှတ်တမ်းက နေ့စဉ် ရေးတတ်သဖြင့် ဇယားကွက်မှာ blank ဖြစ်နေတာ မဟုတ်လား။

"ထက်မြက် ... ဟိုကောင် မောင်ထက်"

လှေကားမှ ဆင်းလာရင်း ခေါ်လိုက်မိပေမယ့် ဒင်းကို အရိပ် င်မတွေ့ရပါလေ။ ဒီကောင် ဟိုဘက်ခြံရောက်နေပြန်ပြီလား။ အိမ်မှာ လုပ်ရတာထက် ဟိုဘက်ခြံမှာ ကူလုပ်ပေးရတာ ပိုပျော်သလိုပဲဟု မေမေပင်ပြောတော့တာလေ။ တစ်ချိန်လုံး 'မလေး' ကဘာယ်သို့တယ်ပုံ ဆိုပြီး မေမေနှင့် တတွတ်တွတ် တီးတိုးပြောတတ်သဖြင့် သူ အတော်

မြင်ပြင်းကပ်လာချေပြီ။ ဒီလောက် သဘောကျလည်း ဟိုဘက်ခြံကို ပြောင်းလုပ်လိုက်ပါတော့လား။

"ထက်မြက်!"

"ဗျာ! Boss"

ရေချိုးတာ မပြီးသေးပါဘဲ ရေစိုကြီးဖြင့် ပြေးထွက်လာသဖြင့် ပြန်ဝင်ခိုင်းရလေ၏။ ခန္ဓာကိုယ်အပေါ်ပိုင်း ဟာလာဟင်းလင်းဖြင့် အိမ်မှာ မိန်းကလေးအပျိုအရွယ်ရှိတာကို သတိထားရမှာပေါ့။ စိတ်တို တယ်နော်။ ဘာမှ စိတ်တိုင်းကျတာ မရှိပါလား။ မနက်စာစားချင်စိတ် တောင် ပျက်ပါပြီ။

"ဘယ်လိုဖြစ်တာလဲ သားရယ်။ စောစောစီးစီး ဆူသံနဲ့ ပြောနေပြန်ပြီ"

"အလုပ်သွားမှာမို့ မတွေ့လို့ ပြောတာပါ မေမေရဲ့"

"တစ်ခါတလေ နောက်ကျတာများ ဘာဖြစ်လဲ"

"အလုပ်က ကိစ္စမရှိပေမယ့် မေမေ့ကျန်းမာရေးက အရေး ကြီးတယ်မဟုတ်လား။ ခုထိ ဟိုကောင်မလေး မလာသေးဘူးလား"

"ဪ . . . မနက်မလာလည်း ညနေလာမှာပေါ့ သားရယ်"

"မနေ့ကလည်း မလာဘူးမဟုတ်လား မေမေရဲ့။ ကိုယ်ယူ ထားတဲ့တာဝန်ကို မကျေပွန်တာလောက် ပြောချင်တာ မရှိတော့ဘူး"





"ဟယ် . . . သမီးလေးက စေတနာနဲ့ ကူညီတာလေ သားရယ်။ အိမ်က အလုပ်သမားမှ မဟုတ်တာ။ ပြောရခက်လိုက်တာ နော်။ တကယ်ပါပဲ"

"ဘာဖြစ်ဖြစ် သူ့တာဝန်ပဲဟာ"

"မနေ့က သူ့အဖေ ပြန်ရောက်လို့ ပျော်နေမှာပေါ့။ မေမေ လည်း နေကောင်းတာပဲဟာ"

"ဟာ! သူ့အဖေ ပြန်ရောက်နေပြီပေါ့လေ"

"အေး . . . ဟုတ်တယ်၊ မနေ့က မောင်ထက်နဲ့အတူ သွားကြိုပေးခဲ့လို့သိတာ"

ကြည့်စမ်း! 'ထက်မြက်' ကိုခေါ်ခိုင်းပြန်ပြီလား။ ဒါနဲ့ပဲ အဲဒီ ကောင်မလေးနဲ့ ဒီကောင်တော့ နီးစပ်တော့မှာလေ။ အဆင့်အတန်း မတူမှန်း သိပေမယ့် ထိုချာတိတ်မက မည်သူနှင့်မဆို တရင်းတနှီး ပြောဆိုတတ်တာမဟုတ်လား။ အိမ်ကလူကြီးတွေ သိကုန်လျှင်ဖြင့် မေမေနှင့် သူ့အပေါ် အမြင်စောင်းကြတော့မှာလေ။

"အဲဒီကောင်ကလည်း ဟိုကခေါ်ခိုင်းသမျှ မညည်းမညူ လုပ်ပေးနေတာပဲလား"

"ဪ မေမေ ကူညီခိုင်းတာပါ သားရယ်။ ကိုယ့်အလှည့် သူ့အလှည့် တစ်ပြန်တစ်လှည့်ကူညီတာ မေမေတို့ထုံးစံပဲဟာ။ ဘယ်လို

ဖြစ်နေတာလဲ''

''မေမေ့ မသိပါဘူး။ ဒင်းက ကျွန်တော့်ကို ပို့ပေးပြီးတာနဲ့ တအောင့်နေ ပြန်ချင်နေပြီ။ အိမ်ကနေ ကြိမ်စကြာနဲ့ ခေါ်နေသလား ထင်ရတယ်''

''ဟဲ့! ... ကလေးကို ပြောစရာလား''

''မှန်တာပြောတာပဲလေ။ အရင်ကဆို ကျွန်တော့်မျက်နှာ အရိပ်အကဲကြည့်ပြီး နေတတ်တဲ့ကောင်က ဟိုကပစားပေးနေတာနဲ့ ရောင့်တက်တတ်နေပြီ။ မပြောချင်ဘူး''

''ငါ့သားကတော့လေ နေရာတကာ အမြင်ကြည်ကြည်နဲ့ ကြည့်တတ်စမ်းပါ ဘုန်းပြည့်စုံရယ်''

အမြင်ကြည်ကြည်နှင့် ကြည့်ပါတဲ့။ သူလည်း မျက်မှန်တပ်ရ ပေမယ့် ဟိုကောင်မလေးလောက် ပုံခပ်တုံးတုံး ကိုင်းမည်းကြီးမျိုး မဟုတ်ပါ။ ငွေရောင်ကိုင်း (steel ကိုင်း) မျိုးဖြင့် လေးထောင့်မကျ သည့် ပုံစံဆန်းဆန်းလေးဖြင့် style ကျကျ တပ်ဖြစ်တာလေ။ ဟို ချာတိတ်မကဖြင့် ဒီလိုမဟုတ်ပါဘဲ အဲဒီပုံစံကြီးကိုများ တမက်တမော ကြိုက်ရတယ်လို့။ အသက်အရွယ်နှင့်မလိုက်ဖက်တာကိုများ ရွေးရပါ သလား။ တကယ်ဆို ချစ်စဖွယ်ကောင်းသည့် ဒီနေ့ခေတ် Modem glass တွေက ပေါမှပေါလေ။ မင်းကမှ အမြင်မှုန်မှိုင်းမှိုင်းနဲ့





ကြည့်တတ်တာပါ 'ရွှေဘုံစံ'။

''ကျွန်တော်က ဘာဖြစ်နေလို့လဲ''

''မင်းကိုယ်မင်း သိမှာပေါ့။ တစ်နေ့တစ်နေ့ ဆီလိုအပေါက် ရှာပြီး ပူညံ ပူညံလုပ်နေတာရောသိရဲ့လား။ အလုပ်က ဝန်ထမ်းတွေ ဘယ်လောက် စိတ်ညစ်ရှာမလဲ''

''ဒါတော့ သူ့ငွေးပြောသမျှ နာခံရမှာ သူတို့တာဝန်ပဲဟာ''

''အေး ... အလုပ်သမားမို့ ဖိဟောက်နေတာကို အပြစ်ရှိရင် နားလည်ပေးလို့ရတယ်။ မင်းယူမယ့်မိန်းမကိုတော့ တစ်သွေးတစ်သံ တစ်မိန့်မျိုးနဲ့ ပုံစံသွင်းလို့ မရဘူးဆိုတာလည်း သတိရဦး''

သူ မျက်နှာကို ရှုံ့တွလိုက်မိပါ၏။ Breakfast coffee က အနေတော်ဖြစ်ပေမယ့် ခါးသွားသည့်နှယ်ပါ။ ပြောတော့ဖြင့် သူ့ကို စိပွစိ မလုပ်နဲ့ဆိုပြီး အခုလည်း မေမေဆူနေတာပဲမဟုတ်လား။ ဒီ အရွယ်ထိ အမေ၏အပြောက မလွှတ်သေးပါလား 'ဘုန်းပြည့်စုံ' ရယ်။

''မိန်းမဆိုလည်း အိမ်ထောင်ဦးစီးပြောသမျှ လက်ခံရမှာပေါ့ မမေရဲ့''

''သားကို သခင်၊ လင်ကိုဘုရားဆိုတဲ့ခေတ်က ပဝေသဏီမှာ ကျန်ရစ်ခဲ့ပြီ မောင်မင်းကြီးသားရဲ့။ ခေတ်ပညာတတ် မိန်းမကို Dead

or Live သွားပြောလို့ရမလား''

သေစမ်း! သူ့အမေကတော့ ဘိုလိုတွေပင် ညှပ်ပြောတတ်နေပါပြီ။ 'သေဆိုသေ ရှင်ဆိုရှင်' ဆိုတဲ့ခေတ်က မရှိတော့မှန်း သူသိသားပါပဲ။ သို့သော် ကိုယ့်ထက်အသက်ငယ်မှတော့ အကြီးဖြစ်သူရဲ့စကားကို အလေးထားတတ်ရမှာလေ။ ခက်တယ်နော်။ ခက်တယ်။ လာတွေ့သမျှ မိန်းကလေးတွေက မပွင့်တပွင့် မြူစိစိလုပ်နေကြပြီး သူ့ကွယ်ရာမှာဖြင့် လူ့ကန့်လန့်ကြီးဟု အတင်းအုပ်သမျှ အကုန်ပြန်ကြားရမှတော့ စိတ်မတိုဘဲ ရှိပါ့မလား။ အလကားမိန်းမတွေ (ကန်တော့ပါ မေမေ)။

''ဒါကြောင့် မယူဘူးပြောတာပေါ့''

''မယူလို့ မရဘူး။ သားစဉ်မျိုးဆက် အမွေပေးရမယ့်တာဝန်က မင်းခေါင်းပေါ်မှာ အပြည့်ရှိတယ်''

''မေမေက ဘာလို့ ကျွန်တော့်ကို တစ်ယောက်တည်း မွေးခဲ့ရတာလဲ။ နောက်ထပ် ညီလေး ညီမလေးသာရှိခဲ့ရင် အဆင်ပြေမှာ''

''အံမာ အပြောကလွယ်ပါ့။ မင်းတစ်ယောက်လေးရဖို့တောင် ဘုရားကို ဘယ်လောက်အပူကပ်ခဲ့ရတယ် ထင်သလဲ၊ သားသမီးနဲ့မိဘဆိုတာ ကံဆက်စပ်မှုရှိမှ ရသတဲ့ ဘုန်းပြည့်စုံ။ မင်းအလှည့်ကျမှ တစ်ဒါဇင်လောက် ယူပြစမ်းပါ။ ဘောလုံးတစ်သင်းစာဖြစ်လဲ Ok တယ်''





ကောင်းရော! 'ဖေါ်သီရိပြည့်စုံ'တော့ သားဖြစ်သူကို ကောင်းောင်းကြီး နှိပ်ကွပ်ပြတော့တာပါလေ။ ထမင်းစားခန်းသို့ ကျော့မော့ကြိုင်စွာ ဝင်လာသည်က 'ထက်မြက်' ဖြစ်နေပါ၏။ ခုတစ်လောောင် အတော်လေး style များလာတာ အမှန်ပါပဲ။

''ကျွန်တော် အဆင်သင့်ဖြစ်ပါပြီ. Boss ''

''နေစမ်းပါဦး။ တစ်ကိုယ်လုံးမွှန်ထူနေတာပဲ။ ဘာတွေများသား လိမ်းထားသလဲ''

''အဟဲ! မလေးရဲ့ဖေဖေက ကျွန်တော့်ကိုလက်ဆောင်ပေးက်တာပါ။ ခရင်ပါးပါးလူးပြီး Gel လိမ်းထားတာလေ''

''ဘာ! ''

ကြည့်စမ်း! ဒါက ဘာသဘောလဲ။ ဒီလောက်အထိ အဆင့်က်နေကြပြီလား။ အိမ်မှ Driver ကို colour တွေတောက်ပနေောင် လုပ်ပေးနေလေပြီ။ ဝတ်ထားသည့် ယောပုဆိုးနှင့် ရှပ်အဖြူာ်လံကတုံးပုံစံက သူ့မျက်စိထဲ အတော် Cross ဖြစ်ရပါပဲ။သေသပ်သပ်လေး ဝတ်တာကို သဘောကျပေမယ့် သူကရောင်မှိုင်းမှိုင်းတွေသာ ဝတ်တတ်တာမို့ ဒီချာတိတ်က ပိုတောက်ပာလေ။

တောက်! မနာလိုလိုက်တာနော်။ လူကြီးတွေရှိတာတောင်မှ

ဒီချာတိတ်ကိုပဲ လက်ဆောင်ပေးရတယ်လို့။ အင်းလေ၊ သူနဲ့မေမေက သူ့ဒွေးမို့ ဘာမှ မပေးချင်တာထားပါတော့။ ဒါပေမဲ့ နိုင်ငံခြားက ပြန်လာတာကြောင့် အနည်းဆုံး ချောကလက်တောင့်တော့ ပေးသင့်တာပါ။ အလို! သူတော့ နေရင်းထိုင်ရင်း မှုကြိုကလေးလို စိတ်များဖြစ်လာပါရောလား။

"ပုံစံကိုက မြောက်ကြွ မြောက်ကြွနဲ့။ ကြည့်မရတော့ဘူး"

"အဟီ ... ဒါလည်း မလေးရဲ့ဖေဖေ မတော်တဲ့အကျႌတွေပေးလို့ ဝတ်ထားတာပါ Boss"

"ဘာ"

"ပုဆိုးကတော့ ဘွားမေဝယ်ပေးထားတဲ့အထဲက ထုတ်ဝတ်တာပါ"

ငါနော်။ ဒင်းပြောမှပဲ အိမ်မှာ သူတစ်ယောက်လုံးရှိနေပါလျက် ဒီကလေးကို ဘာမှမပေးသလို ဖြစ်နေချေပြီ။ ပေးကောင်းစွန့်ကြခြင်းဆိုတာကို နားမလည်ဘူးဟု 'ဘုန်းပြည့်စုံ' ကို ကဲ့ရဲ့တော့မှာပါ။ အထူးသဖြင့် သူနှင့် မျက်နှာကြောမတည့်သည့် ဟိုမှန်ကြောင်ပေါက်မလေးက ပြောမှာ အသေအချာပါလေ။

"ကြီးကြီးရေ!"

"ဟော! မျှော်တုန်း ရောက်လာပါရောလား"





"အဟွတ်! အဟွတ်!"

အလို! အတွေးထဲ သူမကိုတွေးမိနေတုန်း ရုတ်တရက်ရောက်လာပါရောလား။ အသက်ရှည်ဦးမှာပဲ 'ရွှေဘုံစံ'။ မေမေက သူ့အနီးမှ အိမ်ရှေ့သို့ ထွက်သွားလေတော့သည်။ မတွေ့ချင်ပေမယ့် ဧည့်ခန်းကိုပဲ ဖြတ်သွားရမှာမို့ သူထရပ်လိုက်ရလေ၏။ အိမ်ရှေ့မှ သူမရယ်သံနှင့် 'ထက်မြက်' အသံကိုသာ ကြားနေရတာပါ။ အတော်ပျော်မြူးနေပုံပါပဲ။

"ဟင်!"

ဧည့်ခန်းဆက်တီမှာပင် မေမေ့ကိုထိုင်စေပြီး ခေါင်းပေါင်းချိန်ထိုင်းပေးနေပါသည့် ကောင်မလေးကို သူ အံ့သြသွားရပါ၏။ ဒီနေ့မှ သူ့တပတလေး ဝတ်ထားပြီး သပ်ရပ်နေတာလေ။ ဆံပင်ကို သေသေသပ်သပ် ကျစ်ထားသလို နားရွက်အောက် ဆံစပ်မှာ နှင်းဆီဖြူတစ်ပွင့်က ကျတော့မည့်နှယ် မနိုတရိုလေး ပန်ထားတာပါ။ မျက်နှာကိုတော့ သိပ်ကြီးမပြင်ထားသလို ထုံးစံအတိုင်း မျက်မှန်ကြီးက အလှဖျက်နေဆဲပါပဲ။

"ကျန်းမာရေး Ok ပါတယ်"

"သမီးလေး ဂရုစိုက်လို့ပေါ့ကွယ်"

"ကြီးကြီးနေကောင်းတယ်ဆိုတာနဲ့ပဲ ကိုသက်က အပျင်းထူ

နေပြီ။ ဘုံ စာမေးပွဲရှိမှပဲ လာမယ်တဲ့လေ''

''ရပါတယ် သမီးရယ်''

''ဖေဖေပြန်လာလို့ ပါတဲ့လက်ဆောင်ပါ ကြီးကြီး။ နည်းနည်း ပါးပါးပဲပါလို့ အားနာလိုက်တာ။ ဒါက ချောကလက်ပါ။ ချောင်းဆိုး ကြောက်ရင်တော့ ကြီးကြီး နည်းနည်းပဲစားနော်''

''အေးပါကွယ်၊ ကျေးဇူးပါ သမီးရယ်။ ကြည့်ပါဦး ရွှေ ရောင်ပဝါက အကြီးကြီးပါပဲလား။ သမီးဖေဖေက ရွေးတတ်လိုက်တာ''

''ဖေဖေက မေမေ့ထက် ပိုအလှကြိုက်တယ် ကြီးကြီးရဲ့''

''ဟုတ်လား။ ဒါနဲ့ သမီးလေး ကျောင်းတက်တော့မှာ လေ''

''ဟုတ်ကဲ့''

''သားရဲ့ကားနဲ့ လိုက်ပို့မယ်လေ။ ဖယ်ရီမှာတာ မရသေး ဆိုလား။ လမ်းကြုံပို့လိုက်ပါ သားရယ်''

သူ ရှုတည်တည်ဖြင့် ကြည့်လိုက်မိပါ၏။ မခေါ်နိုင်ပါ ငြင်းလို့မှမရတာလေ။ 'ထက်မြက်' ကဖြင့် မျက်နှာကို ဖြီနေတော့ ပါပဲ။





## (၉)

အိမ်ထဲမှထွက်စဉ် 'ထက်မြက်' က သူထိုင်ရန် ကားနောက် ...ဘံခါးကို ဖွင့်ပေးလေ၏။ Attache case ကိုပါ တစ်ခါတည်း ...င်ပေးတာမို့ သူက နောက်ခုံမှာသာ ထိုင်လိုက်ပါသည်။ မေမေ့ကို ...ဆက်ပြီးမှ ထွက်လာပါသည့် သူမကိုတော့ 'ထက်မြက်'က ရှေ့ခန်း ...ခါးကို ဖွင့်ပေးလေ၏။ အပြုံးတွေနှင့် ကားပေါ်တက်ထိုင်လိုက်ပါ ...ည့် သူမကြောင့် ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားရပါသည်။

Aircon အနည်းငယ်ဖွင့်ထားပါသည့် ကားထဲမှာ သနပ်ခါးနံ့ ...သင်းလေးက ပျံ့နေလေ၏။ သူ့ကားပေါ် မည်သည့်မိန်းကလေး

ကိုမှ တစ်ကြိမ်တစ်ခါလေးသော်မျှ မတင်သေးမှ 'ရွှေဘုံစံ' က ပထ ဆုံးပါပဲ။ သို့သော် သူ၏ဘေးမှာ အနီးဆုံးထိုင်တာမဟုတ်ဘဲ ရှေ့ခန်း ဟိုချာတိတ်နှင့် ရယ်ရယ်မောမော ပြောဆိုနေတာလေ။ ခါတိုင်း အ တိတ်နေသည့် သူကားလေးထဲမှာ ဒီမနက်ကတော့ အတော်ဆူညံ လေ၏။

"လုတာ မတပ်ချင်ပါဘူး။ ဘုံက မျက်စိစပြီးအားနည် ကတည်းက ဒီလိုကိုင်းမျိုးနဲ့ ဆေးမျက်မှန်ပဲ စတပ်ဖြစ်ခဲ့တာ။ Pow glass တပ်တော့လည်း ပေါ့ပေါ့ပါးပါးနဲ့ ဒီပုံစံပဲရွေးမိရော။ အခု မျက်မှန်မပါရင် စိတ်ထဲမလုံသလို ဖြစ်နေပြီ။ မလှချင်ပါဘူး။ ရုပ်ချေ လှပတာထက် စိတ်ထားလှပတာကမှ ပိုသင့်တော်တာ မဟုတ်လား"

အမှန်တွေကို ပြောနေတာပါလား။ ဒီအရွယ်ဆို ယောက် လေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် ဂရုတစိုက် လှလှပပ show ထုတ်တတ်ကြတာလေ။ အခုတော့ ဒီကောင်မ ကဖြင့် အထူးတဆန်း အလှမကြိုက်ပါတဲ့လေ။ ဒါဖြင့် ခေါင်းထ မနိုတရို ပန်လာပါသည့် နှင်းဆီဖြူက ဘာသဘောနှင့်ပါလဲ 'ရွှေဘုံ

"ဟင်း ဟင်း ဟုတ်လား။ ဒါ ဖေဖေပန်ပေးလိုက်တ ကိုထက်ရဲ့။ ရုပ်မလှ ပန်းကူမယ်ဆိုပြီးတော့လေ။ ဘာလဲ ပန်း ဘုံ့ထက် လှနေလို့လား"





ကြည့်စမ်း! သူ့စိတ်ထဲ ဖြစ်လာသမျှ မေးခွန်းတွေကို က်မြက်'က အလိုက်သင့်မေးပေးနေတာပါလား။ သူမအသံက နဲ့မျိုး မဟုတ်ဘဲ အတော့်ကိုကြည်ပြီး ပြတ်သားတာ အမှန်ပါ။ ဆွေးမျိုး မရှိပါဘဲ စကားလုံးတိုင်းကို ပီသစွာပြောတတ်သည့် ကလေးမျိုးက ရှားပါးပါဘိ။

အလို! ထူးဆန်းပါပေ့။ ဘာဖြစ်လို့များ ဘုဘောက်ကျပြီး အမြင်မကြည်လင်သေးပါသည့် မိန်းကလေးအပေါ်မှာ သူ၏စိတ် တဖြည်းဖြည်း ပြောင်းလဲစပြုနေလေပြီ။ ခုံအကွယ်မှာ ဖျတ်ခနဲ တတ်သည့် ဆံစလေးလွင့်တာလေးကိုသာ သတိထားမိပြီး အသံ ကိုသာ ကြားခွင့်ရတာပါ။ သို့သော် သူ့ကားပေါ်မှာ သူမအတူပါ နင်းလိုက်ပါသည်ကို မသိစိတ်ထဲ ကျေနပ်ကြည်နူးနေမိတာ ဘာ ကြောင့်ပါလဲ။

"ဒီကျောင်းတက်တာလား။ ဝါသနာပါလွန်းလို့ပေါ့ရှင်။ ဘော ထားပေးနိုင်ပေမယ့် မာတာမိခင်က တစ်နေ့တစ်နေ့ ပွစိပွစိ တို့ နားငြီးတဲ့ဒဏ်ကို နိစ္စဓူဝ ခံနေရတာ ထွက်ပြေးချင်နေပြီ။ ယ့်သူမှ မရှိတာ"

သူမဘာသာပြောရင်း သဘောကျစွာဖြင့် ရယ်နေပြန်လေ၏။ ဘာက ကိစ္စမရှိပေမယ့် သူစိမ်းတွေရှေ့ ဤသို့ပြောတာက

အထင်မှားပြီး အန္တရာယ်ရှိနေတာလေ။ ကိုယ့်ကိုယ်ကိုယ် မလုဘူးဆိုပြီ စကားကို လွတ်လွတ်လပ်လပ်ပြောတတ်ပုံမျိုးပါပဲ။ ပြဿနာဆိုတာကို ဒီကောင်မလေး မကြုံဖူးဘူးထင်ပါရဲ့။

"*ဟင်း ဟင်း . . . အဲဒါကြောင့် ဘုံကို အိမ်ထောင်ဖက်ရှာပေး*တဲ့ တာဝန်ကို ဖေဖေတို့ယူထားတာပေါ့။ ငြင်းလို့မှမရတာ။ တွေ့ပါ ဆိုလို့လည်း သွားတွေ့လိုက်ရုံပဲ။ ဘာမှအပန်းမကြီးပါဘူး အေးဆေးပဲ"

"ဟင်!"

ဘုရားရေ! ဘယ်လိုဖြစ်ပြီး သူမက သူနှင့်အခြေအနေ လာတူနေရပါသလဲ။ သူကတော့ ထားပါတော့။ အသက် (၃၀) နားနီးနေပြီမို့ အရွယ်မလွန်မီ အိမ်ထောင်ချပေးဖို့ မေမေ အပူတပြင်း လော ဆော်နေတာပါ။ သို့သော် သူမကဖြင့် အခုမှ အသက် (၂၂) နှစ်ကျော်လေးရှိတာကို ဘယ်လိုဖြစ်ပြီး အရွယ်ငယ်ငယ်လေးဖြင့် အိမ်ထောင်ချပေးစေချင်ကြပါသလဲ။

"အမျိုးမျိုးပေါ့။ ဘုံက ရှင်းရှင်းပဲပြောတတ်တော့ လန့်ပြေးကြတာများတယ်။ အင်း ခုထိ သေချာမဆုံးဖြတ်ရသေးဘူး။ ဒီနှစ်က နောက်ဆုံးမို့ သိပ်ကြီးမတွန်းဖြစ်တာလည်းပါတယ်။ ဒါပေမဲ့ ဖေဖေ ပြန်ရောက်ပြီဆိုတော့ သူ့ Junior Engineer တွေ ချောင်းပေါက် မတတ် လာတော့မှာအမှန်ပဲ။ မျက်စိရှုပ် နားရှုပ်ရဦးမယ်။ ရှေ့နားမှာ





ပေးလေ။ ဘုံ Taxi ပဲ စီးသွားမယ်"

ကားက Bus stop အနီးမှာ တုံ့ခနဲ ရပ်သွားပါ၏။ Taxi တွေ့။ တစ်ယောက်တည်း စိတ်ချရပါ့မလားဟု ရင်ထဲပူသွားရလေ သည်။ သူတွေးနေစဉ်မှာပင် သူမက ကားပေါ်မှ ဆင်းလိုက်ချေပြီ။ ကားတံခါးကို ပြန်မပိတ်မီ အပြုံးလေးဖြင့် သူ့ကို လှမ်းကြည့်၍ ပြော လိုက်လေ၏။

"ကျေးဇူးပါပဲ, ဦး"

"အင်း"

"သွားပြီနော် ကိုထက်"

"ဟုတ်ကဲ့ပါ"

သူ့ကားက ကားမှတ်တိုင်ရှေ့သို့ ဆက်မောင်းသွားပေမယ့် ပလက်ဖောင်းအနီးမှာ ခဏရပ်နိုင်းလိုက်ပါသည်။ ကားနောက် နောက်သို့မမြင်ရသဖြင့် ခန္ဓာကိုယ်ကိုလှည့်၍ ကားနောက်ဘက် လှမ်းကြည့်နေမိ၏။ Taxi ပေါ်သို့ သူမတက်သွားမှသာ သူက ောင်ထက်' ကို ကားဆက်မောင်းစေလိုက်ပါသည်။

"ဘာဖြစ်လို့လဲ Boss"

"လျှာရှည်ပြန်ပြီ၊ ဘာမှမဖြစ်ဘူး"

'ထက်မြက်' ဖက်ပုသွားလေ၏။ အမြင်ကပ်ပါ့။ ကိုယ်နှင့်

အဆင့်မတူသည့် ဆေးကျောင်းသူလေးကိုမှ တရင်းတနှီးဖြင့် စကား ပြောရပါသလဲ။ 'ရွှေဘုံစံ'ကရော ဘယ်သူမှမဆို ဖော်ရွေစွာပြောတတ် တာလေ။ ဒါဖြင့် သူမထက် အသက်ပိုကြီးပါသည့်သူကိုတော့ ဘာထဲ များ တရိုတသေမပြောချင်ဘဲ ဘုဆတ်ဆတ် စိတ်မျိုးဖြင့် ရန်တွေ့ ရပါသလဲ။

ဒါမှမဟုတ် သူကိုယ်တိုင်ကိုက မကျေမနပ်ဖြင့် ပြောမိခဲ့လို့ ပြန်ပြောတာလည်း ဖြစ်နိုင်ပါ၏။ ဘယ်လောက်များ မခံချင်စရာ ကောင်းလိုက်ပါသလဲ၊ အိမ်မှ driver ကိုတော့ အပြုံးတွေ တစ်ပီသား နှင့်ပြောတတ်သလို လက်ဆောင်တွေလည်း ပေးသေးတာလေ။ သူက ဖြင့် ဤသို့ မဟုတ်ဘဲ မလွဲသာ၍ ခေါ်ပြော နှုတ်ဆက်သည့်နယ်ပါ။ ငါ အတော်များ ညံ့ဖျင်းထုံအသည့်ကောင်များ ဖြစ်နေပြီလားဟု တွေး စဉ် ရင်ဘတ်ထဲ အောင့်သက်သွားရလေသည်။

"တောက်!"

"ရောက်တော့မှာပါ Boss ရဲ့"

လမ်းမှာကြာ၍ စိတ်တိုသည်အထင်ဖြင့် 'ထက်မြက်' က သူ့ကိုလှည့်ပြောလိုက်ပါ၏။ စိတ်တိုလိုက်တာနော်။ ခင်းမျက်နှာကို မြင်လျှင် ပိုစိတ်တိုလိုက်တာ မပြောပါနှင့်။ စာချုပ်စာတမ်းနှင့် မမွေ စားတာပဲရှိမည်။ အိမ်မှာ လှဝင်စားသားသမီးနှယ် မေမေ ခေါ်မွေး





ဘာပါ။ အခုတော့ ဘာမဟုတ်သည့်ကိစ္စလေးနှင့် ဒီချာတိတ်ကို ရန်ရှာ ခဲ့ရပါ့မလား။ အရွယ်နှင့်မလိုက်ဖက်သည့် ကလေးကလားအကြံတွေ တွေးမိပါရောလား 'ဘုန်းပြည့်စုံ'။

"Boss"

"ဘာလဲ!"

"လန့်လိုက်တာဗျာ။ ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

"အေး ... ဟုတ်တယ်"

"ဗျာ! ဘာဖြစ်လို့လဲ"

စိတ်ပေါက်ပေါက်ဖြင့် ပြောမိပြီးမှ ခိုင်လုံသည့် reason က ရှာမရပါချေ။ ပြဿနာပါပဲ။ ခင်းကလည်း စေ့စေ့ပေါက်ပေါက်ကို မေးနေတာလေ။ မကျေနပ်တာကိုများ အကြောင်းပြချက် ရှာပေးရမှာ လား။ ခင်းကိုတော့ စက်ထဲသာ ထည့်ကြိတ်လိုက်ချင်ပြီ။

"မကျေနပ်လို့ မကျေနပ်ဘူး ပြောတာပေါ့။ ငါက reason ပေးရအောင် မင်းတပည့်လား"

"မဟုတ်ပါဘူး"

"မင်းနော်၊ အရင်ကဆို အမြဲတစေ Yes! Allright လုပ်နေခဲ့ ပြီး အခုမှ ငါ့ကို မရိုမသေနဲ့ ခွန်းတုံ့ပြန်တတ်နေပြီ။ ဘယ်သူ့အားကိုးနဲ့ ကောင်းလာရတာလဲ။ ငါ သိပ်မပြောချင်ဘူး"

ကောင်လေးက သူ့စကားကြောင့် ဘာမှဆက်မပြောဝံ့တော့ဘဲ ငြိမ်သက်တိတ်ဆိတ်သွားတော့၏။ အနှိပ်ခံဘဝတွေကို ဖိနှိပ်သလိုများ ဖြစ်နေပြီလား။ သူက 'မြေနိမ့်ရာလှံစိုက်' သည့် အလုပ်မျိုးကို အင်မတန် ရွံရှာတတ်တာလေ။ အခုတော့ ဒီချာတိတ်ကို ဘယ်လိုဖြစ်ပြီး မျက်မုန်းကျိုးလာရပါသနည်း။

မျက်မှောင်ကို ပို၍ ကြုတ်ထားလိုက်မိတော့၏။ ငယ်စဉ်ကတည်းက ရွှေလင်ဗန်းဖြင့် အချင်းဆေး ရွှေဖွန်းကိုင်လျက် ထမင်းစားခဲ့တာလောက် မဟုတ်သော်ငြား ပြည့်စုံသည့် မိဘတွေ၏ အမွေဆက်ခံခွင့်ကို အလိုက်သင့်ရခဲ့ရသူပါ။ အောက်ခြေလူတန်းစားတွေကို ငုံ့မကြည့်တတ်ပေမယ့် မဖိနှိပ်မိအောင်တော့ သူ သတိထားတတ်ပါသည်။

မိဘမဲ့ကလေးတွေအတွက် လစဉ် အလှူအတန်းပြုတာ ဘိုးဘွားရိပ်သာတွေကို လှူဒါန်းတာ။ ပြုသင့်ပြုထိုက်သည့်ကုသိုလ်မှန်သမျှ မေမေက ရှေ့မှဦးဆောင်ပေးခဲ့တာမို့ သူလည်း ထိုလမ်းစဉ်အတိုင်း လိုက်လျှောက်ခဲ့တာပါ။

အခုတော့ ဒီချာတိတ်အပေါ် သူတစ်ပါးအလှူပြုတာကို သူ ဘာကြောင့် ဝန်တိုမိရပါသလဲ။ အဝတ်အစားပေးတာကိုလည်း မေမေ စီမံပေးတာလေ။ ဒါဖြင့် ခေါင်းလိမ်းဆီလို၊ မျက်နှာလူးဖို့ cream





အလှကုန်တွေကိုတော့ သူလည်းမပေးဖြစ်ပါ။ ဒါကိုလက်ခံရသည့် တိတ်၏အပြုံးက အဘယ်မျှ နှစ်သက်လွန်းပါသလဲ။ မပြည့်သည့် ကို ဖြည့်ပေးပါက မုဒိတာပွားရမှာ မှန်ပေမယ့် သူ့ရင်ထဲမှာ အဘယ် ကြောင့် မစ္ဆရိယပေါက်ဖွားလာရပါသလဲ။

အံ့ဩရပါ့ 'ဘုန်းပြည့်စုံ'။

"ရောက်ပါပြီ Boss"

ကားတံခါးကို ဖွင့်ပေးနေပြီမို့ အလုပ်ကိုရောက်နေပြီမှန်း လိုက်ရပါ၏။ ကားပေါ်မှာ နေ့စဉ် တစ်နေ့တာ အချိန်ဇယားကို ည့်ရမှာဖြစ်ပေမယ့် ဒီနေ့တော့ အကုန် Timing လွဲချေပြီ။ ကားပေါ် င်းလိုက်စဉ် သူ့လက်ဆွဲအိတ်ကိုကိုင်၍ 'မောင်ထက်' က ခပ်ကုပ် လေးလိုက်ပါလာလေသည်။

ခုတော့ အချိုးက ပြေပြနေတာပေါ့လေ။ သူတို့သားအမိ က် ပိုပြီး ခင်မင်ပြရအောင် သူမတို့မိသားစုနှင့် ဒင်းက တန်လို့တူလို့ ။ နေပါဦး ဒီချာတိတ်ကို အဆင့်နှိမ်ပြီး အဆင့်အတန်းခွဲခြားမိပြန် သား။ ဒုက္ခပါပဲ။ သူတော့ ဦးနှောက်ထဲမှာ ဘာအကျိုးမှ မဖြစ်တဲ့ က်တွေ ထည့်မိချေပြီ။

"ပေး"

"ဗျာ"

"ငါ့အိတ်ပေးလို့ပြောတာလေ"

"ဟို ဟို အပေါ်ထပ်အထိ"

"မလိုဘူး။ ငါ့ဘာသာ သယ်သွားမယ်။ မင်းပြန်တော့"

"ဟင်! "

"ကားထားခဲ့၊ အပြန်လာမကြိုနဲ့၊ ငါ့ဘာသာမောင်းခဲ့မယ်။ ပြန်တော့"

"Boss ကျွန်တော်"

"ပြန်တော့လို့ ပြောနေတယ်လေ။ ငါ့ကိုဒေါသထွက်အောင် လုပ်ပြန်ပြီလား"

"ဟုတ်! ဟုတ်ကဲ့၊ ကျွန်တော်ပြန်လိုက်ပါဦးမယ်"

သူက လက်ဆွဲအိတ်ကို ယူလိုက်ပြီး lift ထဲသို့ ဝင်လိုက်ပါ၏။ ဘဏ်လုပ်ငန်းလုပ်တာဖြစ်ပေမယ့် ရုံးခန်းကိုတော့ နေ့တိုင်း လာထိုင်ရတာမဟုတ်လား။ ခေါင်းထဲမှာ ကိန်းဂဏန်းတွေက ပြည့်နှက် ပြီး ဦးနှောက်ပူနေတာတောင်မှပဲ နောက်ထပ် စိတ်ရှုပ်စရာက ပိုဖြစ် တယ်လို့။

"Good morning! Boss"

"အေး"

"ဒီနေ့ တစ်ယောက်တည်းလာတာလားဟင်"





"ငါ ဘယ်တုန်းက နှစ်ယောက်တွဲလာတာ မြင်ဖူးလို့လဲ"

"အဲ! ထက်မြက်ကို မတွေ့မိလို့ပါ"

"ထက်မြက်က နင့် Boss မို့လို့လား"

"ဟင်! "

မဆီမဆိုင်ဖြင့် စာရေးမလေးကိုပင် ဘုကောလိုက်မိလေပြီ။ ...မှာလည်း 'ထက်မြက်' ရုံးမှာလည်း 'ထက်မြက်' ဖြစ်စရာလား။ ...က နေရာတကာ သူ့ထက်ပင် popular ဖြစ်နေသေးတာလေ။ ...ကို ဒင်းပြန်ရောက်တာနဲ့ မေမေက phone ဆက်ပြီး ဆူဦးမှာပါပဲ။

"ဟော! "

တွေးလို့မဆုံးမီမှာပင် သူ့ Handphone က မြည်လာလေ ...၏။ Computer ဖွင့်ပြီး အလုပ်စလုပ်နေပြီမို့ ချက်ချင်းမကိုင်နိုင် ...ပါ။ စာတစ်မျက်နှာစစ်ပြီးမှသာ phone ကိုကိုင်လိုက်ရပါ၏။ ...ခေါ်နေတာ သုံးလေးကြိမ်ပင် ရှိနေလေပြီ။

## (၁၀)

ဖေဖေက ခြံထဲမှာ ဘောင်းဘီတိုနှင့် T-shirt ဝတ်ထား
အပင်တွေကို ဟိုဒီရွှေ့ပြောင်းနေလေ၏။ ပန်းအိုးတွေကို ကြည့်ကော
အောင် စီရုံမျှမက လမ်းကလေးတစ်လျှောက် အတန်းလေး ဖြစ်စေ
ဂျပန်ပုဏ္ဏရိပ်ပင်လေးတွေကို မြေတူး၍ စိုက်နေတာပါ။ ကျော
Taxi ဖြင့်ပြန်လာပါသည့် 'ဘုံ'က ခြံရှေ့မှာပဲ ကားကိုရပ်နိုင်
ခြံထဲသို့ ဝင်ခဲ့ပါသည်။

"ဖေဖေ"

"အေး ပြန်လာပြီလား"





"ဟုတ်"

"ဖယ်ရီ Ok လားသမီး"

"ဟင့်အင်း ... ဖေဖေ၊ ဒီဘက်မှာ ဘုံတို့ကျောင်းတက်တဲ့သူ မရှိဘူးတဲ့"

"ဩော် ... ဒါဖြင့် သမီးကို အသွားအပြန် Taxi စီစဉ်ပေးရတော့မှာပါပဲလား"

"ဖေဖေ ပိုက်ဆံကုန်မှာပေါ့"

"ဒါတော့ တွေးတတ်သားပဲ။ ဘာဖြစ်လဲ၊ ငါ့သမီးအတွက်ကုန်ကျစရိတ်ကို သားမက်ဆီကပြန်တောင်းမှာပေါ့"

"ဖေဖေနော်"

အိတ်ကို ပိုက်ထားရင်း ဖေဖေ့ကို အော်လိုက်မိ၏။ ငရဲကြီးတော့မှာပဲ။ ဖေဖေက နောက်ပြောလိုက်တာနဲ့ သဘောကျပြီး ရယ်နေတာပါ။

ပိုက်ဆံဆိုသည့်အသံက အမြဲတစေ မေမေ့ထံမှသာ ကြားရတတ်တာလေ။ အခုတော့ 'ဘုံ' ဖေဖေက စနောက်ဟန်ဖြင့် ပြောရသယ်လို့။ ဖေဖေ့ကိုနှုတ်ခမ်းစူလျက် မျက်စောင်းထိုးမိလေသည်။

"မုတ်သုံတဲ့"

"မိုးလား"

"မဟုတ်ပါဘူး ... ဖေဖေ့တပည့်ထဲကတစ်ယောက်ကို ပြောတာ"

"လာပြန်ပြီလား ဘုံ့အတွက်"

"ဟုတ်တယ်"

"ဒီတစ်နှစ်လေးတောင်မှ အေးအေးချမ်းချမ်း စာမသင်ရဘူးလား ဖေဖေရာ"

"ဒီနှစ်ပဲ သမီးအတွက် ပိုအရေးကြီးတာလေ။ ပညာလည်းစုံ ကြင်ယာလည်းစုံတော့ Ok တာပေါ့။ မဟုတ်ဘူးလား"

"အိမ်ထောင်ပြုဖို့ ငြင်းခွင့်မရှိဘူးလား"

"မရှိဘူး"

"ဟွန့် !"

"ဪ ... ဒါနဲ့ အဲဒီချာတိတ်က သမီးနဲ့သူငယ်ချင်းတဲ့"

"ဘယ်သူ မှတ်သုံလား"

"အေး ... ပြောတာပဲ"

"မသိပါဘူး"

ဖေဖေ လုပ်လက်စဆက်လုပ်နေသဖြင့် အိမ်ဘက်သို့ ဆ... လျှောက်လာခဲ့ပါသည်။ အိမ်ထဲသို့ဝင်ကာ ရေအရင်သောက်ချင်သ... နောက်ဖေးသို့ ဆက်ဝင်ခဲ့ပါ၏။ ဖေဖေပြန်ရောက်ပြီမို့ ...





...တစ်ယောက် ကိုယ်တိုင်ဝင်ချက်ပြုတ်ရင်း မီးဖိုခန်းမှာ အလုပ်ရှုပ်နေလေသည်။ ရယ်မောသံဖြင့် စကားပြောရင်း ချက်နေတာကြောင့် ...စိတ်ကြည်နေချိန်ထင်ပါရဲ့။

"ဘုံ ပြန်လာပါပြီ"

"ဒီ Sunday ဝတ်ဖို့ အဝတ်အစားသန့်သန့်ရွေးထားဦး"

"ဘာလုပ်ဖို့လဲ မေမေ"

"နင့်ကိုလာကြည့်မှာမို့ ကြိုပြောရတာ"

"လာကြည့်ရအောင် ဘုံက အရောင်းတင်ပစ္စည်းလား"

"မိဘုံ"

အခုလေးတင် ဖေဖေပြောလိုက်တာမို့ ရင်ဆို့နေကာမှ ... ...ပါ တစ်တပ်တအား ပို့ပေးနေသဖြင့် စိတ်တိုလာရတာပါ။ ...ဘကြီးသည့် မိုက်က ဘယ်ပျောက်သွားသည်မသိတော့ပါ။ ... ...ဟိုအိမ် ...အပြီတမ်း စကားကတောက်ကဆ ဖြစ်ပေမယ့် 'ဘုံ' က အစ...ရှင်း ...ဆန္ဒပြတာကိုတော့ ဝေးဝေးရှောင်ပါသည်။ ဟုတ်တယ်လေ။ ဆန္ဒ... ...ချင်စိတ်က သပ်သပ် ကိုယ့်ခွာကိုယ် ကျန်းမာဖို့နှင့် အာဟာရပြည့်ဖို့က သပ်သပ်ပဲဟာ။ နာမကျန်းဖြစ်အောင်တော့ ကိုယ့်ကိုယ်ကိုယ် မနှိပ်စက်နိုင်ပါ။

"မမမိုး Engage လုပ်ပြီလား"

"အဲဒါ နင်နဲ့ဘာဆိုင်လဲ"

"ဟုတ်တယ်လေ၊ မမနဲ့အပြိုင် ဘုံကိုယောက်ျားရှာပေး
ကြတာ မဟုတ်လား။ အမျိုးအရင်းကြီးတွေဖြစ်ပြီး ရှက်ကြိုင်နေတဲ့
ဘယ်တော့မှ ရပ်မှာလဲ"

"အဲဒါ ဘာစကားလဲ"

"ဘုံက ဘာဘတို့အိမ်ကနေ ကျောင်းတက်ခဲ့တာ ဘယ်နှ
လဲ။ ဘာပဲဖြစ်ဖြစ် ဘာဘတို့ကျေးဇူးက ဘုံ့အပေါ် ကင်းတာမှ မဟု
ဘဲ"

"မိဘုံ မသိဘဲ မပြောနဲ့စမ်း"

"ဘာလို့လဲ မမေမေရယ်"

"ငါနော်၊ မပြောချင်ဘူးဆိုမှပဲ မရမက လာညှစ်နေတ
ကြီးအိမ်မှာ သွားနေခဲ့တာများ အလကားနေခဲ့တယ်ထင်
ခိုတ် စားစရိတ် နင်သောက်တဲ့ရေသန့်ဖိုးကအစ တစ်ပြား
ခကုန်ရှင်းပေးခဲ့ရတာဟဲ့"

"ဟင်!"

"တူမလေးဆိုပြီး အိမ်ပေါ်အလကားတင်ကျွေးခဲ့တယ်
ထင်နေလား။ အဆောင်ထားရင် မလုံခြုံ စိတ်မချရလို့ အမျိုးအိမ်
ငွေထုပ်ပုံပေးပြီး အပ်ခဲ့တာကို ကျေးဇူးတင်ချင်နေတာ။ နင့်





ကျွေးမွေးခဲ့တဲ့မိဘကိုတော့ တစ်နေ့တစ်နေ့ ခံပက်ဖို့ပဲသိတယ်။ တလွဲ
ပင်ကောင်းချင်ရသလား"

"သက်!"

'ဘုံ' ပါးစပ်အဟောင်းသားဖြစ်သွားရတာပါ။ မေမေ့အသံက
တော်ကျယ်သွားသဖြင့် အိမ်ရှေ့မှ ဝင်လာပါသည့် ဖေဖေကြားသွား
သေ၏။ လူကြီးတွေကြားမှာ ဘာအပေးအယူတွေနှင့် အဖုအထစ်တွေ
နေသလဲဆိုသည်ကို 'ဘုံ' သေချာမသိပါ။ ဒီနှစ်ထဲမှာ 'ဘုံ့'ကို
မ်ထောင်ဘက်အတည်ပြုစေချင်တာမို့ အပူတပြင်း ကြိုးစားနေတာ
ကိုတော့ သိနေလေသည်။

"ကလေးနားလည်အောင် ပြောမှပေါ့ကွာ"

"ကို့သမီးက မိဘထက် လက်သာတယ်ဆိုပြီး သူ့ဘကြီး
မှာ ပိုပျော်နေတာလေ။ တော်ကြာ သက်တို့ကို စိတ်ဆိုးပြီး ဟိုအိမ်
ထွက်ပြေးမှ မဟာအရှက်ကွဲကိန်းမဖြစ်ရအောင် ဒီလောက်ရှင်းရှင်း
ပြောထားမှ ရမှာ"

"သမီးက အခုပဲ ကျောင်းကပြန်ရောက်တာ၊ နားမှပေါ့။
အောင်နေ ညစာစားရအောင် ရေမိုးချိုးပြီး ဆင်းလာခဲ့၊ သွား
တော့"

"ဟုတ်!"

"အဲဒီငါးဖယ်က ထုရင်းနဲ့မာရာက တစ်ပိုင်းစီ ပြုတ်တော့မယ်။ တော်လောက်ပြီလေ သက်ရာ"

"ကိုပဲ မန်ကျည်းမှည့်လေးနဲ့ စားချင်တယ်ဆို"

ရေခဲသေတ္တာထဲမှ သိပ်ကြီးမအေးသည့် ရေသန့်တစ်ဘူး ယူလိုက်ပါ၏။ ငိုချင်လိုက်တာနော်။ ဘယ်လိုဖြစ်ပြီး ဖေဖေ့အစ်ကို အရင်း 'ဘဘ'က ဘာကြောင့်များ ထိုသို့ လုပ်ရပါသနည်း။ မဟုတ် သေးပါဘူး။ 'ဘဘ' မဟုတ်လျှင် အန်တီကြီးလည်း ဖြစ်နိုင်ပါသည် ဟုတ်တာပေါ့။ မိန်းမချင်းဖြစ်သည့် အန်တီကြီး၏ သွေးထိုးစကား ကြောင့် 'ဘဘ' ရော 'မမ'ပါ ပုံစံအတူဖြစ်လာရတာထင်ပါ၏။

"ညနေစာ စားလို့ရမှ ဘုံ့ကိုလာခေါ်ပါ အစန်း"

"ဟုတ်ကဲ့ပါ မမ"

ရေဘူးကိုယူ၍ ထွက်ခဲ့စဉ် မေမေနှင့်ဖေဖေက တီးတိုးသံ ပြောနေလေ၏။ မေမေက လေသံကျယ်တတ်ပေမယ့် ဖေဖေ 'ဘုံ' ကို ဆူလျှင်လည်း လေသံတိုးတိုးဖြင့် ကျိတ်ပြီး ဆူတတ်သည့် ဖခင်ပါ။ ဘာပဲဖြစ်ဖြစ် 'ဘုံ' အပေါ် ဖေဖေရော မေမေပါ ချစ်ကြ ရင်ထဲမှ အလိုလိုသိနေပါသည်။

"သက်ကလည်းကွာ ကိုကြီးတို့အပေါ် သမီး အရှိအ တန်အောင် မပြောသင့်ဘူး"





"သက်လည်း မပြောချင်ပါဘူး ကို။ ဒါပေမဲ့ ကလေးမဟုတ် တဲ့ သမီးတော့ သိထားသင့်ပါတယ်"

"ကိုကြီးက ဒီလောက်စိတ်ရင်းမဆိုးပါဘူး"

"အသွင်တူမှ အိမ်သူဖြစ်တာပါ ကို။ အငယ်ဖြစ်တဲ့သက်တို့ နာလို မစ္ဆရိယစိတ်မျိုးထားတယ်ဆိုရင် လူကြားလို့ကောင်းပါဦး ခုတော့ အကြီးဖြစ်ပြီး အခွင့်ထူးခံနဲ့ ကိုအပေါ် ဘယ်လောက် ယူခဲ့သလဲ။ သက်နဲ့ကိုတို့ ယူဖြစ်မယ်ဆိုတာ ကြားတာနဲ့ အိမ်ခေါ် ခဲ့တဲ့နေ့ကို သက် ဒီနေ့ထိ မမေ့သေးဘူး ကို။ အမွေဆိုတာ မှုစံရတာမှန်း သိပါလျက်နဲ့"

"ဒါကတော့ကွာ။ သူက အကြီးကိုး"

"အစ်ကိုကြီးအဖအရာဆိုတဲ့ ထုံးစံသာ ရှိတာပါ ကို။ ကို ကိုကြီးမှာ ဒီနေ့အထိ ဘာ power များ ရှိခဲ့လို့လဲ။ မိန်းမဖြစ်သူ လှယ်သမျှ အမြဲတမ်း ခေါင်းညိတ်ရအောင် ပညာမဲ့လည်းမဟုတ်။ ရုံသင့်ရုံပေါ့။ အခုလည်း ကုမ္ပဏီမှာ စိတ်တိုင်းကျဝင်ပါနေတာပဲ ညီ။ ကိုမေမေက ဒါကိုကြိုမြင်ခဲ့လို့ ကြိုးစီစဉ်ပေးခဲ့တာပဲ တော် တယ်"

"အင်း"

"အခုလည်း သူတို့ရှယ်ယာဈေးကျလို့ MD အဆင့်က

ဖယ်ပေးခဲ့တာ သိပ်မကြာသေးဘူး။ ကို ပြန်ရောက်နေပြီဆိုတာသိ
လာကြတော့မယ်''

''အမျိုးပဲ သက်ရယ်''

''ရွှေရိုးမှ မျိုးတော်တာပါ ကို။ အဆွေအမျိုးတော်တဲ့ ရွှေမျိုး
မဟုတ်တဲ ရွှေမျိုးဆိုတာ သူတို့မိသားစုပါ။ မကြာခင် ကိုကြီးကမ္ဘာ
ရှယ်ယာထည့်ပါ ညီဆိုပြီး လေသံပျော့လေးနဲ့ လာခွယ်မှာ မြင်ယော
သေး။ သက်က ကြိုပြောပါရဲ့နော်။ ကုသိုလ်လိုချင်ရင် လှူဖို့ ဝန်မလေး
ပေမယ့် ရေထဲ ခဲလုံးပစ်ချလိုက်သလို ဒင်းတို့လက်ထဲတော့ ငွေပုံမ
နိုင်ဘူး။ ကို သဘောတက်ဖို့ငွေကို အတိုးပေးပြီး ယူခဲ့ရတာကို မ
ပါနဲ့။ နာတတ်မှ ဘဝကို မြှင့်တင်နိုင်မှာမို့ပါ''

''ငါ့မိန်းမကတော့ကွာ ... မသိတာ မမြင်တာ ဘာမှ
ပါလား''

''ရှေ့ရေးကို ကြိုမြင်လို့ ဒီမဟာရန်ကုန်ကို ခြေချဖို့ ပြောင်
တာပါ ကို။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတာထက် ဒင်းတို့
သေချင်တဲ့ကျား တောပြောင်းတယ်လို့ပဲ မြင်ကြမှာ။ သူတို့သမီး
လက်လွတ်စပယ် အလိုလိုက်ပုံနဲ့ ဘုံ့ကိုတော့ သက်တို့ မအုပ်ချုပ်
ဘူး။ ကလေးကို ငယ်ငယ်ကတည်းက အထင်တသေးနဲ့ နှိမ်ခဲ့ကြတာ
ကို အသိပဲ။ ရုပ်ဆိုးပိန်တာရိုးလေးက ဆေးကျောင်းတက်ပြီလည်း





ရော မျက်နှာတွေ ဖြစ်ပျက်ကုန်တာ သက်အသိဆုံးပါ။ သူတို့
ကတော့ သက်တို့သမီးက ကျောက်ခဲဆိုပြီး အထင်တသေးရှိနေ
ယ့် သက်ရင်ထဲမှာတော့ အဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားလေးပါ
ဘုံ့ထက်သာတဲ့သူရှာမယ်ဆိုပြီး ထည်လဲတွဲနေတာက မိုးမြင့်စံ
က် နာမည်ပျက်တာကို သူတို့နားမလည်ပေမယ့် သက်သမီးကို
ာ့ အဲဒီလို အဖြစ်မခံနိုင်ဘူး။ ချမ်းသာမှ ပေးစားဖို့ထက် ဘုံ့ကို
ါမြှတင် ဖူးဖူးမှုတ်အလိုလိုက်ပြီး ချစ်ခင်မြတ်နိုးမယ့် ဖူးစာ
သာ အိမ်ထောင်ချပေးချင်တာ သက်ရဲ့ မိခင်စေတနာပါ။ ရွှေဘုံစံ
ဘဝမှာ တန်ဖိုးအထားခံရတဲ့ သတို့သမီးလေးပဲ ဖြစ်စေရမယ်

နံရံကိုမှီရပ်ရင်း 'ဘုံ' မင်သက်အံ့ဩနေမိ၏။ ချောင်းနား
င်သည်ဟု မယူဆစေချင်ပါ။ ဖေဖေနှင့်မေမေ့မှာ 'ဘုံ' တစ်ခါမှ
ခဲ့တဲ့ လျှို့ဝှက်ချက်တွေ အများကြီးရှိနေတာပါလား။ 'ဘုံ' အပေါ်
ကိုတင်းမာလွန်းပြီး ကလေးနယ် မြင်တုန်းဟုသာ ထင်ထားမိခဲ့တာ
န်ပါ။ 'ပတ္တမြားလေး' တဲ့လား မေမေ။ 'ဘုံ' ကို အဲဒီလောက်
ထားခဲ့ပါသလား။ အန်တီကြီးတို့အထင်သေးခဲ့ပါသည့် 'ရွှေဘုံစံ'
ကြောင့် မမနှင့်အပြိုင် အိမ်ထောင်ချပေးဖို့ ရည်ရွယ်ထားတာ
လေ။

အိပ်ခန်းထဲဝင်ကာ ဖန်ခွက်ထဲ ရေငွဲ့ထည့်သောက်လိုက်ပါ၏။ မမ၏ အထင်တသေးအကြည့်နှင့် မဲ့ပြုံးကို ရိုးသားပါသည့် 'ဘုံ'က ဘာသာမပြန်တတ်ခဲ့ပါ။ လူရှေ့ သူရှေ့မှာ 'ဆေးကျောင်းသူ ညီမလေး' ဟု အသိအမှတ်ပြု မိတ်ဆက်ပေးခဲ့ပြီး ကွယ်ရာမှာ ဘယ်လိုစကား တွေဖြင့် ထိုးနှက်ခဲ့ပါသနည်း။

ညီအရင်းဖြစ်သူကိုတောင် ကြီးပွားမှာစိုးပြီး ငွေချေးတာ တောင် အတိုးနဲ့တဲ့လား။ အတော့်ကို ကြောက်စရာပါ။ 'ဘုံ' အပေါ် တူမဆိုတာထက် အကြောင်းပြစရာဟုသာ မြင်ခဲ့တာထင်ပါရဲ့။ နေ စရိတ် စားစရိတ် အကုန်ရှင်းပေးခဲ့တာကို အခုမှ သိခဲ့ရတာယ်လို့။ ဒါဖြင့် 'ဘာလိုသလဲ'၊ 'ဘာစားချင်လဲ' ဆိုပြီး နေ့စဉ်မေးပြီး ဖြည့်ဆည်း ပေးခဲ့သမျှက ရင်ထဲမှပါတာမဟုတ်ဘဲ အပေါ်ယံနှင့်ပေါ့လေ။

ကလေးမဟုတ်တော့မှ နားလည်အောင် ထုတ်ပြောတာတဲ့ လား မေမေ။ 'ဘုံ' မသိသေးတာ ဘာတွေများရှိပါသေးသလဲ။ တခြား ကိစ္စ တောင်တောင်အီအီ တွေးတောတာမျိုး မဖြစ်အောင် 'စာကျက်' ဆိုပြီး တစ်သွေးတစ်သံတစ်မိန့်ဖြင့် မေမေ အုပ်ချုပ်ခဲ့သည်က အကြောင်းပြချက်ရှိလို့တဲ့လား။

ဒါဖြင့် 'ရွှေဘုံစံ' ဟာ 'မိုးမြင့်စံ' ထက် ပိုပြီးမြတ်တဲ့ သူနှင့် သာ လက်ထပ်ရမှာပေါ့နော်။ ရင်ထဲရှိတဲ့အတိုင်း မမတို့မိသားစုအပေါ်





ှင့်လင်းသင့်တော့ဘဲ သတိထားပြီး ပြောဆိုဆက်ဆံရမှာပါလား။ ခံထောင်ပြခဲ့ပြီး အသိအမှတ်မပြုသလို ငွေကြေးဖြင့် သွေးသားရင်း ကို ပိုင်းခြားခဲ့တာတဲ့လား။ တကယ့်ကို ကျောချမ်းစရာပါပဲ။ မေမေ့ သမီး 'ရွှေဘုံစံ' အတွက် နောက်ထပ် မေမေတို့ကို မနာကျင်စေချင် တော့ပါလေ။

## (၁၁)

အလုပ်သွားရန်ပြင်ဆင်၍ အပေါ်ထပ်မှဆင်းလာစဉ် မေမေ့ကို မတွေ့ပါ။ ထမင်းစားခန်းဘက် လျှောက်ခဲ့ပါသော်လည်း မမြင်ရပါချေ။ ဧည့်ခန်းထဲမှာလည်းမရှိ၊ ဘုရားခန်းမှာ ဦးသုံးကြိမ်ချ၍ ဘုရားရှိခိုးပြီးမှ သူဆင်းခဲ့တာမို့ သူမိခင် ဘယ်များသွားလို့ပါလဲ။ ခြံထဲမှာလည်း ရှိနိုင်တာမို့ ခြံထဲထွက်ရန် သူပြန်လှည့်လိုက်စဉ် အောက်ထပ်ဧည့်သည် နားနေခန်းတံခါးက ခပ်ဟဟလေး ပွင့်လျက်ရှိနေလေသည်။

"ဒါဖြင့် သမီးအတွက် ဖယ်ရီအဆင်မပြေဘူးပေါ့လေ"

"ဟုတ်ကဲ့ပါ ကြီးကြီး"





"သမီးဖေဖေ ကားဝယ်ပြီးပြီလား"

"ဟင့်အင်း။ ဖေဖေက အပိုသုံးတာကို မကြိုက်ဘူး ကြီးကြီးရဲ့။ ကားဝယ်ဖြစ်ရင်လည်း ဘုံက မျက်စိမကောင်းတာ ပေးမောင်းမှာ မဟုတ်လို့ပါ"

"ဒါဖြင့် Bus တွေ Taxi တွေနဲ့ပဲ နေ့တိုင်းသွားရမယ်ပေါ့ လေ"

"ဒီတစ်နှစ်ပဲမို့ ဒီလောက်တော့ အပင်ပန်းခံနိုင်ပါတယ် ကြီးကြီးရဲ့။ ဘုံ့ကို ကိုယ့်အားကိုယ်ကိုးတတ်အောင် သင်ပေးထားတာပဲ ကိစ္စမရှိပါဘူး"

ခပ်စောစောလေး မေမေ့ကို လာကြည့်ပေးတာပေါ့လေ။ ဒီနေ့ယအတော်စိုက်တတ်ပါလား။ သူကဖြင့် မေမေ ဘယ်သွားလဲဆိုပြီး မိတ်ပုကာ ရှာနေမိတာလေ။ အသက်ကြီးနေပြီမို့ ချော်လဲမှာ မတော်တဆဖြစ်မှာကို စိုးရိမ်ရတာမဟုတ်လား။

Bus နှင့် Taxi တဲ့။ အိမ်မှာ ကားအပိုတစ်စီးရှိနေတာကို ပြန်ရောင်းဖို့ရှိနေပါသည်။ သူ့ဖေဖေ စီးခဲ့သည့် ကားမို့ မေမေက ပြန်မရောင်းချင်မှန်း သိသဖြင့် (ငွေလည်း မလိုအပ်သဖြင့်) ဒီအတိုင်း ဂိုဒေါင်ထဲထည့်သိမ်းထားခဲ့တာပါ။

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွယ်။ သမီးအတွက် အခက်

အခဲဖြစ်တာပေါ့။ တစ်ခုခု စီစဉ်ပေးဦးမှပါပဲ''

''အဆင်သင့်ဖြစ်ပါပြီ Boss''

''ဟော! သားသွားတော့မှာထင်တယ်''

''မြန်းမြန်းလျှောက်ပါ ကြီးကြီးရဲ့''

တံခါးဝအနီးမှာရပ်နေသည့်သူ့ကို 'ထက်မြက်' က အသံ လှမ်းပေးလိုက်သလို အခန်းထဲမှ မေမေထွက်လာလေတော့သည်။ မေမေ့အနောက်မှ သူမလိုက်ထွက်လာသဖြင့် သူက မမြင်ယောင် ဆောင်လိုက်ပြီး တိုက်ရှေ့ထွက်ရန် ခြေလှမ်းလိုက်ပါ၏။ နေ့တိုင်း လမ်းကြို့တင်ခေါ်တာက ကိစ္စမရှိပေမယ့် လမ်းထိပ်အထိသာ ရောက်တာမို့ ခရီးမတွင်ပါဘူး 'ရွှေဘုံစံ'။

''သားရေ''

''ဗျာ! မေမေ''

''သမီးလေးကို လမ်းကြို့ခေါ်သွားပေးဦးနော်။ ဒါနဲ့ ဂိုဒေါင်ထဲ သိမ်းထားတဲ့ကားက ကောင်းသေးရဲ့လား''

''သေချာပြန်စစ်ဆေးကြည့်ပြီးမှ မောင်းတာ ပိုသင့်တော်မှာ ပေါ့ မေမေ။ ဘာဖြစ်လို့လဲ''

''ဩော် . . . ဒီတိုင်းပစ်ထားတာထက် သုံးတော့ ပိုကောင်း မလားလို့လေ''





''အိမ်မှာ ကားသုံးတာ ကျွန်တော်တစ်ယောက်တည်းလေ။ ဘယ်မှာသွားသုံးမလို့လဲ မေမေရဲ့''

''လိုအပ်မယ့်နေရာပေါ့ဟယ်။ ဘယ်လိုဖြစ်ပြီး ငါ့ကို နှင့် အလုပ်ကဝန်ထမ်းများ ထင်နေလား။ စိစစ်နေလိုက်တာ''

ဟိုက်! သူ့မေမေတော့ ဒီချာတိတ်မလေးရှေ့မှာ လူကို ဖိ ဟောက်နေလေပြီ။ ခါတိုင်းဆို စိတ်က ခဏဖြင့်တိုတတ်ပေမယ့် ဒီနေ့တော့ သူ့စိတ်က အတော်အေးနေတာပါ။ အိပ်ရာထကတည်းက ခေါင်းထဲကြည်လင်ပြီး နေလို့ကောင်းလွန်းနေတာလေ။ နောက်ထပ် သတို့သမီးလောင်းတွေနှင့် မတွေ့ရသေးခင်ပေါ့လေ။ ခဏတာ စိတ် ချမ်းသာရတာပါ။

''ဒီတစ်ပတ် တွေ့ရမှာ ရှေ့နေမလေးနဲ့နော်၊ မေ့မနေနဲ့ဦး''

သေစမ်း! မပြောဘူးထင်ထားပေမယ့် ရအောင်ကို ပြောတော့ ဘာပါပဲလား။ တည်နေပါသည့် မျက်နှာထက် မျက်ခုံးကတွန့်လာလေ တော့၏။

ဒီဒုက္ခက ဘယ်တော့မှလွတ်မြောက်ပါ့မလဲ။ သူကလည်း သူပါ။ အစကတည်းက တွဲခဲ့သူသာရှိခဲ့လျှင် အဆင်ပြေမှာလေ။ အခု တော့ သတို့သမီးလောင်းကို ပြူးပြူးရှာနေရတာ အတော်အောက်သည့် အဖြစ်အပျက်ပါပဲ။

“ပြီးတော့ သမီးလေးရဲ့ဖေဖေလည်း သားနဲ့လာတွေ့မယ် ပြောထားတယ်။ ညဘက်ပဲအားတော့ ညပိုင်းပဲချိန်းလိုက်ရမလား”

“မေမေ့သဘောပါ”

“ဘာကိုလဲ သားရဲ့ . . . ရှေ့နေမလေးကို ရွေးခိုင်းတာလား”

“ဟာဗျာ ဖြူမှန်းမည်းမှန်းမသိသေးဘဲ ရွေးစရာလား မေမေရဲ့။ ရွှေဘုံစံရဲ့အဖေကိုပြောတာပါ”

“အမလေးဟဲ့! . . . ပြုံးပြိုငြင်းနေလိုက်တာ။ အမေလုပ်သူ နည်းနည်းမှ စလို့မရဘူး။ ဓောကလျာက အိမ်ကို မလာချင်ဘူးတဲ့ အပြင်မှာ သွားတွေ့နိုင်မလား”

“ရပါတယ်”

“အေးအေး ပြီးရော”

“လာလေ ရွှေဘုံစံ”

“ဟုတ်ကဲ့ ဦး”

“ဒေါက်တာ မိုးသက်က မေမေနေကောင်းလို့ မလာသေးဘူးတဲ့။ လကုန်ပတ်မှလာမယ်လို့ ပြောပါတယ်”

“ဟုတ်ကဲ့”

“နောက်ခုံမှာပဲ ထိုင်ပါ”

“ရှင်!”





သူက ကားနောက်ခန်းတံခါးကိုဖွင့်ပေးလိုက်ပါ၏။ ဒီနေ့မှာ ဒီကောင်မလေးက အပြုံးတွေပျောက်နေပါသလား။ သူဖွင့်ပေးသည့် တံခါးမှပင် နောက်ခုံမှာ သူမက ဝင်ထိုင်လေသည်။ ‘ထက်မြက်’ က ကားကိုမောင်းထွက်လိုက်လေ၏။ ဖေဖေ့ကားကို ပြင်ဖို့က အနည်းငယ်တော့ ရက်ကြာဦးမှာပါ။ ဒီတော့ ကူညီပေးသင့်တာက သူကိုယ်တိုင်ပင် မဟုတ်လား။

“ကျောင်းအထိ အရင်ပို့ပေးပါ မောင်ထက်”

“ဗျာ”

“ပြီးမှ ကုမ္ပဏီသွားမယ်”

“ဟုတ်ကဲ့ Boss”

သူမက စိတ်နှင့်လူမကပ်သည့်နှယ် ကားပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေလေ၏။ မနက်ပိုင်းမို့ နေရောင်ခြည် ခပ်နွေးနွေး ခံရန် Aircon မဖွင့်ခိုင်းပါပဲ တမင် တံခါးပြတင်းပေါက်မှန် ချထားတာပါ။

ဘာများ စိတ်ညစ်စရာရှိနေလို့ပါလိမ့်။ မေမေနှင့်တော့ ခါတိုင်းလို စကားကို အဆင်ပြေပြေပြောနေပြီး အခုတော့ဖြင့် ဘာလို့များ မျက်နှာက နွမ်းလျပြီး ငြိမ်နေရတာပါလိမ့်နော်။ ဘာဖြစ်နေလဲ ရွှေဘုံစံ’

"ရွှေဘုံစံ"

"-----"

"ရွှေဘုံစံ"

"ရှင် ဟင်!"

"ဘာတွေ ဒီလောက်တောင်မှ စဉ်းစားနေရတာလဲ"

"ဟင့်အင်း ဘာမှမဟုတ်ပါဘူး"

"မင်းကိုကြည့်ရတာ မလန်းဆန်းသလိုပဲ ရွှေဘုံစံ။ ဘာစိ
ညစ်စရာတွေ ရှိနေလို့လဲ။ အဖေ ပြန်ရောက်တာပျော်စရာဖြစ်ရ
ပေါ့"

သူမ ဖျတ်ခနဲ လှည့်ကြည့်လိုက်ပေမယ့် ခေါင်းကို ငုံ့ချလို
လေ၏။ တစ်ခုခုကို ရင်ဖွင့်လိုက်မှသာ နေသာထိုင်သာ ဖြစ်မှာမဟု
လား။ ဒါမှမဟုတ် သူ့လိုပင် အိမ်ထောင်ဘက်ရှာပေးနေတာကြော
စိတ်ညစ်တာလည်း ဖြစ်နိုင်ပါသည်။ အသက်က ငယ်သေးတာ
သူ့အရွယ်လို မယူမဖြစ် အမြန်ရှာစရာမှမလိုအပ်တာလေ။

"ရွှေဘုံစံ"

"ဦး"

ခေါ်သံက ပြိုင်တူဖြစ်သွားရပါ၏။ သူက မျက်ခုံးပင့်
သလို အနည်းငယ်မျှ ပြုံးလိုက်မိပါသည်။ အနားမှာ တီးတိုးတို





ော်မရှိသည့်သူ့လိုပဲ ဘဝအတူ ဖြစ်နေပြီလား။ ရွယ်တူမဟုတ်သော်
ငြား နားလည်ခြင်းတွေနှင့် ဆွေးနွေးတိုင်ပင်လည်း ရနိုင်ပါ၏။ သူမက
ီလောက်ကြီး မတည်ငြိမ်သော်လည်း ဒီနေ့ခေတ်ကလေးတွေနှယ်
လန်းမလန်း လက်လက်ထနေတဲ့ ကလက်တက်တက် ကောင်မလေး
မဟုတ်တာပဲ။

"ပြောလေ"

"ဦးအရင်ပြောပါ"

"ဩော် သိပ်အထွေအထူးမျိုး မဟုတ်ပါဘူး။ ဒီတိုင်းကြီး
ူတွေနဲ့တွေ့နေတာထက် ပုံစံ design လေး ဘာလေးများ မပြောင်း
င်ဘူးလားလို့ပါ။ အဝတ်အစားဆိုတာထက် မင်းတပ်ထားတဲ့ မျက်မှန်
ဖြစ်ဖြစ်ပေါ့"

"ဟင်!"

"ဟုတ်တယ်၊ ခပ်တုံးတုံးပုံစံကြီးက မင်းကို ရှိရင်းစွဲ အသက်
က် ပိုရင့်ရော်စေတယ်လို့ မထင်ဘူးလား။ မျက်စိသေချာထပ်စစ်ပြီး
ရောင်ကိုင်းလေးနဲ့ဖြစ်ဖြစ် လဲတပ်လိုက်ရင် ပိုနုပြီး အဆင်ပြေမှာ
ပါ"

"ပိုကြည့်ကောင်းတော့ ဘာလုပ်ရမှာလဲ။ ဘုံ ဝါသနာပါတဲ့
လုပ်ထက် မိဘတွေက အိမ်ထောင်အရင်ပြုဖို့ပဲ လုပ်နေကြတာပါ။

လုလု မလုလု ဘာမှမထူးပါဘူး ဦးရယ်''

''ရွှေဘုံစံရယ် ... မင်းလုမှသာ သတို့သားလောင်းက
ကို သဘောကျမှာပေါ့။ မဟုတ်ဘူးလား''

''ဘုံကမှ အိမ်ထောင်မပြုချင်သေးတာ ဦးရဲ့''

''အမြန်ဆုံးတော့ ဘယ်သူက ပေးစားမှာတဲ့လဲ။ မသ
စေ့စပ်ထားရုံလောက်တော့ ဖြစ်မှာပါ ရွှေဘုံစံရယ်''

''ဟင်။ ဦးမသိပါဘူးနော်''

''ဘယ်လို''

ကြည့်စမ်း! ဒီမိန်းကလေးဆီမှာ ဘာလျှို့ဝှက်ချက်များ ရှိ
ပါသလဲ။ သူ့လိုပင် အိမ်ထောင်ဘက်တွေနဲ့ တွေ့နေတာတော
အကြောင်းအရာမတူဘူးတဲ့လား။ သူမတို့မိသားစုက ငွေကိုရွေး
စိစစ်သုံးတတ်မှန်း သူရော မေမေပါ သိနေတာပါ။ 'ရွှေဘုံစံ' ဇာတ်
ကို မေမေ မကြာခဏချီးမွမ်းတာကို သူအသိဆုံးပါပဲ။ ဖနီးကောင်း
ဟုပင် ပြောတတ်တာလေ။

''ကိုယ်ကတော့ မေမေတွေ့ဆိုရင် တွေ့လိုက်တာပဲ။ နော
မှ သဘောမကျတဲ့အချက်ကိုပြောပြီး ငြင်းလိုက်တာပေါ့''

''ဘုံက ဦးလိုမှ မဟုတ်တာ''

''ဘာလဲ ငြင်းမရလို့လား။ အဲဒီလောက်တောင် မင်းအ





သဘောကျကြတာပေါ့လေ''

''ဦးနော် မဟုတ်တာတွေ''

လေသံထဲမှာ ရင်းနှီးမှုတို့ ပါဝင်လာလေ၏။ စိတ်ထဲမှ ပျော်
ဘာသလိုပါပဲ။ မေမေ့အတွက် ကျန်းမာရေး နေ့တိုင်းလာစစ်ပေးပါ
သည့် ဆေးကျောင်းသူလေးကြောင့် သူက အရင်ဒေါသဖြစ်ခဲ့တာကို
မေ့လိုက်သလိုပါပဲလား။ ဘယ်လိုပါလိမ့်။ ထူးဆန်းလိုက်တာနော်။
ဆေးကျောင်းနားရောက်တော့မှာကို သိသဖြင့် သူမကို ငဲ့ကြည့်လိုက်
ဲ့ သူ့ကို ပြန်ကြည့်နေတာက ''ရွှေဘုံစံ' ပါပဲ။

''ရွှေဘုံစံ''

''ရှင် ဦး''

''ဒီ sunday မှ မျက်စိပြပြီး မျက်မှန်အသစ်လုပ်ကြမယ်''

''ဟင်! ဦးရောလား''

''ကိုယ်က မျက်မှန်အသစ်လုပ်ထားတာ မကြာသေးဘူးလေ။
င်းကိုသာ ရွှေရောင်ကိုင်းလေးနဲ့ မျက်မှန်အသစ်လုပ်ပေးချင်တာပါ။
ကိုယ့်ကိုယ်ကိုယ် တော်ဝင်နန်းထိုက် သတို့သမီးလို လူတွေက ငေး
ကြည့်ကြမယ့် အလှဆုံး မိန်းကလေးမျိုးဖြစ်အောင် မပြင်ချင်ဘူးလား''

''ဟင့်အင်း''

''ဘာဖြစ်လို့လဲ''

သူမ ခဏမျှ ငြိမ်သွားလေ၏။ ကျောင်းလမ်းထဲရောက်ရ
မို့ ဝင်းရှေ့မှာပင် ကားကိုရပ်ပေးရမှာပါ။ ဘာမှမပြောပါဘဲ စဉ်း
နေပါသည့် သူမ၏အတွေးကို သူသိချင်တာအမှန်ပါပဲ။ ဘာကြောင့်
မလှချင်ရတာပါလိမ့်။ မိန်းကလေးတိုင်းက (အများစု) ကိုယ့်ကို
ကိုယ် ကြည့်ကောင်းစေချင်သလို ချောသည်လှသည်ဟု အချီးမွမ်းခံ
ကြတာပါလေ။

"ရောက်ပြီကိုသက်၊ လိုက်ပို့လို့ ကျေးဇူးပါဦး"

"ရပါတယ် ကိစ္စမရှိပါဘူး"

"ဦး"

"ဦးလည်း မျက်မှန်အသစ်လုပ်မှ ဘုံလည်းအတူတူလုပ်
ပါ"

"ဟင်"

"Ok လား"

"ကောင်းပြီလေ"

သူမက လှစ်ခနဲ ပြုံးလိုက်ပြီး သူ့ကိုကျောပေးလျက် လှ
ထွက်သွားပါသည့် မိန်းကလေးကို လှမ်းကြည့်ရင်း စိတ်ချမ်း
သွားသလိုပါ။ ဒီလိုကြည်နူးမှုနှင့် ရင်ထဲအေးသွားပါသည့် ခံစားချက်
က တစ်ကြိမ်တစ်ခါမှ မရှိခဲ့တာလေ။ ဘယ်လိုလဲ မေမေ ...





...ပါသည့် မိန်းကလေးတွေနှင့် မကြာခဏ ဆုံခဲ့ပေမယ့် ထူးခြား
...ပြားသည့် feeling က ဖြစ်ခဲ့တာမှ မရှိဘဲ ဘာကြောင့်များ
...နှင့် အတူတူဆိုပြီး ရက်ချိန်းရခါမှ ဒီရင်ဘတ်ကြီးက ထူးဆန်းစွာ
...ခဲ့ရတာပါလိမ့်။ အံ့သြရပါ့ 'ဘုန်းပြည့်စုံ'။

❁

## (၁၂)

ကျောင်းအပြန်ကိုတော့ အချိန်မမှန်သဖြင့် ကိုယ့်ဘာသာ Taxi ဖြင့် ပြန်မည်ဟု 'ကိုထက်' ကို ပြောထားပါ၏။ နောက်ဆို ဆေးရုံတွေမှာ House ဆင်းပေးရမှာဖြစ်သဖြင့် 'ဘုံ' ကို တကူးတက ကြိုပို့လုပ်ပေးဖို့မလိုတော့ပါချေ။ ကားမှတ်တိုင်ရှိရာဆီ လျှောက်ခဲ့ရင်း အတွေးလွန်နေမိပါ၏။ စနေနေ့အိမ်ကိုလာမည့် ဖေဖေ့တပည့်ဖြစ်သူ 'မှတ်သုံ' ကိုတော့ အာရုံမရပါဘဲ တနင်္ဂနွေနေ့ မျက်စိသွားစစ်ရမှာကို ဖြင့် စိတ်လှုပ်ရှားမိတာအမှန်ပါပဲ။

'ဦး' နှင့်မှသွားချင်သည်၊ 'ဦး' လည်း မျက်စိပြန်စစ် မျက်မှန်





သစ်လုပ်မှဟု ဘာစိတ်ကူးနှင့်များ ပြောလိုက်မိပါလိမ့်။ ကိုယ့်ကိုယ်
ယ် ဤသို့ပြောဖြစ်မည်ဟုပင် မထင်မိတာအမှန်ပါ။ နင်အတော်ရူး
ပါပဲလား 'ရွှေဘုံစံ'။ ဒီလောက်ကြီး မရင်းနှီးပါပဲ စည်းကျော်မိ
ောင် နီးမိနေပြီလား။ ဟင့်အင်း! မဖြစ်နိုင်တာနော်။

အဲဒီ မှန်ကုပ်ကုပ် မျက်ခုံးနှင့် မာထန်နေပါသည့် လေသံ
ရှင်ကို ဘာကြောင့်နှင့်များ ရင်းနှီးပတ်သက်ချင်ရမှာလဲ။ လေပြည်
ာနှင့် ပြောသည်က ဘာမှမကြာသေးတာလေ။ ဖေဖေ့လိုပင် ကြည့်
ောင်းပြီး အရပ်အမောင်းပိုမြင့်တာကိုတော့ သဘောကျမိတာ အမှန်
လူငယ်ဘဝထက် လွန်ပြီး လူကြီးပိုင်းမရောက်ခင် ကြားကာလ
ှိ စိတ်က ဆွတ်နေတာများလား။

"တီ!"

ကားတစ်စီးက 'ဘုံ' ရှေ့မှာ ရပ်သွားလေ၏။ ကျောင်းတက်
်သူငယ်ချင်းနှစ်ယောက်က အိမ်မှကားလာကြိုသွားပြီမို့ ပြန်နှင့်ကြ
ပြီ။ ဖယ်ရီတွေလည်း အလျှိုလျှိုထွက်ကုန်ပြီမို့ ကျောင်းပြင် Bus
ဆီကိုသာ ဖြည်းဖြည်းချင်း ဆက်လျှောက်ခဲ့ခြင်းပါ။ ကားဂိတ်မို့
ခြားသူကို လာစောင့်ခေါ်တာလည်း ဖြစ်မှာမို့ 'ဘုံ' က နေရာရွှေ့ရပ်
ပြင်လိုက်မိလေသည်။

"ရွှေဘုံစံ"

"ရှင်!"

"ကြည့်စမ်း! . . . မိဘုံအစစ်ပါပဲလား"

"ဘယ်သူ"

"ကိုယ် မှတ်သုံပါ"

"ဟင်!"

ညနေစောင်းအချိန်မှာပင် နေကာမျက်မှန်ဖြင့် ဟိတ်ဟန် ထုတ်နေပါသည့်လူကြောင့် ရယ်ပင်ရယ်ချင်မိသွားရပါသည်။ နေပါဦး စနေနေ့မှ လာမည်ဆိုပြီး ဘယ်လိုဖြစ်ပြီး ကြားရက်ညနေချိန်ကြီး ကျောင်းနားကို ရောက်လာရပါသလဲ။ အံ့ဩမိစဉ်မှာပင် သူက ကားထဲ မှဆင်းလာပြီး 'ဘုံ' အနီးမှာ လာရပ်လေ၏။ မဆိုးပါဘူး။ ရုပ်ရည်အရပ် အမောင်းက ယောက်ျားပီသမှုကို ပြနေသားပဲ။

"မှတ်မိလား"

"ဟင့်အင်း"

"ကောင်းကွာ၊ ကိုယ်တို့အလယ်တန်းအထိ တစ်ခန်းတည်း အတူတက်ခဲ့ပါတယ် ရွှေဘုံစံရယ်"

"တကယ်ကို မသိတာပါ"

"အင်းလေ . . . ဟုတ်မှာပေ့ါ။ မင်းလိုမိန်းကလေးက ဘယ်လို ကောင်လေးတွေကို သတိထားမိပါ့မလဲ။ တစ်ချိန်လုံး စာအုပ်ထဲ





ခေါင်းစိုက်နေပြီးတော့လေ"

ဒါက ချီးမွမ်းတာလား။ ဒါမှမဟုတ် ကဲ့ရဲ့တာလား။ 'ဘုံ' သေချာမသိပါ။ မကျေမနပ်ဖြစ်ပြီး ပြောဆိုတာကို 'ဦး' တစ်ယောက်ကို ... မြင်ပြီး သိခဲ့ရတာ မဟုတ်လား။ သူက မျက်မှန်တပ်ထားတာကို ...တ်ကိုင်ထားရင်း ဟန်များပြနေလေ၏။ ငွေရှိတာမှန်ပေမယ့် ဆောင့် ...ကြွားကြွားဟန်က အတော်လေးအမြင်ကပ်ဖွယ်ရာပါလေ။

"ကိုယ်နဲ့ လမ်းကြုံလိုက်ခဲ့လေ"

"မလိုက်ပါဘူး"

"ဘာလို့လဲ"

"ဘုံ့ကို လာကြိုမယ့်သူရှိတယ်"

သူက မယုံသည့်အမူအရာ တီးတိုးရယ်မောလိုက်လေ၏။ အင်းပေ့ါ ...လေ။ 'ဘုံ' ညာပြောလည်းအဝိုပါပဲ။ သက်ဆိုင်သူမရှိ၍သာ အခုလိုမျိုး ...ခံထောင်ဘက်ရှာပေးသည့်ကိစ္စက ရှိနေတာလေ။ စိတ်ကိုကပ်ထား ...ပေါ 'ဘုံ'။

မဟုတ်လျှင် ရှိစုမဲ့စုသိက္ခာလေး ပွန်းပဲ့တော့မှာပါပဲ။

"ယုံအောင်လည်း ပြောပါ ဘုံရယ်။ မဟုတ်တာတွေ"

"ရော် . . . ဘုံက ရှင့်ကို ဘာကိစ္စ ညာရမှာလဲ။ Taxi ...မှာထားလို့ပြောလိုက်တာပါ"

"Taxi ကိုပြန်လွှတ်လိုက်ပေါ့"

"ဘယ်ဖြစ်ပါ့မလဲ"

"ကျွစ်! မင်း Taxi က ကိုယ့်လောက်အရေးပါလို့လား ဘုံ"

လေသံထဲမှာ မာနက အထင်းသားပါပဲလား။ ဘယ်လောက်များ ချစ်သောပြီး ငွေပေါနေလို့ပါပဲ 'မှတ်သုံ'။ ငယ်သူငယ်ချင်းဆိုသည့် အရှိန်ဖြင့် ရင်းနှီးချင်တာကို အပြစ်မဆိုချင်သော်ငြား 'ဘုံ' ကို ဤသို့ အမိန့်ဆန်ဆန် ပြောဆိုတာမျိုးကို လက်သင့်မခံနိုင်ပါ။ ပြီးတော့ သူနှင့် 'ဘုံ' က ရွယ်တူအသက်တူ မဟုတ်လား။

"ပါတာပေါ့"

"ဘာ"

"ဘုံက ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်နေတဲ့သူမဟုတ်တော့ Taxi ကိုပဲ အားကိုးနေရတာလေ။ အဲဒါကို အရေးမပါဘူးပြောလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဒါပေမဲ့ အခုတော့ ကိုယ်ဝင်ကြိုတာမို့ ပြောရမှာပဲ"

"လွဲနေပြီ မှတ်သုံ"

"ဘာကိုလဲ"

"ဘုံက ကြိုရာကားကို တက်စီးတတ်တဲ့သူ မဟုတ်လို့ပါ"





"ဘာပြောတယ်"

"ငယ်ငယ်တုန်းက အတန်းဖော်သူငယ်ချင်းကို မမှတ်မိတဲ့ ...တွက်တော့ sorry ပါ။ ဒါပေမဲ့ ရှင့်ကို အခုမှတ်ထားလိုက်ပါ့မယ် ...တ်ပြီလား"

"ဒါက ဘာသဘောလဲ"

"ပြေပြေလည်လည် ပြောတာလေ"

သူမျက်နှာရဲသွားလေ၏။ ထင်သားပဲ။ 'မှတ်သုံ' က သဘော ...သားဆို့ မာနကြီးသလို 'ဘုံ' ကို အထင်သေးနေသလိုပါလေ။ ခန္ဓာ ...ယ် ခပ်ပါးပါး၊ ဆံပင်ရှည်ကျစ်ဆံမြီးကျစ်၊ မျက်မှန်အထူ ခပ်ပိန်ပိန်ဆို့ ...ကို မိန်းမလှလေးမဟုတ်သလို နှိမ်ချင်တာမှန်း 'ဘုံ' သိနေတာပါ။ ...ဆိုတာ အထင်မကြီးလျှင်တောင်မှ အထင်မသေးတတ်ရမှာ မဟုတ် ...လား။

'ဦး' ရယ် . . . လာမကြိုဖို့ ပြောထားမိတာကြောင့် မလာ ...တာ့မှန်းသိပေမယ့် ဒီတစ်ရက်ကိုတော့ အခုပဲ ကြိုစေချင်တာ ဘာ ...ကြောင့်ပါလိမ့်။ အရေးကြုံလာမှ ဒီလူကြီးက သတိရမိတာကြောင့် ...လျှင်ဖြင့် ရယ်တော့မှာလေ။ သို့သော် သိပ်မရင်းနှီးတဲ့လူထက် ...င်လက်စရှိ နေပါသည့်သူ့ကိုတော့ ယုံကြည်ရမှာအမှန်ပါ။

"ဒါက ပြေလည်တာလား ဘုံ"

"ဟုတ်တယ်လေ၊ ဒီလိုမပြောလို့ ဘုံက ဘယ်လိုပြောရမှာလဲ"

"ဘာ"

"သူဝယ်ချင်း ဆိုပေမယ့် အခုမှတွေ့ရတာ သူစိမ်းပါပဲ မှတ်သုံ"

"အနိကယ်နဲ့ကိုယ်က ဆရာတပည့်ပါ ဘုံ။ လူကြီးချင်းလည်း မိတ်ဆွေအဖြစ် ခင်မင်ခဲ့ကြတာပါ။ ဒါကိုမှ မသိတဲ့ သူစိမ်းလို့ ထင်နေတာလား"

"အင်းလေ၊ ဖေဖေတို့အနေနဲ့ မစိမ်းသက်ပေမယ့် ဘုံ့အတွက်တော့ ရှင်က သူစိမ်းပဲ မဟုတ်လား။ ဖေဖေ့နာမည်ကို ရှေ့ကပြောပြီး ဘုံ့ကိုခေါ်တာနဲ့ ယုံရမှာလား မှတ်သုံ။ ဒီခေတ်ကြီးမှာ ဘယ်သူမဆို လွယ်လင့်တကူ ယုံသင့်တာမှ မဟုတ်ပဲဟာ"

သူ့မျက်နှာအတော်တင်းသွားလေ၏။ 'ဘုံ' က အခြေအနေအမှန်အတိုင်းပြောပြတာပါ။ သူ့ကိုမယုံသင်္ကာမျိုး မဟုတ်ပေမယ့် မျက်နှာမစိမ်းဘဲ မကြာခဏ စီးဖြစ်တတ်သည့် Taxi driver တွေကိုတော့ မစိမ်းတော့တာအမှန်ပါ။ မိန်းကလေးတစ်ယောက်တည်း ဖြစ်နေတာကြောင့် လမ်းမှာ လမ်းကြုံစီးတတ်ပါသည့် မိန်းမဖော်တွေ တစ်ယောက်နှစ်ယောက်ကိုပါ ခေါ်တင်ပေးတတ်တာ မဟုတ်လား။





ဘယ်နေရာမဆို safe မဖြစ်တာမှန်ပေမယ့် ဉာဏ်နှင့်သတိကိုတော့ အမြဲယှဉ်တွဲတတ်ရမှာ မဟုတ်လား။

"ကိုယ်က မယုံသင့်တဲ့လူလား"

"ဒါတော့ ရှင် စဉ်းစားတတ်မှာပေါ့"

"ဒီမှာ ရွှေဘုံစံ၊ ကိုယ်က မင်းကို တမင်တကာနဲ့ လမ်းကြုံတယ်ဆိုပြီး ဝင်ခေါ်နေတာမဟုတ်ဘူး။ မင်းအထင်မမှားပါနဲ့။ Saturday မှာ တကူးတကကြီး ဆုံတွေ့ရင် တစ်မျိုးဖြစ်နေမှာမို့ ဒီလို ညနေခင်းမှာ တွေ့မိရုံပါ။ မင်းတွေ့ဖူးတဲ့လူတွေနဲ့ ကိုယ့်ကို တစ်တန်းစားတည်း မြင်နေတာတော့ မဟုတ်သေးဘူး"

"ဘုံက ရှင့်ကို တစ်မျိုးမြင်တာမဟုတ်ပါဘူး မှတ်သုံ။ ရင်ထဲရှိတဲ့အတိုင်း ရှင်းရှင်းဘွင်းဘွင်း ပြောကျင့်ရှိနေတာကြောင့်ပါ။ ပြီးတော့ ဖေဖေတို့ စီစဉ်ပေးတိုင်း ဘုံ သွားတွေ့ခဲ့ရသမျှ လူကြီးလူကောင်းသားသမီးတွေချည်းပါ။ ဒီလိုမျိုး လမ်းပေါ်မှာ တွေ့တာမဟုတ်ဘဲ ကော်ဖီဆိုင်မှာ ဣန္ဒြေရရနဲ့စကားပြောကြတာကို အထင်သေးစရာမလို ဘူးထင်တာပဲ"

"ဒါပေမဲ့ မင်းလေသံထဲမှာ ကိုယ့်အပေါ်မလိုလားဟန်ကပေါ်နေသလိုပဲ ဘုံ။ ကိုယ်လိုလူကို Welcome လုပ်နေတဲ့ မိန်းမချောလေးတွေမှ တစ်ပုံကြီး အများကြီးဆိုတာကို မင်း မမေ့သင့်ဘူး"

ယွဲ့ယွဲ့မျှ ပြုံးမိလေ၏။ ငွေရွှင်လို့လာကပ်ကြတာကို အဟုတ် ထင်နေပုံပါပဲ။ 'ဘုံ' ကလည်း ကိုယ့်ကို တန်ဖိုးမထားဘဲ မြှားမွှေမျက် များချင်သည့်ယောကျာ်းမျိုးဆို လှည့်မကြည့်ဘဲ ရှုံ့တတ်တာပါသေ 'ဘုံ' ကိုများ အထင်တသေးနဲ့ လာတွေ့တာလား။ ဆရာဝန်မဖြစ်သေ တာမို့ 'ဘုံ' က ဘယ်ယောကျာ်းလေးတွေနဲ့မှ မတွေ့ချင်ပါ။

သို့သော် မိဘတွေရဲ့လျှို့ဝှက်ချက်မို့ ဒီလိုမျိုး အလိုက် တသင့်ဖြင့် တွေ့ခဲ့တာက လေးငါးခြောက်ယောက်ကျော်နှင့် တွေ့ခဲ့ တာ မဟုတ်ပါလား။

"ဒါဆိုလည်း အဲဒီ PK လိုမိန်းကလေးတွေနဲ့ပဲ သွားတွေ့ ပေါ့ မုတ်သုံ။ ဘုံက သူတို့လို မိန်းမလှလေးမှ မဟုတ်ဘဲ။ စာတစ် တည်းကိုသာ နှစ်သက်တာမို့ ဘယ်ယောကျာ်းတွေကိုမှ စိတ်ဝင်စားတာ မျိုး မရှိခဲ့တာပါ"

"ဒါဖြင့် မင်းတွေ့ခဲ့တဲ့လူတွေက ဘာလဲ"

"ဒါကတော့ ဘုံ့မိဘတွေကြောင့် တွေ့ခဲ့ရတာ မုတ်သုံ"

"ဘာ"

"စိတ်မဝင်စားတာ မှန်ပေမယ့် တာဝန်အရ တွေ့ဖြစ်တာ ရှင်ရောပဲ မဟုတ်လား"

ကဲ! . . . မုတ်ပေတော့။ လူကို အထင်သေးပြီး လာတွေ့





တာမို့ 'ဘုံ' လည်း ပြောမိလေပြီ။ မပြောမိအောင် အတတ်နိုင်ဆုံး ထိန်းထား တာမှန်ပေမယ့် ဒင်း (သင်း) ပုံစံက အချိုးသိပ်မပြေတာမို့ အမြင်ကပ်ပြီး ပြောလိုက်မိတာပါ။ စိတ်ဆိုးလည်း မတတ်နိုင်တော့ဘူး မုတ်သုံ'။ တစ်ခါမြင်တာနဲ့ မျက်မုန်းကျိုးသွားပါက နောက်ထပ် ဆက်တွေ့ဖို့ မလိုအပ်တော့တာလေ။

"မင်းက ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးနေသလိုပါပဲလား ရွှေဘုံစံ"

"မျက်လုံးစိမ်းနဲ့ကြည့်မှတော့ စိမ်းစိမ်းကြီးမြင်တာ မဆန်းပါ ဘူး မုတ်သုံ။ တကယ်စစ်မှန်တဲ့ မေတ္တာကိုသာ လိုချင်ရင် ချစ်တဲ့ မျက်စိနဲ့ ကြည့်တတ်ရတယ်ရှင့်"

"ဘာရယ်"

"ဘုံကတော့ ရုပ်လှလှ မလှလှ အယုတ်အလှအမြတ်မရွေး ကိုယ့်လူနာမှန်သမျှ ရောဂါပျောက်အောင် ကုသပေးရမှာမို့ လူတိုင်းကို အရေးထားရှေ့ထားပြီး ကြည့်တတ်ရတယ်။ ငွေပုံပေးမှ ဆေးကုပေးမယ့် ဆရာဝန်မျိုးထက် မုဒိတာနဲ့ ကုပေးနိုင်တဲ့ ဆရာဝန်မျိုးဖြစ်အောင် လည်း ကိုယ့်ကိုယ်ကိုယ် သင်ပေးရင်းစိတ်ကို ပြင်ဆင်ပေးနေရလို့ အကျိုးမရှိတဲ့ကိစ္စတွေကို ရှေ့တန်းမတင် ဖြစ်တာပါ"

"ကိုယ့်ကို တစ်ခါတည်းနဲ့ ငြင်းလွှတ်လိုက်တာပေါ့လေ"

"ဒါတော့ မပြောတတ်ဘူးလေ။ ပညာတတ်တဲ့ လူမှုရေး
ချင့်ချိန်ကြည့်ပေါ့"

"ရွှေဘုံစံ ... မင်း တောက်!"

"တီ တီ!"

'ဘုံ' တို့အနီးမှာရပ်လိုက်ပါသည့်ကားကြောင့် ရင်ထဲမှာ
ထိတ်လန့်သွားသလို ဝမ်းသာသွားရတာအမှန်ပါ။ ဆုတောင်းမိပေမယ့်
မဖြစ်နိုင်မှန်းသိပါသည့် မရဲတရဲစိတ်ဆုက ရုတ်တရက်ပြည့်ရပါသလား
ကားပေါ်မှ ကိုယ်တိုင်ဆင်းလိုက်ပါသည့် 'ဦး' ကြောင့် မျက်နှာထက်မှ
အပြုံးက ဖုံးမရတော့ပါချေ။

"ဘုံ"

"ဦး! အစောကြီးလာကြိုတယ်၊ ဟုတ်လား"

"အင်း ... ဒီရက်ပိုင်း အလုပ်ပါးတာနဲ့ပဲ"

"ဒါဆို ပြန်ကြမယ်လေ။ ဘုံ ဗိုက်အရမ်းဆာနေပြီ။ လမ်းမှာ
တစ်ခုခု ဝယ်ကျွေးရမယ်နော်"

သူ့လက်မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင်လျက် ပြောမိ၍
'မှတ်သုံ' ၏ မျက်ဝန်းတို့က ရဲရဲနီသွားလေတော့သည်။

❁





## (၁၃)

ညစာထမင်းဝိုင်းက ထုံးစံအတိုင်း တိတ်ဆိတ်နေလေ၏။
...သုံးသဖြင့် အမြိတစေတစ်ယောက်တည်း စားပွဲမှာ ပြင်ထားပေးပြီး
...ရတာက သူပဲမဟုတ်ပါလား။ မေမေက ညနေစာစောစောစားခဲ့
...မယ့် သူ ထမင်းစားလျှင်တော့ ခဏမျှ လာကြည့်တတ်လေသည်။

"ကားက ဘယ်တော့လောက်ရမှာတဲ့လဲ"

"နှစ်ပတ်လောက်ကြာရင် လာပို့မှာပါ မေမေ"

"Driver ရှာပေးရင် ကောင်းမလား"

"ဘယ်သူ့အတွက်လဲ"

"သမီးလေးဘုံအတွက်ပေါ့"

"အဟွတ်! အဟွတ်!"

"ဒါက ဘာဖြစ်တာလဲ"

ဖုဒ္ဓေါ! ဘယ်လိုဖြစ်ပြီး မေမေက သူမအတွက်များ စဉ်းစား
ပေးနေတာပါလိမ့်။ ထင်မထားသည့်ကိစ္စကြောင့် ထမင်းစားနေရာ
ထမင်းသည်းလေတော့၏။ နေ့စဉ် သူ့ကားဖြင့် ကြိုပို့လုပ်ပေးနေ
လျက် မကျေနပ်သလို ဖြစ်လာပြန်တာများလား။ ဟိုကလေးမကလည်း
ဒီညနေမှ ဘာစိတ်ကူးပေါက်ပြီး သူ့ကို အပြုံးချိုချိုလေးဖြင့် လက်နှုတ်
တာမျိုးတွေ အထူးတဆန်းလုပ်ရတာပါလိမ့်နော်။

"မေမေက ဖေဖေ့ကားကို သူ့ပေးစီးမလို့လား"

"အေး"

"သူ့အဖေရှာပေးမှာပေါ့ မေမေရယ်။ ကားအသစ်ဝယ်
တာမှ စိတ်ချရမှာ။ ပြီးတော့ ဘုံက မျက်စိအားနည်းတဲ့သူမို့ ကား
ကိုယ်တိုင်မောင်းဖို့တောင် ခွင့်ပြုမယ်မထင်ဘူး"

"ဘုန်းပြည့်စုံ"

"ဗျာ"

"အမြဲတစေ အဖျက်ပြောရမှ မင်း စားဝင်အိပ်ပျော်သလား"

"အဲဒီလိုမဟုတ်ပါဘူး မေမေရယ်။ ကျွန်တော်က





အကြောင်းသိလို့ ပြောတာပါ။ သူသာ ကားမောင်းတတ်ရင် သူ့အဖေ
အစောကြီးကတည်းက ဝယ်ပေးထားမှာပေါ့။ သမီးငယ်ငယ်လေး
ကို ဘယ်မိဘက စိတ်ချပြီး driver နဲ့လွှတ်ပေးမှာလဲ"

"ဟဲ့!"

စားလက်စထမင်းက အရသာပျက်ပြီး စားမဝင်တော့ပါလေ။
သောက်တာကိုသာ အပြီးသတ်လုပ်ပြီး ထိုင်ခုံမှ ထရပ်လိုက်ပါ၏။
မေက သူ့ရှေ့မှာ ခုံယူထိုင်နေရင်း မထသေးပါချေ။ ဘာလဲ စကား
ဆက်ပြောချင်၍ ထိုင်နေသေးတာများလား။ အနီးသို့ရောက်လာပါ
သည့် ဒေါ်စိန်ကိုပင် စားပွဲသိမ်းရန် လက်ဟန်ဖြင့်ပြလိုက်ရပါသည်။

"ဘုန်းပြည့်စုံ"

"ဘာပြောချင်သေးလို့လဲ မေမေ"

"စောကလျာနဲ့ တွေ့ဖို့ရော စိတ်ရှိသေးရဲ့လား"

"ဗျာ!"

"အိမ်ကိုလာမတွေ့ချင်ဘူးဆိုလို့ အပြင်မှာ ချိန်းခိုင်းထားတာ
ညီ phone မဆက်ရသေးဘူး မဟုတ်လား"

"အဲဒါက"

"ပေးထားတဲ့တာဝန်ကို မကျေပွန်ဘဲနဲ့ ဘာမဟုတ်တာတွေ
လျှောက်လုပ်ချင်နေတာလဲ"

"ကျွန်တော် ဘာများလုပ်မိလို့လဲ မေမေ"

"အဲဒါ မင်းကိုယ်မင်းသိပေါ့"

လာပြန်ပြီ ဒီစကား။ မေမေနှင့်သူ စကားပြောအဆင်မ
ဖြစ်ရတာက အလုပ်ကိစ္စမဟုတ်ပါဘဲ ဒီလိုအမျိုးသမီးတွေရဲ့ကိစ္စ
ပြဿနာဖြစ်နေရတာလေ။ အခုလည်း ဟိုရှေ့နေမလေးကို တွေ့
သူတကယ့်မေ့လျော့နေမိတာက အပြစ်ဖြစ်ချေပြီ။ ဘာမဆို
အလုပ်ဖယားကို သေချာဆွဲထားပါလျက် အဲဒီ 'စောကလျာ'
ဘာကြောင့်များ နာမည်မရေးထားမိပါလိမ့်။

"Sorry ပါမေမေ။ ကျွန်တော် တကယ့်ကိုမေ့နေမိတာ"

"အဲဒီလောက် အလေးထားတာပါပဲလား ငါ့သားရယ်"

"ကျွန်တော် မတွေ့ချင်ဘူး မေမေ"

"ဘာပြောတယ်"

"အချိန်ကုန်ခံပြီး တွေ့ရလို့ စိတ်အတော်ပျက်နေပြီ"

"ဩော် ဒါဖြင့် သမီးဘုံကို ကြိုဖို့လုပ်ပေးတာက အ
မကုန်ဘူးပေါ့လေ။ အဲဒီသဘောလား"

"မေမေ"

"အိမ်နီးချင်းဖြစ်တာရော မေမေ့ကိုလာကြည့်ပေး
ဆရာဝန်လောင်းမို့ ကူညီပေးတာကို မေမေလည်းသိပါတယ်။ ဒါ





ာ်ရုံသင့်ရုံပဲ ကောင်းတယ်သား"

"မေမေ ဘာကိုဆိုလိုတာလဲ"

"မျက်နှာပူစရာတွေဖြစ်လာမှာစိုးလို့ ကြိုပြောရတာပဲ"

"မျက်နှာပူရမှာ"

"ဟုတ်တယ်"

"ဘာကို မျက်နှာပူရမှာလဲ။ ကျွန်တော် နားမလည်ဘူး
"

"သင့်တော်တဲ့ရွယ်တူမဟုတ်ဘဲ စိတ်ဝင်စားမိရင် မင်းပဲ
ရမယ် သား"

"ဗျာ!"

"အနေနီးတိုင်း စိတ်လှုပ်ရှားတတ်တာသဘာဝမို့ သတိပေးရ
သမီးက သွက်လက်ထက်မြက်တဲ့ မိန်းကလေးမို့ ရွယ်တူ
င်ဆလးတွေထဲကပဲ သူ့ဖူးစာဘက်ကို ရွေးမှာအမှန်ပဲ ဘုန်းပြည့်စုံ။
သား ဒီအရွယ်ရောက်မှ ရင်ကွဲပက်လက်နဲ့ အသည်းကွဲခံစားရ
တော့ မေမေ မဖြစ်စေချင်ဘူး"

ဘုရားရေ! သူ ယောင်လို့မတွေးမိသည့်အတွေးမျိုးကိုမှ
က တွေးမိတာတဲ့လား။ တူမအရွယ်လေး၊ ညီမအငယ်လေးလို
သူက ကြည့်ဖြစ်ခဲ့တာပါ။ မေမေ ကူညီနိုင်း၍ သူ ကူညီပေးတာ

ကိုမှ အပြစ်မြင်ရတာယ်လို့။ နောက်ထပ် သူ့အတွက် ရှာပေးနေပါသည်
သတို့သမီးလောင်းတွေကို မတွေ့ချင်ပါဟု ပြောမိခါမှ ဒီလိုကိ
ဖြစ်လာပါရောလား 'ရွှေဘုံစံ' ရယ်။

"ဘုံ့အပေါ်မှာ ကျွန်တော် ဖြူစင်စိတ်နဲ့ပဲ ကူညီပေးတာပ
မေမေ။ ဒီလိုကူညီဖို့အတွက် မေမေပဲ နိုင်းတာမဟုတ်လား"

"တစ်ကြိမ်တစ်ခါဆိုတာက ကိစ္စမရှိပါဘူး ဘုန်းပြည့်ရဲ့။ အ
တမ်းဆိုပြီး ရက်ရှည်လရှည် ရှိလာရင်တော့ မင်းအတွက် တကယ်
အန္တရာယ်ကြီးဖြစ်လာမှာကို သား ကြိုမြင်တတ်ရမှာပေါ့"

"ဘုံက သွက်လက်ထက်မြက်တာမှန်ပေမယ့် ကလက်တာ
တက် မိန်းကလေးမျိုး မဟုတ်ပါဘူး မေမေ။ သူ့ဣန္ဒြေနဲ့သူ အေးအေး
ဆေးဆေး နေတတ်တဲ့ မိန်းကလေးပါ"

"အေးလေ၊ ဒါလည်း မေမေသိသားပဲ။ ဘယ်လိုဖြစ်ပြီး
ချိုးမွမ်းခန်းဖွင့်နေရတာလဲ"

"မေမေက ကျွန်တော်နဲ့ဘုံ့ကို အထင်လွဲနေတာလေ"

"ဖြစ်လာမှာစိုးလို့ ကြိုပြီး တားနေတာပါ သားရယ်"

"ကျွန်တော်က ကလေးမှမဟုတ်တော့တာ မေမေရယ်
သင့်မသင့်ဆိုတာကို နားလည်တဲ့အရွယ်ပါ။ နှလုံးသားနဲ့ ရူးရူးမိုက်မိုက်
ဆုံးဖြတ်ရအောင် ဆယ်ကျော်သက်လည်းမဟုတ်တော့ဘူး။ ဘာမ





နောက်သုံးတတ်တဲ့ ကျွန်တော့်လိုလူအတွက် ရွှေဘုံစံကို မေမေ
သလို စိတ်ကူးမျိုး တစ်စက်မှမရှိပါဘူး"

"စကားကို အကုန်မပြောနဲ့သား"

"ကျွန်တော်က စိတ်ကူးယဉ်တတ်တဲ့လူမှ မဟုတ်တာမေမေ။
တွေ့ကျကျနဲ့ စီးပွားရေးကို ဦးဆောင်နေတဲ့သူပါ။ မေမေ အခုလို
တာ အရမ်းအံ့ဩမိတယ်။ ဒီအိမ်ကို သူဝင်ခွင့်ရခဲ့တာ မေမေ့
င့်ပါ။ သူ့ ကျွန်တော့်ကားကို စီးခွင့်ရတာလည်း မေမေပြောလို့
အိမ်နီးချင်းနဲ့သင့်မြတ်အောင် နေပါဆိုလို့လည်း အလိုက်သင့်
တော်နေပေးပါလျက်နဲ့ အခုတစ်ခါ မနီးစပ်စေချင်ဘူးဆိုပြီး ပြော
က ဘာသဘောလဲ။ ရွှေဘုံစံက ကလေးအရွယ်ပါ မေမေ။ မေမေ့
ည့်ထဲမှာ သူနဲ့ကျွန်တော့်ကို ဖိုနဲ့မဆိုပြီး ပိုင်းခြားမြင်နေပေမယ့်
တော်တို့က အရှင်းကြီးပါ။ ကျွန်တော်လည်း ခုထိ မေမေနိုင်းတဲ့
တိုင်း သတို့သမီးလောင်းတွေကို တွေ့ပေးနေတာပဲ။ ဒီလိုပဲ
ည်း သူမိတတွေ ညွှန်ကြားတဲ့အတိုင်း သတို့သားလောင်းတွေနဲ့
နေတဲ့သမီးအလိမ္မာလေးပါ။ မလိုအပ်ဘဲ အပိုအလုပ်တွေကို
တော် ဘယ်တုန်းကလုပ်ခဲ့လို့လဲ။ စိုးရိမ်လို့ ကြိုတင်တားမြစ်တဲ့
စေတနာကို ကျွန်တော် အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ အခုလို
င်မြင်သေးခံရတာကိုတော့ ဝမ်းနည်းမိတာအမှန်ပဲ။ ဘုန်းပြည့်စုံကို

လူကြီးလူကောင်းလို့ သူစိမ်းတွေက မြင်ပေးနိုင်ပေမယ့် မေမေ မမြင် တတ်တာကိုတော့ စိတ်မကောင်းပါဘူး''

''သား''

''ကျွန်တော် ပင်ပန်းလို့ နားချင်ပြီမေမေ။ စောကလျှာကို သေချာသွားတွေ့လိုက်ပါ့မယ်''

ထမင်းစားခန်းထဲမှ ထွက်ခဲ့ပြီးနောက် အပေါ်ထပ်သို့ ဆက်၍ တက်လာခဲ့ပါ၏။ မေမေ့ကို စိတ်ဆိုးမိတာ မဟုတ်ပါ။ သို့သော် စိတ်မကောင်းဖြစ်တာကတော့ အမှန်ပါပဲ။ ရင်ထဲမှာ တကယ့်ကို တစ်မျိုးကြီးဖြစ်ပြီး တင်းကြပ်နေတာအမှန်ပါ။ အိပ်ခန်းထဲ မဝင်သေးဘဲ လသာဆောင်ဘက်သို့ လေသန့်သန့် တစ်ဝကြီးရှူရန် ထွက်ခဲ့မိလေသည်။

အသည်းကွဲမှာစိုးလို့ပါ။ ရင်ကွဲပက်လက်ဖြစ်မှာစိုးလို့တဲ့လား။ မီးဆိုတဲ့သဘောမျိုးနဲ့ ကြုံမတွေ့အောင် တားတာပေါ့မေမေ။ အချစ်ဆိုတဲ့ ရင်ခုန်ခြင်းကို တစ်ကြိမ်တစ်ခါလေးတောင် ရှာဖွေတွေ့ရှိဖို့ စိတ်မကူးခဲ့တဲ့ကောင်ပါ။ ဒီအရွယ်ကြီးရောက်မှ အသက် (၂၀) ကျော် ကောင်မလေးကို ရူးသွပ်စရာလား။

ကောင်းပြီလေ။ မနီးစေချင်ရင် မဝေးဝေးအောင် ခပ်ဝေးဝေး နေရုံပေါ့။ မကပ်စေချင်ရင် မတွေ့အောင် မမြင်အောင် ခပ်ခွာခွာရှောင်





းပါပဲ။ လွယ်လွယ်လေးပါ။ ဘာများ ခက်ခဲလို့လဲ။ အသက်ကွာတာ 'ရွှေဘုံစံ' နှင့်သူ့ကိုမှ မေမေက သဘောမတူချင်ဘူးတဲ့လား။

သူ မဲ့ပြုံးလိုက်မိစဉ် ရင်ထဲမှ ဒိတ်ခနဲ အောင့်သွားရလေ၏။ ဒ်! နောက်တစ်ခါ ထပ်ဖြစ်ပြန်ပြီလား။ ဒီလိုနာကျင်ခြင်းက အသက် ရလာတာနှင့်ပဲ မကြာခဏ ဖြစ်လာပြီလား။ ဘုရားရေ! သူတော့ းရောဂါဖြစ်ပြီထင်ပါရဲ့။ မေမေတောင် ရောဂါကြီးကြီးမဖြစ်သေး ကို ဘယ်လိုဖြစ်ပြီး ဒီနှလုံးက နာကျင်အောင့်လာရပါသလဲ။

ဘယ်လိုလဲ 'ဘုန်းပြည့်စုံ'။ ဒီမိန်းကလေးနဲ့မတွေ့ပါဘဲ ရှောင် ့်အတွက် ခဏတာလေး စဉ်းစားမိရုံနဲ့ ဤမျှ ခံစားတတ်နေပြီလား။ င်ရင်းနှီးသည့်ကာလကဖြင့် တစ်နှစ်တောင် မရှိသေးပါဘဲ 'ရွှေဘုံ ' သူ့အတွက် ဘာများပါလဲ။

သူမကို စိတ်ချမ်းသာစေချင်တာ၊ သူမ စိတ်လေးကြည်လင် ့စေချင်တာ၊ သူမ၏ရုပ်ရည်သွင်ပြင်လေး ယခုထက် ပိုကြည့် င်းစေချင်တာ၊ အများအမြင်မှာ တင့်တယ်ချောမောလှန်းပါသည့် ့်သမီးလေးအဖြစ် ထင်ပေးစေချင်တာက ရင်ထဲမှ စေတနာ းခံဆိုတာကို ဘယ်သူမှ မယုံချင်ကြဘူးလား။

ဒါဖြင့် 'ဘုံ' ကရော။ သူ့ကို ဘာလို့မစိမ်းတော့ပါပဲ အနီးကပ် ့်ခဲ့တာပါလိမ့်။ 'ဦး' တဲ့။ ကြည်ကြည်လင်လင်လေး အသံမဟုတ်

ပါဘဲ အဲဒီညြရှရှလေသံပြတ်ကလေးကိုက နားဝင်ချိုစေတာပါလေ။ ကိုယ်တို့ရဲ့ရေစက်က ဒီထိပဲပါလာတာထင်ပါရဲ့ 'ဘို'။

ဒီထက်ပိုမနီးကပ်ခင်၊ ဒီထက်ပိုမပတ်သက်၊ ဒီထက်ပိုရင်ခုန်သံ မမြန်ခင်မှာပဲ ကိုယ်တို့အသိစိတ်နဲ့ ခပ်ကင်းကင်းနေကြပါစို့၊ ဒါဆိုဖြစ်တယ် မဟုတ်ဘူလား။ အများအမြင်မှာ ဦးလေးကြီးအရွယ်ဆိုပြီး မြင်ကြမှာမို့ မင်းလည်း ကိုယ့်ကို ဦးလေးတစ်ယောက်လို ရိုးသားစွာ ခင်တွယ်ကာလည်း ဖြစ်ကောင်းဖြစ်နိုင်တာလေ။

ရင်ထဲမှာ မပေါ့သွားပါလား။ သက်ပြင်းရှည်ကြီး ရှိုက်ထုတ်လျက် ရင်မောခြင်းတွေနှင့်သာ ရင်ထဲပြည့်သိပ်မွန်းကြပ်နေတာက ဘာရောဂါပါလိမ့်။ မေမေ့ကို နေ့စဉ်လာကြည့်ပေးသလို ကိုယ့်ရင်ဘတ်ကိုလည်း နားကျပ်လေးနဲ့ ထောက်ကြည့်ပေးပါဦး။ ပုံမှန်မဟုတ်ဘဲ ဖုတ်လိုက် ဖုတ်လိုက်နဲ့ အားယူပြီး ခုန်နေရပါသည့် နှာမကျန်းနှလုံးသားကို မြင်စမ်းမိသွားမှာ အသေအချာပါ။

"ရွှေဘိုစံ"

တကယ့်အမည်နှင့်လိုက်ဖက်အောင် ရွှေဘိုရွှေနန်းမှာ စံမြန်းခွင့်ပေးချင်တာ အမှန်ပါ။ သို့သော် မိဘတွေ၏ အတင်းအကျပ် စီမံပေးပြီး နှာခံပြုမှုရသည့် အိမ်ထောင်ဘက် သူမနှလုံးသားမှ အသိအမှတ်ပြုခေါင်းညိတ်ပြီး လက်ခံသည့် အိမ်ထောင်ဘက်နှင့်သာ လက်





ဆက်စေချင်တာပါလေ။

မင်းရဲ့အပြုံးတွေ ပြည့်လျှံနေတဲ့ မနက်ခင်းတိုင်းကသာ လောကကို အလှဆင်ပြည့်စုံသွားစေမှာပါ။ စိတ်ကူးဆိုတာက လက်တွေ့လို အရာမရောက်ပေမယ့် တတ်နိုင်သလောက် ကူညီပံ့ပိုးပေးချင်တဲ့ အရင်းခံစေတနာကို မြင်လှည့်ပါလား။ တစ်ချိန်ချိန် လျှောက်လှမ်းရမယ့် အနာဂတ်လမ်းမှာ ဒီပန်းပွင့်လေးကို လှပစေဖို့ ဆေးရောင်ခြယ်ပေးသူရဲ့ နောက်ကွယ်မှ သံယောဇဉ်ကို မေ့ဖျောက်ခဲ့ရင်တောင်မှ ကိုယ်က ကျေနပ်နေမှာပါ 'ဘို'။

(၁၄)

"ဘယ်သူ"

"Boss နဲ့တွေ့ချင်လို့တဲ့။ ဟိုဘက်ခြံက မလေးရဲ့မိဘတွေပါ"

ညက အတော်ညဉ့်နက်မှ အိပ်ပျော်သည်မို့ မနက်နေမြင့်မှ နိုးလာရပါ၏။ အချိန် (၉) နာရီခွဲကျော် (၁၀) နာရီထိုးခါနီးမို့ ညှိသည် လာချိန်က ပုံမှန်ပါပဲ။ 'ထက်မြက်' ၏ 'မလေး' ခေါ်သံက ရင်ထိတ်သွားစေပြီး ရေချိုးပြီးခါစ အဝတ်လဲတာကို မြန်မြန်သွက်သွက်လုပ်လိုက်ရပါသည်။ ဘာကိစ္စများပြောချင်လို့ ရောက်လာရတာပါလိမ့်။





"အဲဒါကိုပဲပြောနေတာပါ အန်တီရယ်။ ခက်တာက ဒီမှာ ကားလမ်းတွေရှုပ်ပြီး မကြာခဏ accident တွေဖြစ်လို့ အဖေဖြစ်သူက မောင်းရဲတာနဲ့ ကားမဝယ်ဖြစ်တာ။ သမီးကလည်း မျက်စိအားနည်း တော့ ကိုယ်တိုင်ကားမောင်းမှာကို စိတ်မချဘူးတဲ့လေ"

"ကျွန်တော်လည်း သမီးကိုပြောထားပါတယ်။ ဆရာဝန်ဖြစ် ပြဲ ဝယ်ပေးဖို့ စဉ်းစားပေးမယ်လို့"

"ဟုတ်တာပေါ့"

လှေကားမှဆင်းလာစဉ် ညှိခန်းဆက်တီမှာ စကားလက်ဆုံ နေပါသည့် လူကြီးသုံးဦးကို မြင်နေရပါ၏။ မျှော်လင့်ထားသလို မကိုဖြင့် မတွေ့ရပါလေ။ ဒါဖြင့် မပါလာဘူးပေါ့။ သူမ မိဘတွေက တို့အိမ်နှင့် ဘယ်လောက်ထိ ရင်းနှီးမှုရှိလို့ ဒီအတိုင်းလွှတ်ပြီး လာနိုင်း ပါသလဲ။

"ဟော ... သားလာပြီ ဒီမှာလေ သမီးလေးရဲ့မိဘတွေ"

"ဟုတ်ကဲ့၊ ကျွန်တော် ဘုန်းပြည့်စုံပါ"

"ကျွန်တော်က ဦးမင်းစံပါ။ ကျွန်တော့်ဇနီးနဲ့တော့ သိပြီးသား င်ပါတယ်"

"ဟုတ်ကဲ့ ... အစ်မကြီးနဲ့က ခင်မင်ပြီးသားပါ။ ဒါနဲ့ ဘာကိစ္စ ား ရှိလို့ပါလဲ ခင်ဗျာ"

"ဩော် . . . ဟိုတစ်လောက ကိုပြည့်စုံကို ကျွန်မပြောခဲ့ပါတယ်။ သမီးအဖေ ပြန်လာရင်ဆိုပြီးတော့လေ"

"ဩော် . . . ဟုတ်ကဲ့၊ ဘဏ်မှာ ငွေစုချင်တာများလား"

"ဟုတ်ပါတယ်"

"ငွေစုတာထက် စီးပွားဖြစ်မယ့်ကိစ္စမျိုးလည်း သိချင်လို့ပါ ကိုပြည့်စုံ"

"ကျွန်တော်က အစ်ကိုနဲ့အစ်မထက် (၁၀) နှစ်ကျော်ငယ်ပါတယ်။ တလေးတစားကြီး မပြောပါနဲ့လား"

"ဟုတ်သားပဲ"

တီးတိုးရယ်လိုက်ပေမယ့် ရင်ထဲမှာ လေးလံနေတုန်းပါပဲ။ ငွေကြေးစုဆောင်းပြီး စီးပွားလုပ်ကြမှာမို့ ပါတနာတော့ ဖြစ်လေပြီ။ လူကြီးချင်း မကြာခဏ စကားပြောဖြစ်တော့မှာမို့ သမီးဖြစ်သူက စိမ်းစိမ်းကားကားနေပြလို့ ဖြစ်ပတော့မလား။ 'ရွှေဘုံစံ' က တကယ်ပင် အဖေဖြစ်သူနှင့် အများဆုံး ရုပ်ဆင်တာဟု သူ မှတ်ချက်ပြုမိလေသည်။

"အစ်ကိုက ဘယ်လိုစီးပွားမျိုးလုပ်ချင်လို့လဲ"

"အဲဒါက နားမလည်လို့ပါ မောင်ပြည့်စုံ။ မအူမလည်နဲ့ ရှယ်ယာထည့်မိပြီး မတော်လို့ ဒေဝါလီခံ ကုမ္ပဏီပြုတ်မှ ရာထားသလို





ဘက်တက်ပြောင်မှာလည်း စိုးလို့ပါ"

"ဟုတ်ပြီလေ၊ အဲဒါဆို တကယ်စိတ်ချယုံကြည်ရတဲ့လုပ်ငန်းမျိုး ရှာပြီးမှ အစ်ကို့ငွေကိုထည့်ပေးပါ့မယ်။ နှစ်ဖက်တိုင်ပင်ပြီး စာချုပ်စာတမ်းနဲ့ လုပ်ရင် အဆင်ပြေမှာပါ။ ပြီးတော့ လက်ရှိကုမ္ပဏီတွေနဲ့ စီးပွားရေးလုပ်ငန်းအများစုက ကျွန်တော်တို့လို ဘဏ်တွေနဲ့ ငွေယူစနစ်ကောင်းကြပါဘူး။ ပြီးတော့ ကျွန်တော့်နာမည်ကြောင့် အလွဲသုံးစားမလုပ်ဝံ့ကြတာလည်း ပါမယ်ထင်ပါတယ်"

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း အစ်မတို့အားကိုးတကြီးလာပြောရတာပါ"

"ကောင်းပြီလေ။ တစ်နေရာတည်း ပုံအောပေးတာထက် ဟိုဟိုဒီဒီ နည်းနည်းစီစမ်းထည့်ကြည့်လိုက်ပါ အစ်ကို။ လုပ်ငန်းစဉ်တွေအားလုံးကို ကျွန်တော် နောက်ရက်ယူလာပေးပါ့မယ်။ လေ့လာကြည့်ပါ"

"ကျေးဇူးပါ မောင်ပြည့်စုံ"

"ရပါတယ်ဗျာ"

"ဒါနဲ့ ငွေကို ဒီရက်ပိုင်း အပ်ထားလို့ဖြစ်ရဲ့လား"

"ဗျာ . . . အခုအပ်ချင်လို့လား"

"ဟုတ်တယ်၊ စိတ်ချချင်လို့ပါ"

"ရတယ်လေ၊ ဘဏ်ဖွင့်ရက် မနက် (၁၀) နာရီလောက်

အစ်ကိုနဲ့အစ်မ ပါလာခဲ့ပါ။ ကျွန်တော် အားလုံးစီစဉ်ပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာ မောင်ပြည့်စုံရယ်"

"မဟုတ်တာဗျာ။ ကျွန်တော်က ဘာမှဖြင့် မကူညီရသေး

နဲ့"

"လက်ထဲငွေကိုင်ထားရင် အစ်မတို့ ရင်ပူရလွန်းလို့ပါ"

"ဒီရပ်ကွက်က သန့်ပါတယ် အစ်မရယ်။ လမ်းထိပ်မှာ

နာရီ အစောင့်ကင်းရှိတာပဲ။ ညဆိုလည်း လမ်းထဲကို မကြာမကြာ

round ပေးတာမို့ ခိုးဆိုးသောင်းကျန်းသူ ကင်းမဲ့တဲ့လမ်းပါ"

"အဲဒါကြောင့် မဟုတ်ပါဘူး မောင်ပြည့်စုံရယ်။ ကြောက်

တာက မင်းအစ်ကိုရဲ့အစ်ကိုကြီး မိသားစုကိုပါ"

"ဗျာ! "

"သက်ကတော့ လုပ်ပြီ"

"အို သေချာပွင့်ပွင့်လင်းလင်း ပြောထားမှ ကူညီချင်မှာ

ကိုရဲ့။ နေရာတကာသာ အားနာတတ်နေရင် ရှင်ရှာထားသမျှကို

မရီးက အကုန်လာမသွားမှာရှင့်"

"သက်ကလည်းကွာ"

သူ မျက်လုံးကျယ်သွားရပါ၏။ ဘယ်လိုဖြစ်ပြီး ဆွေမျိုး

ချာကိုမှ ရန်သူနှယ် ကြောက်နေရပါသလဲ။ သူမအမေက မိန်းမ





ပွင့်လင်းသလောက် အဖေဖြစ်သူက မျက်နှာပူပြီး ရဲလာတော့တာပါ

သေး။ မိသားစုအတွင်းရေးကို သူစိမ်းဖြစ်သူတွေနှင့် တိုင်ပင်ရလောက်

အောင် သူတို့က ဤထိ တရင်းတနှီးရှိနေပြီလား။

"ပြောရင်လည်း ကိုယ့်အထုပ်ဖြေပြသလို ဖြစ်မှာပဲ။ မင်း

အစ်ကိုမှာ သွေးသားရင်းချာ အစ်ကိုတစ်ယောက်ရှိတယ်၊ ဦးသက်စံ

တဲ့"

"ဦးသက်စံဆိုတော့ မိုးထက်အာကာကုမ္ပဏီက MD များ

လား"

"ဟုတ်ပါ့ရှင်"

"ဒါနဲ့ အဲဒီ MD က ဒါရိုက်တာနေရာက ဖယ်ပေးလိုက်ပြီ

မဟုတ်လား"

"အဲဒါလည်း အမှန်ပဲ"

"လူကြီးက အေးပါတယ်။ ကျွန်တော်နဲ့ နှစ်ခါလား ဆုံဖူး

တယ်။ မိတ်ဆုံစားပွဲတစ်ခုမှာ"

"ဟုတ်တယ်၊ အစ်ကိုကြီးက အေးတာမှန်ပေမယ့် သူ့မိန်းမ

မိမိနိုင်က ခပ်ရှုပ်ရှုပ်ရှင့်။ ဒီတော့ မိန်းမခြယ်လှယ်သမျှ ငြိမ်ခံပြီးလုပ်

တာ ဒီနေ့အထိပဲ။ မိန်းမက ဒါဆိုရင် သူလည်းလိုက်ဒါတာမျိုးပေါ့"

အေးတာကို တုံးသည်၊ ထက်တာကို ရှုသည်ဟု အဆန်း

တကြွယ် သုံးနှုန်းလိုက်ပါသည့် 'ဒေါ်သက်ထားရွှေ' ၏ စကားကြော သူပင် ပြုံးလိုက်မိတာပါ။ အဘယ်မျှ စကားကြွယ်လိုက်ပါသလဲ။ ထက်မြက်သည့်အမွေကိုတော့ သူမလည်း ရထားတာအမှန်ပါပဲ။

"အဲဒီလောက်ထိ မိန်းမစကားနာခံတဲ့ယောကျ်ားမျိုး ရှိသေး လားဟယ်။ အံ့ပါရဲ့"

"ရှိတာပေါ့အန်တီရယ်။ သက်တို့က အတူရှိခဲ့ဖူးလို့ ကြုံခဲ့ တာပါ"

"သားကိုလည်း အဲဒီလိုမိန်းမမျိုးနဲ့ မတွေ့ရအောင် မနည်း စိစစ်ရွေးချယ်ခိုင်းနေတာပဲ"

"သက်က နာကြည်းလို့ပြောရတာ မဟုတ်ပါဘူး အန်တီ ခင်ပွန်းဖြစ်သူနေရာကနေ မခံရပ်နိုင်လို့ပါ"

"ဘာလဲ၊ အမွေတွေ ဘာတွေများ အုပ်စီးလိုက်တာမျ လား"

"အစစ်ပဲ"

"ဟောတော်!"

"သက်ကလည်းကွာ"

"သက်တို့မင်္ဂလာဆောင်စရိတ်ကို ထည့်တွက်စာရင်းမှတ် ကို အပြစ်မပြောပါဘူး။ မိဘတွေထားခဲ့ပေးတဲ့ ဝေစုကို သူ ခန့်ခဲ့





ပြီး စာရင်းဖျောက်ယူခဲ့တာ ရင်အနာဆုံးပဲ။ အဲဒီတုန်းကနယ်မှာ တော့ ခြံလေးနဲ့ အိမ်လေးဝယ်ပေးရုံနဲ့ ကုန်ပြီဆိုပြီး ပြောတာ။ သုံးဆုံးက သမီးအဖေ သဘောတက်တာကို အတိုးနဲ့ငွေချေးခဲ့တာ

"ဟာ! ညီအစ်ကိုချင်းကို"

"ဟုတ်တယ်၊ အစ်မတို့စီးပွားဖြစ်မှာကို မလိုလားတာ အသိ ကြီးပဲ။ မပဲ့တာဆိုလို့ သမီးရမယ့်အမွေပဲ။ ခုထိ ဘဏ်မှာကျန် ယ်။ အဲဒါကိုလည်း ကလေးတွေအသက် (၂၅) နှစ်ပြည့်မှ ထုတ်လို့ ။ ဒါမှမဟုတ် အိမ်ထောင်စောပြုရင်လည်း ထုတ်လို့ရနိုင်တယ် ။ သူတို့က ကလေးအရင်ရခဲ့ပြီး အသက်လည်းပြည့်ခါနီးမို့ ဆင်ပြေနေပြီ"

"ဒါဆို ဘုံ့ကို အိမ်ထောင်ချပေးဖို့ စီမံနေတာ ဒါကြောင့် "

"ဟုတ်တယ်"

ဘုရား! ကယ်တော်မူပါ။ လက်စသပ်တော့ ဒီအကြောင်း အကြီးကြီးက ရှိနေပါသလား။ ဒါကြောင့် သူမ စိတ်မပါဘဲ မျိုး ယောကျ်ားလေးတွေကို တွေ့နေရတာပေါ့လေ။ သနားစရာ ပါလားနော်။ သူကဖြင့် အရွယ်လွန်မှာစိုးပြီး မေမေရှာပေးသည့်

လမ်းအတိုင်း အလိုက်သင့် လျှောက်နေရတာပါ။ သူမကဖြင့် အသက် ငယ်ငယ်လေးဖြင့် မလုပ်ချင်သည့်အလုပ်ကို မျက်စိမှိတ်ပြီး လုပ်နေ တယ်လို့။ ဖြစ်ရလေ 'ရွှေဘုံစံ'။

''မိုးမြင့်စံ အရင်ထုတ်ဖြစ်သွားပြီး သမီးက အသက်ပြည့် ငွေထုတ်ဖြစ်ရင် တစ်ခါတစ်မျိုးနဲ့ လုပ်ကြဦးမှာကို စိုးရိမ်လို့ပါ''

''ဗျာ''

''အခုလည်း သူညီပြန်ရောက်နေတာကိုသိရင် ရောက်လာ ကြမှာ အသေအချာပဲ။ အမျိုးတွေကြားမှာတော့ သူတို့အကူအညီနဲ့ ညီဖြစ်သူ ဒီလိုနေရတာဆိုပြီး ကြွားလုံးထုတ်တတ်တယ်လေ။ လက် တွေ့မှာက တခြားစီပါပဲ။ ရှယ်ယာထည့်ပါ ညီရယ်ဆိုတာနဲ့ ဒီညီက အစ်ကို့ကိုကြောက်ရိုန်နဲ့ လုပ်ချင်လုပ်ပေးဦးမှာ''

''ကိုယ် ဒီလောက် မနုံပါဘူး သက်ရယ်''

''အဲဒီလိုမပြောနဲ့လေ။ ဟိုက အပြောကောင်းပြီး ပါသွားသူ ဘာများပြန်ရခဲ့လို့လဲ ပြောပါဦး''

''အေးပါ အေးပါ၊ မင်းမှန်ပါတယ်''

'ဦးမင်းစံ' က ဘွင်းဘွင်းပြောနေပါသည့် ဇနီးသည်ကို လက်မြှောက်အရှုံးပေးလိုက်ပုံပါ။ သူရယ်ချင်ပေမယ့် မိသားစုရဲ့ကိစ္စ အရေးကြီးနေတာမို့ မရယ်ဖြစ်ပါချေ။ အတော်ကြောက်စရာကောင်း





ည့် ဆွေမျိုးတွေပင် မဟုတ်ပါလား။ သမီးချင်းအတူရှိနေပါလျက် ဘုံ အပေါ်မှာလည်း ဤသို့ပင် ဝန်တိုမစ္ဆရိယတို့ ထားနေလို့ပဲ င်ပါရဲ့။

''အမွေကိစ္စနဲ့ပဲ ရွှေဘုံစံကို အတင်းအိမ်ထောင်ချပေးချင်တာ တော့ မဟုတ်သေးဘူးထင်ပါတယ် အစ်ကို။ အကယ်၍ သူနှစ်သက် ဲလူနဲ့ဆိုရင်တော့ တစ်မျိုးပေါ့''

''ဟုတ်တယ်၊ အဲဒါကို အစ်ကိုတို့လည်းသိပါတယ်။ အခု ည်း သမီးနှစ်သက်မယ်ထင်တဲ့ ကလေးတွေနဲ့ပဲ ပေးတွေ့နေတာပါ။ င်းအကျပ် စီမံနေတာမျိုးတော့မဟုတ်ပါဘူး။ ရည်ရွယ်ထားတဲ့သူ ာနဲ့ပဲ ရေ့နေနဲ့တိုင်ပင်ပြီး စာချုပ်ကို ပြန်လွှဲယူလို့ ရမှာမို့ပါ''

''ဩော် အဲဒါဆိုတော်သေးတာပေါ့''

''ခက်တာက သမီးဘုံက စာကလွဲပြီး ဘာကိုမှ ခေါင်းထဲ ည့်တာပဲ။ ခုထိ ကလေးဆန်ပြီး စိတ်ကောက်တတ်တုန်းမို့ တ်တွေနဲ့ ကတောက်ကဆဖြစ်ပြီး အဆင်မပြေသေးတာ''

''ဘုံက သေချာပြောရင် နားထောင်ပါတယ် အစ်ကိုရဲ့။ လောက် အရွဲ့မတိုက်တတ်ပါဘူး''

သူစကားကြောင့် သူမ မိဘတွေရော မေမေပါ အံ့ဩသွား ။ တစ်မျိုးထင်သွားလေသလား။ စေတနာဖြင့် ကူညီမည့်သူကို

အရောင်မထင်စေချင်ပါလေ။ လိုရာပန်းတိုင်အထိရောက်အောင် ကူညီ
ဖို့က သူပါ အပါအဝင် ကူညီပေးရတော့မှာပါ။ စီးပွားရေးပါမက
သူမ၏ personal ကိုပါ ဝင်စွက်ဖက်ရမှာမို့ စိတ်ခုမှာတော့ အခက်
ပဲ။ တစ်ဆိတ်! ကျေးဇူးပြုပြီး ကိုယ့်ကို စိတ်မဆိုးပါနဲ့လား 'ရွှေဘုံစံ'

"ကျွန်တော်ဆိုလိုတာက လိမ္မာတဲ့ကလေးမှန်းသိလို့ ပြော
တာပါ။ စိတ်မပူပါနဲ့အစ်ကို။ အစ်မရောပဲ။ ငွေကြေးကိစ္စ၊ စီးပွားရေ
ကိစ္စပါကမ ဘုံ့ကိုနားဝင်အောင်ပြောဖို့ ကျွန်တော်ကူညီပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ညီရယ်"

"အစ်မလဲညီး ကျေးဇူးအများကြီးတင်ပါတယ် ငါ့မောင်ရယ်"

Meeting က ဤမျှပါပဲ။ ညက မေမေနှင့်သူ အတော်
စကားများခဲ့ရတာမို့ ဒီမနက် သိပ်စကားမပြောဖြစ်တော့ပါ။ ညနေဘက်
မှာ 'စောကလျာ' နှင့်သွားတွေ့ရမည့်တာဝန်ကလည်း ရှိသေးတာလေ
တွေ့ဆို တွေ့ရုံပေါ့။ 'ဘုံ'မင်းလည်း မင်းလူနဲ့ ကိုယ်လည်း ကိုယ့်သက်
ဆိုင်သူနဲ့ပေါ့။ အနီးဆုံးမှာရှိလာသည့် ရေစက်က တကယ့်တကယ်
တော့ မဆုံသောလမ်းပဲ မဟုတ်ပါလား။ ရင်ထဲမှာတော့ လေးလံနေ
ပါပဲ။





## (၁၅)

Taxi ပေါ်မှ ဆင်းလိုက်ပြီး ကားခရှင်းပေးလိုက်ပါ၏။ ဒီ
ညနေမှ မိုးက အုံ့မှိုင်းနေပြီး ရွာချတော့မည့်နှယ် ပြင်နေလေသည်။
Coffee ဆိုင်ထဲသို့ ခြေလှမ်းကို ပုံမှန်ဖြင့် လှမ်း၍ ဝင်လိုက်ပါ၏။
ကြီး ထပ်တွေ့ရဦးမှာတဲ့လား။ ဒီလောက် ဘုဘောက်ကျပြီး
သနာဖြစ်ထားတာကိုမှ မမှုပါပဲ ထပ်တွေ့ချင်တာတဲ့လား 'မှတ်သုံ'။

"ကိုယ် ဒီမှာပါ ဘုံ"

နောက်ကျောပေး၍ ထွက်လာပါသည့် ယောကျ်ားသံကြောင့်
သန့်သွားရပါ၏။ တိုက်ဆိုင်မှုလေလား။ ဒါမှမဟုတ် နာမည်တူတာ

လည်း ဖြစ်နိုင်ပါသည်။ သို့သော် အနီးသို့ရောက်လာပါသည့် ခြေသံ တရှပ်ရှပ်နှင့် လုံခြည်အနားခတ်သံက သူမဖြစ်နေသည်ဟု သက်သေ ပြနေလေ၏။

သေတော့မှာပဲ။ ဘယ်လိုဖြစ်ပြီး အပြင်မှာတွေ့ဖို့ ချိန်းတာ တောင်မှ ဒီဆိုင်မှာ ဆုံရပါသလဲ။ ကျောချင်းကပ် ဆိုဖာခုံကို မှီထိုင် လိုက်ပါသည့်အသိနှင့်အတူ သနပ်ခါးရနံ့ သင်းသင်းလေးကို ရှူရှိုက် လိုက်ရလေ၏။ သေချာပါတယ်၊ ဒါ 'ရွှေဘုံစံ' အစစ်ပါပဲ။

"စာကျက်နေတဲ့သူကို ဒီလိုမျိုး အပြင်ခေါ်ထုတ်ရလား"

"ဒါကတော့ ကိုယ်က တွေ့ချင်တာကိုး ဘုံရဲ့"

"ရှင့်ကို ဒီလောက်ပြောထားတာတောင် အမှတ်မရှိတာလား မှတ်သုံ"

"မတတ်နိုင်ဘူးလေ။ ကိုယ်က ကိုယ့်ကို အဲဒီလို မာဆတ် ဆတ် ဂျစ်ကန်ကန်ပုံစံမျိုး အဆက်ဆံမခံခဲ့ရလို့ထင်တာပဲ။ မင်းကို နောက်ထပ်တွေ့ချင်စိတ် ဖြစ်လာရတဲ့အကြောင်းပေါ့ ရွှေဘုံစံ"

မျက်နှာကို မဲ့လိုက်မိပါ၏။ စိန်ခေါ်ချင်တဲ့စိတ်များ ဖြစ်နေ လာ။ မာနကို ထိခိုက်အောင်များ ပြောမိလို့လား။ မဟုတ်သေးပါဘူး 'ဘုံ'က သူ 'ဒင်' ဆို ကိုယ်က 'ဒေါင်' ဆိုပြီး ပြန်ပြောကျင့်ရှိခဲ့တာ ပါပဲ။ ယောကျ်ားလေးဖြစ်ပြီး မိန်းကလေးနှင့် ယှဉ်ချင်သည့်စိတ်က





ဘယ်အဆင့်ရောက်လဲဆိုတာ ဒင်းမသိဘူး ထင်ပါရဲ့။

"ထပ်တွေ့တော့ ဘာများထူးမှာလဲ မှတ်သုံ။ ဖေဖေနဲ့တွေ့ ချင်ရင် အိမ်ကိုလာလည်လို့ရပါတယ်"

"ဟင်း ဟင်း ... လှည့်ထွက်ရှောင်တဲ့အကွက်က လှတယ် ဒါပေမဲ့ ကိုယ် ဒီလောက်မှ မညံ့တာ မင်းသိပါတယ်။ အန်ကယ် ကိုယ့်ကို Any time welcome ဆိုပြီး ကြိုနေတာ မှန်ပေမယ့် ကိုယ်တွေ့ချင်တာက မင်းဖြစ်နေတာလေ"

မလျှော့ပါလား။ နာအောင်ပြောလည်း မှုံ့မရပါ။ ဒင်းရှေ့မှာ ကို လက်ချိတ်ပြီး ထွက်ခဲ့တာကိုတောင် အထင်မမှားဘဲ အခုလို ဆုံဖို့ချိန်းတာကြောင့် အံ့ဩစိတ်နဲ့ ရောက်လာခဲ့ရတာပါ။ နေဦး၊ စောက Taxi ရပ်လိုက်ပါသည့်ရှေ့မှာ ရပ်ထားပါသည့်ကားက ခဲ့ကားများလား။ နံပါတ်ကို သေချာမမှတ်မိပေမယ့် ကားရှေ့မှန်မှာ ထားပါသည့် wedding ရုပ်လေးကို သတိထားမိတာမို့ မှတ်မိနေ ပါပဲ။

ဘုရားရေ! ... 'ဦး' များ ဒီဆိုင်ထဲရောက်နေပြီလား။

"အခုတွေ့ပြီမဟုတ်လား။ ဘာပြောချင်လို့လဲ"

"ကိုယ့်ရှေ့မှာ သူစိမ်းတစ်ယောက်ကို လက်ချိတ်ပြရဲတာကို ချီးကျူးပါတယ် ဘုံ။ ဒါပေမဲ့ ကိုယ့်ကို လွယ်လွယ်နဲ့လက်လျှော့

လိမ့်မယ်ထင်တာတော့ မှားတယ်''

အလို! ဘယ်လိုဖြစ်ပြီး ဟိုတစ်နေ့ကကိစ္စကို ဆွေးနွေးနေရ တာပါလဲ။ ချိုးကျူးသည့်လေသံက အနည်းငယ်တော့ Jealous လေသံမျိုး ပျော်ဝင်နေတာပါ။ သူ့စိတ်ထဲထင်တာလည်း ဖြစ်နိုင်ပါ၏။ အနီးနားမှာ သူရှိနေတာကို သိလျှင် အဧကော်နေရခက်မှာ အမှန်ပါ။ ဒါဖြင့် တိတ်တိတ်လေးထိုင်နေရမှာလား။ မဟုတ်သေးဘူး။ 'စော ကလျာ' ရောက်လာလျှင် စကားတော့ အနည်းငယ်မျှ ပြောရဦးမှာ လေ။

''ဘုံက တမင်တကာ တွဲပြတာလို့ထင်လိုက်တာလား''

''ဟင့်အင်း မထင်ပါဘူး''

''ဒါဆို ဘာလို့ပြောရတာလဲ''

''သူ ဘယ်သူဆိုတာကို အန်တီပြောပြလို့ သိလိုက်ပါတယ်''

ဒီလိုပဲဖြစ်ရမယ်လေ။ ရှေ့မှာတော့ ဘာမှမဖြစ်သလို ဟန် ဆောင်ပြီး ကွယ်ရာမှာ စုံစမ်းတာက ဘာသဘောနဲ့ပါလဲ။ ပြောတော့ ဖြင့် ဂရုမစိုက်သလိုနှင့် 'ဦး' ကို ဘယ်သူဘယ်ဝါပုဂ္ဂိုလ်မှန်း သိလို့ တာကြောင့် ရိုန်တာတော့ ရှိမှာပါပဲ။

''Date out နေတဲ့အဘိုးကြီးကိုတော့ ရွံ့မတွဲပြပါနဲ့ ရွှေဘုံ ကိုယ့်လို ရွယ်တူတွေထဲက ရှာပြစမ်းပါ''





''ဘာ''

သူ အံကြိတ်လိုက်မိ၏။ Date out နေတဲ့အဘိုးကြီးတဲ့။ ...တ်ကားဝှံ့လိုက်တာ။ အင်းပေါ့လေ။ ဒီချာတိတ်တွေနှင့် ယှဉ်တွဲမိပြီး ...ပြာရင်တော့ သူက အသက်ကြီးနေသည့် လူကြီးဖြစ်နေတာကို။ ...လေးတွေကြား ကန့်လန့်ဝင်ပါတာတော့ မဖြစ်သင့်ပါ။ သူမ ဘာသာ ကြည့်ဖြေရှင်းနိုင်မည် ထင်ပါရဲ့။

''ရှင် ဘယ်လိုပြောလိုက်တာလဲ။ လူကြီးကို မရိုမသေနဲ့ ပြောစရာလား''

''ဟ!...အဘိုးကြီးမို့ အဘိုးကြီးလို့ပြောတာ ဘာဖြစ်လဲ။ ...မှန်အတိုင်း အမြင်အတိုင်းပြောတာ ဘယ်သူငြင်းမှာလဲ။ မင်းက ...လို့လား''

''မှတ်သုံ''

အောက်နှုတ်ခမ်းကို ကိုက်ထားလိုက်ရပါ၏။ ရှေ့မှာရှိနေပါ ...သည့် ကော်ဖီပူပူဖြင့် ပက်လိုက်ရမလား။ နောက်ထပ်ပြဿနာတွေ ...လာပါက ပိုရှုပ်ကုန်မှာလေ။ ကိုယ်လည်း တစ်ချိန် ဒီအရွယ် ...က်လာမှာကိုသိလျက်နှင့် တစ်ဖက်သားကို ကဲ့ရဲ့ရှုံ့ချနေပါသလား။ ...ာတတ်ဖြစ်ပြီး မပြည့်တဲ့ အိုးပါပဲလား 'မှတ်သုံ'။

''ပြော''

"ရှင့်ဦးလေးအရွယ်ကို ဒီလိုပြောရင် ခံနိုင်မလား"

"ကိုယ့်ဦးလေးကြီးအရွယ်မို့ မှန်တာပြောတာပဲလေ ဘုံရဲ့ ဘာဖြစ်လဲ"

"ရှင်လည်း တစ်ချိန်မှာ အဲဒီအရွယ်ကိုရောက်လာမှာ မသိလိုပဲ။ စကားပြောတာ ကြည့်ပြောမှပေါ့"

"ကိုယ်က အဲဒီအရွယ်ရောက်မှတော့ ကလေးနှစ်ယောက် သုံးယောက်ရဲ့ ဖေဖေကြီးအဖြစ် ဣန္ဒြေရရ နေနေပြီပေါ့ ဘုံ။ ကိုယ်နဲ့ မလိုက်ဖက်တဲ့ အရွယ်ငယ်ငယ်လေးတွေကို လိုက်ချိန်နေဖို့မှ မလိုတာ မဟုတ်ဘူးလား"

ကြည့်စမ်း! အတော် လူပါးဝလွန်းတဲ့ လူပါပဲလား။ စိတ်နဲ့ လက်ရှိ အော်လိုက်ချင်ပေမယ့် ဆိုင်ထဲမှာ လူတွေ အနည်းငယ်ရှိနေတာမို့ ရှက်စရာဖြစ်တော့မှာပါ။ စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားလေ၏။ ရင်ထဲမှဒေါသတွေ ထွက်ချင်ပေမယ့် မိန်းကလေးဆိုသည့် အသိစိတ်ကိုတော့ 'ဘုံ' က ထိန်းရမှာ မဟုတ်လား။

မျက်နှာမူထားရာ ဆိုင်မှန်တံခါးကို တွန်းဖွင့်၍ ဝင်လာသည့် အမျိုးသမီးတစ်ယောက်ကို ဖျတ်ခနဲ မြင်လိုက်ရလေ၏။ မျက်နှာလေး တည်ပေမယ့် အပြုံးလေးကရှိနေတာပါ။ ဆံပင်စင်းစင်းလေးကို အရှည်ကြီးမထားပေမယ့် ကုတ်အထက်နားမှာ နှင်းဆီပွင့်





နက်ရောင်ပါသည့် ဆံညှပ်ဖြင့် သေသပ်စွာ တစ်ဆင်ထားလေသည်။ ငှက်ခါးရောင် အင်္ကျီ နီးရှားပါတိတ် လက်စက blouse က်ဖောင်းကို oneset ဝတ်ထား ပေမယ့် ရင့်မသွားဘဲ ဣန္ဒြေရှိစွာ ကြည့်ကောင်းနေတာ အမှန်ပါ။

ဘုရားရေ! ဒါ 'ဦး' နှင့်လာတွေ့သည့်တစ်ယောက်များ ဖြစ်မလား။ ရင်ထဲထိတ်သွားစဉ် အမျိုးသမီးလေးက 'ဘုံ' အနီးမှ တ်သွားပြီး နောက်ခုံအနီးနားမှာ ခြေလှမ်းရပ်သွားလေသည်။ သက်ရှူရှိုက်ပင် မေ့သွားသည့်နှယ် စကားသံကို အာရုံစိုက်လိုက်မိပါ 'ဦး' တော့ 'ဘုံ' တို့ရဲ့အနောက်ရှိခုံမှာရှိနေတာ မဟုတ်ပါဘူးနော်။

"စောကလျာပါရှင်"

"ထိုင်ပါ စောကလျာ။ ကိုယ် ဘုန်းပြည့်စုံပါ"

"ဟုတ်ကဲ့"

"မေမေက ကိုယ်နဲ့စောကလျာနဲ့ တွေ့ဖို့ ပြောထားလို့ အခု ခေါ်လိုက်ရတာပါ"

"စောရဲ့မာမီလည်း ပြောထားပါတယ်။ အစ်ကိုကြီးလို့ခေါ်ရ "

"အင်း . . . ရပါတယ်"

"စောက အစ်ကိုကြီးထက် (၁၀) နှစ်ငယ်ပါတယ်။ ဒါပေမဲ့

အစ်ကိုကြီးလို့ပဲ ခေါ်ပါရစေနော်''

''ရပါတယ်''

''စောလို့ပဲခေါ်ပါလားဟင်''

အလိုလေး! လေသံက မာမလို့နှင့်ပျော့ပြီး ချွဲနေသည့်နှယ်။ စကားလုံးလုလုလေးဖြစ်အောင် ကြာချိန် (၈၀) နှင့် ပြောတတ်ပါလား။ (၁၀) နှစ်ငယ်တာတဲ့လား။ ဒါဖြင့် (၁၈) နှစ်ကျော်သည့် 'ဘုံ' ကဖြင့် 'ဦး' ဟု ခေါ်တာလိုအပ်နေပြီလား။ 'ကိုကြီး ကိုကြီး' ဆိုတာထက် 'တို့ဦး ဘုံဦး' ဟုသာ လေသံချိုချွဲချွဲနှင့် ခေါ်ပြလိုက်ချင်တာနော်။ နောက်ကျောမှာကပ်ပြီး ကြားနေရပါသည့် အသံတို့က 'ဘုံ'၏အသည်းကို ယားကျိကျိ ဖြစ်စေရန် ဗုရွက်ဆိတ်အုံထံ ပစ်ချလိုက်သလိုပါပဲ။

တောက်! စိတ်တိုလိုက်တာနော်။

''ဖြစ်ပါတယ် စောရဲ့။ အပန်းကြီးတာမှ မဟုတ်တာ။ ကော်ဖီမှာလိုက်မယ်နော်''

''ဟုတ်ကဲ့ အစ်ကိုကြီး''

''အခု အလုပ်ကနေ ပြန်လာတာလား''

''ဟုတ်ပါတယ်''

''Saturday ဆို တရားရုံးတွေ ပိတ်တယ်မဟုတ်လား စောရဲ့''





''ဟုတ်ကဲ့၊ ဒါပေမဲ့ လုပ်လက်စအမှုကိစ္စရှိရင် ပြီးပြတ်အောင် ရုံးခန်းမှာစုပြီး တိုင်ပင်ရတယ် အစ်ကိုကြီးရဲ့။ တစ်ခုပြီးပြတ်မှပဲ အေးအေးဆေးဆေးနားရတာ''

''အင်း . . . ပင်ပန်းမှာပေါ့''

''ဒီလိုပါပဲ။ မောတာတော့ မောတယ်''

''ဒီမုန့်နှစ်မျိုးနဲ့ အဆင်ပြေပါ့မလား။ ထပ်မှာလိုက်မယ်လေ''

''ရပါတယ်အစ်ကိုကြီးရဲ့။ စောက အစားနည်းပါတယ်''

''ဪ . . . ဒါဆို စားနော်''

''ဟုတ်ကဲ့''

အမလေးနော်။ အတော်လေး Match ဖြစ်နေပါရောလား။ အခုမှစတွေ့တာတောင် တစ်ယောက်နဲ့တစ်ယောက် နှစ်ပေါင်းနှစ်ဆယ် ခင်မင်ရင်းနှီးသည့်နှယ် ပုလဲနံပသဗ္ဗိပြနေတာလေ။ 'ဘုံ' မှာဖြင့် မတွေ့ချင်သည့် ဒင်းမျက်နှာကို တွေ့နေရတာ မဟုတ်လား။ ကော်ဖီကို အရသာခံ၍သောက်ရင်း Sandwish စားနေပါသည့် 'မုတ်သုံ' ကို ချက်စောင်းခဲလိုက်မိလေ၏။

''ဘာဖြစ်လို့''

''ဘုံကတော့ အစားလည်းကြီးတယ်၊ အစားလည်း မရွေးဘူး''

''ဟင်! ... ဘာကိုပြောတာလဲ''

''ပြီးတော့ စကားကိုလည်း ပျားရည်လိုချိုပြီး ခရုပက်ကိုး
ချွဲပျစ်ပျစ်နဲ့ နားထဲအရည်ပျော်အောင် ပလီပလာ မပြောတတ်ဘူး''

''ဘို''

''ရင်ထဲရှိတဲ့အတိုင်း တုတ်ထိုးအိုးပေါက် မခွြင်းမချန် ပြော
လေ့ရှိတာ မကြိုက်လည်းမတတ်နိုင်ဘူး''

''ဟောဗျာ၊ ကိုယ် ဘာများပြောနေလို့လဲ''

''ရုပ်ပြစားရအောင်လည်း ရုပ်က ချူချာသူဆိုတော့ ဘယ်
သဘောကျပါ့မလဲ။ မဟုတ်ဘူးလား''

''အဲ!''

တမင်အသံကျယ်၍ ပြောသလားထင်ရအောင်ပင် ဒီဘက်
ကြည့်ကြည့်လင်လင်ကြီး ကြားနေရပါ၏။ 'စောကလျာ' က အ
တမဲ့ဖြင့် waiter လာပို့ပေးပါသည့် စားစရာတို့ကို စားနေလေ
ဘာသဘောနဲ့လဲ 'ရွှေဘုံစံ'။ ဒီက မိန်းကလေး အစား
သည်ဆိုတာနှင့် မဆီမဆိုင် ဒီလိုစကားမျိုးတွေ ဆက်တိုက်ပြော
ပါလဲ။

''အစ်ကိုကြီးလည်း စားလေ''

''ကိုယ်သိပ်မဆာလို့ပါ''





''အင်းပေါ့။ မျက်နှာလေးကြည့်ရုံနဲ့ ဗိုက်က အလိုလိုပြည့်နေ
ကိုး''

''ကျစ်!''

''ဘို''

''ဦးကို စိတ်ဆိုးတယ် သိလား။ မခေါ်ချင်တော့ဘူး''

''ဟာ''

''ရွှေဘုံစံ''

ဖျတ်ခနဲထရပ်ကာ သူ့ကို လှည့်ပြောလိုက်ပါသည့် သူမ
ပုံ ဟိုရှာတိတ်ရော 'စောကလျာ' ပါ အံ့ဩမင်သက်သွားရလေ
'ရွှေဘုံစံ' တို့ကဖြင့် လုပ်လိုက်မှ တကယ့်မီးပုံပါပဲလား။

❁

## (၁၆)

"Sorry! ပါ စောရယ်။ နောက်မှပဲ တွေ့ကြမယ်နော်။ မ
မဟုတ် ကိုယ် phone ဆက်လိုက်မယ်။ ကောင်တာမှာ ငွေရှင်
မယ်နော်"

ခုံမှရပ်၍ ထွက်ခဲ့ပြီး ကောင်တာမှာ bill ငွေရှင်း
အပြင်ဘက်မှာ မိုးက ဝေါခနဲ ရွာချလေတော့၏။ အရိပ်အယော
နေပါသည့် ရွှေမိုးညိုက ည (၇) နာရီထိုးခါနီးအချိန်မှာပင် မပြော
နှင့် ရွာချလိုက်ပါရောလား။ သူ့လိုပင် bill လာရှင်းပါသည့် ချာတိ
လူကို ခပ်မိုက်မိုက်အကြည့်ဖြင့် ခပ်စိမ်းစိမ်းကြည့်နေလေတော့သ





တော်နိုင်ပါ။ လောလောဆယ် အပြင်ကိုပြေးထွက်သွားပြီဖြစ်သည့်
ရွှေဘုံစံ' ကို အိမ်ပြန်ရောက်အောင် ခေါ်ဖို့က အရေးအကြီးဆုံးပါပဲ။

"ရပါပြီ အန်ကယ်"

"Ok!"

ဆိုင်မှန်တံခါးကို ဆွဲဖွင့်လျက် ထွက်လိုက်ပါ၏။ ဆိုင်ရှေ့မှာ
းထိန်ထိန်လင်းနေသော်လည်း သူမကို မတွေ့ရပါချေ။ Taxi ပေါ်
သွားပြီလား။ ဟိုဒီလှည့်ကြည့်ရင်း မတွေ့မှသာ ကားရှိရာဆီ အပြေး
ာက်လိုက်ရပါသည်။ Personal ကိစ္စဖြင့် 'စောကလျာ' ကိုလာတွေ့
ာမို့ ကားကိုကိုယ်တိုင်မောင်းဖြစ်တာပါ။

အတော်ဝေးဝေးသို့ မောင်းလာမိစဉ် ကားမှတ်တိုင်အနီးမှာ
မျက်နှာအုပ်လျက် ထိုင်နေပါသည့် သူမကို မြင်လိုက်ရပါ၏။ ဒီဆံနွယ်
ည်ကိုမြင်သည်နှင့် 'ရွှေဘုံစံ' မှန်း သိသာလို့ပါပဲ။ တစ်ကိုယ်လုံး
ရွဲနေတာကြောင့် ကားဂိတ်မှာ Bus စောင့်နေပါသည့် လူတွေက
ကြာခဏ ကွက်ကြည့် ကွက်ကြည့်ဖြင့် ငဲ့ကြည့်နေပါလျက် ဘာကိုမှ
မစိုက်သည့်နှယ် မျက်နှာအုပ်ထားတာလေ။

ကားကို မှတ်တိုင်အနီးမှာပင် ရပ်ထားခဲ့ပြီး ကားပေါ်မှ ဆင်း
လိုက်ပါ၏။ လူအုပ်နှင့်ကွယ်နေပါသည့် သူမကို ရုတ်တရက် မမြင်နိုင်
မယ့် အပြေးဖြင့် ထိုင်ချလိုက်တာကို သူက မြင်လိုက်ရလို့ပါပဲ။

အနားသို့ရောက်သည်အထိ သူမက သူ့ကို သတိမထားမိပါချေ။

"ရွှေဘုံစံ"

"----"

"ဘုံ လာ ပြန်ကြမယ်"

"ဟင့်အင်း"

"မပြန်လို့မဖြစ်ဘူးလေ။ ဒီလောက်စိုရွှဲနေတာ အအေး

တော့မှာပဲ"

"မိပါစေ၊ မပြန်ဘူး။ သေလည်းအေးတာပဲ"

"ဟာ ကျစ်!"

"သိတယ် ... သိတယ်၊ ဘုံ့ကိုဆို အဲဒီလေသံနဲ့ ကျောက်

လို ခပ်မာမာပြောတာ။ ဟိုမိန်းမကိုတော့ ကျောက်ကျောလို လေး

ချိုနဲ့ ပြေပြေလည်လည် ပြောနေတာ တခြားစီပဲ။ ခုမှလာမခေါ်နဲ့

လုံးဝပြန်မလိုက်ဘူး ဒါပဲ!"

ပြဿနာပါပဲ။ ဘယ်လိုဖြစ်ပြီး သူနှင့်တွေ့ပါသည့် 'ဆော

ကလျာ'ကို ဟိုမိန်းမဟု သုံးရတာပါလိမ့်။ မင်း ဘာတွေဖြစ်နေတာ

'ရွှေဘုံစံ'။ ဒီလေသံ ဒီအပြောမျိုးက မင်းနဲ့ကိုယ် အတိုင်းအတာတ

အထိ ပတ်သက်မှုရှိမှသာ ဝန့်တိုစိတ်နဲ့ သုံးရမှာလေ။ အခု

ဘာမှ မသက်ဆိုင်ပါဘဲ မနာလို အူတိုပြပြီး ပြောနေရပါသလား။





"ဘုံ"

"ဘာဘုံလဲ၊ တစ်စောတည်းစောပြီးခေါ်ပေ့။ တစ်သက်လုံး

တွက် စောပဲခေါ်လိုက်ပါ"

"မဟုတ်သေးပါဘူး"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ဘာမှလာမပြောနဲ့၊ မသိချင်

ဘူး"

ဘေးမှာရှိနေကြပါသည့် လူတွေပင် သူတို့နှစ်ဦးကို ကြည့်ပြီး

ဖြစ်လာတော့တာပါ။ ဘာလဲ သူနှင့် 'ဘုံ' ကို တစ်မျိုးမြင်နေပြီ

။ ဒီကလေးမလေးက ဘာကိုမှ မသိသလို စိတ်တိုင်းကျ ဆိုးပြနေ

လေ၊ အလို! သူ့ကို မနာလိုသလို စိတ်ဝင်စားနေတာများ ဖြစ်နေ

ား။ မဖြစ်နိုင်တာ။

"ခက်လိုက်တာ ဘုံရယ်။ အိမ်ပြန်ရောက်မှ စိတ်တိုင်းကျ

တွေ့ပါ။ ရတယ်၊ အခုတော့ အိမ်ပြန်မှဖြစ်မှာလေ"

"အဲဒီမိန်းမကိုပဲ လိုက်ပို့ပေ့။ မပြောလိုက်ချင်ဘူး။ စေတနာ

ရေစီးကမ်းပြိုနဲ့ ကြည်နူးပြနေလိုက်တာ၊ အမြင်ကပ်စရာကြီး။

ကြင်နာတစ်ပိဿာနဲ့ ခွဲ့တောင်ကျွေးနေလားမသိပါဘူး"

"ဟောကြည့်! မဟုတ်ပါဘူး ဘုံရယ်။ လူမြင်ကွင်းထဲ ကိုယ်

ဟုတ်မဟုတ် လုပ်ရပ်တွေ လုပ်ပုံမလား။ စဉ်းစဉ်းစားစားလည်း

ပြောပါ''

''မသိနိုင်ဘူးလေ၊ ဦးရင်ထဲ ဘာတွေရှိနေမလဲဆိုတာ ဘုံ ဝင်ကြည့်လို့မှ မရတာ။ တော်ပြီ မပြောနဲ့''

အလိုလေး! သူမစကားက မည်သို့အဓိပ္ပာယ်ရောက်နေ ဆိုတာကို သတိမထားမိပါလား။ ဘယ်လိုလဲ 'ဘုံ'။ မေမေကိုယ်တိုင် ကြိုတင်သတိပေးထားပါသည့် အဓိကအချက်ကိုမှ ကိုယ့်ဘက် မဟုတ်ပါဘဲ မိန်းကလေးဖြစ်တဲ့ မင်းဘက်က စတင်ရိုက်ချိုး ဖျက်ဆ လာပြီလား။

''ဘုံလည်း ဘုံလည်း ဟိုချာတိတ်နဲ့ လာတွေ့တာပဲ မဟုတ် လား''

''အို! ဘုံတို့က ခုထိ တဖောင်းဖေးနဲ့ မျက်ချေးလို အကြော မတည့်သေးတာ။ ဦးမကြားလို့လား။ ပဲတစ်ပိသသာ နှမ်းတစ်ပိသသာ အစ်ကိုကြီးတို့ စောတို့ဆိုပြီး ညှိမြှလုပ်နေကြတာ မဟုတ်ဘူး''

ကောင်းပါလေ့။ စိတ်ကြိုက်သာ ရန်တွေ့ပါတော့ 'ရွှေဘုံ' သူက သူမလက်မောင်းကို ကိုင်၍ ဆွဲလိုက်ပါ၏။ ယောကျ်ားအား အလွယ်တကူ ပါလာသော်ငြား ပြန်ရုန်းလိုက်တာမို့ အရာမထင်ပြန် ချေ။ လူတွေရှေ့မှာ ရုပ်ရှင်ရိုက်ကွင်းလိုတော့ သရုပ်မဆောင်ချင် လား 'ဘုံ'။





''မထဘူးလား''

''မထဘူး''

''ဒါဆို ကိုယ် ချီပွေ့လိုက်မှာနော်။ မလုပ်ဘူးမထင်နဲ့''

သူမ တွန့်ခနဲ ဖြစ်သွားလေ၏။ ဒီလိုပဲဖြစ်ရမယ်လေ။ ဣန္ဒြေ ကလေးမှန်လျှင် သူစိမ်းယောကျ်ားတစ်ဦးရဲ့ အပွေ့အပိုက် ယကို ရှက်သင့်ရမှာပေါ့။ မကျေမနပ်ဖြင့် ခြေဆောင့်လျက် ိုက်မှသာ သူ သက်ပြင်းကိုတ်ရှိုက်လိုက်ရလေတော့သည်။ သေးရဲ့။

''လာ အတော်ဆိုးတာပဲ''

''ဘုံက အစကတည်းက ခပ်ဆိုးဆိုးပဲဟာ။ မသိတာကျနေ

''တက် တစ်ကိုယ်လုံး ကြွက်စုတ်ဖြစ်နေပြီ''

''ဝမ်းသာပေါ့''

''အရွဲ့တိုက်တာဆိုလည်း တော်ရုံသင့်ရုံပေါ့ ရွှေဘုံစံ။ ဟိုလူ ဘယ်လိုလုပ်ပြီး ရှင်းပြရခက်အောင် လုပ်လိုက်ရတာလဲ''

''မသိဘူး''

''မသိလို့ရမလား''

''ဆူပြန်ပြီလား၊ ဦးနော်။ ဘုံ့ကိုဆို ဆယ်နှစ်သမီးလို ဆူချင်

ငေါက်ချင်ဟောက်ချင်ရတာနဲ့။ နည်းနည်းမှ မကြင်နာဘူး"

"မင်းလုပ်ပုံက ကောင်းတာကို။ အခုလည်း ကလေးဆန်
မဟုတ်လို့ ဘာလဲ။ ရင့်ကျက်သောက်ပြီထင်နေတာ မှားတာ
တကယ်ဆို"

ရုတ်တရက် ထပ်ငိုလိုက်သံကြောင့် သူက ပြောလက်
စကားကိုရပ်လိုက်ရလေတော့၏။ ရော်! ခက်ပြီပဲ။ ဒီလိုအခြေအနေ
မှာ မိန်းကလေးတစ်ယောက်အတွက် အချိန်မရွေး Danger ဆို
ကို မတွက်ဆတတ်ဘူးလား။ မိုးရေစိုထားတာမို့ ခန္ဓာကိုယ်
ကပ်နေပါသည့် အဝတ်အစားနှင့် သူမကို မကြည့်မိအောင် ထိန်း
မှပဲ ခက်ပါ့ 'ရွှေဘုံစံ"

"ဒါက ဘာဖြစ်ရပြန်တာလဲ"

ခေါင်းကိုခါပြလေ၏။ မျက်မှန်ကို ချွတ်၍ မျက်ရည်
နှင့် ငိုနေပါသည့် သူမကို သူက shirt အင်္ကျီအိတ်ကပ်ထဲမှ (ယော
ကိုင်) လက်ကိုင်ပဝါမီးခိုးရောင်လေးကို အလိုက်တသိ ထုတ်ပေး
ရပါသည်။ မထူးတော့ပါဘူး။ စိတ်ကြိုက်သာ ငိုပါစေတော့။ ငိုလို့
အိမ်ပြန်ကြတာပေါ့လေ။

"ရော့ ယူလေ"

လက်ကိုခွဲ၍ ထည့်ပေးစဉ် မျက်မှန်တပ်ထားတာကို ချွ





တ်ခနဲ မော့ကြည့်လိုက်ပါသည့် မျက်ဝန်းနက်တို့နှင့် အကြည့်ချင်းဆုံ
သွားရလေ၏။ ဘုရားရေ! ... အဘယ်မျှ လှပလွန်းပါသည့် မျက်ဝန်း
တွေပါလိမ့်။ တောက်ပရည်လဲ့နေပါသည့် မျက်ဝန်းတို့က တဒင်္ဂ
တစ်ခဏမှာပင် ကန့်လန့်ကာမျက်တောင်တို့ဖြင့် ဖုံးကွယ်သွားတော့
တာပါလေ။

ရင်ဘတ်ထဲမှ ဒိန်းခနဲမြည်ဟီးသွားသံက အပြင်မှကြားတော့
ည့်နေမယ်ပါ။ အကြည့်ကို ချက်ချင်းလွှဲဖယ်လိုက်ပြီး ကားမောင်းနေတာ
ိသာ အာရုံစိုက်လိုက်ရလေ၏။ သေတော့မှာပဲ။ ဘယ်လိုဖြစ်ပြီး
င်ဘတ်ကြီးက အထူးတဆန်း လှိုက်ဖိုလှုပ်ခတ်လာရပါသလဲ။ နေ့စဉ်
ှုတိုင်း အမြဲတစေ မြင်ရတတ်ပါသည့် မိန်းကလေးကို ဤသို့
ဆန်းတကြယ်ခံစားမှုတို့ ပြောင်းလဲဖြစ်သင့်ပါသလား။

ရှုးတော့မှာပဲ 'ဘုန်းပြည့်စုံ'။

"ရေသောက်မလား"

"အင်း"

ရေသန့်ဘူးကို လှမ်းပေးလိုက်ရပါ၏။ ငိုလို့ပြီးပြီထင်ပါရဲ့။
းကိုမြန်မြန်မောင်းချင်ပေမယ့် ဒီအချိန်က ကားလမ်းရှုပ်သည့်အချိန်
တတ်နိုင်ပါ။ မီးပွိုင့်တွေအကုန်မိတာကိုက စိတ်မရှည်ချင်စရာပါပဲ။
သောက်ပြီး dashboard ပေါ် ရေဘူးလွှတ်လှမ်းတင်လိုက်ပါသည်

သူမက မပြောမဆိုဖြင့် သူ့လက်မောင်းကို ဖျတ်ခနဲထုလိုက်လေတော့သည်။

"ဟာ! ... ဘာလုပ်တာလဲ"

"မကျေနပ်လို့"

"ဖြစ်ပြန်ပြီ။ ဘယ်လိုပြောမှ စိတ်ကပြေမှာလဲ"

"မပြေပါဘူး။ ဘုံမှတ်ထားတယ်။ အဲဒီမိန်းမနဲ့ ထပ်ပြီး ဆက်တွေ့နေဦးမယ်ဆိုရင် ဘုံလည်း လုပ်ချင်ရာလုပ်မှာ"

"ဘယ်လို"

"နောက်ထပ်တွေ့ရမယ့် နေဝန်းကိုရော ဗမ္ဗူးဆိုတဲ့လူကိုပါ အပတ်စဉ် အလှည့်ကျတွေ့ဦးမှာ၊ အဲဒါမှသိမယ်"

"ဘုံ"

"မခေါ်နဲ့"

"ကိုယ် မပြောလို့မဖြစ်တော့ဘူး ရွှေဘုံစံ၊ မင်း ဘာတွေဖြစ်နေလဲ။ စိတ်ထင်ရာလျှောက်လုပ်နေရလား"

"ရူးနေတာလေ၊ မသိဘူးလား"

"ကျစ်!"

သူတို့လမ်းထဲသို့ ကွေ့လိုက်ပြီမို့ ကားကို ခဏရပ်လိုက်ရလေ၏။ မပြောမဖြစ် အခြေအနေမို့ ပြောလျှင်တောင်မှ 'စည်း' ဆိုင်း





ကိုမနှင်းမိအောင် ရှောင်ရှားဖို့က အသက်ကြီးသည့် သူ့အပေါ် သာ မူတည်ပြီး တာဝန်ရှိနေတော့တာပါ။ စောင့်စည်းထားရသည့် တစ်ချပ်ကို လာမခေါက်ချင်ပါနဲ့လား ချာတိတ်မရယ်။

"ရွှေဘုံစံ"

"-----"

"ဒီမှာ ကိုယ့်ကို သေချာကြည့်စမ်း"

မျက်ရည်တို့ စွန်းစိုနေပါသည့် အကြည့်တို့က ဝမ်းနည်း ကြေကွဲခြင်း ကရုဏာတို့ဖြင့် ပြည့်နှက်ပျော်ဝင်နေလို့ပါပဲလား။ ကြင်နာအကြည့်တွေကို ဘာသာပြန်ဖို့ အခွင့်က ကိုယ်ဆိုတဲ့ကောင် နဲ့ဘူးဆိုတာကို မင်းမှမသိတာ 'ဘုံ'။ ကိုယ်တို့ကြားမှာ ခြားထား ကျောက်တောင်ကြီးကို မည်သို့သော ခွန်အားမျိုးနဲ့ ဖြိုချလို့ လဲ။

"မင်းကိုယ်မင်း ဘာတွေလျှောက်လုပ်ဖို့ စဉ်းစားနေတာလဲ"

"-----"

"ကိုယ်က ရွှေဘုံစံဆိုတာကို တကယ့်ကိုအရည်အချင်းနဲ့ တဲ့ အဖိုးတန်သတို့သမီးလေးအဖြစ် မြင်ချင်တာ။ အားလုံးရှေ့မှာ အားကျရတဲ့ အကြည့်တွေနဲ့ ကြည့်ကြရမယ့် မိန်းကလေး တင့်တယ်စေချင်တာပါ။ ဘာမှ အဓိပ္ပာယ်မရှိတဲ့ ထင်ရာစိုင်းပြီး

မတည်ငြိမ်တဲ့ကလေးလို ဘာကြောင့်လုပ်ချင်ရတာလဲ။ ရေ့လျှောက် မင်းလျှောက်လှမ်းရမယ့်ခရီးလမ်းက အရှည်ကြီး ကျန်နေသေးတယ် ဘုံ"

"ဘုံက ဘုံက"

"ဒီထက်ပိုပြီး ရင့်ကျက်တဲ့၊ အလေးအနက်ထားတတ်တဲ့ ရွှေဘုံစံကိုပဲ ကိုယ်မြင်သွားပါစေ"

သူမ တွေတွေလေး ပြန်ကြည့်နေတာကို အကြည့်လွှဲ၍ ကားကို ဆက်မောင်းခဲ့ပါ၏။ ဒီထက် အဆင့်တက်လာလျှင်ဖြင့် သူမနှ မကြာခဏ မတွေ့ရလေအောင် ရှောင်ရှားရတော့မှာပါ။ သူမတို့ခြံရှေ့ ပင် ကားကိုရပ်ပေးလိုက်ပြီး သူမ ဆင်းတာကို ခဏစောင့်စဉ် မနေ ဖြန့် လာခေါ်မည့်အချိန်ကို ပြောလိုက်ပါသည်။ ပြီးမှ ကားကို သူတို့ ထဲသို့ ကွေ့ဝင်လိုက်ပါ၏။ မိုးရေအနည်းငယ်မျှ စိုနေပေမယ့် ရင်ထဲ က နွေးရာသီနယ်ပါပဲ။

❁





## (၁၇)

"ခုထိ အချိုးကိုမပြောဘူး"

မနေ့ညက ပြန်လာသည့်ကိစ္စက ခုထိ ဆူလို့မပြီးသေးပါ။ ဘာမှ ဟုတ်တိပတ်တိ မစားဖြစ်၍ မနက် အိပ်ရာနိုးစဉ် ဗိုက် ဝင်ဖြစ်နေပြီမဟုတ်လား။ ဆာလွန်း၍ တစ်ခုခုစားရမည်အထင် ီးပိုခန်းထံ ဆင်းလာမှပဲ မေမေ၏ တဗျစ်တောက်တောက် ကို ဆက်တိုက်ကြားရတော့တာပါ။

"အဲဒါနဲ့ပဲ ဘယ်သူ့ကားနဲ့ ပြန်လာတာလဲ"

"ဦးနဲ့"

"ဘာ!"

ဖေဖေ့ဘေးမှာထိုင်ပြီး ထမင်းကြော်စားရန် ပြင်ပေးနေတာ မေမေ့အသံကျယ်က ထွက်လာလေ၏။ ဖေဖေက 'ဘုံ' ကို မျက်မှော ကြုတ်၍ ကြည့်လိုက်ပါသည်။ ဟိုလူတစ်လုံးမကျန် မချွင်းမချန်ပြ တိုင်လေသလား။ မိန်းမဆန်လိုက်တာနော်။ 'ဘုံ' အကြိုက် ကြက်ဥ အနှစ်သိပ်မကျက်အောင် Half fried ကြော်ပြီး ထမင်းပေါ် တင် ထားပေးတာမို့ good ရှယ်ပါပဲ။

"ကောင်လေးရှေ့မှာ မောင်ပြည့်စုံနဲ့ စကားများပြီး အ ပြန်လာတာ ဘာသဘောလဲ မိဘုံ"

"ဘုံက အတူပြန်ချင်လို့ လိုက်စီးခဲ့ရတာမှ မဟုတ်တာ အခြေအနေက အဲဒီလိုပဲ ဖြစ်သွားတော့ မတတ်နိုင်ဘူး မေမေ"

"နေပါဦး။ သမီးပြောတဲ့ အခြေအနေဆိုတာ ဘာကိုပြော လဲ"

"ဦးက အဲဒီရှေ့နေမနဲ့ စကားဖြတ်ပြီး ဘုံနောက်လိုက် တာကို ပြောတာပါ ဖေဖေ"

"ကောင်းကွာ"

"ကောင်းမနေနဲ့။ ကိုယ့်သမီးလုပ်ပုံက မဟုတ်သေးဘူး"

"ပြောပြန်ပြီ၊ ဘုံက ဘာလုပ်နေလို့လဲ မေမေရဲ့"





"အချိုးမပြေလို့ ပြောနေတာလေ။ ငါ တီးလိုက်ရ"

"အ!"

နှုတ်မှ ပြောသလို မေမေ့လက်ခေါက်က 'ဘုံ' ခေါင်းထက် ဒေါက်ခနဲ ရောက်လာလေတော့၏။ အရိုက်ခံရသည့်အရွယ်က ဘယ် တော့မှ ပြီးတော့မှာလဲ။ ညတုန်းက 'ဦး' ကို အတော်ဒေါသထွက်ပြီး အော်ဟစ်ငိုယိုခဲ့တာကို မှတ်မိနေပေမယ့် ကိုယ့်ကိုယ်ကိုယ် မှားလား မှန်သလားဆိုသည်ကို ဝေဖန်သုံးသပ်ဖို့က 'ရွှေဘုံစံ' မှာမရှိပါချေ။ ဘယ်လိုပဲ ရန်လိုပါစေ။ ဒီနေ့ မျက်စိသွားစစ်ဖို့ကိုတော့ မမေ့မလျော့ ပါဘဲ သူမှာထားတာ မဟုတ်လား။

"မေမေကလည်းကွာ၊ ဘုံကို ခုထိ ရိုက်ချင်နေတုန်းပဲ။ ဒီဝဋ်ဘယ်တော့မှ ကျွတ်မှာလဲ"

"နင် ယောကျ်ားယူရင် ကျွတ်မယ်"

နှုတ်ခမ်းကို မဲ့လိုက်မိလေ၏။ အပြောကလွယ်ပါ့။ ဖေဖေတို့ ပြောသည့် ရွယ်တူယောကျ်ားလေး (တွေ) နဲ့သာ လက်ထပ်ဖြစ်လျှင် တော့ တစ်နေ့တစ်နေ့ နောင်ကျိန်ချနေတာနဲ့ တစ်သက်လုံး ပြဿနာနှင့် သတဲ့အထိ ဖြစ်တော့မှာပါ။ 'ဘုံ' ကို အလိုလိုက်ပြီး ချော့မော့ပေးနိုင် သည့် ဖူးစာရှင်က ဘယ်ကမ္ဘာများ ရောက်နေပါသလဲ။

"ဘုံက ကလေးမှမဟုတ်တော့တာ"

"ကလေးမဟုတ် လူကြီးမဟုတ်ဖြစ်နေလို့ ပြောရဆိုရခက်နေတာပေါ့။ ဘယ်တော့မှ လိမ္မာမှာလဲ"

"ဘုံက မမမိုးလို ပွေရှုပ်နေတဲ့သူမှ မဟုတ်တာ။ အဲဒါက လိမ္မာတာတဲ့လား"

"သူများကို လက်ညှိုးမထိုးမိစေနဲ့ ဘုံ။ လူဆိုတာ ကိုယ့်ကိုကိုယ် ကောင်းအောင် နေတတ်ရတယ်။ လောကမှာ လူတော်များနိုင်ပေမယ့် လူကောင်းက ရှားတယ် သမီး"

"ဒါဖြင့် ဦးက လူတော်လား။ လူကောင်းလား ဖေဖေ"

"လာပြန်ပြီ၊ မှတ်သုံကိုတော့ မစဉ်းစားဘဲ ဘယ့်နှယ် မောင်ပြည့်စုံကို ပြောပြန်ပြီလဲ"

ထင်သည့်အတိုင်းပါပဲ။ 'မှတ်သုံ' ကိုတော့ 'ဘုံ' နဲ့ တွဲစေချင်တာ အတင်းပါပဲလား။ ဒင်းကိုတွေ့တိုင်း စိတ်ကတိုပြီး ဒေါသဖြစ်တာကိုတော့ မသိကြတာလေ။ အိမ်ကို ဝင်ထွက်ခွင့်ရလျှင်ဖြင့် ဒင်းကပိုပြီး မောက်မာပြတော့မှာပါ။ 'ဘုံ' ကို အနည်းဆုံးတော့ ဆရာဝန်ပေါက်စဆိုပြီး လေးစားမှုတော့ ရှိစေချင်တာ အမှန်ပါပဲ။

"ဘုံမှ မှတ်သုံကို မကြိုက်တာ"

"အတင်းကြိုက်ခိုင်းနေတာမှ မဟုတ်ဘဲ သမီးရယ်။ ဘာဖြစ်ဖြစ် နားလည်မှုနဲ့တွဲရင်း စဉ်းစားပေးလို့ရလာမှာပေါ့"





"ဖေဖေ မသိပါဘူးနော်။ အဲဒီကောင်က ဘုံ့ကို အရမ်းအထင်သေးနေတာ။ လူကို ပုံတုံးကြီးဆိုပြီး တွေ့တာနဲ့ ဖဲ့ရော"

"နင့်ပုံစံက ပုံတုံးကြီးပဲဟာ။ မှန်တာပြောတော့ နာတယ်ပေါ့"

"မေမေကလည်းလေ။ ဘုံက တမင်တကာ ဒီပုံ ဒီ style နဲ့ နေတတ်လို့ပါ။ လှပတလေးပြင်တတ်ပြီး ညှုတုတုသာ လုပ်ကြည့်။ အဲဒီကောင် မကြွေဘူး မထင်လေနဲ့။ ငါးမျှားချိတ်မှာမိတဲ့ ငါးလိုကြိုခနဲ မိမှာအမှန်ပဲ"

"ဟဲ့! ပေးစရာရှားတဲ့ နမူနာလား။ မိဘုံကတော့လေ ရှားပ့ါ"

ဖေဖေက 'ဘုံ' ပေးသည့်ဥပမာကို သဘောကျပြီး ရယ်လေသတည်း။ ဟုတ်တယ်လေ။ ရွယ်တူချင်းမို့ မရှိန်မကြောက်တဲ့ ဘုံ့ကိုမှ အနိုင်ခေါ်ချင်နေတာ မဟုတ်ပါလား။ လွယ်ပါတယ် 'မှတ်သုံ'။ နင်လုပ်ထားတဲ့ ငွေရှိမာနကို 'ဘုံ' က အသာလေး ရိုးချိုးပြပါ့မယ်။ ထိုအခါသော် 'ဘုံ' ၏ မိန်းမမာယာက ကိုယ့်ကျောကွင်းမှာ ထောင်ချောက်ထိန်မမိအောင်တော့ အတော် သတိထားရမှာ ဖြစ်လေ၏။

"တစ်သက်လုံးနေလာတဲ့ပုံစံကို ဘယ်လိုပြောင်းမှာလဲ။ ကိုယ့်ကိုယ်ကိုယ် ဆရာဝန်ဆိုတဲ့ သိက္ခာကိုတော့ စောင့်ထိန်းပါ မိဘုံ။ အပြင့်စံနဲ့သမီးက မတူဘူးဆိုတာကို မမေ့လေနဲ့။

"ဒီလောက်တော့ ဘုံသိပါတယ် မေမေရယ်။ မုတ်သုံ
ယောက်ျားတွေကို အီစီကလီလုပ်ပြီး အချိန်ဆွဲတာမျိုး ဘုံ ဘယ်
က လုပ်ခဲ့လို့လဲ။ မကြိုက်ရင် မကြိုက်ဘူးလို့ ရှင်းရှင်းပြတ်
ပြောခဲ့တာချည်းပါပဲ"

"အေး . . . ဒါတော့ဟုတ်တယ်။ ဒါပေမဲ့ ဒီကောင်လေး
ဖွဲတော့မလျှော့ဘူး။ သမီး ဘာပြောခဲ့သေးလဲ"

"ထုံးစံအတိုင်း No ပါပဲ မေမေ"

"သမီးကလည်း မုတ်သုံက တကယ်ချောတာပဲဟာ။ ဘာ
သဘောမကျတာလဲ"

"ယောက်ျားလေးဆိုတာ ချောစရာမှမလိုတာ။ ဘုံက ဦး
ခန့်ချောတာမျိုးပဲ ကြိုက်တယ်"

"ဘာပြောတယ်"

"ဟုတ်တယ်၊ ဦးလို အသက်ကြီးတဲ့ အစ်ကိုတွေပဲ တွေ့ချ
တယ်။ ရွယ်တူတွေက ဘုံ့ကို စိတ်ဝင်စားဖို့ထက် အထင်သေး
နိမ့်ချင်ကြလို့ မတွေ့ချင်ဘူး"

ဖေဖေရော မေမေပါ တစ်ယောက်တစ်မျက်နှာကြည့်
အံ့ဩနေလေ၏။ ဘာလဲ အသက်အများကြီးကြီးသည့် 'ဦး'
စိတ်ဝင်စားနေပြီဟု ထင်သွားပြီလား။ 'ဘုံ' ကိုယ်တိုင်လည်း သေ





ာမှမသိပေမယ့် 'ဦး' အပေါ်ကိုဖြင့် ဝန်တိုပြီး အနိုင်ယူချင်စိတ်
နေတာတော့ အမှန်ပါ။ ခုချိန်ထိ 'စော' နှင့် 'အစ်ကိုကြီး' ဟူသည့်
သံတွေကို ကြားနေရတုန်းပါပဲ၊

"ငါ့သမီးက အဆန်းပဲ။ ဘာလို့ ရွယ်တူကို မကြိုက်တာလဲ"

"ဖေဖေပဲစဉ်းစားကြည့်လေ။ ခေါ်လာသမျှ အင်ဂျင်နီယာ
တွေ၊ သင်္ဘောသားတွေ၊ နိုင်ငံခြားပြန် အားလုံးက ဘဝင်လေဟပ်ပြီး
ာက်ခြေလွတ်နေကြတာက များတယ်။ ကိုယ်ပိုင်အရည်အချင်း
က် မိဘအရှိန်နဲ့ ဒီလိုရာထူးနေရာကို ရတာများ မာနကြီးနေတာမို့ပါ"

"တင်းတောင်!"

"ဟော!"

အိမ်ရှေ့မှ လူခေါ် bell သံကြောင့် စိတ်ထဲမှ ထိတ်ခနဲဖြစ်
း ပျော်သွားရပါ၏။ 'ဦး' လာခေါ်ပြီ မဟုတ်လား။ မေမေတို့ သတိ
ထားမိစဉ်မှာပင် 'အစန်း'က တံခါးဖွင့်ပေးလိုက်ပြီး အိမ်ထဲဝင်လာ
သည့် အသံတွေကို ကြားလိုက်ရလေသည်။ ဘာလဲ 'ဦး' မဟုတ်ဘူး
ား။ ရယ်သံတွေနှင့်အတူ ထမင်းစားခန်းနား ရောက်လာပါသည့်
ခြေသံက တစ်ယောက်ထက်မက များနေမှန်း သိလိုက်ရလေ၏။

"Morning! လေးလေး"

"ဟေ! ဘယ်သူတွေများလဲလို့ ကိုကြီးတို့ပါလား"

"ငါ့ညီမ အသက် ဘာတွေချက်နေလဲဟေ့။ ထမင်းပြီးပြီ
ပဲ"

"ဟုတ်ပဲ့ ပြန်ရောက်နေတာတောင် အကြောင်းမကြား
တကယ်ပါပဲ။ သမီးမိုး စုံစမ်းပေးလို့ လိပ်စာသိမှပဲ လာလို့ရတာ
အခုလည်း ဟိုတက်ခြံမှာ ဆေးလာကုပေးတဲ့ ဒေါက်တာလေးနဲ့တွေ့
အိမ်သိရတာ"

"ကျွန်တော်က တစ်လတစ်ကြိမ်ပဲလာကြည့်ပေးတာ
အန်တီနိုင်ရယ်။ ဘုံက အမြဲတမ်း ကြည့်ပေးနေတဲ့သူပါ"

"ဟုတ်လား"

'ကိုသက်' နှင့် 'မမမိုး' က ရယ်မောရင်း နောက်မှဝင်
ကြလေ၏။ မေမေ ကြိုတွေးထားသည့်အတိုင်း တကယ်ပဲ
လာကြတာပါလား။ အိမ်လိပ်စာကို ပေးထားပေမယ့် ပြောင်းလာ
မလာကြပါပဲ အခု ဖေဖေပြန်ရောက်မှ လာကြတာက ဘာသ
ပါလဲ။ သားအမိနှစ်ယောက်စလုံးကို အလျှုမင်္ဂလာပွဲ ညှော်ခံပွဲသွား
လည်း မဟုတ်ပါဘဲ (မလိုအပ်ပါဘဲ) လက်ဝတ်လက်စားတွေ
ကြီး မျက်စိကျိန်းအောင်ကို ဝတ်လာကြလေသည်။

"သမီးငယ်ရှိနေတာကို၊ ဘယ်မှမသွားဘူးလားကွယ်"

"သွားစရာတော့ရှိတယ် အန်တီကြီးရဲ့။ ခဏနေမှ သွား





"ဘာလဲ ... ကောင်လေးတွေနဲ့ date နေရတုန်းပဲလား။
မျက်စိကျတာ မတွေ့သေးဘူးလား ဘုံရဲ့"

လာပါပြီ။ ဒီလေသံမျိုးပဲ ထွက်လာမည်ဆိုတာ ကြိုတွက်ပြီး
ပါလေ။ 'ကိုသက်' ကို အပြစ်မမြင်ပါ။ ဆွေမျိုးရင်းချာတွေရဲ့
တက ကောင်းမှုမကောင်းတာကို။ အခုလည်း ဖေဖေပြန်
မှန်းသိ၍ လာရှုတ်ဆက်တာဖြစ်ပါ၏။ ဖေဖေနှင့်မေမေ့ကို စကား
ငယ်ပြောဆို၍ ပြန်ရန်ပြင်လိုက်တော့တာပါလေ။

"ကိုမိုးသက်ရော ဘယ်တော့စားရမလဲ"

"သိပ်မကြာတော့ဘူးလို့ပဲ ပြောရမှာပေါ့ မိုးမြင့်စံ"

"ဒါဖြင့် ရှိနေပြီဆိုတဲ့ သဘောပေါ့လေ"

"ဆိုပါတော့"

"မသိပါဘူး။ မိုးက ကိုမိုးသက်များ ဘုံ့ကို စိတ်ဝင်စားနေ
လို့ပါ"

"ကိုယ်တို့က senior နဲ့ Junior တွေပါ မိုးမြင့်စံ"

"အင်းလေ ဟုတ်သားပဲ"

"ကိုယ်ပြန်ဦးမယ် ဘုံ။ ကြီးမေရဲ့အခြေအနေကို သုံးလေး
ကြိမ်တော့ ကိုယ့်ကို phone ဆက်ပြောပေးပါ"

"ဟုတ်ကဲ့ ကိုသက်"

"ကြီးမေဆိုတာ ဘယ်သူလဲ"

"ဟိုဘက်ခြံကပါ"

"သြော်"

'ကိုသက်' က ဟိုဘက်ခြံမှာပင် ကားကိုရပ်ခဲ့တာမို့ ခြံအေ ပေါက်မှပင် ပြန်သွားလေ၏။ 'ဘုံ' က 'ဦး' နှင့် အပြင်သွားရမှာ မျှော်ရမှာ ဖြစ်ပေမယ့် အိမ်ရှေ့မှာ ကြာကြာမနေဖြစ်ပါဘဲ မမကသာ 'ကိုသက်' နောက်ကျောကို ငေးကြည့်ကျန်ရစ်ခဲ့တာပါ။ ယူမယ့်သူ ရွေးနေပါလျက် 'ဘုံ' senior ကိုပါ အလွတ်မပေးချင်ပါလား။

"ဒါနဲ့ ငါ့မောင် အတော်စုမိဆောင်းမိလာမှာပေါ့"

"ဒီလောက် မဟုတ်ပါဘူး မကြီးရယ်"

"နယ်က အိမ်ကိုရောင်းဖြစ်ပြီလား"

"ရောင်းဖို့ပြောထားတယ်၊ ကြံဦးမှာ ကိုကြီးရဲ့"

"ငွေတွေ ဘဏ်အပ်ထားတာမဟုတ်လား။ ဒီတိုင်းထား ဘာမှမတိုးပွားဘဲ အလကားအိပ်နေသလို ဖြစ်နေမှာစိုးလို့ အကြံလာ ပေးတာပါ"

မေမေက 'ဘုံ' ကို ဖျတ်ခနဲကြည့်လိုက်လေ၏။ ငွေကြေး တွေဖြစ်လာတိုင်း ကလေးဆိုပြီး အမြဲရှောင်ခိုင်းခဲ့တာလေ။ အခုလည်း ကြိုတွက်ထားသည့်အတိုင်း စကားက ပျိုးလာပြီမဟုတ်ပါလား။





ကြီးမို့ ဘာမှမပြောဘဲ ကွယ်ရာမှာသာ ဖေဖေ့ကို တဖျစ်တောက် တောက် ပြောတတ်သည့် မေမေ့မျက်နှာမှာ စိတ်ရှုပ်ထွေးမှုက ထင်းသား မြင်နေရတာပါ။

"အန်တီကြီးတို့အကြံ လာပေးတာ နောက်ကျသွားပြီ"

"ဘာ"

"ဟုတ်တယ်၊ ဖေဖေက ပြန်ရောက်ကတည်းက ပါလာသမျှ ငွေတွေကို စိတ်ချရတဲ့ကုမ္ပဏီလုပ်ငန်းတွေထဲ ရှယ်ယာထည့်ထားတာ ပေါ့၊ ငွေအလကားမဖြစ်အောင် ဘုံ့ကိုတောင် ကားဝယ်မပေးတာပဲ ကြည့်လေ"

"ဘယ်လို!"

ဖေဖေ့မျက်နှာက နီချင်နေပေမယ့် မေမေ ကြိတ်ပြုံးလိုက်တာ တော့ 'ဘုံ' မြင်လိုက်ပါ၏။ ဒီတစ်ခါတော့ ကလေးက လူကြီးတွေ ကြား ဝင်ပါမိတော့တာလေ။

## (၁၈)

"ဘုံတို့မိသားစုက အဲဒီလို စိမ်းကားပြတယ်ပေါ့။ တကယ်… ဆို ဘုံက မမတို့နဲ့ ခြောက်နှစ်ကျော်အတူနေခဲ့တာပဲ။ ဖေဖေတို့… ဘာမဆို တိုင်ပင်ဖို့ကောင်းတယ်"

"ဒါကတော့ ယုံကြည်သင့်တဲ့လူကို ယုံပြီး ဖေဖေက ငွေ… လိုက်တာပါ။ စီးပွားရေးလည်း သိပ်နားမလည်တော့ ဒီလိုလုပ်တာ… ပြောတာပဲ။ ဟိုရေသန့်ကုမ္ပဏီကဆို (၆) လစာရင်းချုပ်တာ… ဖေဖေ့ဆီ အမြတ်စာရင်းရောက်နေပြီ။ ဖေဖေက ဘုံ့အတွက်… အဲဒီငွေတွေစုတာ bank account ဖွင့်ထားပေးတယ်ဆို…





…ပြောတယ်"

မမမျက်နှာ အတော်နီသွားတာပါ။ သူစိမ်းကို အားကိုးသည့် …ရဲ့ နာလေသလား။ 'ဘုံ' လည်းမတတ်နိုင်ပါ။ ဒီကိစ္စတွေကိုလည်း …ကြီးတွေတိုင်ပင်ပြီး လုပ်ကြတာမို့ 'ဘုံ'က နားစွန်နားဖျားသာ ကြားမိ…လေ။ 'ဘုံ' က မိဘတွေရဲ့ စည်းကမ်းလုပ်ထားပေးတာမို့ အပိုသုံး…န်းတတ်သည့်ကလေးမျိုး မဟုတ်ခဲ့ပါ။ ဘာပဲလိုလို အခုထိ မေမေ့…မှာ တောင်းနေတတ်တုန်းပါပဲ။

"ဘုံလည်း တစ်နေ့ကျ စီးပွားလုပ်မှာပဲ မဟုတ်လား။ အဲဒီ…ါ မမရဲ့ Spa မှာပဲဖြစ်ဖြစ် ရှယ်ယာလာထည့်ပေါ့"

"ဘုံ့ကို စီးပွားရေးလုပ်မယ်လို့ ဘာဖြစ်လို့ထင်ရတာလဲ။ …တ်ထားတဲ့ပညာနဲ့ ဝမ်းဗိုက်ပြည့်အောင် ရှာစားမှာပါ မမရယ်"

"ဒါဆိုလည်း ဖေဖေ့အသိ ပုဂ္ဂလိကဆေးရုံမှာ ပြောထားပေး…ား"

"ကျေးဇူးတင်ပါတယ် မမ။ မလိုအပ်ပါဘူး။ တတ်တဲ့ပညာ …ငွေရှာဖို့မှ မဟုတ်တာ။ ဖေဖေကိုယ်တိုင်ကလည်း လိုအပ်တဲ့နေရာ …ဘုံဆေးကုသပေးဖို့ မျှော်လင့်ထားတယ်"

"ဒါဖြင့် နယ်တွေလိုက်ပြီး ဆေးကုဖို့များ"

"အဲဒါတော့ မပြောတတ်ဘူး"

"အင်းလေ၊ မမက အသက်ပြည့်ပြီးမို့ ဘွားဘွားထားခဲ့တဲ့ အမွေစာရင်းအတိုင်း ထုတ်ဖြစ်တော့မယ်။ ဆယ်ဂဏန်းပဲမို့ ဘုံနဲ့အတူ ထုတ်ရင် ကောင်းမလား စောင့်နေတာ။ အမွေမပျောက်ပျက်အောင် တစ်ခုခု လုပ်ထားမှ သင့်လျော်မယ် မဟုတ်လား"

ကြည့်စမ်း! မေမေပြောသည့်အတိုင်း ကွက်တိဖြစ်လာတာပါလား။ လောဘဟူသည့်စိတ်က အတောမသတ်နိုင်တာလေ။ ကိုယ့်တာသာလည်း စီးပွားရှာနေပါလျက်နဲ့ ဘာလို့များ ဘုံတို့မိသားစုရဲ့ပိုင်ဆိုင်မှုကို မျက်စောင်းထိုး မက်မောချင်ရပါသလဲ။ ကြွားဝါတာကိုလည်း မလျှော့၊ မောက်မာနိုင်ထက်စီးနင်းလုပ်ချင်စိတ်က မိသားစုအကုန်လုံးမှာ ရှိနေပါရောလား။

"အခု မမလုပ်ငန်းလည်း အောင်မြင်နေတာပဲ မဟုတ်လား"

"အင်းပေါ့၊ အတိုင်းအတာတစ်ခုလောက်တော့ အောင်မြင်သားပဲ"

"အဲဒါဆိုလည်း မမမိုးရတဲ့ငွေကို လုပ်ငန်းထဲ ထပ်ဖြည့်လိုက်ပေါ့။ ဘာများခက်လို့လဲ"

တမင်ပင် မျက်နှာလွှဲ၍ ပြောလိုက်မိပါ၏။ ဒီလုပ်ငန်းမျိုးက ချဲ့ရင်ချဲ့သလောက် ငွေကုန်ကြေးကျများတာပါ။ ကိုယ့်ဆိုင်နှင့်အပြိုင် တခြားဆိုင်တွေက နေရာတကာ ရှိနေတာမို့ customer ကို care





ပြီး ဆွဲဆောင်နိုင်မှု ရှိမှသာ ပုံမှန်ဖောက်သည်မျိုးရမှာပါ။ မဟုတ်လို့ကဖြင့် ဒီတိုင်း ငုပ်တုပ်ထိုင်နေရမှာ မဟုတ်လား။

"ဘုံ အခုတွဲတဲ့သူ ရှိနေပြီလား"

"ဒီလိုပါပဲ၊ မမလိုတော့ ဘေးမှာ တစ်ပြုံကြီး ဘယ်ရှိပါ့မလဲ။ ရွေးစရာမှ မများတာ"

မရယ်ချင့်ရယ်ချင်အသံက လူကိုအထင်သေးပြီး လှောင်နေသည့်နှယ်ပါ။ အဲဒီလူတွေနှင့် ဟိုနေရာ ဒီနေရာ Date ပြီးလှေ့လာသာ ဝင်ငွေကောင်းပြီး နောက်ခံအင်အား တောင့်တင်းသည့်သတို့သားကို ဆန်ကာတင်ရှာနေမှန်းလည်း သိနေပါ၏။ တစ်ယောက်ဆိုပြီး ရွေးဘဲ သုံးလေးယောက်ကို ကြိုးရှည်ရှည်ဖြင့် ဆွဲထားနိုင်သည့်နေရာမှာ 'မမမိုး' က ဆရာကြီးအဆင့်ပါပဲ။

"ကိုမိုးသက်မှာ တကယ်ပဲ ချစ်သူရှိနေတာလား"

"မပြောတတ်ဘူးလေ၊ ဘုံနဲ့ကိုသက်က အဲဒီလိုအတွင်းရေးတွေ ဆွေးနွေးတဲ့အဆင့်ထိ ရင်းနှီးတာမှ မဟုတ်တာ"

"ဘုံရော သဘောမကျဘူးလား"

"ကိုသက်ကိုလား"

"အင်း"

"Senior မို့ အစ်ကိုလို လေးစားရတာထက် မပိုပါဘူး

မမရဲ့"

"ဟင်း ဟင်း ... အေးလေ၊ ငါ့ညီမက ရိုးရိုးအေးအေးကြီး ဖြစ်နေတာကိုး"

ပုံတုံးကြီးဟု ဒုံမပြောတာကိုပဲ ကျေးဇူးတင်ရဦးမှာပါ။ လှတာ မက်တဲ့သူတွေချည်းပဲ လောကမှာ ရှိနေသည်ထင်နေပါသလား။ ရှိသမျှ လူမြင်အောင် ထုတ်ပြပြီး မြှူဆွယ်တာကမှ ရှက်စရာပါ။ 'ဘုံ' ထက် သုံးနှစ်ကြီးပြီး မမထံမှာ ဘာကြောင့် ရင့်ကျက်တည်ငြိမ်မှု ကို မမြင်ရပါသလဲ။

"ဘုံကတော့ အပေါ်ယံအလှတွေ ဂုဏ်ပကာသနတွေကြည့် ပြီး ရွေးတာကို သဘောမကျပါဘူး။ မေတ္တာစစ်နဲ့ လက်ထပ်တာမ မဟုတ်တာ၊ တကယ့်အချစ်စစ်နဲ့ ချစ်ရင် ဘာမှမရှိဆင်းရဲ မွဲတေလို့ ဖြစ်ဖြစ် စည်ပိုင်းလို ဝတုတ်ပြီး ပုံတုံးရုပ်ဆိုးကြီးပဲ ဖြစ်ဖြစ် လက်ခံကြ မှာပဲ၊ နှစ်ကိုယ်တူ ချစ်အမှုရှိမှသာ ဘဝတည်ထောင်ခြင်းက အဓိပ္ပာယ် ပြည့်စုံတော့မှာပေါ့။ မဟုတ်ဘူးလား"

"ငါ့ညီမကတော့လေ။ ရှာကြံစိတ်ကူးယဉ်တတ်ပါ့။ အချစ် ဆိုတာ စိတ်ကူးယဉ်ရုံသက်သက်ပဲ ကောင်းတယ်ဘုံ၊ အိမ်ထောင်ပြု မယ်ဆိုရင် အဲဒီအချစ်က စက္ကူလို ပါးပါးလေးပဲကျန်တော့မှာ။ လက် တွေ့မှာ အသုံးမဝင်ဘူးကွယ့်"





"ဒါကတော့ အရွယ်ရဲ့အသိနဲ့ တွေးဆပုံ ခြားနားတာလည်း ...ကောင်းဖြစ်နေမှာပါ။ မေတ္တာတရားကို အလေးအနက် မထားဘဲ ...စားစရာလိုတော့ ဘုံ သဘောမထားနိုင်ဘူး။ ကိုယ့်ကို တကယ်ချစ် ...သူကို လှည့်စားမိရင် သူ့မေတ္တာက တစ်ချိန်မှာ ကိုယ့်ကို ပြန်ရိုက်တတ် ...ယ်တဲ့"

"ကြိုကြိုဖန်ဖန် ပြောတယ်ဟယ်"

ဒန်းပေါ် နှစ်ယောက်အတူထိုင်နေရင်း အနောက်မှာ တစ် ...ယောက်ယောက် ရောက်လာပြီအထင်ဖြင့် တိုက်ဘေးဘက်သို့ ဖျတ် ... လှည့်ကြည့်လိုက်မိပါ၏။ တကယ်ပင် 'ဘုံ' တို့အနီးသို့ ရောက် ...သည်က 'ဦး' ဖြစ်နေပါသည်။ 'ဦး' ကတော့ ထုံးစံအတိုင်း ခပ် ...ောင်မှောင်အရောင်ကိုပင် ရွေးချယ်ဝတ်ဆင်လာတာပါ။ သို့သော် ...င်းနေပါသည့် အသားရောင်ကတော့ ပျောက်မသွားပါချေ။

"ဦး!"

"ဘုံ အဆင်သင့်ဖြစ်ရင် သွားကြမယ်လေ"

"ဘယ်သူလဲ"

"ဟိုဘက်ခြံက ဦးလေ"

"ဪ ... မမနဲ့မိတ်ဆက်ပေးဦးလေ, ဘုံရဲ့"

"ဘုံ့မမပါ ဦး"

"အင်း"

"မိုးမြင့်စံပါ အစ်ကိုကြီး။ ဒါက မိုးရဲ့ visiting card ပါ"

"ဟုတ်ကဲ့"

"မိုးတို့ spa ကို လာအားပေးရမယ်နော်။ တစ်ခါလောက် လာပါဦး။ Service ကအပြည့်ရှိတယ်။ ခေါင်းအစ ခြေအဆုံး အစ်ကိုကြီး perfect ဖြစ်သွားစေရမယ်"

"ကိုယ်က အဲဒီလိုနေရာကို သွားလေ့သွားထ မရှိလို့ပါ"

'ဘုံ' လှစ်ခနဲ ကျိတ်ပြုံးမိလိုက်ပါ၏။ 'ဦး' က ထိုသို့ပင် စကားကိုမကွယ်မဝှက် ပြောတတ်တာမဟုတ်လား။ ကိုယ့်စီးပွား အတွက် customer ကို အငမ်းမရ ဖိတ်ခေါ်တာထက် တစ်ဆင့်ထား နည်းနည်းပိုနေသလိုပါပဲ။ 'ဘုံ' က 'ဦး' ဟုခေါ်ပေမယ့် 'အစ်ကိုကြီး' ဟု ပစ်ခေါ်လိုက်ပုံက အသည်းယားဖွယ်ရာပါလေ။

"ဒီလိုဆိုင်မျိုးဖွင့်ထားတယ်ဆိုပြီး ဘုံ့ကို တစ်ခါမှ မပြောပေ ဘူးလား"

"အင်း . . . အဲဒါကလေ ဘုံကလေ၊ ငယ်ငယ်ကတည်းက ခပ်ရှိုးရှိုးကြီးပဲ နေတတ်တာမို့ပါ အစ်ကိုကြီးရဲ့"

"ရိုးရိုးကြီးလည်း ယဉ်ယဉ်လေးနဲ့ လှအောင်ကြည့်ကောင်း အောင် ပြင်ပေးလို့ရပါတယ် မိုးမြင့်စံရဲ့"





"ဟုတ်ပါသေယ်၊ နောက်မှပဲ ဘုံ့ကို ဆိုင်ခေါ်ရမယ်"

"မအားဘူး မမရေ၊ ဒီလကို စာမေးပွဲရှိလို့ စာပြုးပြီကျက်နေ ..တယ်"

"မအားဘူးဆိုပြီး အခုက ဘယ်သွားမလို့လဲ"

"ဒါလား ဦးနဲ့လျှောက်လည်ဖို့ Date ထားတာလေ၊ နော်

..."

'ဦး' လက်ကို တမင်ပင် မမရှေ့မှာ ချိတ်ပြလိုက်မိပါ၏။ ..' က မရှန်းဖယ်သဖြင့် မမအကြည့်က စူးခနဲ ရောက်လာတော့တာ ..။ ဘယ်သူမှန်း သေချာမသိတာတောင်မှ 'ဦး' ကို ချိန်ချင်နေတာ ..ဟုတ်လား။ မမလိုပင် 'ဦး' က လိပ်စာကတ်ကို အလွယ်တကူ ..တ်မပေးပါချေ။ အဘယ်မျှ တည်ငြိမ်လိုက်ပါသလဲ။

"အစ်ကိုကြီးကို တစ်နေရာရာမှာ တွေ့ဖူးသလိုပဲ"

"ဟုတ်လား"

"Business နဲ့ interview တွေ ဘာတွေများ လုပ်ဖူးလား ..င်"

"အင်း . . . ကိုယ် တစ်ကြိမ်တော့ ပြောဖူးတယ်။ ဖေဖေ့ ..ပ်ငန်းကို လွှဲယူချိန်က"

"ထင်တယ် ထင်တယ်၊ ဟုတ်တာပေါ့။ ဒါကြောင့် မြင်ဖူး

ပါတယ်လို့။ ဒါဖြင့် Asia Tower Bank ရဲ့ MD များ''

''ဟုတ်ပါတယ်၊ ကိုယ်, ဘုန်းပြည့်စုံပါ''

''ဟယ်! ... တွေ့ရတာ ဝမ်းသာလိုက်တာ၊ အစ်ကိုကြီး မိုး အရမ်းလေးစားအားကျတဲ့ ပုဂ္ဂိုလ်မို့လေ''

လက်ကမ်းပေးနေသည်က ယောကျ်ားလေးမဟုတ်ပါဘဲ မိန်း ကလေးဖြစ်သည့် 'မိုးမြင့်စံ' ပါ။ သူက အလိုက်သင့် လက်ပြန်ကမ်း နှုတ်ဆက်လိုက်လေ၏။ Intro က အတော်လေး ရှောရှောရှူရှူ လား။ မျက်လုံးတွေ တဖျတ်ဖျတ် လက်နေပါသည့် မမအကြည့် ကြောင့် 'ဘုံ' က အတွင်းစိတ်ကို ရိုပ်မိနေပါပြီ။ ငါးအကြီးကြီးမြင်လိုက် သည့် တံငါသည်တော့ မလုပ်ချင်ပါနဲ့လား မမရယ်။

''သွားကြမယ်လေ ဦးရဲ့''

''အင်းပါ ... သွားလိုက်ပါဦးမယ်''

''ဟုတ်ကဲ့ အစ်ကိုကြီး''

'ဘုံ' အတင်းဆွဲခေါ်မှပင် နှုတ်ဆက်နေပါသည့် လက်တို့ ဖြုတ်လေတော့၏။ စိတ်တိုလိုက်တာနော်။ မိန်းကလေးဖြစ်ပြီး ဣန္ဒြေ ကိုမရဘူး။ ဒီပုံစံနဲ့တော့ အပတ်စဉ် 'ဘုံ' တို့အိမ်ကို ချောင်းပေါက် မတတ် လာမှာမြင်ယောင်ပါသေးတယ်။ အကြောင်းရှာပြီး 'ဦး' နဲ့ မရင်းနှီးနှီးအောင် မာယာတစ်သိန်းနှင့် ဖြားယောင်းသွေးဆောင်တော့





လေ။ ကိုယ့်အစ်မဟု ပြောမိတာတောင် မှားသွားပြီလား မသိပါလေ။

''ဒါက ဘယ်လိုဖြစ်ပြီး နှုတ်ခမ်းက တစ်တောင်လောက် နံနေရတာလဲ''

''ဦးအပြစ် ဦးသိပေါ့''

''ကိုယ်က ဘာလုပ်မိလို့လဲ''

''မမလက်က အတော်လေးနူးညံ့လို့ မလွှတ်ချင်ဘူးပေါ့လေ။ ပြောလိုက်ချင်ဘူး''

''ဟောဗျာ၊ ဘုံပဲ မိတ်ဆက်ပေးတာ မဟုတ်လို့လား''

''ဟိုက သိသိနိုင်လွန်းတယ်။ ဘဏ်သူဌေးဆိုတာမှန်းသိတာ မျက်လုံးက လေဆာရောင်ခြည်တွေ ထွက်လာသလို ညို့အား စ်ထောင်နဲ့ ကြည့်တော့တာပဲ။ စိတ်တိုလိုက်တာ''

'ဦး' က တဟားဟားရယ်နေလေတော့၏။ ဘာလဲ အတော် ဘောကျနေပြီလား။ ဟိုက အီစီကလီနဲ့ 'အစ်ကိုကြီး' ခေါ်ရုံနဲ့ ဂ်ကျစရာလား။ 'ဘုံ'က 'ဦး' အရွယ်မို့ 'ဦး' ဟုသာခေါ်ပေမယ့် ့သမျှ မိန်းကလေးတွေက နှုတ်မတွန့်ပါပဲ 'အစ်ကိုကြီး' ပစ်ခေါ်ကြ ယ်လို့။ ရဲတင်းလိုက်ကြတာနော်။ 'ဦး' သာ 'ဘုံ့' အပိုင်ဖြစ်ရင် စ်ကိုကြီး' ခေါ်နိုင်းလည်း 'ကိုကို' ဟု မျက်စိမှိတ်ခေါ်ဝံ့တာအမှန်ပါ။

အလို! 'ဘုံ' ဘာတွေဖြစ်နေပြီလဲ။

"ရောက်ပြီလေ ဆင်းမယ်"

"ဦးကို လုံးဝ မကျေနပ်ဘူး"

"ဟော! ဖြစ်လာပြန်ပြီ"

"တကယ်ပြောတာ၊ ဘုံ့မမက ဆရာကြီးရှင့်။ ယောကျ်ား

ကို လက်ညှိုးပေါ်တင်ပြီး အသာလေးလှည့်ကစားနိုင်တယ်။

ဖြားယောင်းတာနဲ့ ဦးက ယိုင်ဖို့စိတ်မကူးလေနဲ့။ မရဘူး သိလား"

"ဖြစ်ရမယ် ဘုံရယ်။ ကိုယ်က မိုးမြင့်စံကို သဘောကျ

ပြောမိလို့လား"

"မကျေရပါဘူး။ အစ်ကိုကြီး ခေါ်တာနဲ့ အရည်ပျော်ချင်နေ

ဘုံလည်း အခုပဲ ပြောင်းခေါ်ဖို့ စိတ်ကူးလိုက်ပြီ"

"ဘယ်လိုတဲ့လဲ"

"ကိုကြီး Lets Go! "

"ဘာ"

ကားပေါ်မှဆင်းရင်း ခေါ်လိုက်စဉ် သူက အပြုံးကို မ

နိုင်တော့ဘဲ ရယ်လေတော့၏။ ဒီလိုပဲ ဖြစ်ရမယ်လေ။ 'ဘုံ'

'ဦး' အတွက် အားဆေးလေးပါပဲ။

❁





## (၁၉)

တစ်နှစ်တစ်ကြိမ် မျက်စိလာစစ်နေကျဆေးခန်းမှာပင်

phone ဖြင့် နံပါတ်ကြိုယူထားပြီးလာခဲ့တာပါ။ ရှေ့မှာ နေရာယူထား

သည့် လူတွေကိုစောင့်ရင်း ခုံမှာ ခဏမျှ ထိုင်စောင့်ရလေသည်။

သူမက သူ့ဘေးမှာ ထိုင်ရင်း ဟိုဒီကြည့်နေသည်က တကယ့်ကလေး

လေးနှယ်ပါလေ။

ဘယ်လိုများ လုပ်ရပါ့မလဲ။ မတွေ့ဖြစ်အောင် ရှောင်တော့

ည် စိတ်ကူးထားကာမှ ဤသို့ မရှောင်ချင်အောင် ဘာကြောင့်များ

မှုရပါသလဲ။ 'စောကလျာ' တစ်ယောက် သူ့ကို 'အစ်ကိုကြီး' ဟု

ခေါ်လိုက်ကတည်းက ချီးပွဲချဦးခဲ့တာ ဘာကြာသေးလို့လဲ။ အခုတင်
ဝမ်းကွဲအစ်မဖြစ်သူနှင့် မိတ်ဆက်ပေးရင်း ဝန်တိုခြင်းတွေက ထပ်
လာပြန်ပါရောလား။

သတိ 'ဘုန်းပြည့်စုံ'။ ကလေးတစ်ယောက် စိတ်ကစား
အရူးထတာကို လူကြီးဖြစ်ပြီး ယိုင်လဲစရာလား။ အချိန်တန်လျှ
ရွယ်တူ တန်းတူကို လက်တွဲဖော်အဖြစ် ရွေးမှာမှန်းသိထားပါလျက်
ဒီအပြီး ဒီစိတ်ကောက်ခြင်းတွေက နှလုံးသားကို လှုပ်ကိုင်နိုင်စွမ်း
နေတော့ ခက်ချေပြီ။

"ဒေါက်တာက အခုဝင်လာဖို့ ခေါ်လိုက်ပါတယ်ရှင့်"

"ကိုယ်တို့ကိုလား"

"ဟုတ်ပါတယ်"

သူငယ်ချင်းဖြစ်သူကတော့ list ထဲမှာ နာမည်ကြည့်
သူ့ကိုခေါ်လေပြီ။ ဒီကိုလာတိုင်း 'မစွံသေးဘူးလား' ဟု နောက်နေ
'ပါရဂူဒေါက်တာသန့်ဇင်' က သူငယ်ချင်း power တွေ ထုတ်သုံး
ပြီ။ ရှေ့မှ သုံးလေးယောက်ကိုကျော်ပြီး သူ့ကို အရင်ဝင်နိုင်သည့်
ဆရာဝန်ရှိရာအခန်းဆီသို့ လျှောက်ခဲ့ရပါ၏။

"လာပြီလားဟေ့ ဖိုးမစွံ၊ အဲ!"

"ဘုံ အရင်စစ်လေ"





"ဦးအရင်လေ"

"ဘုံ အရင်ထိုင်ပါ"

"ဦးထိုင်ပါဆိုမှ"

"အလိုလေး! ငါပြောတာကို မခံချင်စိတ်နဲ့ စုံတွဲခေါ်ပြီး
က်ချလာတာပေါ့လေ။ Lady first ဖို့ မိန်းကလေးက အရင်စစ်ရ
ပါ"

"မင်းထင်သလို မဟုတ်ဘူးနော်၊ ဖွတ်မစချင်နဲ့"

"မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"မဟုတ်တဲ့လူက ဦးအရင် ဘုံအရင်ဆိုပြီး ဦးစားပေးနေတာ
သဘာဝမကျဘူး"

"သန့်ဇင်"

"နာမည်က ရွှေဘုံစံနော်။ မျက်မှန်စတတ်တာ ဘယ်တုန်း
လဲ"

"(၁၈) နှစ်တုန်းက"

"အခုကရော"

"(၂၂) ကျော်ပြီ"

"နှစ်တိုင်းစစ်ဖြစ်ရဲ့လား"

"ဟုတ်ကဲ့"

"ရွှေဘုံစံဆိုတာ ကြားဖူးသလားလို့"

"ဘုံက ကိုသက်ရဲ့ junior ပါ ဆရာ"

"ဖိုးသက်နဲ့ရင်းနှီးတယ်ပေါ့။ ဒါကြောင့် တွေ့ဖူးပါတယ် ထင်နေတာ။ ငါတို့နဲ့မဟုတ်တဲ့ မင်းက ဘာလို့တွဲဖြစ်သွားတာလဲ ပြည့်စုံရဲ့"

"သန့်ဇင်"

"Sorry ပါသမီးရယ်။ ဒီကောင်ကြီးကို အမြဲနောက်နေကျမို့ပါ။ ဒီလောက်လှတဲ့ မျက်ဝန်းလေးကို ဘာလို့များ ခပ်ပိန်းပိန်းမျက်မှန်ကြီးတပ်ပြီး ဖုံးကွယ်ထားရတာလဲ။ ဘယ်သူမြင်မှာစိုးလို့လဲ ရွှေဘုံစံ"

"ဘုံကိုယ်တိုင် ကြိုက်လို့ အဲဒီပုံစံပဲ ရွေးတတ်ခဲ့တာပါ"

"မင်းက ဘာမှမပြောဘူးလား"

"ဘာပြောရမှာလဲ။ သူ့စိတ်ကြိုက်နဲ့ သူဘာသာရွေးခဲ့တာကို"

"အခု ဦးက လှလှလေးရွေးပေးမယ်ဆိုလို့ ရောက်လာတာပါ ဆရာ"

"ကောင်းပါလေ့။ မွေးနေ့ရှင်ကို glass အသစ်မလုပ်ပေးခင် ပြောင်းပြန်တွေပါပဲလား"

"လုပ်ပြန်ပြီ၊ သန့်ဇင်ကတော့ နှုတ်တကယ်ဖွာပါ့"

"ဟင်! ဦးမွေးနေ့ရောက်နေပြီလား"





"သူက ပြောမှာမဟုတ်ဘူး သမီးရေ။ အန်ကယ်တို့သားသမီး သုံးလေးယောက် ရနေပြီ။ သူက ခုထိ တစ်ကိုယ်တည်းကျကြီး ဘေးမှာ ဘယ်သူမှမရှိနဲ့ ဖြစ်နေတာ။ အသက်ကြီးလာတာသိမှာစိုးတဲ့ကောင်"

"ငါ့အသက် ဘယ်လောက်ရှိလဲ သူသိပါတယ်"

"ဩော် ... ဟုတ်လား"

'သန့်ဇင်' က သူမကို စေ့ကြည့်တာ ပြီးပြီမို့ သူ့ကို တစ်လှည့်ကြည့်ပေးလေ၏။ နောက်ပြောင်ချင်သည့် မျက်နှာက အထင်းသားမို့ဘီးတို့သတိပေးနေရပါသည်။ ဒီဆေးခန်းခေါ် လာမှပဲ အံ့ရှက်ကွဲ ဖြစ်နေရလေပြီ။ သူ့ကိုက တခြားဆေးခန်းပြရမှာကို ဝန်လေး အခက်ပါပဲ။ သူငယ်ချင်းဖြစ်သူပြောတာကိုတော့ 'ဘုံ' က ဆိုးပါလေ။ ဒါဖြင့် တခြားမိန်းကလေးတွေနှင့်တော့ သူ့ကို ယ်ကြောင့် စိတ်ကောက်ပြရပါသလဲ။

"Power သိပ်မတိုးပါဘူး"

"ဟုတ်လား"

"အေးလေ၊ အားဆေးက ကောင်းနေတော့ အကျိုးရှိတာ ကြိုးစားထား ပြည့်စုံ"

"ကြည့်! ... ပြောပြန်ပြီ"

"အေမီရေ"

"ရှင်! ဒေါက်တာ"

"ကိုယ့်သူငယ်ချင်းကို ဆင်တူကိုင်းလှလှလေး ရှာပေးပြီး ပြလိုက်ပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ။ ကျွန်မနောက်လိုက်ခဲ့ကြပါရှင်"

"သွားဦးမယ် သူငယ်ချင်း"

"နောက်တစ်ခါ wedding card ပါ တစ်ခါတည်းယူလာခဲ့ကြားလား"

"မင်းကတော့လေ"

မျက်မှန်ကောင်တာရှိရာဆီသို့ လျှောက်ခဲ့ပြီး မျက်မှန်ရွှေရောင်ကိုင်းနှစ်ခု ဆင်တူရွေးရကာ ငွေရှင်းပေးလိုက်ပါ၏။ သူ့ဘေးဝန်းကျင်မှာ မိန်းကလေးတွေနှင့်အတူတွဲသွားတာမျိုး မရှိသဖြင့် အထင်လွဲတာမျိုး ဖြစ်နိုင်လေသည်။ ဘယ်တတ်နိုင်ပါ့မလဲ။

"ဘယ်နေ့ရမလဲ မသိဘူး"

"ပုံမှန်တစ်ပတ်စောင့်ရပါတယ်ရှင်။ ဒါပေမဲ့ ဒေါက်တာသူငယ်ချင်းမို့ ငါးရက်အတွင်းရအောင် လုပ်ပေးမှာပါ။ Phone နံပါတ်ပေးခဲ့ပါရှင်"

"ဘုံ ဝင်ယူရမလား"





"နေပါစေ၊ မောင်ထက်ကို ယူခိုင်းလည်း ဖြစ်တာပဲ"

"ဦး"

"ပြော"

"ဗိုက်ဆာတယ်"

"ဟောဗျာ၊ breakfast ဘာမှမစားလာဘူးလား"

"ထမင်းကြော်စားတာမှ သုံးလေးဇွန်းပဲရှိသေးတယ်။ ညှိသည်မဟုတ်တဲ့ ညှိသည်တွေကို ကိုသက်ခေါ်လာတာနဲ့ပဲ ထမင်းဘယ်ထောင့်ကပ်သွားမှန်းမသိတော့ဘူး"

"အမျိုးတွေ ရောက်လာတာပဲ ဘုံရယ်"

"မတော်ချင်တဲ့အမျိုးတွေကို မတွေ့ချင်ပါဘူး။ ဦးကို ကြိုသားပါရဲ့နော်။ မမကို တရင်းတနှီး မနေချင်နဲ့"

"ဘာဖြစ်လို့လဲ"

"သူက super glue လို အစွမ်းသတ္တိတွေရှိတော့ ခွာရမှာစိုးလို့ ကြိုတင်သတိပေးရတာ"

"စကားအတော်တတ်တဲ့ကလေးပါလားနော်"

"အံမယ်၊ ဘုံက ကလေးမဟုတ်တော့ပါဘူးနော်။ လူကြီးဖြစ်နေပြီ။ သိပ်မကြာခင် ဒေါက်တာ ရွှေဘုံစံဖြစ်တော့မှာ"

"ဟုတ်ပါပြီဗျာ၊ ဟာ! အပြင်မှာ မိုးရွာနေပြီ"

"ပြေးကြမယ်လေ"

"ဘယ်ကိုလဲ"

"ကားဆီကို"

"ဘယ်ဖြစ်ပါ့မလဲ၊ ဘုံ့, မိုးထပ်မိရင်"

"လာပါဆိုမှ။ ဘုံ့က မိုးရေထဲပြေးရတာ ပျော်တယ် ဦးရဲ့"

"ကျစ်! ခက်တော့တာပဲ"

သူ့လက်မောင်းကို ဆွဲလိုက်ပြီး မိုးဖွဲလေး စရွာနေသည့် ပလက်ဖောင်းထက်ပြေးထွက်လိုက်ပါသည်။ သူမကြောင့် သူ အလန့်တကြား ဖြစ်သွားရပါ၏။ ဒီကောင်မလေးကတော့ ပတ်ဝန်းကျင်ကို အမှုမထားဘဲ ထင်ရာဖွတ်လုပ်ပြန်ပါရောလား။ ကားကို ခပ်လှမ်းလှမ်းမှာ ရပ်ထားခဲ့ရသဖြင့် အတော်ဝေးဝေးကို အပြေးလျှောက်ခဲ့ရလေသည်။ မိုက်ဆာတယ်ဆိုပြီး ပြေးဖို့တော့ အားရှိသေးသားပါလား 'ဘုံ့'။

"မြန်မြန်တက်လေ၊ ဖျားတော့မှာပဲ"

"ဘုံ့က အမာစားပါ ဦးရဲ့"

"အေးပါ အေးပါ၊ ပြောလိုက်ရင် တစ်ခွန်းမခံဘူး"

သူက သူမဘက်မှ ကားတံခါးကို ပိတ်ပေးပြီးမှ တစ်ဖက်နေရာကို ကားရှေ့မှ ကွေ့ပတ်ပြီး ထိုင်လိုက်ရပါသည်။ နည်းနည်း





သွား၍သာ တော်ပါသေး၏။ နေ့လယ်စာ စားရမည့်အချိန်မို့ ဗိုက်ဆည့်တာစားရန် စဉ်းစားလိုက်ရပါသည်။ သူမက မျက်မှန်ကို ချွတ်လိုက်သဖြင့် သူက လက်ကိုင်ပဝါ လှမ်းပေးလိုက်ရလေ၏။ Tissue သော်လည်း ရေစိုမှန်သုတ်ပါက အဆင်မပြေမှာစိုးသောကြောင့်

"လှတယ်တဲ့ အဟင်း!"

"သန့်ဇင်ပြောလိုက်တာကို သဘောကျတယ်ပေါ့လေ"

"အင်းပေါ့။ မျက်လုံးလှလို့ လှတယ်ပြောတာပဲဟာ။ စိတ်ဆိုးမှမလိုတာ။ ဦးက တစ်ခါမှဖြင့် မပြောဘဲနဲ့"

မျက်စောင်းလှလှလေးက ဖျတ်ခနဲ ရောက်လာလေ၏။ လှ အမှန်ပဲ။ မျက်လုံးလေးတင် လှတာမဟုတ်မှန်း သူလည်းသိနေပါ။ နှုတ်ကပြောမှ သိမှာတဲ့လား။ တစ်ခါတလေ စကားဖြင့်မပြော အလိုလိုသိနိုင်သည့်သဘောတွေရှိမှန်း မင်းသိပါရဲ့လား 'ရွှေဘုံ့စံ'။

"ဘာစားချင်လဲ"

"ထမင်းမစားချင်ဘူး။ စကားလွှဲတာလည်းလွယ်ပါ့"

"သူများပြောမှသိမှလား။ ကိုယ့်တာသာ နေ့တိုင်းမှန်ကြည့်ရင် ...တာပဲ"

"ဘုံ့မှ မှန်မကြိုက်တာ"

"မိန်းကလေးဖြစ်ပြီး မှန်မကြိုက်ဘူးတဲ့လား။ မညာနဲ့ မယုံဘူး"

"တကယ်ပြောတာပါဆို"

"ရောက်ပြီ ဆင်းမယ်"

လူရှင်းသည့် ခပ်သန့်သန့် စားသောက်ဆိုင်ရှေ့ကားရပ်၍ ဆင်းလိုက်ပါ၏။ အမျိုးသမီးတွေပါ စား၍ရနိုင်သော (အရက်ဘီယာ မရှိသည့်) ဆိုင်ကို တမင်ရွေး၍ ဝင်ခဲ့တာပါ။ အမြဲတမ်း စားနေရသည့် ထမင်းကို သူလည်း မစားချင်၍ တမင်အပြင်စာစားရန် ဆုံးဖြတ်လိုက်ရလေသည်။

"အပူအအေး ဘာသောက်ချင်လဲ"

"ရေပဲသောက်ချင်တယ်"

"Ok! ရေသန့်ဘူးကြီးတစ်ဘူး အရင်ပေးပါ"

"ဟုတ်ကဲ့ပါ၊ ဒီမှာ menu ပါခင်ဗျာ"

"ဘုံ ဘာစားချင်လဲ"

"ဦးပဲ မှာပေးလေ။ ဘုံက အစာရှောင်တတ်တာမှ မဟုတ်တာ"

သူက waiter ပေးသည့် menu ကို ယူလိုက်ပြီး ကြည့်လိုက်ပါ၏။ ခေါက်ဆွဲနည်းနည်းပဲပါသည့် အစိမ်းကြော် speci...





...စ်ပွဲ၊ အသားလုံးကြော်၊ ၁၂-မျိုးဟင်းချို၊ ကြက်သားချိုချဉ်တစ်ပွဲစီ ...လိုက်ပါသည်။ အအီစာတွေချည်းမှာလိုက်တာမို့ ဂဏန်းအသားခွာ ...ဉ်ဝပ်တစ်ပွဲ သီးသန့်လုပ်ပေးရန် မှာလိုက်ရလေ၏။ အားလုံးစားပြီးပါ ...ာ သစ်သီးစုံ အအေးသောက်ဖို့လည်း ကြို၍မှာထားပါသည်။

"ဦးမွေးနေ့ ဘယ်တော့လဲ"

"Coming sunday "

"ဘယ်နနှစ်ပြည့်မှာလဲဟင်"

"Forty "

"ဒါဖြင့် ခုမှ ဘဝစပြီပေါ့လေ"

သူ ပြုံးမိပါ၏။ အသက်ကြီးပြီဟု မပြောပါဘဲ 'ဘဝစပြီ' ...လှပစွာ သုံးတတ်ပါလား။ စားစရာတွေရောက်လာပြီမို့ ပူပူနွေးနွေး ...ရန် ပြောလိုက်ရလေသည်။ အတော်များများ စားနိုင်တာမို့ ဗိုက် ...ယ်ဆာနေပုံပါပဲ။ အဲဒါကိုတော့ သူ သဘောကျမိတာအမှန်ပါ။ ...မှာ ရှက်တာ ရှိန်တာမျိုးမဖြစ်ဘဲ စားတတ်တာကြောင့်ပါပဲ။

"မွေးနေ့မှာ ဘာလက်ဆောင်လိုချင်လဲဟင်"

"အလုပ်မရှိသေးတဲ့သူက ဘာဝယ်ပေးချင်လို့လဲ၊ မလိုပါ

"တစ်ခုခုပေါ့။ အမှတ်တရ ရှိစေချင်လို့ပါ"

"ဒါဆို အခုလိုပဲ အပြင်ထွက်လည်ကြမယ်လေ။ တစ်နေ
ကိုပေါ့။ သိပ်အဝေးကြီးမဟုတ်ရင် ဖြစ်တယ်မဟုတ်လား"

"Ok လေ"

"မိုးမြင့်စံနဲ့ ခပ်စိမ်းစိမ်းနေတတ်တာလား"

"အကြောင်းမသိတုန်းက အရမ်းခင်တွယ်ခဲ့မိတာ ဦးနဲ့
နောက်မှ မေမေပြောလို့ သိရတာ။ မမတို့မိသားစုက ငွေမက်တယ်
ကိုယ့်ဖို့ပဲ ကိုယ်သိတတ်တဲ့အကျင့်ရှိကြလို့ပါ"

သူ အံ့ဩသွားရလေ၏။ ညီအစ်မဝမ်းကွဲမှာတောင် အကျင့်
စရိုက်က ကွာခြားလှချည်လား။ ရုပ်ရည်လေးကို အားနာသင့်ပါ
'မိုးမြင့်စံ"။





## (၂၀)

"အမြဲသုံးမှာ မဟုတ်လို့ ငှားမယ်လို့ပြောတယ်။ သမီး
ကျောင်းကြိုပို့လုပ်ဖို့ပေါ့"

"ပြန်ရောင်းရင် ဝယ်လိုက်ပါလား ကို။ ကားက အကောင်း
းရှိသေးတာ"

"အင်း မေးကြည့်လိုက်မယ်လေ"

ထမင်းစားခန်းဆီ လျှောက်လာစဉ် ဖေဖေတို့ တီးတိုးပြော
တာကို ကြားလိုက်မိပါ၏။ ကျညီပြန်ပြီလား။ 'ဘုံ' က နောက်လဆို
ခုမှာ House ဆင်းရတော့မှာလေ။ ဆရာဝန်စဖြစ်တော့မှာမို့

ဖေဖေက 'ဘုံ' ကို သိပ်ပြီးတွန်းအားမပေးတော့ပါ။ 'မမမိုး' တ ယောက် စေ့စပ်ခံနီးမှာမှ ပွဲပျက်သွားသည့်သတင်းက သဲ့သဲ့မျှ ထွက် လာလေသည်။ အဘယ်ကြောင့် ပျက်သည်ကိုတော့ သေချာမသိ လေ။

"မေမေ"

"ကျောင်းသွားတော့မှာလား သမီး"

"ဟုတ်!"

"ကားဝယ်တာက အကြောင်းမဟုတ်ဘူး။ ကိုယ်ကလည်း လမ်းမကျွမ်းကျင်၊ သမီးကို မောင်းခိုင်းရမှာလည်း စိတ်မချ driver က ရှာရဦးမယ်။ အမြဲမသုံးဖြစ်ရင်လည်း အလကားဖြစ်မှာ တွေးနေတာ"

"မဝယ်ပါနဲ့ ဖေဖေ။ ဘုံ taxi ပဲသုံးပါ့မယ်"

"ဖြစ်ပါ့မလား သမီး"

"ကျောင်းက ဒီတစ်လပဲ သွားရမှာပါ။ ဖြစ်ပါတယ် ဖေ စိတ်မပူပါနဲ့"

"ကြည့်စမ်း! ငါ့သမီးက ဒီမျက်မှန်နဲ့ အတော်လှနေပါ လား"

ကျိတ်ပြုံးလိုက်မိ၏။ ရှိရင်းစွဲအသက်ထက် နုတာက '





ပဲ။ အနက်ရောင်ကို နှစ်သက်ပေမယ့် 'ဘုံ'က request လုပ်ပြီး ဝတ်ခိုင်းသဖြင့် အခုဆို အရောင်ဖျော့ဖျော့အင်္ကျီတို့ကို မကြာမကြာ ာ်လာတော့တာပါ။ ဒီတော့ စီးပွားရေးလောကမှာ နာမည်ကြီးနေပါ ည့် 'ဦးဘုန်းပြည့်စုံ' က စိတ်ပျိုကိုယ်နုပုံစံကြောင့် lady တွေ ကုန် ပိုစိတ်ဝင်စားလာကြတော့တာ မဟုတ်လား။ 'ရွှေဘုံစံ' ကို လာအောင် ပြင်ဆင်ပေးမည်ဟူသည့် 'ဦး' ၏ဆန္ဒအတိုင်း 'ဦး' ယ်တိုင်ပါ ပိုသန့်ပို့ခန့်လာတော့တာက မနာလိုဖွယ်ရာပါလေ။

"ဒီပုံစံနဲ့ သမီးကို ပိုစိတ်မချရသလို ဖြစ်နေပြီ"

"စိတ်မချစရာ မရှိပါဘူး ဖေဖေရယ်။ အသွားကို ဦးကားနဲ့ က်ပို့ပေးမယ်။ ကျောင်းပြန်ချိန်စောရင် taxi စီးတယ်။ နောက်ကျ ်ဆို ကိုထက်လာကြိုပေးမှာပါ"

"အင်း အခုနေသာ သမီးနဲ့တွဲတဲ့သူသာရှိရင် ဒီကိစ္စက အေး အမှန်ပဲ"

"ဘုံနဲ့တွဲတဲ့သူက နေ့စဉ် ညစဉ် ကြိုပို့လုပ်ဖို့ အားပါ့မလား ေရဲ့"

"မုတ်သုံက သင်္ဘောပြန်မတက်သေးခင် အားနေတာပဲလေ"

"ကြည့်မရပါဘူးဆိုမှပဲ"

"အေး ရွယ်တူကိုတော့ ခါချနေပြီး ကြီးတဲ့လူကို လိုက်မချိန်

ချင်နဲ့။ ကြပ်ကြပ်သတိထားပါ”

“မေမေကလည်းလေ။ ဦးက ဘုံ့အပေါ် စေတနာနဲ့ ကူညီ ပေးနေတာကို အပြစ်ပဲမြင်ချင်နေတာပဲ”

“အေး စေတနာဆိုတာ တော်ရုံတန်ရုံ အကန့်အသတ်နဲ့ ကောင်းတယ်။ ဒီထက်ပိုယူရင် မကောင်းတော့ဘူး။ အန်တီသိရ သူကို ဆေးလာကုပေးနေတဲ့ ဆရာဝန်လောင်းမို့သာ ဘာမှမပြောတာ ဖြစ်မယ်။ သူရှာနေတဲ့ချွေးမလောင်းတိုင်းက ရင့်ကျက်တည်ငြိမ်ပြီး အရွယ်အလတ်တွေချည်းပဲ။ နင့်လို အသက် (၂၀) ကျော်လေး ဟိုက စဉ်းစားမှာတဲ့လား”

“ဘုံက ဘာဖြစ်နေလို့လဲ”

“ဖြစ်လာမှာစိုးလို့ ကြိုတားနေရတာလေ။ ဟိုက ကလေး အလိုလိုက်ပြီး လိုက်လျောပေးတာကို သာယာပြီး စိတ်ကူးမယဉ်ချင်နဲ့ လူကြီးကို ချွဲနွဲ့စိတ်ကောက်တဲ့ပုံစံမျိုးမပြမိအောင် ဆင်ခြင်နေထိုင် မိဘုံ”

စောစောစီးစီး အဆူခံရပြန်ပြီလား။ လူကြီးတွေရှာပေးသ စိတ်မတွေ့တာနှင့်ပဲ ဦးနှင့် ‘ဘုံ’ကို တစ်မျိုးမြင်နေကြ မနက်စာစား ခုံမှာထိုင်နေရာမှ ထရပ်လိုက်သလို ပန်းကန်ပြားထဲမှ မုန့်သုံးခု ယူလိုက်ပါ၏။ ကိုယ်ပိုင်ဝင်ငွေမရှာနိုင်သေးသ၍ မိဘတွေ ဆူပူ





သမျှ ငြိမ်ခံနေရဦးမှာပါပဲ။

“ဒါက ဘယ်လဲ။ ဒီမှာ ကြာဆံကြော်ပေးနေတုန်းလေ”

“မစားတော့ဘူး”

“တွေ့လား ပြောလိုက်ရင် စိတ်ကောက်ဖို့ပဲသိတယ်။ ခုထိ လေးစိတ်ကို မကုန်နိုင်သေးဘူး”

“အဲဒီမုန့်လေးနဲ့ သမီး ဘယ်တင်းတိမ်ပါ့မလဲ။ နေ့လယ် ာနေမှာပေါ့”

“ဗိုက်မပြည့်တော့ ပိုကောင်းတာပေါ့။ Diet လုပ်စရာမလို တော့ဘူး။ ဘုံသွားပြီ”

“ဟဲ့! ဒီကလေးမကတော့လေ”

ဧည့်ခန်းမှာထားထားပါသည့် အိတ်နှင့် File တွဲကိုယူ၍ ွက်လာခဲ့ပါ၏။ ‘ဘုံ’ က အပြင်စာထက် အိမ်ထမင်းဟင်းကိုသာ အားထားနှစ်သက်သည့် သူပါ။ ခါတိုင်း အဆူခံရလျှင်လည်း ဆူတာ သပ်သပ်၊ ဗိုက်ဖြည့်တာက သပ်သပ်ဟု ယူဆထားတာ မဟုတ် ား။ အခုတော့ အရင်အကြိမ်တွေလို မဟုတ်တော့ပါဘဲ ဘာမှ းချင်စိတ်မရှိတော့ပါလေ။

“တီတီ!”

“မလေး”

ဘေးမှာရပ်သွားပါသည့် ကားကြောင့် လှည့်ကြည့်လိုက်မိ၏
'ဦး'က နောက်ခန်းတံခါးကို ဖွင့်ပေးလေသည်။ လိုက်သွားရမလား
အခွင့်အရေးကို လိုအပ်တာ ပိုမယူမိစေနဲ့တဲ့။ ရင်းနှီးလက်စ ခင်မင်
လေးကို ဒီပုံစံနဲ့ပဲ လျှော့ဖြစ်ရတော့မှာလား။ စိမ်းစိမ်းကြီးနေဖို့ စဉ်းစား
မိရင် 'ဦး' ၏ အပြုံးကို ဘယ်မြင်ရပါတော့မလဲ။ ရင်မောလေစွ။

"ဘာစဉ်းစားနေတာလဲ။ တက်လေ ဘုံရဲ့"

"မလိုက်တော့ဘူး"

"ဘာဖြစ်လို့လဲ။ ကျောင်းသွားရမှာမဟုတ်လား။ ဒါကြောင့်
ကိုယ်လည်း ခပ်စောစောထွက်ခဲ့တာ"

"ဟုတ်တယ် မလေးရဲ့။ မစန်းက မလေးထွက်သွားပြီ
ဆိုတာနဲ့ အမြန်ထွက်လာရတာ"

လမ်းထဲမှာပင် 'ဘုံ' ကို မီသွားတာပါ။ 'ဦး' တို့ မမြင်အောင်
ထွက်လာပေမယ့် သိလိုက်တာပဲလား။ ဖေဖေကတော့ စီးပွားဘက်
မျက်နှာမပူချင်ဘူးဟု ပြောထားတာပါ။ မေမေကဖြင့် အသက်ပိုင်းခြား
ပြီး မတူမတန်ဟု ကြိုတားနေတာ မဟုတ်လား။ ဒါဖြင့် ဒီထက်
မပတ်သက်တော့ဖို့ ဒီထက်ပိုပြီး အပြုံးချင်းဖလှယ်ဖို့ ဒီထက်ပို၍ ဝင်
လှုပ်ရှားရင်ခုန်ဖို့။ ဒီထက်မက ပျော်ရွှင်ခြင်းတွေ မျှဝေဖို့အခွင့်
'ဘုံ' တို့နှစ်ဦးကြားမှာ မရတော့ပါချေ။





"ဘုံ"

မျက်ရည်လေးဝဲလျက် မော့ကြည့်နေပါသည့် မိန်းကလေး
ကြောင့် သူ့ရင်ထဲ တစ်မျိုးကြီးဖြစ်သွားရလေ၏။ ကားထဲမှ တံခါးဖွင့်
ပေးရုံနဲ့ မဖြစ်တော့ဘူးထင်ပါရဲ့။ ကားပေါ်မှ သူဆင်းလိုက်စဉ် အပြင်
ဘက်မှာ မိုးသားတွေမှောင်နေသလို 'ဘုံ'၏ မျက်နှာလေးက ညှိုးငယ်
နေတာ အမှန်ပါပဲ။

"ဘာဖြစ်နေလဲ ဘုံ"

"ဟင့်အင်း"

"တစ်ခုခု မဖြစ်ဘဲနဲ့တော့ ဒီမျက်နှာမျိုးဖြစ်နေမလား။ ခဏ
နေ မိုးရွာလာတော့မယ်။ ကားပေါ်တက်နော်"

မိုးရွာတာများ ဆန်းသလား။ ဟိုတစ်ခါလို မိုးရေထဲမှာ မိုးရေ
ချိုးရောပြီး ငိုချလိုက်ရုံပေါ့။ မဖြစ်သေးပါဘူး။ ကျောင်းတက်ဖို့ရက်က
နည်းငယ်သာ ကျန်တော့တာကို ပျက်လို့မှ မရတာလေ။ 'ဘုံ'
ကို ဝေးဝေးနေတဲ့ 'ဦး' ရယ်။

"ဘုံက ဘုံက နောက်ဆို ဆေးရုံမှာ အလုပ်ဝင်ရပြီ"

"အင်းလေ၊ အဲဒါ ဘာဖြစ်လဲ"

"ကြီးကြီးကို လာမကြည့်ဖြစ်ရင်"

"ဒီလောက်တော့ ကိုယ်တို့နားလည်ပါတယ် ဘုံရယ်။ ကိစ္စ

မရှိပါဘူး။ ဘုံ မအားလည်း မေမေ တစ်ခုခု ထူးထူးခြားခြားဖြစ်နေ ဒေါက်တာမိုးသက်ကို ခေါ်လို့ရပါတယ်။ ပူစရာမလိုပါဘူး''

''ဘုံမလာဖြစ်ရင် တစ်မျိုးထင်မှာစိုးလို့ပါ''

''ခြေသြာ် ဒါလေးများဘုံရယ်။ ကိုယ်တို့အိမ်မလာဖြစ်တာများ စိတ်ညစ်စရာလား ဘုံ။ Off ရက်ရတဲ့နေ့လာလို့ရတာပဲ။ အိမ်က အဝေးကြီးမှ မဟုတ်တာ''

အဝေးကြီးမဟုတ်လို့ ပူရတာပါ 'ဦး' ရယ်။ အဝေးကြီးမှာ သာရှိနေရင် ဖေဖေတို့မသိအောင် 'ဦး' ဆီကို တိတ်တိတ်လေး လာလို့ရချင်ရဦးမှာပါ။ အခုတော့ ဟိုဘက်ခြံကို ကူးဖို့ ပြင်မိတာနဲ့ 'ဘုံ' တော့ အထုခံရတော့မှာလေ။ အရွယ်လတ်ပိုင်းမှတဲ့လား။ 'ဘုံ' က 'ဦး' ထက် အသက်အရမ်းကွာလွန်းလို့ စိတ်ဝင်စားခွင့်တောင် မရှိဘူးတဲ့လားဟင်။

''ဘုံ''

''---''

''ဟောဗျာ၊ ပြဿနာပဲ။ ဘာမှမပြောဘဲ ဒီတိုင်းရပ်နေဦးမှာ လား။ စိတ်နဲ့ကိုယ်နဲ့ ကပ်ပါဦး၊ ဘုံရဲ့''

''ဘုံ မလိုက်တော့ဘူးလို့ ပြောပြီးပြီလေ''

''တကယ်ပဲလား''





''ဟုတ်ကဲ့''

''လောလောဆယ် ဆေးရုံသွားရသေးတာလည်း မဟုတ် သေးဘဲနဲ့''

''အခုကတည်းက ကျင့်သားရအောင်လို့ပါ''

''ကိုယ်နဲ့ပတ်သက်ပြီး ဘုံ့ဖေဖေတို့ တစ်ခုခုများ ကျစ်! ဘာမှ မဟုတ်တော့ဘူး''

စိတ်ထဲ ထင့်သွားသည့်အတိုင်း ပြောမိစဉ် နှုတ်ထိန်းလိုက်ရ ပါ၏။ စကားဆိုတာ ပြောတိုင်းသင့်တာမှ မဟုတ်တာလေ။ အရိပ်ပြရင် အကောင်ပါမြင်တတ်ရမှာ မဟုတ်လား။ မိန်းကလေးဘက်က စပြီး သိန်းတတ်ပါလျှင် ယောကျ်ားလေးဘက် အသက်ကြီးသည့် သူက ၌ ထိန်းမတတ်ရမှာ မဟုတ်ပါလား။

''ဒီရက်ကို နောက်ဆုံးပဲ ဖြစ်ဖြစ် လိုက်စီးဖို့ စိတ်မကူးထား ဘူးလား''

''ဟင့်အင်း''

ပြတ်သားပါပေ့။ တစ်ကြိမ် ငြင်းဆန်ရုံနှင့် နောက်ထပ် မေးခွန်း နေသမျှ ခေါင်းခါပြသည့် အဖြေတွေပါပဲလား။ မျက်နှာက တဖြည်း ဖြည်းပူပြီး နီလာပြီမို့ ရှောင်ရှားရမည့်အချိန်ပါပဲ။ 'ဘုန်းပြည့်စုံ' ဒီ အရွယ်ကြီးနဲ့ ကိုယ့်ထက် အသက် (၁၈) နှစ်ငယ်သည့် မိန်းကလေး

ငယ်ငယ်လေးကို ယိုင်လဲပြိုကျမိစေရသလား။ ရှက်ဖွယ်ပါပဲ 'ဘုန်းပြည့်စုံ'။

''ကောင်းပြီလေ၊ ဘုံ့ဘက်က ကင်းကင်းနေတော့မယ်လို့ ဆုံးဖြတ်ထားရင် လူကြီးဖြစ်တဲ့ကိုယ်က ပိုသိတတ်ရမှာပေါ့။ ဒီလအထိ မေမေ့ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့တဲ့အတွက် အဲဒီကျေးဇူးတွေ အားလုံးကို အမှတ်ရနေမှာပါ။ ကိုယ်သွားတော့မယ်''

ကားပေါ်ပြန်တက်၍ တံခါးပိတ်လိုက်စဉ် 'ထက်မြက်' က ကားကိုမောင်းထွက်လိုက်ပါ၏။ နောက်ဘက်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် ကောင်မလေး၏ပုံရိပ်ကို ဘေးဘက် (နောက်ကြည့်) မှန်ဝိုင်းလေးထဲမှ မြင်နေရလေသည်။ ဝေါခနဲ့ရွာချလိုက်သည့် မိုးက သူနှင့် 'ဘုံ့' အစား ငိုကြွေးလိုက်သည့်နှယ်ပါ။ ထီးဝါလေးကို အမြန် ဖွင့်ဆောင်းလိုက်သည့် ပုံရိပ်လေးက ကားမှန်ထဲမှာ ပျောက်သွားလေတော့၏။

''Boss''

''တိတ်တိတ်နေ''

''ဟုတ်!''

စကားလှည့်ပြောရန် ပြင်လိုက်သည့် 'မောင်ထက်' ကို လေသံပြတ်ဖြင့် တားလိုက်မိသည်။ ကားနောက်မှီကို ခပ်လျော့လျော့ မှီထိုင်လိုက်ပြီး သက်ပြင်းရှည်ကြီးကို ရှိုက်ထုတ်လိုက်မိ၏။ ဘာကြောင့်





လဲ။ ဘာအတွက်လဲ။ ဘယ်သူတွေကများ သူနှင့် 'ဘုံ့' ကို နီးစပ်မှု ရှိစေချင်လို့ တားမြစ်ချင်ကြပါသလဲ။ ဒီလိုနေဖို့ စဉ်းစားထားရင် အစကတည်းက မာဆတ်ဆတ် ဆက်ဆံရေးမျိုးနဲ့သာ မပြေမလည် ပြောခဲ့သင့်တာပါပေါ့ 'ဘုံ'။

အခုတော့ 'ဦး' ဆိုတဲ့ ခေါ်သံကို နားထဲ မကြာခဏ ကြားရလေအောင် မင်း ပြုစားထားခဲ့ရတယ်လို့။ မဖြစ်သင့်မှန်းတော့ ကိုယ်သည်း သိပါတယ် 'ဘုံ'။ အသက်အရွယ်ဆိုတဲ့ မဟာတံတိုင်းကြီးကို ဘယ်လိုလုပ်ပြီး ဖြိုဖျက်လို့ရပါ့မလဲ၊ ကိုယ်တို့နှစ်ယောက်က ဒီဘဝမှာ ဆုံတဲ့ဖူးစာရှင်အဖြစ် မွေးဖွားခဲ့ရတာတော့ မဟုတ်လောက်ပါဘူးနော်။

''Boss ဘာဖြစ်''

''ဘာမှမဖြစ်ဘူး။ အား! ကျွတ် ကျွတ်''

ရင်ဘတ်ထဲ စူးအောင့်လာမှုက ခါတိုင်းလို ခဏနှင့် ပျောက်သွားပါဘဲ ခံရခက်လွန်းလေ၏။ အသက်ရှူခြင်းတွေ ရပ်တန့်ပြီလား ဟု ထင်ရလေသည်။ ဆေးရုံမောင်းရန် မေးနေပါသည့် 'ထက်မြက်' ကို လက်ခါပြရင်း ကုမ္ပဏီကိုသာ မောင်းနိုင်းလိုက်ရပါ၏။

ဒီထဲမှာ အရမ်းအောင့်နေပြီ 'ဘုံ'။

❁

## (၂၁)

"ဟယ်! ဘယ်လိုဖြစ်လာရတာလဲ။ ခါတိုင်းလို speci ဖယ်ရီနဲ့ လာပို့တာ မဟုတ်ဘူးလား"

ကျောင်းကို အတော်အချိန်နီးမှရောက်လာရသလို ဒူးအောက် ပိုင်းနှင့် လက်မောင်းနှစ်ဖက်စလုံးမှာပါ မိုးရေတွေ ရွှဲစိုနေလေ 'ဘုံ' သူငယ်ချင်းဖြစ်သူ 'ဖြူဖြူသန့်' က ရေကူသုတ်ပေးရင်း တအ တသြဖြင့် ပြောလေပြီ။ ရင်ထဲမှာ နွမ်းလျပြီး အားမရှိတော့သည်နှယ် ဒီပုံစံမျိုးနဲ့ ဆေးရုံမှာ ဝင်လုပ်ဖို့ ဘယ်လိုခွန်အားမျိုးနှင့် ဆောင်ရွက်ရ မည်နည်း။





"ဘာလဲ၊ နင့်ဦးနဲ့ စိတ်ကောက်လာပြန်ပြီလား"

"ဟင့်အင်း"

"ဒါဖြင့် ဘာဖြစ်လာတာလဲ"

"နောက်မှပြောမယ်"

"အေး၊ ငါကလည်း အဲဒီလိုပြောလေ ပိုပြီးသိချင်လေပဲ။ ဘုံကလည်းဟယ်၊ နင့်ဦးနဲ့ ဒီလောက် Ok မှာစိုပြေနေတာ ဘာများ စိတ်ညစ်စရာရှိလို့လဲ။ ချောလည်း ချော၊ ထောလည်းထော၊ ခန့်လည်း ခန့်၊ သန့်လည်းသန့်တဲ့ Gentleman မျိုး ရှားပါဘိနဲ့"

ခဏတစ်ဖြုတ်လေးမြင်ဖူးသည့် 'ဖြူ' ကပင် ဤသို့ မှတ် ချက်ပေးနိုင်တာလေ။ ဒါဖြင့် မျက်လုံးတွေ မီးပွင့်မတတ် အကြည့်ဖြင့် မြင်ခဲ့ပါသည့် 'မမမိုး' က ဒီလိုမမြင်ဘဲ နေမှာတဲ့လား။ အန္တရာယ် ကက်ကွင်းထဲမှာ 'ဦး' မမိစေရအောင်လို့ 'ဘုံ' က ကာကွယ်ခွင့်မရှိနိုင် ဘူးလား။ တစ်ဦးတည်းသောသမီး ညီအစ်မချင်းတူတာတောင်မှ လွတ် လပ်ခွင့်ဆိုတာက 'ရွှေဘုံစံ' မှာမှ ရှိမနေတာလေ။

"ဖြူ မြင်သလိုမျိုး မေမေတို့လည်း မြင့်ပေးရင်ကောင်းမယ်"

"အန်တီသက်က ဘာပြောလို့လဲ"

"သဘောမတူဘူးတဲ့"

"ဟင်! ဘာဖြစ်လို့လဲ"

"အသက်ကြီးလို့တဲ့လေ"

"ဟောတော်! ဒီလောက်ကြီးရင်းနှီးလာခဲ့တာပဲ ကြာနေပြီ ဟာ"

"အဲဒါကြောင့်ပဲ တားနေကြတာ။ ဖေဖေက စီးပွားဘက် စပ်တူလုပ်နေလို့ မျက်နှာပူစရာမို့တဲ့။ မေမေကတော့ ဘုံနဲ့ရွယ်တူ သမက်မျိုးပဲ လိုချင်တယ်ဆိုပြီး တင်းတင်းကျပ်ကျပ်ကို ပြောလေရဲ့"

"အဲဒီလောက်တောင်မှပဲလား။ အစကတော့ ဦးရဲ့အမေ ဆေးကုပေး ဘာညာနဲ့ လွှတ်ထားပေးပြီး အခုမှ ဘယ်လိုဖြစ်လာရတာ တဲ့လဲ"

"ဘုံလည်း မပြောတတ်တော့ဘူး ဖြူရယ်။ လူကြီးတွေ ခုတစ်မျိုး တော်ကြာတစ်မျိုး စိတ်ပြောင်းတယ် ပြောဖို့လည်း မသင့် ဘူး။ ဖေဖေက ရေရှည်ကိုမြင်ကြည့်တတ်အောင် ကြည့်တဲ့။ သတိပေး တာပါ။ ဘုံနဲ့ဦးက ခုချိန်ထိ ရှေ့ကို တစ်လှမ်းလေးမှ မတိုးရသေးပါ ဒီလိုတွေဖြစ်လာမယ်လို့ ထင်ကိုမထင်ထားတာ"

"နှင့်ဦး ဘာပြောသေးလဲ"

ခေါင်းကိုခါပြလိုက်မိ၏။ စိတ်ဆိုးသွားမှာပေါ့။ ဟုတ်ပါတယ် ဒီလောက်မျက်နှာက တဖြည်းဖြည်းနှင့် ပျက်ယွင်းနီရဲလာတာ အပေါ် ရှက်သွားမှာပါပဲ။ 'လာမပတ်သက်ပါနှင့် ကင်းကင်းနေပါ' ဟု ပွင့်ပွင့်





ပွင့်လင်းလင်းပြောတာ မဟုတ်ရပါဘဲ 'ဦး' ၏ကားနှင့် မလိုက်ဖြစ်တော့ ဘာလေး ပြောမိရုံနှင့် ဤမျှ ခံစားသွားရတယ်လို့။

ဘယ်လိုလဲ 'ဦး' ရယ်။

"ဘုံ နှင့် ဦးမှာတော့ မဟုတ်ပါဘူးနော်"

မျက်ရည်စို့လာတာကို လက်ကိုင်ပဝါဖြင့် တို့သုတ်မိစဉ် မျက်မှန်ခဏချွတ်လိုက်ရပါ၏။ ဒါဖြင့် 'ဘုံ' ကို လှစေချင်လွန်းလို့ဆိုပြီး မျက်မှန်လှလှလေး လုပ်ပေးတာကရော ဘာသဘောနဲ့လဲ။ ဘာ အဓိပ္ပာယ်များလဲ 'ဦး' ရယ်။ မျက်မှန်ကို ပြန်တပ်လိုက်စဉ် အနီးနား အစိုက်မှ လှည့်ကြည့် လှည့်ကြည့်ဖြင့် သွားလာနေပါသည့် ကျောင်း သားတစ်စုကို မြင်လိုက်ရပါသည်။ ဘာများထူးဆန်းနေလို့ပါလဲ။

"ဟဲ့! ဘာကြည့်နေတာလဲ"

"ရွှေဘုံစံပါနော်"

"ဟုတ်တော့ ဘာပြောချင်လို့လဲ"

"မထင်ရဘူး။ အရမ်းလှလာတယ်"

"ဩော် ဒီမှာ စိတ်မချမ်းသာလို့ ချော့နေရတဲ့ကြားထဲ လာ နောက်ချင်နဲ့"

"တကယ်ပြောတာပါ"

ချီးမွမ်းစကားဆိုတာကို ပြုံးပြုံးလေးနှင့် လက်သင့်ခံရမှာ

မှန်ပေမယ့် ရင်ဝမှ စို့နင့်လာမှုကြောင့် အပြုံးပင် ပြန်မပေးဖြစ်ပါ။ ‘ဖြူ’ က ကောင်လေးတွေကို ခပ်စွာစွာဖြင့် ရန်တွေ့ပေးလေ သတိရလိုက်တာနော်။ ဒီလိုမျိုး မျက်စောင်းခဲပြီး စတွေ့တုန်းက ‘ဦး’ ကို လေသံမာမာဖြင့် ပြောခဲ့တာ မဟုတ်ပါလား။ လူကြီးကို မရိုမသေ ပြောဆိုခဲ့ပါလျက် အတေးအမှတ်မထားဘဲ ခဏနှင့် ခွင့်လွှတ်ခဲ့တာ အဘယ်မျှ စိတ်ထားဖြူစင်လိုက်ပါသလဲ။

လွမ်းလိုက်တာ ‘ဦး’ ရယ်။

“အဲဒါနဲ့ နင့်ဦးကို ဘာပြောခဲ့လဲ”

“ဒီလိုပဲ”

“ဘာ ဒီလိုပဲလဲ။ စကားက မပြတ်မသားနဲ့”

မပြတ်မသားနဲ့တဲ့။ တကယ်ပဲလား။ ‘ဘုံ’ စိတ်ကို ပြတ်ပြတ် သားသားနဲ့ ပိုင်းဖြတ်နိုင်ပါ့မလား။ ခပ်ဝေးဝေးနေရသည်ဟု စဉ်းစား စဉ် ခဏအတွင်းမှာပဲ နှလုံးသားက နာကျင်လာရတာ ဘာကြောင့် လဲ။ တစ်ဘက်ခြံကို လှမ်းကြည့်မိတိုင်း ‘ဦး’ ကားလေးရပ်ထားမှ အိမ်ပြန်ရောက်ပြီဆိုပြီး စိတ်အေးသွားရတာပါ။ ဒါဖြင့် ညဘက် မှာရော စာကြည့်စားပွဲမှာ ထိုင်လိုက်တိုင်း ဟိုဘက်တိုက် ပြတင်းပေါက် မှာ ကွန်ပျူတာသုံးနေပါသည့် ‘ဦး’ ရဲ့ ဘေးတိုက်ထိုင်နေပုံကို ကြည့် ရင်ခုန်ခဲ့မိတာ အဘယ်မျှကြာခဲ့ပါပြီလဲ။





ရင်မောလိုက်တာနော်။

“သက်ပြင်းချည်း ချမနေနဲ့လေ။ တစ်ခုခု ပြတ်ပြတ်သား သား ဆုံးဖြတ်မှပေါ့ ဘုံရဲ့”

“ဘုံက ဘာကိုဆုံးဖြတ်ရမှာလဲ”

“နင့်ဦးကို တကယ်ဖြတ်နိုင်လားလို့ ကိုယ့်စိတ်ကို ပြန်မေး ကြည့်ပေါ့”

ကိုယ့်စိတ်ကို မေးကြည့်တဲ့။ ဟင့်အင်း ‘ဘုံ’ မမေးရဲပါ။ အနေနီးပြီး ခုန်လာတဲ့ နှလုံးသားကြောင့် ‘အချစ်’ ဟု အဓိပ္ပာယ် ဖော်လို့ရမှာတဲ့လား။ သူတို့အိမ်ကိုသွားတိုင်း အနားကို ဘယ်အချိန်များ ရောက်လာမလဲဆိုပြီး မရဲတရဲ မျှော်လင့်စိတ်နှင့် နောက်ကျောမလုံခဲ့ ရတာက အကြိမ်ကြိမ်ပါ။ အပြင်မှာ လွတ်လပ်စွာ လည်ပတ် စား သောက် ရယ်မောခွင့်ရခဲ့သည်က ရှားရှားပါးပါး နှစ်ကြိမ်လေးသာ ရှိခဲ့ပါ၏။ ထိုနှစ်ကြိမ်မျှနှင့်ပင် ရင်ထဲမှာ တဒိတ်ဒိတ်ခုန်ပေါက် အူမြူး နေခဲ့ရတာကို ‘ဘုံ’ ကိုယ်တိုင် အသိဆုံး မဟုတ်ပါလား။

ရင်ခုန်တိုင်း ‘အချစ်’ မဟုတ်ပါဟု သိထားသည့်စိတ်ကြောင့် ဆင်ခြင်တုံတရားရှိစွာဖြင့် အလိုက်သင့်လေး နေခဲ့ကာမှ မိဘတွေက သိမိသွားသတဲ့လား။ ‘ဘုံ’ တို့က ရိုးရင်းစွဲအခြေအနေလေးကို ပြိုပျက် အောင် ဖျက်ဆီးကြမှာမှ မဟုတ်တာလေ။ ‘ဦး’ အပေါ် နွဲ့ဆိုး ဆိုးနွဲ့

ပြမိတာက ဖြားယောင်းတာမျိုး မဟုတ်ရပါ။ 'ဘုံ' ၏ ဖြူစင်စိတ် အရင်းခံကို 'ဦး' မြင်တတ်မှာပါနော်။

"ဘုံ"

"အင်း"

"ဟယ် လူနဲ့စိတ် ကပ်သေးရဲ့လား"

ဒီမနက်ပဲ 'ဦး' ပြောခဲ့တဲ့စကားကို ထပ်ကြားရပြန်ပါရော လား။ Class တက်ရတော့မှာမို့ ဝရန်နတာခုံတန်းမှ ထရပ်လိုက်စဉ် ခေါင်းထဲမှ ရိပ်ခနဲ မူးသွားသဖြင့် 'ဖြူ' လက်မောင်းကို ဖျတ်ခနဲ လှမ်းကိုင်လိုက်မိပါ၏။ 'ဖြူ' က လှည့်ကြည့်လိုက်သဖြင့် ဘာမှ မဖြစ်သလို ခေါင်းကိုအသာခါပြလိုက်မိလေသည်။

"ဖြူ ငါ ခေါင်းမူးနေပြီ"

"လူပုံတော်ပတ္တမြားသွေးဆေး ငါ့မှာရှိတယ်။ သောက်မလား ဘုံ"

"အင်း"

"ရေအေးအေးလေးနဲ့ သောက်ရမယ်။ အတော်ပဲ၊ ငါ ရေသန့်ဘူးဝယ်လာလို့။ နည်းနည်းသောက်ကြည့်လိုက်ပါ ဘုံ"

ကျောင်းခန်းထဲရောက်သည်နှင့် 'ဖြူ' က 'ဘုံ' ကိုသွေးဆေး ချိုချိုအမှုန့် အနည်းငယ်မျှ တိုက်ပေးလေသည်။ စောစောက မိုက်ခနဲ





သွားတာမို့ အိတ်ထဲ အမြဲဆောင်တတ်ပါသည့် သံပုရာသီးကို ရှူ လိုက်ရပါ၏။ ကျန်းမာရေးက ဒီအရွယ်နဲ့ sign တွေ ပြနေပြီလား။ လှော်လတ်တက်ကြွရမည့်အချိန်ပါ 'ရွှေဘုံစံ'။

အသက် (၄၀) ပြည့်ပြီဖြစ်သည့် 'ဦး' ကဖြင့် ကျန်းမာရေး ကောင်းနေပြီး စီးပွားရေးလုပ်နေတာလေ။ လုပ်ငန်းရှင် card ဖြင့် စကားကပ်လာပါသည့် 'မမမိုး' ကို မျက်စိကျသွားလျှင် ဘယ့်နှယ် လုပ်မလဲ။ 'ဘုံ' က မိန်းကလေးဖြစ်ပေမယ့် အသံချိုတာမျိုး မရှိဘဲ ရှရှအသံမျိုးသာ ရှိတာပါ။

'မမမိုး' ကဖြင့် ချိုသာသည့် အသံလေးက ရှိသလို ပုရိသ တွေကို ညှို့ယူဆွဲဆောင်တတ်တာလေ။

"ဟာ! pratical ကရှိဦးမယ်၊ သေစမ်း!"

နောက်ခုံအမြင့်မှာရှိနေသည့် ကောင်လေးက စိတ်ညစ်သလို ညည်းညူလိုက်လေ၏။ စာသင်ပြပေးနေသည့် ဆရာ၏အသံက ကြားတစ်ချက် ကြားတစ်ချက်ပါပဲ။ စာသင်နှစ်ပြီးခါနီးမှ စာသင်တာ စိတ်မဝင်စားသည့်ကျောင်းသူအဖြစ်တော့ 'ဘုံ' မဖြစ်ချင်ပါ။ အရေးကြီးသည့်အတန်းမှာမှ လူကို ဘယ်အရာကများ နှောင့်ယှက်နေ ပါလဲ။

နေ့လယ်ပိုင်းမှာပင် class စောစောပြီးပြီမို့ အိမ်ပြန်ရန်

ပစ္စည်းတွေ သိမ်းလိုက်ရလေ၏။ ထမင်းမစားချင်သဖြင့် ပေါင်မုန့် ကော်ဖီကိုသာ နေ့ခင်း (၁၂) နာရီမှာ 'ဖြူ' နှင့်အတူစားဖြစ်လေသည် နေသိပ်မကောင်းမှန်းသိသဖြင့် 'ဖြူ' က အလိုက်တသိဖြင့် စကား မပြောပါ။ Notes တွေကိုလည်း 'ဘုံ' စာအုပ်ထဲမှာ canteen ထိ စဉ် ကူမှတ်ပေးလေ၏။

အခုလည်း တစ်ယောက်တည်း ပြန်မှာကို စိတ်မချသဖြ အိမ်အထိ လိုက်ပို့ပေးမည်ဟုပြောကာ taxi ဂိတ်ရှိရာဆီ ခပ်ဖြည်း ဖြည်း လျှောက်ခဲ့ကြပါသည်။ မနက်က ရွာထားပါသည့် မိုးက ခုတေ တစ်စက်မှ မရှိတော့ပါဘဲ နေက ခပ်နွေးနွေးအပူဖြင့် တောက်ပနေ လေ၏။ ကတ္တရာလမ်းထက် ရေစိုနေသဖြင့် အပူငွေ့ပါ ရှိနေသေ သည်။

"မမ Engage ဖျက်လိုက်တယ်နော်"

"အင်း"

"ဘာပြဿနာဖြစ်လို့လဲ"

"မသိဘူး"

"သူလည်း ခုထိ အတည်ယူဖို့ မစဉ်းစားသေးဘူးနော ဟိုတစ်ယောက်လိုလို ဒီတစ်ယောက်လိုလိုနဲ့ သိပ်ကြာကြာမတွဲဘူးသေ လို့။ ငါ့အစ်ကိုရဲ့သူငယ်ချင်းတွေဆို အတော်ပြောနေကြတာ။ ရုပ်လည်း





ကြာက်ဖို့ကောင်းတဲ့ မိန်းမတဲ့လေ။ အန်တီကြီးတို့ မဆုံးမကြဘူး ား"

သက်ပြင်းရှိုက်လိုက်မိ၏။ စိုးရိမ်နေမိသည့်စိတ်ကိုမှ ဆွပေး ာလား။ စိတ်ကိုထိန်းလိုက်ရပါ၏။ 'မမ'က 'ဦး' ကိုများ စိတ်ဝင်စား း လာကပ်တော့မှာကို စိတ်ထဲမှ အလိုလိုသိနေသလိုပါ။ 'ဘုံ' ကို ဘာ့ ဝေးဝေးနေဆိုပြီး 'မမ' နှင့် 'ဦး' ကိုတော့ ဘာမှမကန့်ကွက်ရင် ယ်လိုလုပ်ရပါ့မလဲ။ ဟင့်အင်းနော်၊ 'ဦး' နဲ့ 'မမ' ကို သဘောမတူ ။ 'မမ' ကို စိတ်ဝင်စားဖို့ ခဏတစ်ဖြုတ်ပေးတောင် စိတ်ကူးမယဉ် နဲ့လား။

"ဖြူ"

"အေး ဘာလဲ"

"ဘုံက"

"ပြောလေ"

"ဘုံက ဦးကို"

"ဟယ်! နင် စိတ်ဝင်စားနေတာပေါ့လေ"

"အဲဒီလိုမျိုးတော့ မဟုတ်ပါဘူး။ ဦးက ဘုံထက် အသက် ၈) နှစ်ကြီးတယ်"

"ဟယ် ဒါဖြင့် အခု အသက် (၄၀) ပေါ့လေ"

"ဟုတ်တယ်၊ မွေးနေ့ကပြည့်တာ သိပ်မကြာသေးဘူး။ မျက်မှန်လေးအတွက်ရော မျက်စိစစ်ပေးတာကိုပါ သူပဲ ငွေထုတ်ပေး တယ်။ သွားချင်တဲ့နေရာဆိုလည်း မညည်းမညူပို့ပေးတယ်။ စားချင် တာဆိုလည်း အကုန်ဝယ်ကျွေးပြီး အရမ်းအလိုလိုက်ခဲ့တာပါ။ ပြန်ပေးခဲ့တာက ဦးအတွက် မွေးနေ့လက်ဆောင်အဖြစ် ready made shirt အဖြူနဲ့ light colour shirt ပုဆိုးအားလုံးပေါင်း (၅) စုံသာ ပြန်ပေးခဲ့ရုံပါ။ ကိုယ်တစ်ခုရရင်လို့ တစ်ခုပြန်ပေးထားတာမျိုးထက်တော့ ဦးအပေါ် စေတနာပိုသာတာ အမှန်ပဲ ဖြူ"

"နင်"

"မိဘတွေ တားနေကြတဲ့ကြားထဲမှာ သူ့အနီးကို ကပ် မပြောနဲ့ အရိပ်တောင်မှ မြင်ခွင့်မရတော့ဘူးထင်ပါတယ်"

"ဖြစ်ရလေ, ဘုံရယ်"

Taxi ရောက်လာပြီမို့ 'ဖြူ' က လှမ်းတားလိုက်ပြီး နောက် ခန်းတံခါးကိုဖွင့်လိုက်လေ၏။ 'ဘုံ' လက်မောင်းကိုကိုင်၍ တက် သဖြင့် အားမရှိသည့်နှယ် တက်ထိုင်လိုက်ခဲ့ရလေသည်။ ရင်ထဲ မကောင်းဘူး 'ဦး' ရယ်။

❁





# (၂၂)

အိပ်ရာထဲမှာပဲ ခွေနေမိပါ၏။ ရင်ထဲမှာ အောင့်ပြီး နေ ကောင်းသလို ဖြစ်နေတာမို့ မေမေ့ကိုပင် မပြောဘဲ ကျိတ်မှိတ်ငြိမ်နေ တာပါ။ ခပ်ကင်းကင်းနေတော့မည်ဟု မင်းဘက်က စပြီး လေစိမ်း တွေတိုက်ပြရတယ်လို့ 'ရွှေဘုံစံ' ရယ်။ အခန်းတံခါး (မှန်တံခါး)ကို ထားပေမယ့် လိုက်ကာအပြာရောင်ကိုတော့ စေ့ပိတ်ထားပါသည်။ မှန်းသိလျှင် သူမ ရွေးပေးခဲ့သည့် colour တွေကို မဝတ်ခဲ့ပါဘူး။ တ်ကြိုက် black နှင့် ခပ်မှိုင်းမှိုင်းအရောင်တွေဖြင့် 'ဘုန်းပြည့်စုံ' ငိုပုံစံအတိုင်းပဲ နေဖြစ်ခဲ့ရင် ပြီးတာပဲ မဟုတ်လား။

''ဘွားမေ ခေါ်နေပါတယ်ရှင့်''

တံခါးခေါက်သံသဲ့သဲ့မျှပေးကာ ခပ်တိုးတိုးပြောလိုက်သည်က 'မတူး' ၏ အသံပါ။ 'ထက်မြက်' သာဆို သူအော်ထုတ်မိတော့မှာ အမှန်ပါပဲ။ 'စောကလျာ' နှင့်တွေ့စဉ်က အတော်လေးအဆင်ပြေပြေ နားလည်မှုရှိနိုင်သည်ဟု ခန့်မှန်းခဲ့မိကာမှ 'ဘုံ' တစ်ယောက် သူ့အပေါ် မှာ Jealous ဝင်ပြီး ထပြောလိုက်သည်နှင့် plan က ပျက်ခဲ့တာလေ မေမေသိလျှင် ပိုဆိုးသွားမည်မို့ ထိုကိစ္စကို ဖုံးဖိပြီး ကာကွယ်ခဲ့ရတာ မဟုတ်ပါလား။

''ငါ အိပ်နေတယ်လို့ပြောလိုက်''

''ညည့်သည်ရောက်နေလို့ ခေါ်ခိုင်းလိုက်တာပါရှင့်''

ကောင်းပါလေ့။ နောက်တစ်ကြိမ် လာထပ်ပြီး မခေါ်ရစေ သေချာသင်ပေးလိုက်ပုံပါပဲ။ အိမ်နေရင်းဝတ်စုံက အတော်ပင် ကြေ နေလေပြီ။ မနက်စောစော ရေချိုးအဆာပြေစားပြီး အခန်းထဲအောင်း နေမိတာပါ။ ပိတ်ရက်နားနေသည်မှန်းသိပေမယ့် သူ့ကို ကြိုမပြော ထားပါပဲ ဘယ်ညည့်သည်ကို ဖိတ်ခေါ်ထားရပြန်တာပါလိမ့်။

သေချာတာကတော့ မိန်းကလေးညည့်သည်ဖြစ်နေ ဆိုတာပါပဲ။ တွေ့ဆိုတော့လည်း ထုံးစံအတိုင်း အလိုက်သင့်ပြော ရုံပါ။ သူလည်း စီးပွားရေးသမားမို့ လူမှုရေးကို ဒီလောက်တော





ည်ကရမှာလေ။ ပုဆိုးကို ပြန့်စေရန် ခါ၍ ပြင်ဝတ်လိုက်ပြီး န်းထဲမှထွက်ပြီး အိမ်အောက်သို့ လှေကားမှ ဆင်းခဲ့လေသည်။ ခန်းဆက်တီမှာ တီးတိုးရယ်သံက မိန်းကလေးအသံအစစ်ပါပဲ။

''ဟော လာပါပြီ''

''အစ်ကိုကြီး မိုးပါ''

''ဩော်''

''သား ညည့်သည်ဆိုလို့ မေမေလည်း အံ့သြနေတာ။ မြန်းကြည့်မှပဲ သမီး ရွှေဘုံစံရဲ့အစ်မ ဖြစ်နေတယ်''

''မိုးက ဘုံ့ထက် ပိုကြည့်ကောင်းပါတယ် အန်တီကြီးရဲ့''

''ဟုတ်ပါတယ်ရှင်၊ ဟုတ်ပါတယ်။ သမီးက ပိုပြီးချောတာပါ''

ကြည့်စမ်း! ဒါက ဘာသဘောပါလဲ။ 'ဘုံ' နှင့် 'မမသက်' 'မိုးမြင့်စံ' တို့မိသားစုအကြောင်းကို အနည်းအကျဉ်းသာ ပြော တာမို့ သူ ရိပ်မိနေပါ၏။ အခုလည်း ဘာ plan နှင့်များ သူတို့ ကို လာရတာပါလိမ့်။ ဆုံခဲ့တာကဖြင့် တစ်ကြိမ်တစ်ခါသာ ရှိခဲ့ပြီး အိမ်လည်ပတ်သည်အထိ ရင်းနှီးတာမှ မဟုတ်တာလေ။ မေမေ ည်း ညည့်သည်မျှော်နေတာမို့ 'မိုးမြင့်စံ' နှင့် ဖော်ရွေစွာ ပြောဆို ာက 'မီးစိမ်း' ပြနေသည်ဟုများ ထင်နေပြီလား။

''ဘုံတို့အိမ်လာတာလား''

"အဟင်း ... ဟုတ်ပါတယ်။ ညီမလေးမရှိဘူးဆိုလို့ အစ်ကိုကြီးနဲ့ တွေ့ချင်လို့ဝင်လာတာပါ"

ပေါ်တင်ကြီးပဲလား။ 'ဘုံ' တို့အိမ်ကို မသွားပါဘဲ ကားက သူတို့အိမ်ရှေ့မှာ ရပ်ထားတာလေ။ 'ဘုံ' က လေသံမာပေမယ့် စိတ်ရင်းကဖြောင့်တာ မဟုတ်လား။ 'မိုးမြင့်စံ' က သူ့ကိုကပ်ချင်နေပြီ လေ။ ပုဂ္ဂလိကဘဏ်၏ MD မှန်း သိနေပြီမို့ PK လို ကပ်ချင်လို့ လား 'မိုးမြင့်စံ'။ မိုးတွင်းမရောက်ခင်မှာခင် သတင်းစာထဲမှာပဲ စေ့စပ် ပွဲပျက်ခဲ့တာ ဘာမှမကြာသေးပါလေ။ မျက်နှာမှာက အပြုံးရင်ထဲမှာ ကဖြင့် မာယာတစ်သိန်းနဲ့ မိန်းမမျိုးတော့ မဖြစ်ပါစေနဲ့လား။

"ဘာကိစ္စရှိလို့လဲ"

"ဟယ်၊ သားကလည်း အိမ်လာတဲ့ဧည့်သည်ကို"

"မိုးမြင့်စံက အလုပ်ရှိတဲ့သူမို့ မေးတာပါ မေမေ။ ဘယ်သူမှ အလုပ်ဖျက်ပြီး လျှောက်သွားမှာမှ မဟုတ်တာ"

"ဟုတ်ပါတယ် အန်တီကြီးရယ်။ မိုးက အစ်ကိုကြီး အသုံး တည့်မယ်ထင်လို့ လိုအပ်မယ့်ပစ္စည်းလေးတွေရွေးပြီး present လာ ပေးရုံပါ။ ခဏပါပဲ။ အစ်ကိုကြီးနားချိန်ကို အနှောင့်အယှက်မပေးချင် ပါဘူးရှင်"

လေသံကတော့ ပျားသကာလို ချိုမြနေလေ၏။ အတွင်းစိတ်





ထဲမှာ ဘာရှိသလဲဆိုတာကို တော်ရုံနှင့်မမြင်မသိရလေအောင် ဟန် ဆောင်ခြင်းက အပြည့်ပါပဲ။ 'ဘုံ' ဆို ထစ်ခနဲ စိတ်ဆိုးစိတ်ကောက် တာနှင့် မျက်နှာပေါ်မှ အထင်အရှားမြင်ပြီးသိရတာလေ။ မေမေကဖြင့် ဧည့်သည်ကို စိတ်ရင်းဖြင့် ဧည့်ခံနေပုံပါပဲ။

"တကယ်လိုအပ်တဲ့သူက ဘုံလို့ ကိုယ်ပြောပြီးပြီလေ။ ကိုယ် က အလှပြင်ပစ္စည်းတွေ သုံးလေ့ရှိတာမဟုတ်ဘူး။ မကြိုက်ဘူး"

"ဩော် ... သားကတော့ ပြောတော့မယ်။ သမီးက စေတနာနဲ့ လာပေးတာကို"

"မိုးက အလှပြင်ပစ္စည်းတွေ လာပို့ပေးတာမှ မဟုတ်တာ အစ်ကိုကြီးရဲ့"

"Beauty spa ထုတ်ပစ္စည်းတွေက အဲဒီ cosmatic တွေ မဟုတ်ရင် ဘာဖြစ်မှာလဲ မိုးမြင့်စံ။ မျက်နှာသစ်ဆေးတွေ၊ ခေါင်းလိမ်း gel တွေ၊ body spray တွေ၊ Hair spray တွေကို ကိုယ်သုံးလေ့သုံးထမရှိလို့ sorry ပါ။ လက်ဆောင်ပေးချင်တဲ့ စေတနာ ကိုတော့ ကိုယ် အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ လက်မခံပါရစေနဲ့"

မျက်နှာက ခပ်အမ်းအမ်းဖြစ်သွားပေမယ့် ဣန္ဒြေမပျက်သွား ပါချေ။ ကိုယ့်ရုပ်ရည် ကိုယ့်အဆင့်နှင့် မတန်သည့်လုပ်ရပ်မျိုးတော့ မလုပ်သင့်ဘူးပေါ့နော်။ 'ဘုံ' မျက်နှာကြောင့် အလိုက်သင့်ပြောနေရ

ပေမယ့် ဒီမိန်းကလေး၏ character ကိုတော့ သူ မနှစ်မြို့လှပါ။ ရုပ်ရည်ဖန်းပြီး မျက်နှာများချင်တာက မိန်းမကောင်းစရိုက်မှ မဟုတ်တာလေ။

"မိုးပေးတဲ့လက်ဆောင်က တန်ဖိုးမကြီးပါဘူး အစ်ကိုကြီးရယ်"

"လက်ဆောင်ပေးတယ်ဆိုတာမျိုးက ကိုယ့်အတွက် တစ်ခုခု ပြန်လိုချင်တဲ့စိတ်မျိုးရှိမှသာ ပေးတတ်ကြတာပါ မိုးမြင့်စံ။ ကိုယ့်အလုပ်နဲ့ပတ်သက်ပြီး အကူအညီလိုအပ်တာများရှိလို့လား။ ငွေချေးချင်တာမျိုးကို အိမ်မှာ လုပ်ပေးလေ့ မရှိပါဘူး။ တကယ်လိုအပ်ရင် ကုမ္ပဏီကိုပဲ လာလိုက်ပါ"

"အို! မိုးက ငွေလိုလို့ ဒီကိုလာတာမှ မဟုတ်တာ။ အစ်ကိုကြီး အထင်မလွဲပါနဲ့"

"ဟုတ်သားပဲ သားရယ်။ အားနာစရာဖြစ်အောင် ပြောရလား"

"စိတ်ထဲ သိပ်မကြည်လို့ အိပ်နေတာပါ မေမေ။ အကြောင်းမဲ့ သက်သက်နဲ့ ဘယ်လိုညှိသည်မျိုးကို ကျွန်တော်တွေ့ဖူးလို့လဲ"

"မိုးဘက်က လွန်သွားရင် sorry ပါ အစ်ကိုကြီးရယ်။ မိုး မသိလို့ပါ"





"မဟုတ်တာကွယ်။ သားက အဲဒီလိုပဲ ဘွင်းဘွင်းပြောကျင့်ရှိတာ သမီးရဲ့"

"ဟုတ်ကဲ့ ဒါတော့ မိုးသိပါတယ် အန်တီကြီး။ ဘုံနဲ့ အတော်ရင်းနှီးတာဆိုတော့ မိုးကိုလည်း ဘုံ့လိုပဲ သဘောထားမယ်ထင်လို့ သာမိတာပါ"

"သမီးလေးအစ်မပဲကွယ်။ လာလည်ခွင့်ရှိပါတယ် သမီးရဲ့"

"ဘုံနဲ့တော့ ဒီလိုလက်ဆောင်မျိုးတွေပေးတာ ယူတာမျိုး သက်သင့်ခံပြီး မိုးအပေါ် ငြင်းမဆန်တာကိုတော့ စိတ်မကောင်းဖြစ်မိပါတယ် ရှင်"

အလို! လာခြင်းကောင်းသည့် ဧည့်သည်မဟုတ်မှန်း ရိပ်မိသော်ငြား ဤသို့ နောက်ကွယ်ကနေ 'ဘုံ' ကို အတင်းပြောတာတော့ ဖြစ်သင့်ပါ။ ညီအစ်မ တစ်ဝမ်းကွဲတောင်မှ ခွေမျိုးရင်းချာ ညီမလေးကို မှဒီတာ မမှားနိုင်ပါလား 'မိုးမြင့်စံ' ရယ်။ အံ့ဩမိပါရဲ့။

"ဘယ်လို"

"ဘုံနဲ့ အပေးအယူရှိတယ်ဆိုတာ အကြောင်းပြချက်ရှိတယ် မြင့်စံ။ ဘုံက မေမေ့ကို မကြာမကြာ check up လာလုပ်ပေးနေတဲ့ ပါ။ စေတနာကို တုံ့ပြန်ပြီးပေးတဲ့လက်ဆောင်မို့ အဖြူထည် သန့်သန့်တာ သူရောကိုယ်ပါသိတယ်"

"မိုးရဲ့ စေတနာကိုတော့ အစ်ကိုကြီးက ဝေဒနာပေးရက်တယ်နော်"

"အန်တီပဲ ကြားကနေ တောင်းပန်ပါတယ် သမီးရယ်"

"ရပါတယ် အန်တီရယ်။ မိုးနားလည်ပါတယ်"

"ကျွန်တော်ပြောတဲ့ စကားထဲမှာ ရိုင်းပျတာမျိုး မပါပါဘူး မေမေ။ ဒီတော့ တောင်းပန်ဖို့မလိုပါဘူး။ ပြီးတော့ အခုလို ပဟေဠိတွေ ပေးရအောင်အထိ မိုးမြင့်စံနဲ့ ကျွန်တော် သိကျွမ်းရင်းနှီးကြတာမှ မဟုတ်တာ။ နောက်ကို ဒီလိုမျက်နှာပူရအောင် မလုပ်ပါနဲ့ မိုးမြင့်စံ။ မေတ္တာရပ်ခံပါတယ်"

"မိုး မိုး ပြန်ပါဦးမယ် အန်တီ"

"ဟယ် သမီးရယ်"

"မိုးကို ခွင့်ပြုပါ"

မျက်နှာပူသည်ဟု ဒဲ့ပင်သူပြောလိုက်မိတာမို့ ဟန်မဆောင်နိုင်တော့ပါဘဲ ထိုင်ခုံမှ ဖျတ်ခနဲထကာ ထွက်သွားလေတော့၏။ ကား အပြာလေးခြံထဲမှ ထွက်သွားတာကို လှမ်းကြည့်နေရင်း မေမေက သူ့လက်မောင်းကို ဖတ်ခနဲ ရိုက်လိုက်လေသည်။ ဒီအရွယ်ရောက်နေ လည်း သူက မေမေ့ရှေ့မှာ ကလေးဖြစ်နေတုန်းပဲ ထင်ပါရဲ့။

"ရိုင်းလိုက်တဲ့သား ကဲ!"





"အားနာသင့်တဲ့လူမှ အားနာပါ မေမေ"

"ဘာပြောတယ်"

"မိုးမြင့်စံ ဒီလိုခြေလှမ်းစပြီး ဝင်ထွက်တာကို welcome ဆိုပြီး မကြိုဆိုချင်ပါနဲ့"

"ဘာ"

"ဘုံအစ်မဖို့ ဘုံလိုပဲ ဖြူစင်တယ်လို့ မထင်စေချင်လို့ပါ မမေ"

"မိုးမြင့်စံက ဘာများ ချို့ယွင်းချက်ရှိနေလို့ ဒီလိုပြောရတာ ဘဲ"

"သူနဲ့တွေ့တာ မိနစ်ပိုင်းခဏတာလေးပဲ ရှိခဲ့တာပါ မေမေ။ ဘာမှ မရင်းနှီးဘဲ reason ပြပြီး ဝင်လာတာက ရိုးမှမရိုးတာ"

"ဟဲ့!"

"လုပ်ငန်းရှင်တစ်ယောက်မို့ ဒီလောက်ပဲ ပြောမှ၊ သင့်မယ် သင်ပါတယ်"

"သမီးလေးရဲ့အစ်မပါ သားရယ်"

"မတူပါဘူး မေမေ။ မိုးမြင့်စံအကြောင်းကို မေမေ ဘာမှ သိပါဘူး"

"သူက ဘာဖြစ်နေလို့ အပြင်သတင်းတွေကို ယုံနေရတာ

လဲ''

''လူသတင်း လူချင်းဆောင်တာပါ မေမေ။ သူ့အဖေ ဦးသက်စံ ဦးဆောင်တဲ့ ကုမ္ပဏီက သိပ်မကြာခင် ဒေဝါလီခံရတော့မှာ။ MD နေရာက ဖယ်ပေးရပြီး လောလောဆယ် board member ထဲမှာ Director နေရာမှာ ဟန်မပျက် ရှိနေတာပါ''

''ဘယ်လို''

''သူ့အမေ ဒေါ်မိမိနိုင်က အတော်လည်တယ် မေမေ။ သူတို့ ရန်ကိုကြောက်လို့ ဘုံ့ရဲ့မိတ္တေ ကျွန်တော့်ကို အကူအညီတောင်းပြီး ငွေလာအပ်ခဲ့တာ မေမေသိပါတယ်''

''အဲဒါက စီးပွားရေးလေကွယ်''

''အင်း မေမေ ဒီလိုပြောမယ်ဆိုတာ သိပြီးသားပါ''

''ဘာဖြစ်လို့လဲ''

''မိုးမြင့်စံက မျက်နှာများတဲ့ character မျိုးနဲ့ မိန်းကလေး ဖြစ်နေလို့ပါ။ ယောကျ်ားလေးတော်တော်များများနဲ့ တွဲခဲ့တာ သိပ် မလွတ်တဲ့ အိမ်ထောင်သည်တစ်ခုလပ်တွေတောင် စာရင်းထဲပါ တယ်''

''ဘာ! ''

''သေချာတာက ဟိုတစ်လောလေးကပဲ သူ့ Engage





ပျက်သွားတာ သတင်းစာထဲပါခဲ့တယ် မေမေ''

''ဟင်! ''

''သူနဲ့စေ့စပ်တဲ့ချာတိတ်ကို ကျွန်တော့်မိတ်ဆွေတွေထဲကမှန်း သိထားပါတယ်။ ဒီလောက်ပဲ ပြောပါရစေ''

''ဒါဖြင့် ... သမီးဘုံနဲ့ အပေးအယူဆိုတာက ဘာတွေ လဲ''

ဗုဒ္ဓေါ! မြားဦးက 'ဘုံ' ဘက်လှည့်လာပြန်ပြီလား။ ဒီအမျိုးမို့ ဒီပုတ်ထဲကပဲဟု မေမေ မယူဆစေချင်ပါ။ 'မိုးမြင့်စံ' ကြောင့် မျက် မှောင်ကြုတ်ထားတာ ခုထိ မပြေရသေးပါပဲ နောက်ထပ်ရင်ရှုပ်စရာက ဘာဖြစ်လာတော့မှာလေ။ ဘယ်လိုလဲ 'ဘုံ'။

''ဘာမှ ထွေထွေထူးထူး မဟုတ်ပါဘူး''

''ဒါဆိုလည်း တော်ရုံထက် မပတ်သက်ချင်ပါနဲ့လား''

''မေမေ''

''နောက်ဆို ဒေါက်တာမိုးသက်ပဲ မေမေ့ကိုလာကြည့်မှာ ဆိုတော့ ခုကတည်းက ကင်းကင်းနေတာပဲ ပိုကောင်းပါတယ်''

''ဘုံက ဘုံက ဘာဖြစ်လို့လဲ မေမေ''

''သဘောမကျလို့''

''ဗျာ! ''

"ဟုတ်တယ်လေ၊ လူမှာအမျိုး ကြက်မှာအရိုးဆိုတာ သား လည်းသိတာပဲ။ ဒီတော့ မီးဆိုတာ မလောင်ခင်က ကြိုတားရမှာပေါ့"

သူခေါင်းထဲ မိုက်ခနဲ ဖြစ်သွားရပါ၏။ ထင်သည့်အတိုင်းပင် ရှင်းရှင်းကြီးပြောချလိုက်ပါသည့် မေမေ့စကားက ရင်ဝကို ဆောင့်ကန်လိုက်သည့်နှယ် ခံရခက်စေတာပါလေ။





## (၂၃)

'မြူ' နှင့်အတူ တစ်ဆေးရုံတည်း အလုပ်ဆင်းရတာမို့ ပျော်မိပါ၏။ အစိုးရဆေးရုံက မြို့လယ်မှာမို့ သိပ်မဝေးပါ။ သွားရ လာရတာ အဆင်ပြေပါ၏။ Taxi နှင့် ဆေးရုံကို အမြဲသွားတာမို့ 'မြူ' နှင့်လည်း အမြဲဆုံတွေ့ရတာပါ။ ကားပေါ်တက်ထိုင်စီးရင်း စိတ်ကို ထိန်းထား ပေမယ့် မျက်ရည်တို့က ဝဲလာရလေသည်။ မတွေးမိအောင်နေပေမယ့် အနီးကပ်ဆုံး ဖြစ်နေပါသည့် ဘေးအိမ်မှာ 'ဦး' ကို အရိပ်လေးသော် ငြား မတွေ့ရတာ အဘယ်မျှ ကြာနေပြီလဲ။

"ဟော! ...ရှေ့မှာ တစ်ယောက်တားနေတယ် သမီး။

ခေါ်လိုက်ရမလား"

"ဟုတ်ကဲ့၊ ရပါတယ် ဦးလေး"

နောက်ခန်းတံခါးကို ဖွင့်ထိုင်လိုက်သည်က 'ဖြူ' ဖြစ်နေ၍ နှစ်ယောက်သား မျက်နှာပင့်ကာ ရယ်မိလေ၏။ ဆရာဝန်ပေါက်စတွေ ဖြစ်နေပြီမို့ ဝတ်ချင်သလို မဝတ်ကြပါဘဲ ဣန္ဒြေရှိသည့်ပါတိတ်လုံ အပွင့်နုတ်နုတ်အပျော့သားလေးတွေဖြင့် One set ချုပ်ဝတ်ဖြစ်သဖြင့် ကိုယ့်ကိုယ်ကိုယ် လူကြီးဟု မှတ်ယူထားရလေသည်။

"ချိန်းရင်တောင်လွဲဦးမယ်"

"အေးလေ"

"တွေ့ဖြစ်သေးလား"

"ဘယ်သူ့ကိုလဲ"

"နင့်ရဲ့ဦးလေ"

"ဟင့်အင်း"

"အဲဒီလောက် လေစိမ်းတိုက်ရအောင် ဘာတွေများ ပြော... လဲကွန်လို့လဲ"

ပြောင်းလဲတာက အမှန်ပါပဲ။ ခါတိုင်း မှန်ပြတင်းဖွင့်ထား... သလို လိုက်ကာကို တစ်ဝက်ဖယ်၍ computer သုံးလေ့ရှိသည့် 'ဦး' ကို ခုဆိုထိုင်ခုံမှာ ထိုင်သည့်အရိပ်လေးသော်မျှ မတွေ့ရသော...





...လိုက်ကာကို ဘယ်တော့မှ မဖယ်တော့ပါပဲ အစိမ်းရင့်ရောင်ပြောင်းတင် ...သားပုံက ဆန့်ကျင်ပြလိုက်သည့်နှယ်ပါ။ ခြံထဲမှာ ထိုင်တာ၊ လမ်း လျှောက်တာပင် မတွေ့ရသလို 'ဘုံ' က မနက်စောစော အိမ်မှ ထွက်ဖြစ်တာမို့ 'ဦး' အလုပ်သွားချိန် ကားနှင့်ထွက်လာတာကိုပင် မကြုံကြိုက်တော့ပါလေ။

မမြင်ရလေ ပိုကောင်းလေမျိုး မဟုတ်ပါဘဲ ရင်ထဲမှာ နာကျင် ...တာက ဘာကြောင့်ပါလဲ 'ဦး' ရယ်။

"ဟိုနေ့က သူ့အိမ်ကို မမမိုးလာသွားတယ်တဲ့"

"ဟယ်! ခြေလှမ်းက သွက်လှချည်လား။ ဘာတွေပေးပြီး ...ဘယ်လိုကြူသွားပြန်တာတဲ့လဲ"

"အဲဒါတော့ သေချာမသိဘူး။ ဒီလောက် မရင်းနှီးပါဘဲ။ ...လည်ရဲတာတော့အမှန်ပဲ။ စကားတော်တော်ကြာအောင် ပြောပြီးမှ ...သွားတာလို့ ကိုထက်ပြောတယ်"

"သူနဲ့ပြောတာတဲ့လား"

"အင်း ... ကြီးကြီးနဲ့ပါ၊ အတူထိုင်ပြီး ပြောတာလို့တော့ ...တယ်တဲ့"

"နင့်ဦးရော အဲဒီကြီးကြီးပါ သဘောကျနေကြပြီလား ...ယ်"

"မပြောတတ်ပါဘူး ဖြူရယ်"

"အန်တီသက် သိလား"

"ဟင့်အင်း"

"အေးလေ၊ သိလည်း အဖျက်ပြောမှာမှ မဟုတ်တာ၊ ဒီလောက်စီးပိုးတဲ့အမျိုးကို ခပ်ခွာခွာနေတာပဲကို"

'ဘုံ' ကိုတောင် အစောကြီးကတည်းက သတိပေးထားတာမို့ သူတို့သားအမိနှင့် ဘယ်သူပဲ ပတ်သက်ပါစေ ဝင်ပါစရာမှ မလိုတာလေ။ စေတနာဖြင့်ပြောလည်း မနာလိုမှုဟုသာ အထင်ခံရမှာလေ။ သူစိမ်းတွေကိုတော့ ကန့်ကွက်ချင်သလို စိတ်တိုင်းကျ ဝုန်းဒိုင်းကြဲနိုင်သည့် 'ရွှေဘုံစံ' က အစ်မဖြစ်သူအလှည့်မှာဖြင့် ငြိမ်ကုပ်နေရသည့် အခြေအနေဖြစ်နေတာ ရင်နာဖွယ်ရာပါပဲ။

"နင်တော့ မျက်နှာပူရတော့မယ်ထင်တယ် ဘုံ"

"မသိတော့ဘူးဟယ်"

"မမမိုးအကြောင်းကို နည်းနည်းပါးပါးမပြောပြထားဘူးလား"

"အင်း ပြောတော့ ပြောဖူးတယ်"

"ဦးက ဘာပြောလဲ"

"ရယ်နေတယ်လေ"





"ဟင်! သေချာနေပြီထင်တယ်။ ဒုက္ခပါပဲ"

ရင်ပူရမှာက 'ဘုံ' ဖြစ်ပေမယ့် 'ဘုံ' ကိုယ်စား 'ဖြူ'က ...င်ပူပေးနေလေပြီ။ မမက တကယ်လည်း စန်းပွင့်သည့် မိန်းမချော ...လေးမို့ ယောကျ်ားတွေ ဝိုင်းနေတာမဟုတ်လား။ ကိုယ့်ခန္ဓာကိုယ်ကိုပါ ...ပကျစ်လျစ်အောင် Gym ကစားတာ လှလှလေးနေတတ်သလို ...ါး တင် ရင် ဖူးမောက်အောင် ကိုယ်ကျပ်ဝတ်စုံအပျော့လေးနှင့် အမြဲဝတ်ပြီး လမ်းလျှောက်လိုက်တိုင်း စကပ်အရှည်က ပေါင်တံကို ...ပေါ်လွင်အောင် ကောက်ကြောင်းပြပေးတာက မမ 'မိုးမြင့်စံ' ၏ ...ကြွားသည့် အလှတရားပါပဲ။

ယှဉ်လို့မရပါ။ 'ဘုံ' က မမပြောသလို ပုံတုံးခပ်ရိုးရိုးကြီးပါပဲ။ ...ခေတ်ရွယ်တူတွေပင်မက အသက် (၄၀) ကျော် အန်တီအရွယ်တွေ ...း စကပ်ဝတ်၊ pants ဝတ်ဖြင့် ခေတ်မီစွာ ဝတ်ဆင်နေကြပေမယ့် ...ဘုံ' ကဖြင့် မဝတ်ရဲပါ။ အိမ်မှာနေတာတောင်မှ လုံချည်အမြဲဝတ်ပြီး ...ercise လုပ်မှသာ အားကစားဝတ်စုံကို ဝတ်ရတာလေ။

မျက်စိနောက်အောင်သာ ဆံပင်ပုံစံအမျိုးမျိုးဖြင့် ကလက် ...တက် ဝတ်မိလျှင်ဖြင့် မာတာမိခင်၏ ပေါင်တွင်းကြောပြတ် ...အောင် ဆွဲဆိတ်ခြင်းခံရမှာ အသေအချာပါ။ ခေတ်မီအောင် ပြင်ဆင် ...တ်လေ့ရှိပြီး smart ကျကျ နေတတ်သည့် ဖေဖေပင် 'ဘုံ' ကို

မိန်းမတို့ဘုန်း ဆံထုံးဆိုပြီး ဟီရိဩတ္တပ္ပတရားဖြင့် နေတတ်အောင် ဆုံးမပြောဆိုခဲ့တာလေ။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်မှ လူလေးစားမှုကို ရတာတဲ့လေ။ အမှန်ပါပဲ။

"အင်းလေ၊ နောက်ဆုံးတော့ ယောက်ျားကယောက်ျားပါပဲ။ အလှမက်တတ်တဲ့စိတ်ကို တားဆီးလို့မှမရတာ"

'ဦး' က အလှမကြိုက်ပါဟု ပြောမိမည့်ပါးစပ်ကို အမြန်ပိတ်ထားလိုက်ရပါ၏။ Colour ကြိုက်တာကိုက ခပ်မှိုင်းမှိုင်းအရောင်ကိုသာ ဝတ်ဆင်ခဲ့ပေမယ့် 'ဘုံ' တောင်းဆို၍ အရောင်ဖျော့တွေကို ပြောင်းဝတ်ခဲ့တာ မဟုတ်လား။ ရှိရင်းစွဲ အသက်ထက် ပိုငယ်နုစေချင်တဲ့ စေတနာက မှားခဲ့တယ်ထင်ပါရဲ့။ အခုတော့ အရွယ်ငယ်ငယ် မိန်းကလေးကို မျက်စိကျ သဘောကျပြီး ပျော်နေပြီ မဟုတ်လား။

"ဘုံ ဟဲ့! ရောက်ပြီလေ"

"အင်း"

ပခုံးကို ဖျတ်ခနဲ ပုတ်၍ ပြောမှပင် သတိဝင်သွားရပါ၏။ Taxi ပေါ်မှ ဆင်း၍ ကားခပေးကာ ဆေးရုံဝင်းထဲသို့ ဆက်လျှောက်ခဲ့ပါသည်။ မနက်စောစော နေအလင်းရောင်က ခပ်နွေးနွေးပါပဲ။ ကတ္တရာခင်းလမ်းမထက် လျှောက်ခဲ့စဉ် လေပွေက တစ်ချက်တိုက်ခတ်သွားလေ၏။ ညာဖုံးဝတ်သည့် 'ဖြူ' က ဘာမှမဖြစ်ပေမယ့်





လုံချည် ဘယ်ဖုံးဝတ်သည့် 'ဘုံ'က ပေါင်နေရာကို အမြန်ဖိထားလိုက်ရပါသည်။ ဒီလောက် သတိထားပြီး အမြန်ကိုင်မိတာတောင်မှ ခြေသလုံးထက် အေးခနဲ ဖြစ်သွားသည့် ခံစားချက်ကြောင့် မျက်နှာကို ရှုံ့လိုက်မိလေ၏။

"Goodmorning မမ"

"Morning ပါရှင်"

လုံချည်နီနီနှင့်သူနာပြုဆရာမလေးတွေကို ပြန် နှုတ်ဆက်လိုက်ရပါသည်။ ဒေါက်တာဟုမခေါ်ဘဲ 'မမ' ဟုခေါ်ပါရန် တောင်းဆိုထား၍ စိတ်ထဲပေါ့ပါးရတာပါ။ ကိုယ့်အထက် senior တွေကိုပါ 'မမ' ဟုခေါ်ရသဖြင့် 'ဘုံ' တို့အမျိုးသမီးဆရာဝန်တွေက လေသံထပ်ဖြစ်နေလေ၏။ ငယ်ချင်တာတော့ မဟုတ်ရပါ။ ရင်းနှီးမှုရှိစေချင်လို့ပါ။

"ရွှေဘုံစံတို့ ရောက်ပြီလား"

"ရောက်ပါပြီ မမ"

Night duty ထွက်လာသည့် အမျိုးသမီးဆရာဝန် 'ဒေါက်တာယုကဗျာ' က လက်မှတ်ထိုးရင်း မေးနေသဖြင့် အသံပြုလိုက်ရလေသည်။ Uniform မဝတ်ရပေမယ့် Duty coat ကိုတော့ ဝတ်ထားရပါ၏။ ပုံမှန်ဝန်ထမ်းမဟုတ်သေးသဖြင့် နာမည်ကတ်ကို

တော့ coat မှာ မချိတ်ရပါ။

"တယ်ဝီရိယရှိပါလား။ အတော်ကံကောင်းတဲ့ ကလေးတွေ မင်းတို့ရောက်လာချိန်က လူနာနည်းတဲ့အချိန်မို့ တော်သေးတယ်"

"လူနာနည်းတော့ ဖြူတို့ practise အမှတ်နည်းတာပေါ့ မမရယ်"

"ဒါတော့မှန်တယ်။ ရှေ့ကတစ်အုပ်စုတုန်းကဖြင့် သွေးထွက် သံယို accident တွေနဲ့ ကြုံခဲ့ရတာ မျက်ဖြူစိုက်ရောပဲ။ ပထမဆုံး မြင်လို့ မေ့လဲတဲ့ ချာတိတ်တွေတောင် ရှိခဲ့တာ။ ရွှေဘုံစံရော စိတ်မှိုင်း ပါ့မလား"

"ရှင်!"

"ဒေါက်တာ ပြန်ဦးမယ်။ နားရက်ဖြစ်ပေမယ့် အရေးကြီး phone ဆက်ပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"သွားမယ် ဖြူနဲ့ရွှေဘုံစံ။ ဒီနေ့အတွက် Good Luck နော်"

"ဟုတ်ကဲ့ ကျေးဇူးပါ မမ"

ဒေါက်တာက 'ဘုံ' တို့ကို လက်ပြနှုတ်ဆက်လိုက်ပြီး ရပ်ရာဆီ ထွက်သွားလေတော့၏။ လွှတ်လပ်ပေါ့ပါးလိုက်တာ





ကလေးနှစ်ယောက်အမေ အသက် (၃၀) ကျော် ဖြစ်ပေမယ့် ဖျတ်လတ်တက်ကြွပါသည့် ဒေါက်တာမို့ 'ဘုံ'တို့အုပ်စု အားကျရသည့် မဒေါက်တာတစ်ဦးပါပဲ။

'ဘုံ' တို့က အခုမှ လက်တွေ့ဆင်းရတာမို့ သိပ်ပြီးကြီးလေးသည့် တာဝန်တွေကိုမယူရသေးပါ။ အရေးတကြီးလူနာတွေကသာလျှင် ကိုယ်ထိကိုင်ရတာထက် Nurse တွေကသာ အတွေ့အကြုံဖြင့် ဒေါက်တာချုပ်တာ ဆေးကြောသန့်စင်ပေးတာ ဆေးထည့်တာကို လုပ်ပေးလေသည်။

သို့သော် အရေးပေါ်လူနာမှန်သမျှ ရန်ကုန်ဆေးရုံကြီးကိုသာ ပို့ကြတာမို့ ဒီမှာက ဘယ်တော့မဆို အရေးတကြီး အပြေးအလွှား ဟိုဒီသွေးရှာရပြီး ကုသရတာအမှန်ပါပဲ။ နှလုံးမကောင်းသည့် ရောဂါဝန်လောင်း သွေးမြင်လျှင် ထိတ်လန့်တတ်သည့် ဆရာဝန်လောင်းတွေတော့ အနည်းငယ်မျှ ရှိမှာပါလေ။

"ဒေါက်တာယုကဗျာကတော့ နေ့တိုင်း Good Luck ဆိုပြီး နှုတ်ဆက်သွားတာပဲ။ ဘုရားတပြီးနေရတာက ငါတို့ပါ"

"ဖြူကလည်းလေ"

Duty ချိန်စောသေးပေမယ့် မနက်ပိုင်း ဆေးရုံအုပ်ကြီး ရောက်သေးခင် လူနာတွေကို လိုအပ်ရက်မရှိအောင် senior doctor

တွေနှင့် round လှည့်ရတာက တာဝန်ပါပဲ။ မနေ့က လူနာအသစ်စာရင်းကို အကြည့်ပြီးနောက် ဆေးရုံဆင်းခွင့်ရမည့် (သက်သာနေပါသည့်) လူနာတွေကို ခုတင်နံပါတ်နှင့် အခန်းအဆောင်သီးသန့်မှတ်ကာ လိုအပ်သမျှကို 'ဖြူ' နှင့်အတူ ကိုယ်စီမှတ်လိုက်ပါသည်။

"ဝီးပေါ်! ဝီးပေါ်! ဝီးပေါ်!"

"ဘုရား!"

Ambulance ကားသံကြောင့် ရင်ထဲမှ ဒိန်းခနဲမြည်သွားရပါ၏။ Duty ချိန်က နံနက် (၉) နာရီမှစမှာမို့ တာဝန်ကျဆရာဝန်တွေ duty လဲသည့်ကြားချိန်မှာမှ အရေးပေါ်လူနာ ရောက်လာရပါသလား။ Night duty ထွက်သွားပါသည့် ဆရာဝန်တွေလည်း အိမ်ကိုပြန်နေပြီမို့ 'ဘုံ' တို့ လူငယ်အုပ်စုဆရာဝန်ငယ်လေးတွေသာ အနည်းငယ်ရောက်သေးတာလေ။

"ဘယ်လိုလုပ်ရမလဲ"

"ဟဲ့! သွားရမှာပေါ့။ ငါတို့ပဲရှိတဲ့ဟာ။ မြသီတာရေ ••• နော်အဲလာရော"

"လာပြီ မဖြူရေ့"

နောက်ထပ် ဆရာဝန်တစ်ယောက်ကိုပါ Nurse နှင့်အတူခေါ်လိုက်ပြီး ဆေးရုံကားရှိရာသို့ ခပ်သွက်သွက်လျှောက်လိုက်ကြပါ၏





ဘုံ' တို့ရောက်သွားစဉ် ကားပေါ်မှ တွန်းလှည်းကို ဒေါက်ဖြုတ်ချ၍ ားအပြင်ဘက်ပင် ချပြီးနေလေပြီ။ သွေးသံရဲရဲ မမြင်ရသဖြင့် စိတ် အေးသွားရလေသည်။ အကူဝန်ထမ်းတွေ တွန်းလာပါသည့် လူနာကို ှမ်းကြည့်လိုက်မိစဉ် ရင်ထဲ ပူခနဲ ဖြစ်သွားရလေ၏။

"ဟင်!"

"ဟာ! မလေးပါလား။ Boss ကို ကြည့်ပေးပါဦး။ ရင်ဘတ် အောင့်တယ်ဆိုပြီး လဲကျသွားလို့ပါ"

"ဘယ်လို"

"ဒါဆို မြန်မြန်ခေါ်လေ။ E.C.G ရိုက်ကြည့်ရမယ်။ အရေး ပေါ် လူနာဆောင်ကို မြန်မြန်လေး"

"ကျွန်မ စက်ယူလာပါမယ် မမ"

"Ok"

"ဦး"

"––––"

"ဘုံခေါ်နေတာ ကြားလားဟင်၊ သတိထားပါဦး"

တွန်းလှည်းပေါ် ပက်လက်လေးပါလာသည့်သူက သတိမေ့သွားခြင်းတော့ မရှိပါချေ။ 'ဘုံ' အသံကို ကြားသွားပုံဖြင့် လက်တစ်ဖက်က ထောင်လာပေမယ့် မျက်လုံးကိုတော့ စုံမှိတ်ထားတုန်းပါပဲ။

'မြသီတာ' က 'ဘုံ့အသီလား' ဟုမေးလိုက်တာကို ခေါင်းညိတ်ပြ၍ ဖြေလိုက်သလို 'ဦး' ၏ လက်ကိုပါ ဆုပ်ကိုင်ထားလိုက်မိလေ၏။ လက်ဝါးပြင်က အေးစက်နေပါရောလား။

❁





(၂၄)

အသက်ကြီးနေပြီဖြစ်သည့် 'ဦး' ၏မေမေ 'ကြီးကြီး' ကို စိတ်မပူစေရန် သေချာမှာလိုက်ပြီး 'ကိုထက်' တစ်ယောက်ကဖြင့် အိမ်နှင့်ဆေးရုံကို ဟိုဒီသုံးလေးခေါက် ပြေးရလေ၏။ ECG Report က ချက်ချင်းရပေမယ့် ဆီး၊ သွေးနှင့် အခြားရောဂါတွေ ရှိမရှိကိုစစ်ရသည့် Report က ကြာဦးမည်မို့ ဆေးရုံ သုံးလေးရက်သော့ တင်ရမှာပါ။

သိပ်ကြီးအရေးမကြီးလျှင် (စိတ်ပူစရာမလိုလျှင်) တော့ အိမ်ပြန်ခွင့်ရမှာလေ။ တစ်နေကုန် ဟိုဒီလျှောက်ကြည့်ပြီးသည်နှင့် ဒီလူနာ

အနီးသို့ ပြန်ရောက်လာသည့် 'ဘုံ' ကို လူနာစောင့် အကူနာ့စ်တွေမ်း ပြုံးစိစိဖြင့် ကြည့်ကြလေတော့၏။ ရင်ပူတာက ရင်ပူတာပဲမို့ ကိုယ် အပူကိုယ်ပဲ သိနိုင်တာ မဟုတ်လား။

"နေရတာ သက်သာရဲ့လား ဦး"

"အင်း"

"ရင်ထဲ နာနေတုန်းပဲလား။ တစ်ချက်တစ်ချက် ထိုးအော လာရင်ပြောနော်။ ကျိတ်မခံနေနဲ့"

"အင်းပါ"

"ကိုသက် လာကြည့်လိမ့်မယ် သိလား။ နှလုံးက ပါရေ သေချာပြဖို့လိုလိမ့်မယ်။ ဆေးစွဲသောက်ဖို့လည်း လိုပြီ"

"အင်း"

"Private Clinic ပြောင်းချင်လည်း ပြောနော်"

"မပြောင်းချင်ပါဘူး"

"ဒီမှာက သိပ်အရေးမကြီးရင် အကြာကြီး နေလို့မရဘူး"

"သေကောင်ပေါင်းလဲ ဖြစ်တာ အရေးမကြီးလို့လား"

ရွှေကိုင်းမျက်မှန်ကြည်ကြည်လေးအောက်မှ မျက်စောင်း လေ၏။ စိတ်ပူသားပဲ၊ လှစ်ခနဲ တအောင့်ကြာ အနီးသို့ရောက်လာ သည့် အရိပ်လေးနှင့်အတူ သနပ်ခါးရနံ့သင်းသင်းလေးကြောင့်





နှန်း စိတ်ထဲမှ အလိုလိုသိနေပါသည်။ အရေးပေါ် ဆေးရုံကားက ဘာလို့များ 'ဘုံ' ရှိနေပါသည့် ဒီဆေးရုံကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာပို့ပေးခဲ့ရပါသလဲ။

"မေမေ မျှော်နေမယ်ထင်တယ်"

"စိတ်မပူဖို့ ကိုထက်နဲ့မှာလိုက်ပါတယ်။ လိုက်လာရင် ပင်ပန်း နေမှာစိုးလို့ပါ"

"ကိုယ့်မှာ ဘာရောဂါတွေ ရှိနေပြီလဲ"

"နောက်တော့ သိရမှာပေါ့"

"တကယ်လို့ မသိဘဲ သေသွားရင်ရော"

"ဟယ် ဖွ! လွှဲပါစေ ဖယ်ပါစေ၊ မပြောကောင်းတာတွေ"

"လူဆိုတာ သေမျိုးချည်းပါပဲ ဘုံရယ်။ ကိုယ် အယူမသည်း ဘတ်ပါဘူး"

"ဦးရယ်၊ နှလုံးရောဂါစဖြစ်လာလို့ပါ"

"အင်း သိတယ်"

"မကြာခဏ ခေါင်းမူးတယ် မဟုတ်လား"

"ရိုင်ရိုင်လေးတော့ မကြာခဏ မူးပါတယ်။ ဒါပေမဲ့ ရင်ဘတ် အောင့်တာက ပိုစိပ်လာတာပါ"

"အဲဒါ သိရဲ့သားနဲ့ စောစောစီးစီး ဆေးခန်းပြပေါ့ ဦးရယ်။

ကိုသက်က Engage ကိစ္စရှိလို့ ဒီတစ်လ အလုပ်ရှုပ်နေတာနဲ့ မလာ ဖြစ်တာတဲ့။ အရေးကြီးရင်လည်း ဘုံ့ကို လှမ်းခေါ်နိုင်းပါလား''

မျက်ရည်လေးဝဲလျက် ပြောနေပုံက လူမမာထက်ပင် ဦ သနားစရာကောင်းနေသေးတာလေ။ မလာချင်ဘူးဆို။ ကင်းကင်း ချင်တယ်ဆိုလို့ ခပ်ခွာခွာနေတာက အပြစ်ဖြစ်ပြန်ပြီလား။ ဒါဆိုလည်း ဘာလို့ အပြီးအပြတ် စိမ်းကားပြီးပြောရပါသလဲ။ ဒီရောဂါဖြစ်တာ ဘယ်သူ့ကြောင့်မှန်း 'ဘုံ' မရိပ်မိဘူးလားကွယ်။

ဖွင့်ပြောလိုက်မှ နေသာထိုင်သာရှိမယ်မှန်း သိပါလျက် မျိုသိ ထားရတာက ဝေဒနာကို စုဆောင်းသည့်နှယ် ဖြစ်နေမှန်း သူအသိ ပါပဲ။ မမြင်ချင်မှန်း သိလို့လည်း ပြတင်းလိုက်ကာနောက်မှ အသာ ဟပြီး 'ဘုံ' စာကျက်နေချိန် ခုံမှာထိုင်သည့် အရိပ်လေးကို ခဏတာ ငေးကြည့်ရုံနဲ့ ကျေနပ်နှစ်သိမ့်စွာနေတတ်အောင် ကျင့်ခဲ့တာပါ။ ဦ ပြောမိခါမှ တစိမ့်စိမ့် ကြည့်ခွင့်လေးတောင် မရတော့ပါဘဲ No! ဘ သာ အဖြေပြန်ပေးခဲ့လျှင် ဒီရင်ဘတ်ကြီးထဲမှာ ခံနိုင်ရည်ရှိပါတော့ မလဲ။

အချစ်ဆိုတာ လွယ်ကူတဲ့သင်ခန်းစာမှ မဟုတ်ဘဲ 'ဘ ပြည့်စုံ'။

''မလာချင်မှန်းသိလို့ နေတတ်အောင် နေနေတာပါ''





နှုတ်ခမ်းပါးလေးတုန်ရီလျက် မဲ့မဲ့လေးဖြစ်သွားလေ၏။ ဦ့ဦး လို့လား။ မငိုလိုက်ပါနဲ့ 'ဘုံ'။ ဆရာဝန်ဆိုတဲ့ သိက္ခာလေးနဲ့ မာနကြီး လိုက်စမ်းပါ။ ပန်းထက် နားကျပ် (စမ်းသပ်နားကျပ်) တင်ထားတာ က အရင်ကထက် ပိုပြီး ကြည့်ကောင်းနေတာလေ။ ပိုလှလာတာက ဘုံ့ အတွက် အန္တရာယ်ဆိုတာကိုတော့ သတိထားသင့်ပါတယ်ကွယ်။

''အဲဒီလိုတော့ မပြောပါနဲ့''

''ဒါလည်း မှားတယ်လို့ ထင်တယ်ပေါ့လေ''

''သွေးတိုးနည်းနည်းရှိတယ်။ ဆီးချိုသွေးချိုတော့ မဖြစ်သေး ဘူး''

စကားလမ်းကြောင်း ပြောင်းလိုက်မိစဉ် 'ဦး'က ဆက်မပြော တော့ဘဲ ငြိမ်သွားလေ၏။ ဘာလဲ စိတ်ခုသွားတာများလား။ သေးမှာ နာခုတင်နှင့်လူနာက အနည်းငယ်သာရှိတော့တာပါ။ စမ်းသပ်ပြီး က်သာသည်နှင့် ဒီ special ခန်းသို့ ရွှေ့ထားပါ၏။ ဒီမှာက သန့်ခန်းသီးသီးမရှိဘဲ လူလေးယောက်စာ ခုတင်လေးခုနှင့်ဆန့်သည့် ခန်းကသာ အထူးခန်းအဖြစ် ထားပေးတာပါ။

''ဘုံ''

'ဖြူ' က အခန်းဝမှ အသံလှမ်းပြုလိုက်လေ၏။ နေ့လယ်စာ န် လာခေါ်နေမှန်း သိပါသည်။ 'ဦး' က အခုချိန်ထိ ဘာမှမစား

ရသေးတာ မဟုတ်လား။ စိတ်ပူလွန်းနေတာမို့ ဗိုက်က အခုချိန်ထိ မဆာသေးပါချေ။ 'ဦး' တော့ ဗိုက်ဆာနေမှာပါ။

"ဖြူ"

"အေး ပြောလေ"

"အရင်စားနှင့်ပါ။ ဒါပေမဲ့ ဘုံ့ထမင်းချိုင့်ကိုတော့ လာပို့ပေးပါနော်။ ကျေးဇူးပြု၍"

"အေးပါဟယ်"

'ဖြူ' က 'ဘုံ့'ကို ပြုံးစစဖြင့် ကြည့်ပြီး လှည့်ထွက်သွားလေ၏။ ဘာလဲ 'ဦး' နှင့်အတူစားမည်ဟုများ ထင်လိုက်ပါသလား။ မဟုတ်ပါ တယ်။ ဒီအခန်းမှာက လူနာနှစ်ယောက်သာ ရှိတာမို့ ရှက်စရာမရှိ။ 'ဘုံ'က 'ဦး' ရှေ့မှာ အစားတူစားဖြစ်တာက သုံးလေးကြိမ်မျှ ရှိခဲ့ပြီ မဟုတ်လား။

"အဆင်ပြေတယ်မဟုတ်လား"

"ဟင် ဘာကိုပြောတာလဲ"

"ဟိုချာတိတ်နဲ့"

ကြည့်စမ်း! ဒါက ဘာသဘောလဲ။ ဒီလောက် နေမကောင်း ဖြစ်တာကိုမှ 'ဘုံ့' အတွက် စိုးရိမ်ပေးနေရတယ်လို့။ လူနာမှတ်တမ်း ကို ယူကြည့်ရင်း အာရုံစိုက်ပြနေတာတောင်မှ ဒီလိုမေးခွန်းကို မေး





ပါသလား။ 'မှတ်သုံ' နှင့် နောက်ထပ်မတွေ့ချင်လို့ ဖေဖေ့ကိုပြောခဲ့ ပြီးတာက ကြာနေပါပြီ။ 'မမ' နှင့်အပြိုင် အိမ်ထောင်ပြုစေချင်ကြ သည့်စိတ်ကို 'ဘုံ' ကိုယ်တိုင်ဖျက်ပစ်ခဲ့တာ မဟုတ်လား။

အရွယ်ရောက်နေပေမယ့် အသက် (၂၅) နှစ်မပြည့်ခင် 'ဘုံ' က ဖူးစာဘက်တွေ့ပါက အိမ်ထောင်ပြုပါမည်ဟု ကတိပေးခဲ့လို့ပါပဲ။ ဒီကိစ္စက အေးအေးဆေးဆေး ဖြစ်နေကာမှ ဘယ်လိုဖြစ်ပြီး အကြောင်းအရာကို ထပ်ပြီးပြောလာရပါသလဲ။ ဘယ်လိုကြောင့် ဒီ ရောဂါဖြစ်လာတာကို စဉ်းစားလို့ မရတာကြောင့် ခေါင်းခဲစရာဖြစ်နေ နိုး 'ဦး' မသိဘူးလား။ 'ဘုံ' က မလိမ်ညာတတ်သလို 'ဦး' ရဲ့ လုံးရောဂါကို သိနေတာမို့ ညာလို့မှ မရပါချေ။

"ဘုံမေးရင်ရော၊ ဦးက အမှန်အတိုင်း ဖြေမှာလား"

"ဘာကိုလဲ"

"မမကိစ္စပါ"

သူ အံ့ဩသွားရပါ၏။ အဆင်ပြေတော့မလိုနှင့် စိတ်ခုစရာ စကားလုံးတွေက သူနှင့် 'ဘုံ' ကြားမှာ ဘာလို့များ ရောက်လာပြန် သလဲ။ ဟိုချာတိတ်အကြောင်း မေးလိုက်ပေမယ့် မျက်နှာတစ်ချက် ပျက်တာကြောင့် စိတ်ထဲ ဘာရှိနေသည်ကို သူ မှန်းဆ၍ မရပါချေ။ ကန့်မဆောင်တတ်တဲ့ မိန်းကလေးကို ဘယ်လိုများ သင်ပေးလိုက်ပါ

သလဲ လောကကြီးရယ်။

"အဲဒါက"

"ဦးမပြောချင်လည်းနေပါ၊ ရပါတယ်။ ဘုံအတင်းမမေးပ် ဘူး"

"ဘာသိထားလို့လဲ"

"ကိုထက်ပြောထားသလောက်ပေါ့"

ဟိုကောင် ဘုမသိ ဘာမသိဖြင့် ဘာလျှောက်ဖွထားလဲ သူ မသိပါ။ နေပါဦး။ ဒီလိုနေရာမှ ဒီလို personal တွေပြောလို့ ဘယ်ဖြစ်ပါ့မလဲ။ အထူးသဖြင့် လူကြီးဖြစ်သည့်သူက ပိုပြီးသိတတ်ရမှာ မဟုတ်ပါလား။ အဆင်ပြေပြေ မပြေပြေ ချာတိတ်နဲ့ကိစ္စကို မေးဖို့ မလိုတာလေ။

မပြောချင်ဘူးပေါ့။ ဒါကြောင့်လည်း 'မိုးမြင့်စံ' နှင့်အကြောင်းကို ဖျတ်ခနဲပြန်မေးတာက အလျင်အမြန်ပါပဲ။ အနီးနား မကြာခဏ ရောက်လာတာက ဆရာဝန်ဆိုတဲ့စိတ်နဲ့လား။ သို့တည်းမဟုတ် အိမ်နီး ချင်း (ဘေးအိမ်ကဦးလေးကြီး) ဆိုပြီး မကောင်းတတ်လို့ စောင့်ရှောက် ပေးသည့်အခြေအနေမျိုးလည်း ဖြစ်နိုင်ပါ၏။

ရင်ထဲမှာ ပိုပြီးမောတယ် 'ရွှေဘုံစံ'။

"ဆာနေပြီ မဟုတ်လား"





"အင်း"

"ကိုထက်တော့ ကားလမ်းကြောပိတ်နေလို့ နောက်ကျနေ ဘာဖြစ်မယ်။ ဘုံ့ထမင်းချိုင့်ပဲ အရင်စားလိုက်ပါ"

"နေပါစေ"

"မနက်အစောကြီးကတည်းက ဘာမှမစားဖြစ်ဘူး မဟုတ် လား"

"အင်း"

"အဲဒါဆို စားလိုက်လေ။ အားနာစရာမလိုပါဘူး"

"ဘုံ ဆာနေမှာပေါ့"

"ဟင်အင်း။ မဆာသေးပါဘူး"

"ဒါဖြင့်လည်း နေပါစေတော့"

အားနာတာတော့ မဟုတ်ပါ။ ဝမ်းဗိုက်ထဲ အတော်ဟာနေ တာတော့ အမှန်ပါပဲ။ ထမင်းကိုမှ ပိုနှစ်သက်ပါသည့် 'ဘုံ' ၏ ထမင်းဘူးကိုမှ သူယူစားလို့ ဘယ်ဖြစ်ပါ့မလဲ။ နှစ်ယောက်စလုံး မွှင် ခင်းခဲ့သလောက် အခုတော့ဖြင့် ပြောချင်တာကိုထိန်းပြီး မပြောဖြစ် အောင် ထိန်းချုပ်နေသလိုပါပဲလား။

"ရပြီ ဘုံ၊ လိုလိုမယ်မယ် ကြေပန်းကန်ပြားပါ ယူလာပေး တယ်"

"တော်လိုက်တဲ့သူငယ်ချင်း"

"ဦးနေရတာ သက်သာပြီ မဟုတ်လား"

"အင်း"

"အခု ဘာမှမစားလည်း ဗိုက်ပြည့်နေတယ် မဟုတ်လား"

"ကျစ်! လူကြီးကို ပေါက်ကရလျှောက်ပြောမနေနဲ့"

"အေးပါ အေးပါ။ ဖြူက အလိုက်သိတတ်ပါတယ်နော်။ သွားလိုက်ပါဦးမယ်, ဦးရှင့်"

သူက 'ဘုံ' ၏သူငယ်ချင်း ဒေါက်တာကို ခေါင်းညိတ်ပြ လိုက်ပါသည်။ Stell သုံးဆင့်ချိုင့်နှင့်အတူ ထမင်းဘူးလုံးလုံးအဝိုလေး ကို ကြိမ်ခြင်းတောင်းလေးနှင့် သယ်လာပြီး ကြွေပန်းကန်ပြား နှစ်ချပ်ယူလာပေးတာမို့ အံ့သြသွားရလေ၏။ ဒါဆို သူငယ်ချင်းမလေး က သူနှင့် 'ဘုံ' ကို အတူစားစေချင်တာ အသေအချာပဲပေါ့လေ။

"အခုစားမှာ မဟုတ်လား။ ဘုံပြင်ပေးမယ်"

"ဘုံမှမစားတာ"

"ဘုံပါစားမှ ဦးလည်းစားမှာလား"

"အင်း မဖြစ်ဘူးလား"

"ဖြစ်ပါတယ်၊ ခေါင်းအုံးခုပေးမယ်။ မတ်မတ်လေးထိုင်လို့ နော်"





"စားလို့ ဖြစ်ပါ့မလား"

"ဘုံတို့အိမ်မှာက ပေါ်ဆန်းမွှေးနဲ့ ဆင်းသွယ်ဆန်ကို ရော ချက်တယ်။ မီးသွေးဖိုနဲ့တည်ပြီး ရေငွဲ့ချက်လို့ အဆီမပါပါ။ အသီး အရွက်ကြိုက်တဲ့ ဘုံ့အတွက် အမြဲတမ်း special ဟင်းချက်ပေးပါ တယ်။ ဒီနေ့က အင်း ဂေါ်ဖီထုပ်ကို ကြက်ဥခေါက်ပြီး ရောကြော်ပေး တာရယ်၊ ကြက်သားပြုတ်ကို မွမွလေးဖြစ်အောင် ကြော်ပေးတာရယ်၊ ငါးဖယ်ငါးဆုပ်ကို ခရမ်းချဉ်သီး ငရုတ်သီးစိမ်းနဲ့ အရည်စပ်စပ်လေး ချက်ပေးတာရယ်ပါတယ်၊ စားမှာလား"

"အင်း စားမယ်"

'ဘုံ'က အပူခံထမင်းဘူးအလုံးလေးကိုဖွင့်၍ ကြွေပန်းကန် ပြားနှစ်ချပ်ထဲသို့ အနည်းငယ်စီထည့်လိုက်လေ၏။ အိမ်မှာဆို ဖွန်း ခက်ရင်းနှင့်စားတာ ဖြစ်ပေမယ့် ဆေးရုံမှာမို့ ဖွန်းဖြင့်သာ စားရမှာပါ။ ထမင်းက နေ့လယ် (၁၁) နာရီကျော်တာတောင် ပူပူနွေးနွေးလေး အတိုင်း ဖြစ်နေလေသည်။ အချဉ်အစပ် အရသာရှိအောင် ချက်ပေး ထားတာမို့ အတော်စား၍ ကောင်းပါ၏။

"ရေနွေးသောက်ပါ။ အိမ်မှာ Coffee ပဲသောက်တာ မဟုတ်လား"

"အင်း"

"တစ်ရက် သုံးခွက်လောက်သောက်မှတော့ ဒီနှလုံးက အလုပ်ပိုလုပ်ရပြီပေါ့။ နောက်ကို ovaltine ဖြစ်ဖြစ် Horlicks ဖြစ်ဖြစ် ပြောင်းသောက်ရမယ်။ ညဘက် နွားနို့သောက်တာလည်း ဖြတ်ပါ။

"အင်းပါ"





# (၂၅)

ဆေးရုံဆင်းသွားပြီးနောက် အတော်ကြာသည်အထိ သူနှင့် ဘုံ' မတွေ့ဖြစ်တော့ပါ။ 'ကိုသက်' လည်း သုံးလေးရက်တစ်ကြိမ် ားအမိန့်စ်ယောက်စလုံးကို လာကြည့်ပေးသဖြင့် 'ဘုံ' ကို မလိုအပ် ဘာ့ဘူး မဟုတ်ပါလား။ ထုံးစံအတိုင်းပေါ့လေ။ 'ဘုံ' တို့လို ဆရာဝန် ါက်စတွေက ဆေးရုံမှာလည်း senior ကို အရိပ်အကဲကြည့်နေရ လို အိမ်ရောက်ပြန်တော့လည်း ခုထိ တလေးတစား အပြောခံရတာ း မရှိဘဲ ကလေးနှယ် ရှိတုန်းပါပဲ။

"ကျေးဇူးပါနော်"

Taxi ကို ခြံရှေ့မှာပင် ရပ်ခိုင်းလိုက်ပြီး ကားခရှင်းပေးလိုက်ပါ၏။ ဒီရက်ပိုင်း အနားမရအောင်ပင် လူနာတွေများလွန်းတာကြောင့် ပင်ပန်းလိုက်တာ မပြောပါနှင့်။ ဒီညနေတော့ စောစောပြန်မည်ပြော ကာ ထွက်လာတာမို့ အိမ်ကို ညနေ (၆) နာရီခွန်းစွန်းလေးအချိန်နှင့် ပြန်ရောက်လေ၏။ ခြံတံခါးအသေးလေးကို တွန်းဖွင့်ကာ ခြံထဲဝင်လိုက်ရင် အိမ်တက်သို့ ဆက်လျှောက်ခဲ့စဉ် ခြံမီးနှင့် အိမ်ရှေ့မီးသီးဖြူဖြူတွေက ဖျတ်ခနဲလင်းသွားပါသည်။

"ပြန်ရောက်ပါပြီရှင်"

"ညစာစားတော့မလား မမ"

"မောလို့ မစားနိုင်သေးပါဘူး။ ရေသိပ်မအေးတာလေး တစ်ခွက်ပဲ တိုက်ပါ အစန်းရယ်။ မေမေတို့ကို မမြင်ပါလား"

"ဟိုဘက်ခြံသွားတယ် မမ။ ညနေမစောင်းခင်ကတည်းက သွားတာ ကြာတော့ကြာနေပြီ"

"ဟိုဘက်ခြံ"

"ဟုတ်ကဲ့"

ဘာသွားလုပ်သလဲဟု မမေးတော့ပါ။ ငွေကြေးကိစ္စ စီးပွားရေးကိစ္စနှင့် လစဉ်သွားတွေ့နေတာက ထုံးစံမပျက်ကို။ နေပြီး အခုက လဆန်းရက်လည်းမဟုတ်ပါဘဲ လလယ်ကြီး ဘာကိစ္စနဲ့ သွား





ရတာပါလိမ့်။ 'ဦး' နေမကောင်းသေး၍ သတင်းမေးဖို့ သွားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အတွေးက ဟိုရောက်ဒီရောက်ဖြစ်နေတာမို့ ခေါင်းခါလိုက်ပြီး ရေသောက်လိုက်ရလေ၏။ ပြီးမှ ရေချိုးရန် ခဏနားပြီး ပြင်ဆင်လိုက်ပါသည်။

"ပြောရမှာ အတော်တော့ မျက်နှာပူစရာပါပဲ"

"ဘာများလဲ အန်တီ"

ပြောစရာရှိ၍ အိမ်ခဏကြွပါဟု လူလွှတ်ခေါ်လိုက်သဖြင့် လာနေကျရက် မဟုတ်ပါဘဲ ရောက်လာရတာပါ။ ခါတိုင်းလည်း တစ်လတစ်ကြိမ် လဆန်းရက်ကို ခင်ပွန်းဖြစ်သူ (သမီး၏ဖခင်) က 'မောင်ပြည့်စုံ' နှင့် လာတွေ့လေ့ရှိပေမယ့် အခုတော့ လင်မယား နှစ်ယောက်စလုံးကို တွေ့ချင်သည်ဟု သေချာမှာလိုက်သဖြင့် ရောက်လာရတာပါပဲ။

ဘုရားရေ! တူမဖြစ်သူ 'မိုးမြင့်စံ' နှင့်ကိစ္စကိုများ တိုင်ပင်လေသလားဟု အတွေးရောက်မိစဉ် 'ဦးမင်းစံ' နှင့် 'ဒေါ်သက်ထားရွှေ' မျက်လုံးချင်းဆုံပြီး ရင်ထိတ်သွားရတာအမှန်ပါ။ ပြောမည်ဆိုတော့လည်း နားထောင်ရုံပေါ့လေ။

"ဟိုတစ်လောလေးက မသက်ရဲ့တူမလေး အိမ်ကိုလာသွားတယ်ကွယ့်"

ထင်သည့်အတိုင်းပင် စကားက မှန်နေပြီမို့ မျက်နှာပျက်သွားရပါ၏။ မခေါ်ချင်ပေမယ့် မတော်လို့မှ မရတာကိုး။ သမီးက အဆူခံထားရ၍ 'မောင်ပြည့်စုံ' နှင့်ပတ်သက်ပြီး ဘာဆိုဘာမှ မပြောဘဲ နှုတ်ပိတ်နေတာပါ။ 'မိုးမြင့်စံ' ဒီကိုလာသွားတာကိုတော့ သိထားပါသည်။ သို့သော် ဘာကိစ္စနှင့် ဘယ်အခြေအနေဆိုတာကိုတော့ မသိရပါချေ။

"အန်တီ့သားကို တူမလေးနဲ့များ"

"အို! မဟုတ်ပါဘူး။ အဲဒီလိုထင်လိုက်လို့လား"

"ဟုတ်ကဲ့၊ ပြောမယ်ဆိုပြီး စကားစကြောင်းလိုက်လို့ မေးမိတာပါ"

"အင်းလေ၊ အန်တီလည်း သမီးမိုးမြင့်စံကို မြင်လိုက်ရတုန်းက အဲဒီလိုပဲ ထင်လိုက်မိသေးတာ။ ကလေးမလေးက အတော်လေးလည်း လှတာကိုး"

ခင်မွန်းဖြစ်သူက တူမရင်းမို့ ဘာမှမပြောသော်ငြား မိန်းမငယ်ဖြစ်သည့် 'ဒေါ်သက်ထားရွှေ' ကတော့ ငိုတော့မည့်ပုံ ဖြစ်သွားရတာအမှန်ပါ။ သွေးသားတော်စပ်ပါသော်လည်း ယောက်ျားလေးဘက်က နှမြောတသဖြစ်သွားရတာကိုး။ ယောက်ျားတွေ တကယ်ချစ်စင်နှ ချစ်မိလျှင် မိန်းမဖြစ်သူက အဘယ်မျှ မကောင်းပါစေ ကလေးအ





မုဆိုးမ တစ်ခုလပ်ပဲဖြစ်ဖြစ် မျက်စိမှိတ်ချစ်ကြပြီး မျက်ကန်းသဖွယ် ချစ်တတ်ကြတာမဟုတ်ပါလား။

'အသက်' ရဲ့သားသာဆို နှမြောမဆုံးဖြစ်တော့မှာပါလေ။

"မောင်ပြည့်စုံက သဘောကျတယ်လို့များ ပြောလို့လား ခင်ဗျာ"

"မပြောလို့ပေါ့ကွယ်"

ဒါဖြင့် သားရှင်ကိုယ်စား ကြားကနေ စကားခင်းပေးရမှာလား။ မျက်နှာပူစရာပါ။ မမခိုင်တစ်ယောက် မျက်နှာကို အဘယ်မျှ ငှဲမော့ပြီး ပြုံးပြလိုက်မလဲ။ စီးပွားရေးယိုင်လဲလုနီးပါးဖြစ်နေချိန်မှာ Background တောင့်သည့် မဟာတံတိုင်းသားသမက်ကို အမိအရ မ်းလိုက်နိုင်ပြီ ထင်ပါရဲ့။

"ဒါဆို သက်တို့က ဘာများပြောပေးရမှာပါလဲ အန်တီ"

"အင်း အဲဒီစကားမှ ထွက်လာပါ့မလား တွေးပူလိုက်ရတာ။ ကျူးဖူးပါ မသက်ရယ်"

ဘုရားရေ! ဒါဖြင့် သေချာပြီပေါ့။ လူပျိုကြီး နှုတ်နေးနေတာ ကြားကနေ မြားနတ်မောင်လင်မယားအဖြစ် ဝင်ပေးရမှာတဲ့လား။ လက်ကို ဖျတ်ခနဲ အုပ်လိုက်မိစဉ် နှစ်ယောက်စလုံး လက်ဖျား အေးစက်နေမှန်း သိသွားရလေ၏။ တူမဖြစ်သူ၏ မကောင်း

သတင်းကိုဖြင့် လူကြီးဖြစ်သူကို မပြောချင်ပါလေ။

"သမီးလေးကို နည်းနည်းတီးခေါက်ကြည့်ပေးနိုင်မလားလို့ပါ။ အားလည်းနာပါရဲ့ကွယ်။ သားနဲ့က အသက်အရမ်းကွာတာမို့လေ"

"အင်း သမီးနဲ့က (၁၈) နှစ်ဆိုတော့ သမီးမိုးနဲ့က (၁၃) (၁၄) လောက်ပဲ ကွာမှာပါ။ အန်တီပြောစေချင်ရင်တော့ သက်တို့ ပြောပေးပါ့မယ်ရှင်"

"ခဏလေးပါ၊ သမီးလေးဆိုတာ"

"သမီးဘုံကိုပြောတာလေ"

"ရှင်! "

"ဗျာ! "

"ဩော် အန်တီလည်း စိတ်လှုပ်ရှားပြီး စကားကို ဟိုရောက် ဒီရောက်ပြောမိပြီထင်တယ်။ သားသဘောကျနေတဲ့ ကလေး မသက်တို့ရဲ့သမီးလေး ရွှေဘုံစံကိုပါ"

နှစ်ယောက်သား ဘာမှမပြောနိုင်ဘဲ အံ့ဩနေမိပါ၏။ 'မိုးမြ စံ' မဟုတ်ဘဲ 'ရွှေဘုံစံ' တဲ့လား။ လူကြီးကို ယိုင်လဲအောင်လုပ်မိ ဖိုးပြီး သမီးဖြစ်သူကို ကင်းကင်းနေစေရန် ဆိုဆုံးမထားပြီးခါမှ ဒီအခြ ဒီအခြေအနေကို ရောက်လာရတယ်လို့။ အခုမှ မျက်နှာရော နားရွှ တွေပါ ထူပူလာရလေတော့၏။ သမီးရှင်မို့ နေရခက်စရာပါပဲ။





"သဘောမတူပေးနိုင်ဘူးလားကွယ်။ အန်တီတို့ဘက်က အတင်းဖိပြီး အနိုင်ယူဖို့ ပြောတာမျိုး မဖြစ်စေချင်တာအမှန်ပါ။ သားကို လည်း အသက်အရမ်းကွာလို့ တရင်းတနှီး မနေမိဖို့ ပြောခဲ့ပါတယ်"

"ဟောတော်၊ သက်လည်း သမီးကို ဆုံးမခဲ့တာပါ"

"အေး အဲဒီလိုပြောမိကတည်းက သားမှာ နှလုံးရောဂါ ဖြစ်တာပဲ။ အမေဖြစ်တဲ့သူက မသိပေမယ့် မောင်ထက်က အနီးကပ် နေလို့ ရိပ်မိလေရဲ့။ ဝေဒနာကို ကျိတ်ခံပြီး အန်တီမသိအောင် အံ့ပုန်း ကြီးနေပြတဲ့သားပါ မသက်ရယ်။ သမီးမိုးမြင့်စံလာတာကို ကြုံမိတော့ ခါးသီးသီးငြင်းပြလေရဲ့။ အဲဒီတုန်းက သားအမိနှစ်ယောက် စကား အတော်များခဲ့ရတာ။ အဲဒီညမှာ လူးလိမ့်နေပြီး မနက်ကော်ဖီသောက် သွားခေါ်မှပဲ ရင်ဘတ်အောင့်တယ်ပြောပြီး ခွေလဲကျတော့မှ သိလိုက် ရတာပဲ"

"ဟင်! "

"အင်း ဒီဘက်ကလည်း ဆင်ခြင်နိုင်း ဟိုဘက်ကလည်း ကင်းကင်းနေနိုင်းမှတော့ သူတို့နှစ်ယောက် အခြေအနေကို နီးစပ်ဖို့ ဘယ်လိုစီစဉ်ပေးရမလဲဆိုပြီး စဉ်းစားရကျပ်နေတာကွယ့်"

"သက်တို့သဘောထက် သမီးနဲ့ မောင်ပြည့်စုံတို့သဘော သာ ပိုအဓိကကျမယ် ထင်ပါတယ် အန်တီ"

"အေး အဲဒါအမှန်ပဲ"

"ဒါဖြင့် သမီးကို သက်မေးကြည့်ပေးပါ့မယ်။ သက်တို့ကို ပြန်ခွင့်ပြုပါ အန်တီ"

"အေးပါကွယ်၊ အခုလို နားထောင်ပေးတာနဲ့တင် ကျေးဇူး တင်လှပါပြီ"

"ကျွန်တော်တို့ နောက်မှလာတွေ့ပါ့မယ်ခင်ဗျာ"

"ကောင်းပါပြီကွယ်"

တိုက်ရှေ့မှာ 'မောင်ထက်' က ကားရပ်ပေးလိုက်လေ၏ ကားပေါ်မှဆင်းလိုက်စဉ် တိုက်ထဲမှ ထွက်လာသည့် 'ဦးမင်းစံ' ၏ ဖနီးမောင်နံ့ကြောင့် အံ့ဩသွားရပါသည်။ သူ မရှိသည့်အချိန်မှ ဒီကို ဘာကိစ္စနှင့်များ ရောက်လာရပါသလဲ။ နှစ်ယောက်စလုံး၏ မျက်နှာက တစ်မျိုးကြီးဖြစ်နေသဖြင့် ရင်ထဲပူခနဲ ဖြစ်သွားရလေ၏

"အစ်ကိုကြီးတို့ ရောက်နေတာလား"

"အင်း"

"ပြန်တော့မလို့လား"

"ဟုတ်တယ်"

စကားအပိုမပြောဘဲ တိုတိုပြတ်ပြတ်ပြောရင်း အိမ်သာ ခြံတံခါးရှိရာဆီ သွားနေပြီမို့ ဘာမှမပြောဖြစ်တော့ပါ။ ညည်း





ဆက်တီမှာ မေမေက ထိုင်နေတုန်းပါပဲ။ 'မတူး' ယူလာပေးသည့် သံပုရာရည်ကို ခပ်ဖြည်းဖြည်းသောက်နေပုံက အေးအေးလူလူပါလေ။

"မေမေ ဘာတွေလုပ်ပြန်ပြီလဲ"

"ဘာလုပ်လို့လဲ"

"အခုပဲ မမသက်တို့ပြန်သွားတာကို ပြောတာလေ"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဘာပြောလိုက်ပြန်ပြီလဲ"

"ခြော် ငါ့ကို နင့်ဝန်ထမ်းများ ထင်နေပြန်ပြီလား။ စစ်လား ဆေးလားနဲ့ မေးနေပြန်ပြီ"

"မဟုတ်မှလွဲရော ဘုံနဲ့သဘောမတူဘူး ဘာဘူးဆိုပြီး ဒေါ်ပြောလိုက်တာများလား"

မဖြေပါ။ ဟုတ်လျှင် ဟုတ်တယ်ဆိုပြီး ရှင်းရှင်းပြောရမှာလေ။ အခုတော့ သူ့ကို ခပ်တည်တည်ဖြင့် ကြည့်နေတာကြောင့် ရင်ထဲမှာ နေနေပူနှယ် အပူကြီးပူလာရလေတော့၏။ မေမေတို့လုပ်လိုက်မှဖြင့် ဤသို့ ဤနှယ် မျက်နှာမပူစတမ်းပါပဲလား။ မဖြစ်ဘူးနော်။ လုံးဝ မဖြစ်ဘူး။

ဟိုတစ်လောလေးကမှ စကားပြန်စပြောရင်း ပြေလည်ခါစ ရှိသေးတဲ့ အခြေအနေကို ပျက်ပြားအောင် မရက်စက်လိုက်ပါနှင့်လား။

"ဟဲ့ ... ဒါက ဘယ်ကိုတုံး"

"ဘုံတို့အိမ်"

"ပြန်ရောက်တာဖြင့် နားမယ်မရှိဘူး ဘာကိစ္စနဲ့"

မေမေ့အော်သံက နောက်မှာကျန်ရစ်ခဲ့လေ၏။ အပေါ်မှာ ထပ်ဝတ်ထားပါသည့် Coat ကို ချွတ်၍ ဆက်တီနောက်ကျောထက် တင်ခဲ့ကာ တိုက်ဘေးသို့ပြေးထွက်ခဲ့ပါသည်။ 'ဘုံ' ပြန်ရောက်နေပြီလား။ မိဘတွေ ဆူပူကြိမ်းမောင်းလျှင်ဖြင့် ကလေးနှယ် ချုံးပွဲချိုမှာကိုတော့ မဖြစ်စေချင်ပါလေ။

"ဟာ!"

"အမလေး!"

ခြံဘေးတံခါးဖွင့်လိုက်စဉ် ဟိုဘက်ခြံမှ အပြေးရောက်လာပါသည့် 'ဘုံ' နှင့် တိုက်မိလေတော့၏။ လက်ထဲမှာ ဆေးသေတ္တာလေးပိုက်ရင်း ရောက်လာသည့် 'ဘုံ' ၏လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိလေသည်။ ဘယ်လိုဖြစ်ပြီး ဒီကိုအပြေးလာချင်ရပါသလဲ

"ဦး"

"ဘုံ"

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်လို့လဲ၊ ဘုံ့ကို မမသက်တို့ ဘာပြောလိုက်သလဲ"





"အခု ဒေါသထွက်နေတာလား။ ဘုံပြောထားတယ်လေ။ စိတ်တို့ ဒေါသထွက်လို့မရဘူး။ ထိန်းပါလို့"

"မေးတာသာဖြေစမ်းပါ ဘုံရဲ့"

"မေမေက"

"ဘာတဲ့လဲ"

လရောင်မှိန်မှိန်အောက်မှာ မျက်ဝန်းနှင့် ဆုံမိလေ၏။ စိုးရိမ်နေပါသည့် အကြည့်တို့က အထင်းသားပါပဲ။ သို့သော် သူထင်သလို မျက်ရည်စတို့ကိုတော့မမြင်ရပါလေ။ ရင်ထဲအတော်ပူနေတာက 'ဘုံ' ၏ ခပ်ဆွေးဆွေးအကြည့်နက်လေးနှင့် ဆုံစဉ်မှာပဲ ရေခဲရေသောက်လိုက်ရသည့်နှယ် အေးမြသွားစေတာပါ။

"ဦး ရင်ဘတ်အောင့်နေပြန်ပြီဆိုလို့"

"အမလေး ဘုံရယ်"

"အို! ဘာလုပ်တာလဲ"

"အခုမှ ရင်ထဲအေးသွားရလို့ပါ"

ရင်ခွင်ကျယ်ကြီးထဲ ဖျတ်ခနဲ ပွေ့ဖက်ခံလိုက်ရတာမို့ 'ဘုံ' ရှက်နာရဲသွားရပါ၏။ ဒါက ဘာသဘောလဲ၊ ရေချိုးပြီး သနပ်ခါးလူး၍ ...ပေါ်မှ ဆင်းလာစဉ် 'မောင်ပြည့်စုံ ရင်ဘတ်အောင့်နေပြန်ပြီ' ဟု မေမေပြောလိုက်တာမို့ ဆေးသေတ္တာယူ၍ အပြေးအလွှားလာခဲ့မိ

တာလေ။ အခုတော့ ရင်ဘတ်အောင့်နေသည့် လူမမာက ခြံနှစ်ခြံ တံခါးဝမှာတင် ပက်ပင်းတိုးမိနေပြီ မဟုတ်လား။

ဘာတွေဖြစ်ကုန်ပြီလဲ 'ဦး' ရယ်။

"ဦး"

"----"

"ရင်ဘတ်အောင့်လို့ဆို"

"ဟုတ်တယ်၊ ဒီနားမှာ နားထောင်ကြည့်ပါလား"

"ဒီလိုကြီးနေတော့ ဘယ်လိုစမ်းသပ်လို့ ရပါ့မလဲ"

"ရပါတယ် ဘုံရဲ့၊ နားကျပ်မလိုပါဘူး။ နှလုံးသားနဲ့ နားထောင်ကြည့်ရင် သိမှာပါ"

"ရှင်!"

အလို! ဘယ်လိုဖြစ်ပြီး ဒီလိုစကားမျိုးတွေ ပြောတတ်နေပါသလဲ။ လက်မောင်းများကြားမှ ရုန်းထွက်သော်ငြား လွှတ်မပေးပါချေ။ အခုလေးပဲ ခေါင်းလျှော် dryer မှုတ်ထားပါသည့် 'ဘုံ့' ခေါင်းထက်မှာ မေးပင်တင်ထားတာမို့ ဟိုဒီပင် လှည့်မရဖြစ်နေရလေ၏။

"ဘာတွေ ဘာတွေပြောနေတာလဲ။ ဘုံ နားမလည်ဘူး"

"ချစ်တဲ့အကြောင်းလေ"

"ဦးနော်"





"မိုးမြင့်စံကို ကြိုက်နေတယ်လို့ ထင်နေတာမဟုတ်လား"

"ဦးလည်းဘာထူးလို့လဲ။ လူကို မုတ်သုံနဲ့ ထင်နေတုန်းပဲ ဘာ"

မျက်စောင်းလှလှလေးက ဝင့်ခနဲ မော့ကြည့်ရင်း ထိုးလိုက်လေ၏။ ကလေးကို ဗိုလ်ကျပြီး အနိုင်ကျင့်သလိုများ ဖြစ်နေမလား။ သူ မတွေးမိပါ။ ဒီမျက်ဝန်းတွေထဲမှာ အဖြေကိုအတိအကျ ရှာတွေ့နေရလို့ပါပဲ။ ကိုယ့်ကို စိတ်ချမ်းသာစေချင်ရင် ကျေးဇူးပြုပြီး ပြန်ချစ်ကြည့်ပါ 'ရွှေဘုံစံ'။

"ဖြေလေ"

"ဘာကိုဖြေရမှာလဲ"

"ကိုယ့်ကိုပြန်ချစ်တယ်လို့"

"သွား! မသိဘူး။ ထစ်ခနဲရှိ ဒီလောက်စိတ်တိုမှတော့ အသက်ထက် ရုပ်က ပိုနုပါတော့မလား"

"ဘုံသာချစ်ရင် ကိုယ့်စိတ်က အမြဲနုပျိုနေမှာပါ"

"ဟယ်! ရှက်စရာကြီး။ ဦးနော်"

"တကယ်ပြောတာပါ ဘုံ။ နုပျိုခြင်းက ဘဝမဟုတ်ဘူး။ သည်သာ ဘဝပါ။ အဲဒီစိတ်နဲ့ ရင်ထဲက နှလုံးသားက အခုန်မြန်ပြီး အသက်ရှူရှိုက်သန်နေသမျှ ကာလတစ်ဘဝစာအတွက် အမြတ်တနိုး

တန်ဖိုးထားပြီး ချစ်မိခဲ့တာကို ယုံကြည်ပေးပါ"

သူမ ခေါင်းကိုအသာညိတ်ပြလိုက်စဉ် အသည်းယားစွာဖြင့် နဖူးထက် အနမ်းတစ်ပွင့်ခြွေမိလိုက်ပါ၏။ ခေါင်းထက်သို့ မိုးစက်မှုန်လေးတွေ တဖြည်းဖြည်း ကျလာတာကို အမှုမဲ့အမှတ်မဲ့ နေမိပြီး နှစ်ယောက်သားရယ်နေမိတုန်းပါပဲ။ ရင်ခွင်ထဲမှာ သနပ်ခါးရနံ့က သင်းပျံ့မွှေးကြိုင်ပြီး အပြုံးတို့ကို ချိုမြိန်သွားစေလေတော့၏။

ချစ်လိုက်ရတာ 'ကလေး' ရယ်။

**လေးစားလျက်**

မမသဒ္ဒါမောင်

23rd Oct 2017

AM (00:15)





## နောက်လထွက်မည့်စာအုပ်

**(107) အုပ်မြောက်**

"နူးညံ့သော်လည်း ပြင်းထန်သည်"